http://www.cherrythitsar.org

# ပေါ့ပေါ့ပါးပါး

## ဟာသဝတ္ထုတိုများ

ကံချွန်



စိန်စိန်ဦးစာအုပ်တိုက်

http://www.cherrythitsar.org


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ◆ ၆၀၆/၂၀၀၁(၆)

မျက်နှာဖုံးခွင့်ပြုချက် ◆ ၆၀၁/၂၀၀၁(၈)

ပုံနှိပ်ခြင်း ◆ ပထမအကြိမ်

စောင်ရေ ◆ ၁၀၀၀ အုပ်

ထုတ်ဝေသည့်ကာလ ◆ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ

စာအုပ်ချုပ် ◆ ကိုမြင့်

အတွင်းဖလင် (မျက်နှာဖုံးနှင့်) ◆ Adornအဖွဲ့

အတွင်းသားပုံနှိပ် ◆ ကျော့ာက်စိမ်းပုံနှိပ်တိုက် (၀၂၉၃၄)
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ◆ ဦးကျော်ဆန်း
ရဲအောင်စာပေတိုက် (၀၉၃၂)
အမှတ်-၂၊ ချွန်း ၁-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

တန်ဖိုး

၅၀၀

http://www.cherrythitsar.org

# ပေါ့ပေါ့ပါးပါး

# ဟောပြောချက်များ



ထင်လျှင်

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ဩော်သူကိုး | ... | ၁ |
| ၂။ | အငှားယောက္ခမ | ... | ၁၆ |
| ၃။ | အကျိုးဆောင်ဘ | ... | ၃၂ |
| ၄။ | ငွေ ငွေ ငွေ | ... | ၄၇ |
| ၅။ | နောက်မဆုတ်နဲ့ကိုစံပျော | ... | ၆၇ |
| ၆။ | တော်သေးရဲ့ | ... | ၈၇ |
| ၇။ | ဒီဇင်ဘာအချစ်ပုံပြင် | ... | ၁၀၇ |
| ၈။ | ချစ်ပုံပြင် | ... | ၁၂၃ |
| ၉။ | သိန်း ၁၀၀ ဘ | ... | ၁၄၂ |
| ၁၀။ | ဖြူပြာ | ... | ၁၆၂ |
| ၁၁။ | မောင်မှားပါပြီကွယ် | ... | ၁၈၉ |
| ၁၂။ | သကြံ်န်အလွမ်းပြေ | ... | ၂၀၇ |
| ၁၃။ | အချစ် (၃) | ... | ၂၂၆ |
| ၁၄။ | တောင်ပြုံးပျော် | ... | ၂၄၄ |
| ၁၅။ | တို့မျှားငယ်ငယ်က | ... | ၂၆၁ |
| ၁၆။ | ဟန်ဆောင်ကာမူပို | ... | ၂၇၈ |
| ၁၇။ | ထီးကလေးတစ်ချောင်းတည်းနဲ့ | ... | ၃၀၂ |
| ၁၈။ | ရှင်းပြပါရစေ | ... | ၃၂၁ |

http://www.cherrythitsar.org



# ကြော်...ချကိုး

မြို့သစ်ဆိုသည်မှာ စီးပွားရေး လုပ်ငန်းပေါင်းစုံတို့၏ ဈေးကွက်သစ် ရှာရာနေရာဖြစ်ပါသည်။ ဆေးကြော်ငြာသည့် ကားလည်းလာသည်။ ဗေဒင်ဟောစာတန်း ရောင်းသည့် ကားလည်းလာသည်။ စတိုးဆိုင်များအတွက် ကုမ္ပဏီ အသီးသီး မှ ပစ္စည်းဖြန့်သည့် ကားများလည်းလာသည်။ တစ်ခါ တစ်ခါ အရောင်းမြှင့်တင်သည့် ကားများ သုံးလေးစီးလောက် ဈေးထောင့်မှာ ဆုံနေတတ်သည်။ ထိုအခါမျိုးမှာ နားထဲဝင်လာသမျှ အသံပေါင်းစုံကို အဓိပ္ပါယ်ရှိရှိ နားလည်နိုင်ရန် အတော်ကြိုးစားရသည်။

"ဘယ်လောက်ပဲ သွေးတိုးတိုး အီလန်ဆပ်ပြာမှုန့်ကို သုံးပါသွားတွေကို ခိုင်မာစေပြီး မလိုင်အပြည့်ပါပါတယ်။ ဆယ်နှစ်တိတိ နာနေတဲ့ ဒူး ဖြူစင်သန့်ရှင်းပြီး မန်တော့ဘူး ဆိုတာယုံပါ။ အဆိုတော်မေဆွိနဲ့အတူ အချစ်တိုးဖို့"

သို့နှယ် သို့နှယ် ရောထွေးနေသော အသံများကို နားငြီးသည်ဟု မထင်ဘဲ ဈေးထောင့် လက်ဖက်ရည်ဆိုင်မှာ ထိုင်ကာ စိတ်ဝင်စားစွာ နားထောင်နေသူများ ရှိပါသည်။ သူတို့မှာ ဦးပေတလူ၊ ဦးသာဝ ၊ ဦးစံဗျော နှင့် ဘ တို့ ပင်တည်း။ သူတို့ အားလုံးမှာ အသက်ခြောက်ဆယ်ကျော် ခုနှစ်ဆယ်ဝန်းကျင် အရွယ်များ ဖြစ်ပါသည်။ ဦးပေတလူ နှင့် ဦးစံဗျောသည်

( ၂ ) ကံချွန်

လူ့ရှင်တော်ကြီးများဖြစ်သည်။ ယခုထိ ခြေကောက်ခေါ်လျှင် လိုက်ကတုန်း။ ဦးသာဝနှင့်ဘမှာ ပျော်ပျော်နေတတ်သော ငယ်သူငယ်ချင်းများဖြစ်သည်။ မြို့သစ်ရောက်ကာမှ တစ်ရပ်ကွက်တည်း အတူနေရင်း အနေကြာတော့ ခင်သွားကြခြင်းဖြစ်ပါသည်။

"စံပျော"

"ဘာလဲ"

"မင်းသွေးတိုးရင် အီလန်သုံးကြည့်ပါလား"

ဦးစံပျောက ဦးပေတလူကို မျက်စောင်းထိုးကြည့်သည်။ ဘက

ဦးသာဝကို လက်တို့ကာ -

"သာဝ"

"ငါ ဒူးမနာဘူး"

" ဟို သွားတိုက်ဆေးကြော်ငြာတဲ့ ကားဆီ သွားစမ်း။ မင်းလာကြော်ငြာတာ နှစ်သုံးဆယ်လောက်နောက်ကျသွားတယ်လို့ ငါတို့နဲ့ အံမဝင်တာချည်းပဲ ပြန်စို့ကွာ"

ကြော်ငြာများကို နားထောင်ရုံသာမဟုတ်။ ဤသို့လည်း ပေါက်တတ်ကရပြောလေ့ရှိသေးသည်။ သူတို့ လက်ဖက်ရည်ဆိုင်က ပြန်လာတော့ ရပ်ကွက်လမ်းထိပ်မှာ အရောင်းမြှင့်တင်ရေး ကားကြီးတစ်စီးနှင့် ဆုံနေပြန်သေးသည်။ ဘတို့သည် လျှောက်လာရင်း ကားအနီးတွင် ရပ်ကာ အကဲခတ်

http://www.cherrythitsar.org



ီနေလိုက်သည်။ ကားပေါ်တွင် အဘွားကြီးတစ်ဦး အမျိုးသမီး ငယ်တစ်ဦးအပြင် ယာဉ်မောင်းနှင့် စပယ်ယာ ဟုယူဆရသော အမျိုးသားနှစ်ဦးပါသည်။ အမျိုးသားတစ်ဦး က စကား ပြောခွက်ကို ကောက်ကိုင်ကာ

"ဦးဦး ဒေါ်ဒေါ် ကိုကို မမ ညီ ညီမလေးများခင်ဗျား"

ဦးသာဝ က ဘကို လက်တို့ကာ

"ဘာလဲကွ"

ဘ က

" သူ့အမျိုးတွေ အော်ခေါ်နေတာပဲ ကိုစံဗျော "

"ဗျာ"

"ခင်ဗျားနဲ့များ အမျိုးတော်နေသလား။ သေသေ ချာချာ ကြည့်ပါဦး"

"မတော်ပါဘူးဗျ၊ ဟိုနေ့က ဟိုဘက်ရပ်ကွက်ထဲ ဒီကားကြီးတွေ့ခဲ့သေးတယ်"

" အင်းသေချာပြီ အိမ်မသိလို့ တစ်လမ်းဝင် တစ်လမ်း ထွက် လိုက်ရှာနေတာ နေမှာ"

ဖွားစွာသည် ကားနောက်မြီးရှိ စားပွဲပေါ်မှ စာရွက် စာတန်းများကို နေရာချထား နေရာမှ ဘတို့အဖွဲ့အား မျက်စောင်းထိုးကြည့်လိုက်သည်။ စကားပြောခွက်ကိုင် ထားသူက နောက်တစ်ကြော့ အော်လိုက်ပြန်သည်။

"ဦးဦး ဒေါ်ဒေါ် ကိုကို မမ"

http://www.cherrythitsar.org

## ၄ ကံချွန်

သို့သော် ဆုံးအောင် မပြောလိုက်ရ။ စကားပြောခွက်ကို ဆွဲယူရင်း-

"မင်းက လေကိုရှည်တယ်။ ဟိုမယ် ဘာတုန်းလို့ သိချင်တဲ့လူတွေကစောင့်ကြည့်နေပြီ။ ပေး ငါ့ဟာငါ့ပဲ ပြောတော့မယ်"

ဖွားစွာက စကားပြောခွက်ကို ပါးစပ်နားကပ်ကာ ချောင်းဟန့်လိုက်သည်။

"အဟမ်း .. အဟမ်း"

ဘ က လက်နောက်ပစ်၍ ရပ်ကြည့်နေရာမှ ဦးစံဗျော ဘက်သို့ ခေါင်းကို တိမ်းကာ -

"ကိုယ့်ရောဂါ လူသိအောင်လို့ကွာ"

"ဆေးလိုချင်လို့ နေမှာပေါ့။ မင်းဆီ လျက်ဆား ပါတယ်မဟုတ်လား သွားပေးလိုက်ပါ"

ဖွားစွာသည် ဒုတိယအကြိမ် ဘတို့အဖွဲ့ အား မျက်စောင်းထိုးကြည့်လိုက်ပြန်သည်။ ပြီးမှ -

"မြို့သစ်သူ မြို့သစ်သားများ အမြင်ကြည်လင်ဖို့ ထင်ထင်ရှားရှားမြင်နိုင်ဖို့ ကျွန်မတို့ တာဝန်ယူပါရစေလားရှင်"

ဦးပေတလူ မျက်နှာက ပြုံးသွားကာ

"သွားကြည့်ရအောင် ထင်ထင်ရှားရှား မြင်ရမယ်တဲ့"

ထိုစဉ် ဦးလူလေးက သူ့တူလေးကိုတွဲကာ ဘတို့ဘေးမှ ဖြတ်ပြီးကားနောက်မြီးဆီသို့ ရောက်သွားသည်။

http://www.cherrythitsar.org



"မျက်စိစမ်းသပ်တဲ့ကားလား"

"ဟုတ်ပါတယ်"

"စမ်းသပ်ချင်လို့"

"နာမည်ပြော"

ဖွားစွာက ရေးမှတ်ရန် အသင့်ပြင်လိုက်သည်။ ဦးလူလေးက

"ငယ်ငယ်တုန်းကတော့ ကျွန်တော့်ကို မိဘတွေက လူလေးလို့ ခေါ်တာပဲ"

"ခုခေါ်တဲ့ နာမည်ပဲပြောပေါ့"

"ဟုတ်ကဲ့ လူလေးပါပဲ ဦးလူလေးပေါ့"

ဖွားစွာက မျက်နှာက မအီမလည်ဖြစ်သွားသည်။

"မျက်စိက ဘယ်လိုအခြေအနေရှိသလဲ"

"မွေးကတည်း မမြင်တာပါ"

" အို ဒါဆို ဆေးရုံသွားပြမှပေါ့။ ကျွန်မတို့က မျက်စိမှုန်တဲ့သူတွေအတွက် မျက်မှန်လုပ်ပေးတဲ့ကားရှင့်"

"ဪ . . ဪ . . ဪ"

ဦးလူလေးက လှည့်ပြန်သွားသည်။ ဘတို့အဖွဲ့က ကားနောက်သို့ သွားရပ်လိုက်ကြ၏။

"မျက်စိမှုန်လို့လား"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ဘာ အစ်ကိုကြီးလဲ ကျွန်မ မိန်းမရှင့်"

## ၆ ကံရှုန်

ကားတွင်းမှ မိန်းမငယ်နှင့် အမျိုးသားများ မျက်နှာက ပြုံးစိစိ ဖြစ်သွားသည်။

"ဆောရီး ဆောရီး ဟုတ်ကဲ့ မိန်းမ"

" အို မိန်းမလို့ မခေါ်ပါနဲ့"

ဖွားစွာက အော်လိုက်သည်။ ဦးပေတလူက

"ဒါဖြင့် ဘယ်လိုခေါ်ရမလဲ"

ဖွားစွာက ပြန်မဖြေနိုင်မီ ဘတို့အဖွဲ့က

"မ လို့ခေါ်ကွာ"

" မမ ဆိုတာက ပိုကောင်းတယ်ကွ"

" ဒီမယ် လို့ခေါ်လည်း ရတာပဲ"

ဖွားစွာ၏ မျက်နှာပေါ်မှာ ဒေါသရိပ်လွှမ်းသွားသည်။

"ဟွန်း ဘယ်လိုဟာတွေမှန်း မသိဘူး"

" မျက်စိမှုန်လို့ မှားခေါ်တာပဲ အစ်မရယ်"

" အို တောင်းပန်တိုင်း ကျေနပ်ရမှာလား တရားသာစွဲလိုက်"

ဘ က နောက်နားမှ အော်ပေးပြန်သည်။ ထိုစဉ် ကလေးမ ကဖွားစွာနားသို့ ကပ်လာပြီး

" ကဲ- ဖွားရယ် နာမည်မေး စာရင်းမှတ်သာ လုပ်လိုက်ပါ"

ဦးပေတလူက -

"ဟုတ်ပါတယ် ကလေးမ ပြောတာမှန်ပါတယ်။ ဟဲ့

http://www.cherrythitsar.org



နင့်လက်မောင်းပေါ်တက်နေတဲ့ ပုရွက်ဆိတ်လေး ခါပစ်လိုက်ဦး ဟင်း ပုရွက်ဆိတ်ညာဘက် ခြေထောက်က ကျိုးနေသေးတယ်”

ဖွားစွာက မျက်မှောင်ကုပ်လိုက်ပြီး -

“ဒါလား မျက်စိမှုန်တာ”

“အနီးမှုန်ကွ အနီးမှုန် မင်းသာ မမြင်ရတာ တာဝတိံသာက နတ်သမီး သနပ်ခါးလိမ်းနေတာ တောင်မြင်ရသေးတယ်။ စံပျော မင်းတို့ရော မြင်တယ်မဟုတ်လား”

“ မြင်သားပဲ သုဇိတာကွ”

ဘ ကလည်း မော့ကြည့်လိုက်ကာ

“ညိုချောလေး”

ဦးသာဝ က ဘ ပုခုံးကို ပုတ်လိုက်ပြီး

“ဘ သိသိသာသာကြီး မော့မကြည့်နဲ့လေ သိကြားမင်း မြင်ရင်စိတ်ဆိုးနေလိမ့်မယ်”

ဦးသာဝက စကားအဆုံးမှာ ဖွားစွာဘက် လှည့်လိုက်ပြီး

“ကျုပ်တို့အဖွဲ့က တကယ့်ကို အဝေးမှုန်တွေပါဗျာ။ ပွဲကြည့်ပြီဆိုရင်ကိုပဲ အဝေးကြီးကကြည့်ရတာပါ။ မင်းသမီးကမျာ း ကျွန်မချစ်သူက ပွဲလာကြည့်တယ်ရှင့် ဆိုရင်လေ ကျုပ်တို့မှာ ပုန်းလိုက်ကွယ်လိုက်ရတာ”

“ဟုတ်ပ့ါ လူတွေသိကုန်တော့မှာပဲဆိုပြီး”

“ဟိ ဟိ ရှက်လိုက်တာ”

## ၈ ကံချွန်

"ဒီမယ် ဒါ အရောင်းအဝယ်လုပ်တဲ့နေရာ တော်တို့ ဟီးကျောထဖို့ နေရာမဟုတ်ဘူး"

ဖွားစွာကအော်လိုက်သည်။ ဘ ကလည်း ပြန်အော်၏။

"မင်း အဲသလို မပြောပါနဲ့ကွာ တို့က ဝယ်မလို့ လာတာပဲ။

ဦးသာဝက လက်ကာတားလိုက်ပြီး -

"ကဲ-ကဲ တော်ပြီ။ လိုရင်းပြောကြစို့ မှတ်ပါ နာမည်ကိုကိုချစ်လို့"

" ဟင် - နာမည်ကိုက"

"ဘာဖြစ်လဲ ဘာဖြစ်လဲ နာမည်က ဘာဖြစ်လို့လဲ မိဘက ရုပ်နဲ့လိုက်အောင် သေသေချာချာ ရွေးမှည့်ပေးခဲ့ တာနော်။ မြို့သစ်ရောက်မှအသားနည်းနည်းမည်းသွားလို့"

"ကုသိုလ်ကံပေါ့ကွယ် ခုတော့ သူ့ခမျာ မီးသွေးဆိုင်နားကို ဖြတ်မလျှောက်ရဲရှာဘူး။ မီးသွေးမှတ်ပြီး ခြင်းကြားထဲ ကလော်ထည့်လိုက်မှာစိုးလို့"

ဦးစံပျောက ဝင်ပြောသည်။ ဦးပေတလူက ဦးစံပျော ခေါင်းကို လူ့ရှင်တော်ရိုက်(ချော်)ရိုက်ကာ

"သူများ သားသမီး မတရားသဖြင့်ပြောပြီ ဟိုနေ့က သူ သူ့အိမ်ရှေ့ထိုင်နေတုန်းစည်ပင်သာယာက လမ်းဝန်ထောက်က လိုက်လာတာ ကတ္တရာစေးပုံးကြီး ခြံဝင်းထဲ သွင်းထားတာ မှတ်လို့"

http://www.cherrythitsar.org



အမျိုးသမီးငယ်က ဖွားစွာ၏ ဘေးမှ ဝင်ထိုင်လိုက်ပြီး

"ဘာဘာ တို့က အတော်ပျော်တတ်တာပဲ စိတ်မရှိနဲ့နော် သမီးတို့ ဖွားက စိတ်တိုတတ်လို့ ကဲ ပြော သမီးမှတ်မယ်"

သို့နှယ် အမျိုးသမီးငယ် ကြားဝင်ရေးပေးလိုက်မှ အဆင်ပြေသွားတော့သည်။ လေးယောက်လုံး မျက်စီ စမ်းသပ်ပြီးသောအခါ. . .

"နက်ဖြန်ဆိုရင် ရပါတယ်။ နက်ဖြန်မှာ ကျွန်တော်တို့ သူဌေးပါ ပါလာမှာပါ"

"ဘာလဲ တို့မျက်မှန်တွေကို မင်းတို့သူဌေးကိုယ်တိုင် သွေးပေးမှာလား"

"မဟုတ်ပါဘူး။ ကျွန်တော်တို့ သွေးမှာပါ။ ကျွန်တော်တို့ သူဌေးက လက်ဆောင်ပေးဖို့လာမှာ"

"ဘယ်သူ့ပေးမှာလဲ။ မင်းတို့ကိုလား"

"ဝယ်တဲ့သူ ပေးမှာပါ။ အယောက်ငါးဆယ်မြောက် ပစ္စည်းလာရွေးတဲ့သူကိုပေါ့"

"ဘာပေးမှာလဲ"

"ရွှေဆွဲကြိုး"

"ရွှေစစ်ရဲ့လား"

"ရွှေဆိုင်က ဘောက်ချာပါမှာပဲ"

"ရွှေဆိုင်က ဘောက်ချာ ဘာလုပ်ဖို့လဲ မင်းတို့ သူဌေးကို ပြောလိုက် အပေါင်ဆိုင်ငါးဆိုင်က ရွှေကောင်းကြောင်း၊

အာမခံချက် ပါပလေ့စေလို့ ကဲ-လာ သွားကြစို့”

ဘတို့အဖွဲ့ထွက်သွားသည်။ တစ်ကားလုံးပြုံးစိစိနှင့် ကျန်ခဲ့သည်။မပြုံးနိုင်ဘဲမျက်နှာမှုန်သုန်နေသူဟူ၍ဖွားစွာ တစ်ယောက်သာ ရှိပါသည်။

“ဟွန်း-ဣန္ဒြေမရတဲ့ဟာတွေနဲ့ မျက်နှာရှုးတွေနဲ့ တွေ့နေတာ- ကဲကဲ ဟိုမယ် နောက်ထပ်မျက်စိစမ်းမယ့်လူလာနေတယ်။ ကိုယ်အလုပ်ကိုယ် ဂရုစိုက်ကြဦး”

ဖွားစွာက အော်လိုက်သည်။

xxx xxx xxx

တစ်နေ့ဝင်

တစ်ညလွန်

တစ်မိုးသောက်ခဲ့ပြန်ပါပြီ။

ဘသည် သူတို့ဆုံနေကျ လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်လိုက်ချိန်ဝယ် -

“အမယ် သာဝတို့ မရောက်သေးပါလား”

ဘက ဆိုင်အတွင်း စားပွဲများဆီသို့ ကြည့်လိုက်ပြီးမှ စားပွဲလွတ်မှာ ဝင်ထိုင်လိုက်သည်။

“ဝမ်းတီး ဝမ်းနံ့ထော ကြက်ဥကြော် တစ်”

ဘ သည် ရေနွေးကြမ်း ငှဲ့နေရင်း တစ်ခုခု ထူးခြားနေသလို ခံစားနေရသည်။

“ရပြီ”

စားပွဲထိုးလေးက ဘမှာလိုက်သော မုန့်နှင့် လက်ဖက်ရည်ကို လာချပေးရင်း -

"ဒီနေ့ ဘ ကနောက်ကျနေတာကိုး"

"ဟေ-သာဝတို့ စံပျောတို့ လာသွားကြပြီလား"

"လာသွားကြပြီ။အစောကြီးလာကြတာ။ ဒီနေ့ ဘယ်လိုဖြစ်ကြတာလဲ။ လာတာက တစ်ယောက် တစ်ခြားစီ။ ပြီးတာနဲ့ ချက်ချင်းထပြန်ကြတာ။ ငါလာသွားပြီဆိုတာ မပြောနဲ့လို့လည်း မှာသွားကြသေးတယ်"

"အင်း . . . ဟုတ်လား"

ဘ စဉ်းစားလိုက်သည်။ စဉ်းစားရင်း စဉ်းစားရင်း အဖြေပေါ်သွားသည်။ ထို့ကြောင့် လက်ဖက်ရည်နှင့် မုန့် တို့ကို ကပျာကယာ စားသောက်လိုက်ပြီး ပိုက်ဆံရှင်းကာ ထထွက်ခဲ့သည်။

"ဟုတ်ပြီ - ဟုတ်ပြီ ငါရိတ်မိပြီ။ ရိတ်မိတော့ ပြောင်ပြောင်ပဲ။ ပြောင်ပြောင်ဆိုတော့ ကတုံးကြီး။ ကတုံးကြီးက သာဝ။ သာဝ အကြံက သေချာပြီ - သေချာပြီ"

ဘ သည် မျက်မှန်ကားရှိရာသို့ သုတ်ခြေတင်ပြေးတော့သည်။ ဘ ရောက်သွားသောအခါ ကားနောက်မှာ မျက်မှန်ရွေးနေသူ ဝယ်နေသူများကို တွေ့ရသည်။ ထိုလူစုထဲတွင် ဦးသာဝ တို့မပါ။ ဘက

"ကလေးမ"

## ၁၂ ကံရှုန်

"ရှင်"

"ဟို အဘကြီးတွေ လာသွားပြီလား"

"မလာသေးဘူးရှင့်၊ ဘ မျက်မှန်ရွေးတော့မှာလား"

"မရွေးသေးပါဘူး။ ဒါနဲ့ ခုလာရွေးတာ ဘယ်နှစ်ယောက်ရှိပြီလဲ"

"အဲဒါတော့ ပြောလို့မရဘူးရှင့် ငါးဆယ်မြောက်လာရွေးတဲ့သူကို လက်ဆောင်ပေးမှာမို့"

ဘ မှာ စိတ်ပျက်စွာနှင့် ထိုနေရာမှ လှည့်ထွက်သွားသည်။ ထိုသို့ ထွက်သွားသည်ကို ဦးစံဗျောသည် သစ်ပင်ခွကြားမှ စောင့်ကြည့်လျက်ရှိပါသည်။ ထို့အတူ ဦးသာဝ မှာ ခြံဝိုင်းတစ်ခုအတွင်းမှ ဘကိုကြည့်နေပြီး ဦးပေတလူ မှာ ရေပိုက်လိုင်းကြီးများနောက်ကွယ်မှ အကဲခတ်နေပါသည်။ သူတို့သည် ဘကိုသာ မြင်လိုက်ကြသော်လည်း သူတို့အချင်းချင်းမှာမူ တစ်ယောက်ရှိနေသည့်နေရာကို တစ်ယောက်မသိပါလေ။ သူတို့အာရုံမှာ ဘထံသို့ ကြာရှည် မရောက်နိုင်။

"ဟော လာပြီ ဒါနဲ့ဆို သုံးဆယ့်ကိုး။ နောက်ဆယ်ယောက်လောက်လာပြီးရင် ကားဆီအရောက်ပြေးရမယ်"

သို့နှင့် ဦးပေတလူ၊ ဦးသာဝ ၊ ဦးစံဗျော တို့မှာ ကိုယ်ပုန်း နေသည့် နေရာမှ နေ၍ မျက်မှန်လာရွေးသူများကိုမှတ်သားနေကြပါသည်။

"လာပြန်ပြီ နှစ်ယောက် တစ်ယောက်က လိုက်ပို့

http://www.cherrythitsar.org



တာလား ၊ အယ် မဟုတ်ပါဘူးဟာ ။ နှစ်ယောက်လုံးဝယ်တာ။ ဒါဆို လေးဆယ့်တစ်”

“ဟော လာပြန်ပြီ လေးဆယ့်နှစ်”

“ဟော လာပြန်ပြီ လေးဆယ့်ငါး”

“ဟို တစ်ယောက်နဲ့ဆို လေးဆယ့်ခြောက်”

ဦးသာဝရေတွက်နေသလို ဖွားစွာကလည်း ရေတွက်မှတ်သားနေပါသည်။

“ဒါနဲ့ဆို လေးဆယ့်ခြောက်”

ထိုစဉ် မာစီဒီး ကားတစ်စီးက မျက်မှန်စမ်းသပ် အရောင်းကားကြီး၏ ရှေ့နားမှာ ရပ်လိုက်သည်။ သူ့ဒွေး လာပြီ”

“ဟောလာပြီ။ ဒါနဲ့ဆို လေးဆယ့်ခွန်”

“ဟော လေးရှစ်၊ လေးကိုး”

“လေးဆယ့်ကိုး”

“လေးဆယ့်ကိုး”

“လေးဆယ့်ကိုး”

ဦးစံဗျော၊ ဦးပေတလူ၊ ဦးသာဝ တို့သည် ပုန်းနေရာ မှ အသီးသီး ထွက်လာကာ လမ်းပေါ်သို့ တက်လိုက်သည်။ လမ်းပေါ်ရောက်သည်နှင့် တစ်ယောက်ကို တစ်ယောက် ကြည့်ကာကားဆီသို့ ပြိုင်တူပြေးလာကြလေတော့သတည်း။

“ဟား ဟိုကောင်တွေ ပြေးလာပြီ။ ငါးဆယ်ပြည့်ပြီနဲ့

http://www.cherrythitsar.org



တူတယ်”

ဘ သည် မျက်မှန်ကားအောက်မှာ ဝပ်နေရာမှ တိုးထွက်လိုက်သည်။

“ဟိုက်- ဘပါလား။ တို့ဝယ်မယ့်လူတွေ မှတ်နေတာနဲ့ သူပြန်လှည့်လာပြီး ကားအောက်ဝင်တာ မသိလိုက်တာ”

“ဘကို မြင်လိုက်သောအခါ ခြေကုန်သုတ်၍ ပြေးလာရာ ဖွားစွာ၏ စားပွဲပေါ်သို့ လက်လေးခုက တစ်ပြိုင်တည်း ရောက်သွားလေတော့သတည်း။

“ရှင်တို့ ဘယ်သူ အရင်ရောက်တာလဲ”

“ငါ”

“ကျုပ်”

“အီစကို’

“တို့”

“အို အဲလိုပြောနေလို့ ဘယ်ဖြစ်မလဲ”

“ဘယ်နှယ့် မဖြစ်ရမှာလဲ၊ မင်းမမြင်ဘူးလား တို့က ပြိုင်တူရောက်တာပဲ”

“ဒါက လူငါးဆယ်ပြည့်ရှင့် လက်ဆောင်ပေးရမှာ”

“လေးယောက်လုံး ပေးပေါ့ကွ”

“ဒါဖြင့် လေးယောက်ခွဲယူ”

“အမိပ္ပါယ်မရှိတာ လေးခုပေးပေါ့”

“ဟုတ်တယ် ငါးဆယ်ပြည့်တာက တစ်ပြိုင်တည်း

http://www.cherrythitsar.org



လေးယောက်”

“မညစ်ပတ်ပါနဲ့။ သန့်စင်နဲ့ လျှော်ပစ်မယ်”

“သံပုရာနဲ့ပါတဲ့ ဆပ်ပြာရှိတယ်နော်”

“ကဲ-ကဲပေးပါ”

ဘတို့အဖွဲ့၏ ဆူညံ ဆူညံ အသံများကြောင့် -

“ဘာဖြစ်နေတာလဲ ဖွား”

အသံကြားရာသို့ ဘတို့က လှည့်ကြည့်လိုက်သည်။

“ဟင် - ကိုကို”

“ဟာ-ဘ”

အားလုံးအံ့အားသင့်သွားကြသည်။

“ဘ . . ဒါ မသီတာရဲ့ အဘွားလေ သူက မသီတာ”

“ဩော်- မင်းစာရေးလိုက်တာသူကိုး”

ဘ သည် ဦးပေတလူတို့ဘက် လှည့်ကာ -

“ကဲ-ကဲကျုပ်တို့ပြဿနာရှင်းသွားအောင်ကျုပ်တို့ရမယ့် ဆွဲကြိုးကို မသီတာလက်ဖွဲ့လိုက်ကြစို့” ဗိုး - ဒီတစ်ခါကတော့ ရှုံးပါပြီကွာ။ မြေးအဖိုးချင်းမို့ အလျှော့ပေးလိုက်ရတာ”

ဘ က ပြောပြောဆိုဆိုနှင့် သူ့အဖွဲ့များကို ခေါ်ကာ လှည့်ထွက် သွားတော့သည်။

ကလျာ မဂ္ဂဇင်း၊ ဇွန်၊၁၉၉၉။

http://www.cherrythitsar.org



# အငှားယောက္ခမ

မန္တလေးမြို့ မြို့သစ်၏ လမ်းတစ်လမ်းဝယ် ဘ၏ သီချင်းသံက ပျံ့လွင့်လျက်ရှိပါသည်။ ဘ၏ သီချင်းသံမှာ သူ၏ မြင်ကွင်းကို လိုက်၍ အစဉ်ပြောင်းလဲလျက်ရှိပါသည်။ အမြဲ ရန်ဖြစ်နေလေ့ရှိသော ကိုသံချောင်းတို့ လင်မယားကို မြင်သည် နှင့် .....

"ချစ်သူတိုင်းလည်း ညားကြပါစေ ညားသူတိုင်းလည်း ချစ်ကြပါစေ" ဟု အော်နေရာမှ မိန်းမကို ကြောက်ရသော ကြောင့် မိန်းမခိုင်းသမျှ အကုန်လုပ်ပေးနေရသော ဦးသာဝကို တွေ့လိုက်သောအခါ .....

"တူစုံရင် ဟန်တွေ ဘာတွေမဆောင်နိုင်တယ် ကိုကို ခေါ်သံမှာ အရည်ပျော်မြဲ ....."

ဖြစ်သွားသည်။ ထိုစဉ် လမ်းတစ်ဖက်မှ လျှောက်လာ သော အပျိုးကြီး ဒေါ်စိန်တိုးကို မြင်သွားရာ ....

"အပျိုကြီး မမရယ် မမတို့ရယ် တစ်ကိုယ်တည်းပွကျ တယ် ပွကျလှတယ် ဝက်သားတုံးကြီး လက်သီးဆုပ်သဏ္ဍာန် နိပ်ဟ ...."

ဒေါ်စိန်တိုးက ဘအား ထုရန် လမ်းဘေး ဝဲယာ ကြည့် လိုက်သည်။ သို့နှယ် ထုစရာ ရှာသည်နှင့် ဘ သည် သူခြံ တွင်းသို့ ဝင်ပြေးရင်း ....

http://www.cherrythitsar.org



"ဒါဟာ အချစ်တဲ့လား အဲဒါအချစ်တဲ့လား ဒါများ အချစ်တဲ့လားကွယ် မင်းပဲပြော ....."

ဟု သံကုန်ဟစ်လိုက်လေသတည်း။ တေးသံ ဆုံးသည်နှင့် ခြံတံခါးမှ ခေါင်းပြူကာ မျက်စပစ်ပြလိုက်သည်။

xxx xxx xxx

"အိုအေစစ်" အအေးဆိုင်။

ဆိုင်တွင်းမှာ တည်ငြိမ်လှပသော အမျိုးသမီးနှစ်ယောက် အအေးသောက်နေကြပါသည်။ သူတို့၏ မျက်နှာပေါ်မှ စိတ်ရှုပ်ထွေးနေဟန်သည် လှပသော သူတို့၏ မျက်နှာနှင့် မလိုက်ဖက်ပါ။ မိန်းကလေးတို့၏ တည်ငြိမ်သော ဣန္ဒြေရသော ခြေတစ်လှမ်းသည် ကုဋေတစ်သန်းတန်သည်ဟု တင်စားခဲ့သော ပညာရှိသာ ဤမိန်းကလေးကို တွေ့ပါမူ "သူသာ ပြုံးလျှင် သန်းနှစ်ဆယ်ခန့် တန်မည်" ဟုသတ်မှတ် လိမ့်မည်ထင်ပါသည်။ ပြုံးလျှင်အလွန်လှပမည့် နှုတ်ခမ်း အစုံကို ယခုမူ တင်းတင်းစေ့ထားသည်။ သူတို့ရှေ့မှ အအေးခွက်များသည်ပင် အအေးဖွယ်နေပါပြီ။

"မမ"

ခေါ်သံကြောင့် ငြိမ်နေသော မျက်နှာလေးက အသက်ဝင်သွားသည်။

"နင်က စာရေးခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"ပထမစာက ခြောက်လလောက်ရှိပြီ။ အဲဒီတုန်းက တော့ အိမ်ထောက်ဖက်ကို သူတို့ရှာပေးရမလားဆိုလို့ မမမှာ ချစ်သူရှိနေပြီဆိုပြီး ရေးလိုက်တာ၊ ပြီးခဲ့တဲ့ လထဲက တော့ သမီးချစ်သူကို သမီးလက်ထပ်မယ်ဆိုရင်လည်း အမြန်ဆုံး လက်ထပ်ပါ။ အဝေးမှာ တစ်ယောက်တည်းထားရတာ စိတ်မချရဘူး။ သမီးရွေးချယ်တာ မမှားနိုင်ဘူးလို့ မေမေတို့ ယုံကြည်တယ်ဆိုပြီး စာရောက်လာတာ"

"ဆက်ပါဦး"

"မနေ့ကတော့ ဖုန်းဆက်တယ်လေ။ ဖေဖေ့သူငယ်ချင်း ရဲ့ သားက နှစ်သက်နေလို့ အိမ်မှာလာပြီး စကားကြောင်းလမ်း ချင်နေတယ်။ လက်ခံရမလားတဲ့။ ဒါနဲ့ မမက မေမေတို့ပဲ နှစ်သက်တဲ့လူ ယူဆိုလို့ သမီးချစ်သူနဲ့ သမီးနဲ့ တနင်္လာနေ့မှာ ရုံးတက် လက်မှတ်ထိုးဖို့ စီစဉ်ပြီးပြီ။ သမီးလည်း အဲဒါပြောဖို့ ဖုန်းဆက်မလို့ပဲ။ ပွဲခင်းဖို့တော့ မေမေတို့ လိုက်လာပြီးမှ လူကြီးချင်း ညှိပြီး စီစဉ်ပါ ဆိုဖြီး ရတာပေါ့။ မေမေတို့ တွေ့ရ မြင်ရရင်လက်ခံနိုင်မယ့် အနေအထားရှိပါတယ်။ ဘွဲ့ရ ပညာတတ် ငွေကြေးလည်း ပြည့်စုံတယ်။ အကျင့်စာရိတ္တလည်း ကောင်းပါတယ်။ အမူအကျင့်လည်း သိမ်မွေ့တယ်ဆိုပြီး"

"ငြင်းမရအောင် အကောင်းတွေချည်း ပြောလိုက်တယ် ဆိုပါတော့"

"ရန်ကုန်က လူနဲ့ စီစဉ်မှာ စိုးပြီး ပြောလိုက်ရတာ"

"ဒီတော့"

"မေမေတို့ သဘောတူရတော့မှာပေါ့တဲ့။ အစကတော့ ရန်ကုန်ကကောင်လေးခေါ်ပြီး လာမလို့ပဲ ခုတော့ သူတို့ ချည်းလာမယ်လို့ ပြောတယ်။ သူတို့လာအောင် စောင့်ပါဦးတဲ့။ မမက သူတို့လာရင် ရန်ကုန်ကလူ ခေါ်လာပြီး အတင်းကပ် စီစဉ်လိုက်မှာစိုးတာနဲ့ သမီး မစောင့်တော့ဘူး လက်ထပ်ဖို့က စီစဉ်ပြီး ဖြစ်နေပြီ။ သမီးတို့ အစီအစဉ် မဖျက်ပါရစေနဲ့တော့ သမီးကို ယုံပါ မေမေခွင့်ပြုခဲ့လို့ စီစဉ်မိခဲ့တာပါဆို ပြန်ပြော လိုက်ရတာပေါ့ နီလာ"

"ဒါဆိုလည်း ပြီးတာပဲပေါ့။ လာတော့မှသမီးအိမ်ထောင် မပြုချင်သေးလို့ ဒီအတိုင်းပဲ နေပါရစေဆို ပြောလိုက်ပေါ့"

"ရမှာမဟုတ်ဘူး။ ငါ တစ်ယောက်တည်း နေတာကို စိတ်မချတာပဲ။ လုပ်တာကလည်း ကုမ္ပဏီမှာဆိုတော့ ရှင်းရှင်း ပြောရရင် နီလာရယ်၊ နိုင်ငံခြားသား တစ်ယောက်ယောက်နဲ့ ငြိသွားမှာ စိုးတာ"

မမ စကားကြောင့် နီလာပါ ငိုင်သွားသည်။ အတော် လေးကြာမှ -

"မမ"

"ပြောလေ"

"ဗိုးမောင်မောင် တစ်ယောက်လောက် ရှာပါလား။

http://www.cherrythitsar.org



လင်ငှားလေ”

“ဟယ် အဓိပ္ပာယ်မရှိတာ၊ ဘယ်လိုလုပ်ဖြစ်မှာလဲ”

နီလာက ပြုံးလိုက်ပြီး -

“စကားအရ ပြောကြည့်တာပါ မမရယ်၊ အဲ ဒီလိုလုပ် ယောက်ျာမငှားချင်ရင် ယောက္ခမ ငှားပါလား”

“ဘာ”

“ယောက္ခမလေ။ အဲဒါက အန္တရယ်ကင်းတယ်။ ယောက်ျားကတော့ အရေးတကြီး ခရီးထွက်သွားတယ်ပေါ့။ မိုးကုတ်ဖက်စပ်တွင်းမှာ ကျောက်ပွင့်လို့ပေါ့။ ယောက္ခမကြီးပဲ အိမ်မှာကျန်နေခဲ့တယ်ပေါ့။ ဒါမှ မဟုတ်ရင်လဲ လက်ထပ်ပြီး တဲ့နေ့ ညနေမှာပဲ ယောက်ျားက ကားမတော်တဆဖြစ်လို့ ဆုံးသွားပြီပေါ့။ ငှားထားတဲ့ ယောက္ခမကလည်း စိတ်ထိခိုက် နေလို့ဘယ်သူနဲ့မှ စကားမပြောဘူးဆိုလုပ်ထားလိုက်။ နည်းနည်း ပါးပါး ပြောပြီးတာနဲ့ တစ်နေရာရာငြိမ်ထိုင်နေရုံပဲ။ စကားများများ မပြောရတော့ အမှားလည်း မပါတော့ဘူး”

“အင်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ စိတ်မချမ်းမြေ့စရာ ကြုံထားတာဆိုပြီး မေမေတို့ကလည်း အတင်းတော့ အမေး အမြန်းမထူနိုင်လောက်ပါဘူး။ ဒါပေမယ့် . . . . ”

“ဘာဖြစ်လဲ”

“ဘယ်သွားရှာမလဲ”

“တကယ်ငှားမှာလား”

http://www.cherrythitsar.org



"ဘာလဲ နီလာ့အမျိုးထဲမှာ ရှိလို့လား"

"မဟုတ်ဘူး အရပ်ထဲမှာ ရှိတယ်။ အဲဒီအဘိုးကြီးက အလွန်ပျော်တတ်တယ်။ သူငယ်ငယ်က ပြဇာတ်မင်းသား လုပ်ဖူးတယ်တဲ့။ သရုပ်ဆောင်လည်းပိုင်တယ်။ ဘယ့်နှယ့်လဲ"

မမမှာ စိတ်ဝင်စားသွားသည်။ နီလာ၏ အကြံဉာဏ် မှာ ကောက်ရိုးတစ်မျှင်မှန်း သိသော်လည်း သူက ရေနစ်နေသူ မဟုတ်လား။ မမတို့သည် အအေးဖိုးကို ခေါ်ရှင်းလိုက်ပြီး ကားလေးနှင့် ထွက်ခဲ့သည်။

xxx xxx xxx

ဘ၏ အိမ်ရှေ့သို့ရောက်သောအခါ ကားကို ရပ်လိုက် ပြီး။

"ဟိုု အဘိုးကြီးပဲ မမ"

ဘမှာ သူ့အိမ်ရှေ့တွင် ပက်လက်ကုလားထိုင်နှင့် ထိုင်၍ ဂျာနယ်တစ်စောင် ဖတ်နေသည်။ မမက

"အဘိုးကြီးက အသက်မကြီးလွန်းဘူးလား"

"အသက်ကြီးတော့ ဘာဖြစ်လဲ ယောကျ်ားရဲ့ အဘိုးလို့ ပြောမှာပေါ့"

သို့ဖြင့် မမနှင့်နီလာတို့သည် ကားပေါ်မှ ဆင်းကာ ခြံတွင်းသို့ ဝင်သွားကြသည်။ ဘသည် ဖတ်လက်စဂျာနယ် ကို ပိတ်လိုက်ပြီး ခြံတွင်းသို့ ဝင်လာသော မမနှင့်နီလာကို အကဲ

ခတ်လိုက်သည်။

"ဘ"

"ဗျ"

"သမီးတို့ ဘဆီက အကူအညီတောင်းချင်လို့"

"ဘာများပါလိမ့်"

"သမီးတို့က ယောက္ခမအတုလုပ်ပေးဖို့ လူရှာနေတာပါ"

"ဟေ - အတုလုပ်စရာ ရှားလို့ကွယ် ယောက္ခမအတု လုပ်ပေးရမယ်လို့ အရောင်းသွက် တစ်ဆယ်ထဲမှာလည်း ယောက္ခမကို မတွေ့မိပါဘူး"

"မဟုတ်ဘူး ဘရဲ့ ဒီလိုပါ"

မမက သူကြုံတွေ့နေရသမျှကို အသေးစိတ်ပြောပြ လိုက်ပြီး။

"အဲဒါ ဘဆီက အကူအညီလိုချင်လို့"

"ဖြစ်ပါ့မလားအေ"

"ဖြစ်ပါတယ် ဘရဲ့"

"အင်း - သမီးတို့ လိုက်ကူညီချင်ဦးတော့ ဘအိမ်မှာက ဘတစ်ယောက်တည်း။ ဘမွေးထားတဲ့ ခွေးလေးတွေကြောင် လေးတွေက ရှိသေးတယ်"

နီလာက .....

"အဲဒီအတွက် မပူပါနဲ့ နီလာတို့အိမ်က ဟိုဘက်

http://www.cherrythitsar.org



လမ်းသွယ်ထဲကပါ ခွေးလေးတွေကြောင်လေးတွေ နီလာစောင့်ကြည့် ပေးပါမယ့်။ ညညတော့ နီလာ့မောင်လေးစောင့်အိပ်ခိုင်းပေးပါ့မယ်”

“ညရေးညတာအတွက် သိပ်မပူပါဘူး။ ခွေးလေးကြောင်လေးတွေ အစာလာကျွေးပေးရင်ကို ဖြစ်ပါတယ်”

“ဒါဖြင့် ကူညီမယ်နော်”

ဘက ခေါင်းညိတ်လိုက်သည်။

xxx xxx xxx

မြရိပ်ငြိမ်ခြံကြီးကို ဘွားစွာပိုင်ပါသည်။ ခြံကြီး၏အလယ်မှာ ရေကန်တစ်ကန်ရှိပြီး ရေကန်၏ နောက်တွင်ကြီးမားသောတိုက်ကြီးရှိနေသည်။ မြရိပ်ငြိမ်၏ အရေးကိစ္စမှန်သမျှကို ယခုအချိန်တိုင် ဘွားစွာကသာ စီမံအုပ်ချုပ်နေဆဲဖြစ်ပါသည်။ ထို့ကြောင့် မြရိပ်ငြိမ်နှင့် ယှက်နွှယ်နေသောကိစ္စမှန်သမျှ၏ အဆုံးအဖြတ်သည် ဘွားစွာ၏ အဆုံးအဖြတ်သာဖြစ်ရသည်။ ယခုလည်း ဘွားစွာ၏သား ဦးသော်တာနှင့် ဇနီးတို့မန္တလေးသွားမည့် ကိစ္စမှာ . . . .

“ငါ့မြေး ငါ မတွေ့ရတာကြာပြီ ငါသွားမယ်”

ဟူသော အဆုံးအဖြတ်ကြောင့် ဦးသော်တာတို့မှာနောက်ဆုတ်ပေးလိုက်ရလေတော့သည်။

“သော်တာ”

"မေမေ"

"ငါ့မြေးဆီကို ဖုန်းဆက်လိုက် နက်ဖြန်ညရထားနဲ့ လိုက်လာမယ်၊ သဘက်ခါလာကြိုလို့"

"ဟုတ်ကဲ့"

xxx xxx xxx

ထိုအချိန်မှာပင် . . .

"ကိုကို ကျွန်တော်တို့ ဘဆီအလည်သွားကြဦးစို့လား။ မရောက်တာကြာပြီ"

"မင်း ဆေးခန်းက"

"သူငယ်ချင်းခေါ်ပြီး ထိုင်ခိုင်းထားခဲ့ရင် ရပါတယ်။ မနေ့က သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ သူက ဆေးခန်းမရှိသေးဘူးတဲ့"

"အဲဒါဆိုလည်း သွားလေ ဘ မြို့သစ်ပြောင်းပြီးမှ တို့လည်း ရောက်သေးတာ မဟုတ်ဘူး"

"သွားမယ်ဆိုရင်တော့ နက်ဖြန်သွားရမှာပဲ။ သူငယ်ချင်းကလည်း နောက်ရက်တစ်ပတ်လောက်နေရင် ဆေးခန်းတစ်ခုမှာ အလုပ်ဝင်မယ် ပြောနေတာ"

xxx xxx xxx

http://www.cherrythitsar.org



ရထားက ဝင်လာတော့မည်။ မမသည် ရင်ဆိုင်ရမည့် ပြဿနာအတွက် စိတ်မောနေသည်။ ဘေးမှအဖော်လိုက် သော နီလာသည်ပင် အမောကူးနေပြီ။

"ဟော"

ရထားကြီး ဝင်လာပါပြီ။ ကြိုနေသောလူထုကြီးလည်း ပျာယာခတ်သွားသည်။

"ဟိုမယ် - ဟိုမယ်"

မမသည် နီလာ၏ လက်ကိုဆွဲ၍ ရထားပေါ်မှ ဆင်းလာသော သူ့အဘွားအားပြေးကြိုသည်။ ဘွားစွာသည် မမ၏ဘေးမှ နီလာကို ကြည့်ကာ -

"ဟဲ့ - ညည်းက ယောကျ်ားရနေပြီဆို သူက . . ."

"မမ သူငယ်ချင်းပါ နီလာတဲ့"

မမက ဘွားစွာခေါ်လာသော အလုပ်သမားလက်မှ အိတ်ကို ဆွဲယူလိုက်သည်။ နီလာက ကူသယ်ပေးသည်။

"ညည်းယောကျ်ားကရော"

"လာပါ ဘွားရယ် အိမ်ရောက်တော့ ပြောပြပါ့မယ်"

ကားဆီသို့ ရောက်သောအခါ ဘွားစွာအား နောက်ခန်းတံခါး ဖွင့်ပေးလိုက်သည်။

xxx xxx xxx

## ၂၆ ကံရှုန်

ကကအငှားကားလေးသည် အရှိန်လျှော့၍ရပ်လိုက်ပြီး
"ဒါ အစ်ကိုတို့ ပြောတဲ့လိပ်စာပဲ"

ကိုကိုက ကားခ ထုတ်ပေးလိုက်သည်။ ညီညီက အိတ်များကို ဆွဲကာ ကားပေါ်မှ ဆင်းလိုက်သည်။

"ဟိုမယ် အိမ်နံပါတ်ကတော့ ဟုတ်တယ်။ တံခါးသော့ခတ်ထားပါလား"

"ကိုကိုနှင့်ညီညီသည် ဘ၏ အိမ်ရှေ့မှာ ယောင်ချာချာဖြစ်နေစဉ် ဘေးအိမ်မှ လူတစ်ယောက်က ထွက်လာပြီး-

"ငါညီတို့က ဧည့်သည်တွေလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့က ဘရဲ့မြေးတွေပါ။ ဒီအိမ်က ဘအိမ် မဟုတ်လား"

လူကြီးက ခေါင်းညိတ်ပြသည်။

"ငါ အလုပ်ဆင်းနေတဲ့ တိုက်ရဲ့ဘေးခြံထဲမှာတော့ မနေ့က မြင်ခဲ့တာပဲ။ အလည်သွားနေတာ ထင်တယ်"

"ကျွန်တော်တို့ကို လိုက်ပို့ပေးပါလား"

"ရပါတယ် ငါလည်း ခု အလုပ်သွားမှာပဲ"

ကိုကိုက ညီညီဘက် လှည့်လိုက်ပြီး -

"ညီညီ မင်းလိုက်သွား အိတ်တွေထားခဲ့ ငါစောင့်နေမယ်"

xxx xxx xxx

http://www.cherrythitsar.org



"ဖြစ်မှဖြစ်ရလေ မမရယ် . . ."

မမက မျက်နှာငယ်ငယ်ဖြင့် ခေါင်းငုံ့ထိုင်နေသည်။ နီလာလည်း တုတ်တုတ်မျှ မလှုပ်ရဲ။ ဘ သည်လည်း ပြတင်းပေါက်မှ အပြင်သို့ငေးကြည့်ရင်း ငြိမ်နေသည်။ ဘွားစွာမှာ မမပြောသမျှကို နားရှိ၍သာ ကြားလိုက်ရသည်။ ယုံရခက်ခက် ဖြစ်နေ။သက်သေဆိုသော နီလာကိုလည်း မသက်ာ။ သတို့သား ၏အဘိုးဆိုသောဘ၏ပုံစံကလည်းသံသယဝင်စရာ၊ ဘွားစွာ၏ စိတ်ထဲမှာ အရေးပေါ် ဆင်ထားသောလုပ်ဇာတ်ကြီးဟူ၍သာ ထင်နေပါသည်။ ဘွားစွာသည် အတော်ကြာ ငြိမ်နေလိုက်ပြီးမှ -

"မဖြစ်ဖူး ဒီအတိုင်းဆိုရင် သင့်တော်ရာ တစ် ယောက် ယောက်နဲ့ အမြန်စီစဉ်မှဖြစ်မယ်။ အိမ်ထောင်ပျက်ဆိုရင် ပတ်ဝန်းကျင်က လေးစားချင်တာ မဟုတ်ဘူး"

မမသည် ဘွားစွာအား မရဲတရဲကြည့်ကာ . . . .

"စဉ်းစားပါဦး ဘွားရယ်"

"ဒီမယ် ငါစဉ်စားနေတာ ညည်းပြောင်းရ ကတည်းက ဘယ်နှယ့်တော် မိန်းမပျိုလေး တစ်မြို့တစ်ရွာမှာ တစ်ယောက်တည်း နေရတယ်လို့"

"တစ်ယောက်တည်း မဟုတ်ပါဘူး နီလာ ရှိပါတယ်"

"နီလာရှိတော့ ပိုတောင်အန္တရာယ်များသေးတယ်။ မိန်းကလေး တစ်ယောက်တည်း နေရင် ပြဿနာတစ်ခု

နှစ်ယောက်နေရင် နှစ်ခုဒါပဲ။ ငါဆုံးဖြတ်လိုက်ပြီ ရန်ကုန်ပြန်ရောက်တာနဲ့ ဟိုက အစီအစဉ်ကို ပြန်ဆက်ရမယ်”

ထိုစဉ် တိုက်တံခါးဝသို့ ညီညီရောက်လာသည်။ ဘွားစွာက လှမ်းကြည့်လိုက်ပြီး-

“ဘာကိစ္စလဲကွယ့်”

“ဒီမှာ အဘိုးကြီးတစ်ယောက်များ ရောက်နေသလား လို့ ဘ ဆိုတာ”

မမ က ကပျာကယာထရပ်လိုက်ပြီး

“ကျွန်မ ယောကျ်ားရဲ့ အဘိုးကို မေးတာလား”

ညီညီ မှာ အံ့အားသင့်သွားသည်။

“ဗျာ”

“ဟို ကျွန်မအမျိုးသားရဲ့ အဘိုးလေ”

ဘ က တံခါးဝသို့ လှမ်းကြည့်သည်။ ညီညီ နှင့် ဘ အကြည့်ချင်းဆုံသွားသည်။

“ဘ”

“နေပါဦးရှင်”

“ကျွန်တော် က ဘရဲ့ မြေးပါ”

“ဟင်”

ဘွားစွာ က တံခါးဝသို့ လျှောက်လာပြီး။

“ဟဲ့ - ဘာတွေဖြစ်နေတာတုန်း”

“အဲ - အဲ မင်း -မင်း ဟုတ်ပါဘူး ဆရာ”

http://www.cherrythitsar.org



"ဟုတ်ပါတယ် ဘွား ကျွန်တော် ရန်ကုန်က ဆရာဝန်ပါ"

"ဘယ်လို ဘယ်လို လုပ်ပြီး ဒီရောက်လာတာတုန်း"

မမ က အံ့အားသင့် ကြည့်နေသည်။

" ဘက ကျွန်တော့် အဘိုးလေ အလည်လာတာ။ ဒီရောက်နေတယ်ဆိုပြောလို့ လိုက်လာတာ"

ဘွားစွာက မမ ဘက် လှည့်ကြည့်သည်။

"ကဲ . . ကျုပ်ကို နားလည်အောင် ရှင်းပြကြပါဦး တော်တို့ ဇာတ်ရှုပ်ကို ပေါင်ချိန်လက် အပ်ရမှာလား"

မမ မှာ ဘာပြောရမည်မသိ ဖြစ်နေသည်။

"ပြောလေ တော်ပြောတော့ ဒီအဘိုးကြီးရဲ့မြေးနဲ့ ချစ်နေတာဆို။ မင်္ဂလာဆောင်တယ်ဆို"

"အို . . "

မမ က ခေါင်းငုံ့ထားသည်။ ဘ ကဝင်၍

"ဒီလိုပါ. . . "

အကြောင်းစုံ ပြောပြလိုက်သည်။

ညီညီ သည် မမ ကိုလှမ်းကြည့်လိုက်သည်။ အကြည့်ချင်းဆုံသွား၏။ ဘ သည် ဘွားစွာ၏ အရိပ်အကဲကို ကြည့်လိုက်ပြီးမှ . . .

"ကြုံကြိုက်တိုက်ဆိုင်နေတုန်း ပြောပါရစေ။ ကျုပ်ကို စိတ်မဆိုးဖို့ကြိုပြီး တောင်းပန်ပါမယ်။ ကျုပ် ဒီမှာ ခဏ နေလိုက်

http://www.cherrythitsar.org



‘ရပေမယ့် မမ ရဲ့ အပြောအဆို အနေအထိုင်ကို သဘောကျမိပါတယ်။ ဒါကြောင့် စကားနောက် တရားပါ ဆိုသလို ကျူပ်မြေး နဲ့ ပေးစားဖို့ ကြောင်းလမ်း ပြောဆိုခွင့်ပြုမယ် ဆိုရင်. . . .”

ဘွားစွာ နှင့် မမ သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိသည်။ ဘက -

“ကျူပ်မြေးတွေ အတွက် တာဝန်ယူထားရတာ နားချင်ပြီဗျာ၊ သူတို့ကို ထိန်းနေတဲ့ တာဝန် မဟုတ်ပါဘူး။ အမွေထိန်း တာဝန်ပါ”

“သူ့ မိဘတွေက”

“နိုင်ငံခြားမှာ သူတို့ ညီအစ်ကိုအတွက် သိန်းတစ်ရာ အပ်သွားတယ်။ မင်္ဂလာဆောင်ပြီးမှ သူတို့ကို ပေးရမှာ သူ့အတွက် ငါးဆယ် ကိုကို အတွက် ငါးဆယ်”

ဘကစကားအဆုံးမှာနီလာကို လှမ်းကြည့်လိုက်သည်။ နီလာနှင့် မမကတစ်ယောက်လက် တစ်ယောက်ဆုပ်လိုက်၏။ ဘွားစွာမှာ သိန်းငါးဆယ်ဆိုသော စကားကြောင့် မျက်တောင် ပုတ်ခတ် ပုတ်ခတ်ဖြစ်သွားသည်။

“ကျူပ် သဘောကတော့ ဆရာ့ကိုလည်း သိနေတာ ဆိုတော့ ငြင်းစရာမရှိပါဘူး”

ဘွားစွာ က သူ့မြေးကို လှည့်ကြည့်လိုက်သည်။ ဘက-

“လူကြီးတွေ သဘောကျပေမယ့် လူငယ်ချင်း နှစ်သက်

http://www.cherrythitsar.org



လက်ခံနိုင်ရဲ့လားဆိုတာမေးကြည့်ပါဦး”

“မလိုပါဘူးတော်ကျုပ်မြေးအတွက်ကျုပ်တာဝန်ယူတယ်”

“ကျုပ်ကလည်း ကျုပ်မြေး ကျုပ်ပိုင်ပါတယ်။ ကဲ ကိုယ့်မြေး ကိုယ်ပိုင်တယ်ဆိုရင် စေ့စပ်လိုက်ပြီလို့ သဘော ထားလိုက်လေ သူတို့မိဘတွေ အကြောင်းကြားခေါ်ပြီး မင်္ဂလာ ကိစ္စတော့ ဆက် အစီအစဉ်ခိုင်းရတော့မှာပေါ့”

“ဘ”

ညီညီ ၏ အသံက ရုတ်တရက်ပေါ်လာသည်။ မမ က ညီညီ ကို လှမ်းကြည့်လိုက်သည်။

“ဘာလဲ”

“ လူငယ်တွေ သဘောလည်း မေးတော့ မေးသင့်ပါ သေးတယ်”

“ ဟော့ ဘာလဲ မင်းက ငါလက်နဲ့ ရေးတာကို ခြေနဲ့ ဖျက်မလို့လား”

မမ ကလည်း မျက်စောင်းထိုးလိုက်သည်။

“မဟုတ်ပါဘူး။ ကျွန်တော့ သဘောက မင်္ဂလာကိစ္စ ကိုလည်း ဘ တို့ ဘွားတို့ ပဲ တစ်ခါတည်း စီစဉ်ပေးဖို့”

ညီညီ စကားကြောင့် အားလုံးပြုံးမိကြလေသည်။ သည်တစ်ခါ မမ ၏ မျက်စောင်းတွင်မူ ဒေါသမပါတော့ပါ။

ကလျာမဂ္ဂဇင်း ဇူလိုင်၊၁၉၉၉

၃၂ ကံစွန်

# အကျိုးဆောင် ဘ

မန္တလေးမြို့သည် မြန်မာပြည်အထက်ပိုင်းတွင် စီးပွားရေး အချက်အချာကျသော မြို့ကြီးဖြစ်ပါသည်။ ဘ သည် မန္တလေးမြို့၏ မြို့လယ်မှာ အလုပ်ခန်းဖွင့်ထားသည်။ သတင်းထောက်လည်း လုပ်ခဲ့ဖူးသောကြောင့် ဘမှာ လူစုံ သိပြီး နေရာစုံရောက်ခဲ့သူမို့ "အကျိုးဆောင်လုပ်ငန်း" ကိုဖွင့်ထားခြင်းဖြစ်ပါသည်။ ဘမှာ အလုပ်မလုပ်ရလျှင် မနေနိုင်သူ။

ဘအား ကူညီလုပ်ကိုင်ပေးနေသူများမှာ ဦးသာဝ၊ ဦးပေတလူ၊ ဦးစံပျောတို့ဖြစ်သည်။ ဦးပေတလူနှင့် ဦးစံပျောမှာ သက်ကြီးလူရွှင်တော်ကြီးများဖြစ်၍ ဦးသာဝ မှာ ရှေ့နေကြီး တစ်ဦး ဖြစ်ပါသည်။ ပျော်ပျော်နေတတ် သော စရိုက်ကြောင့် သူတို့လေးယောက်တွဲဖြစ်သည်။ ဘ ၏ရုံးခန်းမှာ သူတို့ အမြဲဆုံနေကျ။

"ဘ"

"ဘာလဲ"

"ဟိုမယ် အဘိုးကြီးတစ်ယောက်တော့ မင်းဆိုင်းဘုတ်ကို သေသေချာချာဖတ်နေပြီ"

"ထွက်ပြောလိုက်ကွာ၊ အောင်သွယ်လုပ်ငန်းမလုပ်ဘူးလို့"

"ဘာလို့ ပြောရမှာလဲ၊ အစကတည်းက မင်းဆိုင်း

http://www.cherrythitsar.org



ဘုတ်မှာ ရှင်းရှင်းလင်းလင်း ရေးထားဖို့ကောင်းတာပေါ့။ ဟောဟော ဝင်လာပြီ”

ဘက ဝင်လာသူ အဘိုးကြီးကို အကဲခတ်ရင်း -

“ကြွပါခင်ဗျ ထိုင်ပါ။ ကျွန်တော်နဲ့တွေ့ရင် အားလုံး ပြေလည်သွားပြီလို့ သဘောထားလိုက်ပါ။ လုပ်ငန်းကြီးကြီး သေးသေး အားမနာပါနဲ့။ ပွင့်ပွင့်လင်းလင်းသာပြော။ လမ်းထိပ်က အကြော်သည် ဒေါ်ဘုမရဲ့ ဘယာကြော် ကောင်း ကြောင်းဆိုရင် ကျုပ်တို့ ကြော်ငြာပေးလိုက်တာပဲ။ ခုဆို အောင်မြင်နေပြီ။ တွေ့ခဲ့တယ်မဟုတ်လား။ ကားတွေ ကားတွေနဲ့ လာပြီး တန်းစီစောင့်ဝယ်ရတာ”

“ဟင့်အင်း မတွေ့ခဲ့ပါဘူး”

ဘက မျက်စောင်းထိုးကြည့်လိုက်သည်။ ဦးစံပျောက-

“သူ ဘယ်တွေ့မှာလဲ ဘရယ်၊ ဒီအချိန်ဆိုရင်ကုန်ပြီ”

ဧည့်သည်အဘိုးကြီးက သူတို့အား ပြုးကြောင်ကြောင် နှင့်ကြည့်သည်။ ဘက -

“ကဲ ပြော၊ လုပ်ငန်းကြော်ငြာချင်တာလား၊ ရှေ့နေ ငှားချင်တာလား၊ ဆရာဝန်တွေ့ချင်တာလား၊ ဘာကိစ္စ အကျိုးဆောင်ပေးရမလဲ”

ဧည့်အဘိုးကြီးက -

“ဒီဆိုင်းဘုတ်ရဲ့နှစ်ခန်းကျော်မှာ ဒေါ်မယ်မမော်ဒယ် သင်တန်းရှိတယ်ဆိုလို့ ဝင်မေးတာပါ။ လက်ျာဘက်က နှစ်

http://www.cherrythitsar.org



ခန်းကျော်လား လက်ဝဲဘက်ကနှစ်ခန်းကျော်လား မသိလို့”

ဘက စိတ်မရှည်စွာဖြင့် ထအော်လိုက်သည်။

“ဟိုဘက်၊ ဟိုဘက်”

“ဖွီ - စောစောစီးစီး ဟန်မတည့်လိုက်တာ၊ အဲဒီ မော်ဒယ်သင်တန်းဖွင့်ထားတဲ့ မော်ဒယ်ဝူးမင်းကြီးကို တော့ ဆိုင်းဘုတ်ချိတ်ဖို့ သတိပေးဦးမှပဲ”

“စိတ်ရှည်စမ်းပါကွာ၊ မင်းရဲ့ အရည်အသွေး တောက်ပြောင်ဖို့အတွက် လေ့ကျင့်နေရတယ်လို့ သဘောထား၊ ဟော - ဟော လာပြန်ပြီတစ်ယောက်။ ဒီတစ်ခါလာတာက တော့ ခပ်ငယ်ငယ်ပဲ”

“အင်း ဒါမျိုးဆို ဗီဒီယိုမင်းသားလုပ်ချင်တာတို့ စီးရီး ထုတ်ချင်တာတို့ ဖြစ်တတ်တာပဲ”

လူငယ်က အခန်းထဲဝင်လာပြီး -

“ဘ ဆိုတာ”

“ငါပဲကွ၊ ပြော ဘာလုပ်ချင်သလဲ၊ ဘယ်လုပ်ငန်း အကြောင်း သိချင်သလဲ၊ ဘာအကျိုးဆောင် ပေးရမလဲ”

“ဟို - ဟို ကျွန်တော်က လိပ်ခေါင်း . . . ”

“ဘာဖြစ်လဲ ပြော ရှင်းရှင်းပြော ကုပေးတာလား၊ ကုချင်တာလား”

“ဟိုး . . . . ကုချင်တာပါ”

“မနာမကျင် မခွဲမစိတ် အသက်သာဆုံးနဲ့ မြန်မြန်

http://www.cherrythitsar.org



ပျောက်မယ့် နေရာကို ညွှန်ရမယ်ဆိုရင် တစ်ရာ”

“ဟုတ်ကဲ့ ပေးပါမယ်”

လူငယ်က ငွေတစ်ရာကို ရိုသေစွာထုတ်ပေးလိုက်သည်။ ဘက ဗိုင်တစ်ခုကိုဖွင့်၍ လိပ်စာတစ်ခုကို ရှာကြည့်လိုက်ပြီး -

“လမ်းသုံးဆယ်ကိုသွား၊ ဒီလမ်းတည့်တည့်ပဲ ညာဘက်ဘေးမှာ”

လူငယ်က ထွက်သွားသည်။ ဘက တယ်လီဖုန်းကိုကောက်ကိုင်လိုက်ပြီး -

ဗိုး ခုမှပဲ ဈေးဦးပေါက်တော့တယ်၊ ဆေးဆရာဆီက ထပ်တောင်းရဦးမယ်။ ဟဲလို ဟုတ်ပါတယ်။ ဘ အကျိုးဆောင်ကပါ . . . . ”

ဦးသာဝက ဘကို ကြည့်ပြီး -

“မင်းသာ ရွှေ့နေလို တရားသူကြီးလို ဖြစ်ရင်တော့ ဒုက္ခပဲ”

ဘ က ပြုံးနေသည်။

“ဘ ရှိပါသလား”

“ရှိပါတယ်ဝင်ခဲ့ပါ ဘာကိစ္စပါလိမ့်”

“တီဗီမှာ ကုန်ပစ္စည်းလေးတစ်ခု ကြော်ငြာချင်လို့။ ဘယ်လိုကြော်ငြာရမလဲ။ ဘယ်သူတွေ ငှားရမလဲ၊ အစ အဆုံး တာဝန်ယူပေးဖို့ အပ်ချင်တာပါ”

"ရပါတယ် ဘာကုန်ပစ္စည်းများပါလိမ့်"

"ငါးပိပါ။ ကျွန်တော့်ရဲ့ ငါးပိက လုံးဝမနံဘူး၊ ပြီးတော့ မင်ဘူး။ သွေးတိုးရှိတဲ့ လူတောင် အဝစားလို့ ရပါတယ်။ အလွန်ချိုပါတယ်။ ဘယ်လောက်ထိအရသာ ရှိသလဲဆိုရင် ဆိမ့်ချိုပြီး ကရောင်းနို့ဆီလောက်ကို အရသာရှိပါတယ်"

ဦးစံပျော့က မျက်လုံးပြူးကြည့်ကာ -

"ငါးပိမှ ဟုတ်သေးရဲ့လား"

"အဲ-အဲဒါပေါ့။ ပြဿနာက။ ငါးပိလို့ မထင်ကြတော့လို့ ငါးပိမှန်းသိအောင် ကြော်ငြာချင်တာပါ။ တချို့က တော့ ကျွန်တော့် ငါးပိကို လက်ဖက်ရည်ဖျော်သောက်ဖို့ လာ ဝယ်ကြတယ်။ ငါးပိလက်ဖက်ရည်ပေါ့"

ဦးပေတလူက ဦးသာဝကို လှမ်းကြည့်သည်။ ဦးသာဝ ကသူ့ခေါင်းလက်ညှိုးထိုးပြကာ လက်ခါသည်။ ဘက-

"ငါးပိကို နံလည်းနံအောင် ငံလည်းငံအောင် လုပ်နိုင်မှ ကြော်ငြာပါလားကွာ။ ချိုနေတဲ့ ငါးပိတွေနဲ့ ဟင်းချက်စား ရရင်လည်း အကုန် ဂျပန်ဟင်းတွေ ဖြစ်ကုန်လိမ့်မယ်"

သို့နှယ် လူစုံ အလုပ်စုံ လာတတ်ပါသည်။ ဘ၊ ဦးပေတလူ နှင့် ဦးစံပျော့တို့ လက်ဖက်ရည်သောက်သွား ရန်ဟန်ပြင်နေစဉ်မှာပင် ဖွားစွာက ဝင်လာပြန်၏။

"အဘွားကြီးကွ"

"နံပါတ်လေးဆယ်ပဲ။ ဆိုက်တူကိုက်တူ"

"ငြိမ်"

ဖွားစွာက စားပွဲရှေ့မှာ ရပ်လိုက်ပြီး

"အကျိုးဆောင်တာဝန်ခံက ဘယ်သူလဲ"

"ကျုပ်ပါ"

"တိုက်တစ်ခြမ်းငှားချင်လို့"

"ဘယ်နေရာကပါလိမ့် လိပ်စာပြောပါဦး"

"လိပ်စာနောက်မှပြောမယ် တိုက်ပိုင်ရှင်ရဲ့ သဘောထားကို အရင်ပြောချင်တယ်။ အကြောင်းမသိဘဲ ငှားနေပြီးကာမှ ပြဿနာမဖြစ်ချင်လို့"

"ဟုတ်ကဲ့ အဲဒါ သင့်လျော်ပါတယ်။ ငှားသူလည်းစိတ်ချမ်းသာ ထားသူလည်းစိတ်ချမ်းသာ ဖြစ်တာပေါ့။ ပြောပါဦး အိမ်ရှင်ရဲ့ သဘောထားက"

"ကျုပ်က အလွန်ဆိုးပါတယ်။ စိတ်သဘောထားချင်းမတိုက်ဆိုင်လို့ ကျုပ်ရိုက်တာနဲ့ အိမ်ငှားကိုးယောက်ခေါင်းကွဲပြီးပြီ။ လေးချက်ချုပ်ရတာ တစ်ယောက်။ သုံးချက်ချုပ်ရတာက နှစ်ယောက်ပါတယ်"

"လက်သံပြောင်လှချည်လား"

ဖွားစွာက အသံလာရာဖက် လှည့်ကြည့်လိုက်သည်။ ဦးစံဗျော ကပြုံးပြပြီး ဦးပေတလူက မျက်ခုံးပင့်ပြသည်။ ဦးသာဝက-

"ငါတော့ အလုပ်ရတော့မယ် ထင်တယ်"

## ၃၈ ကံရှုန်

ဖွားစွာက ဘာမျှ မပြောတော့ပဲ သူ့လက်ကိုင်အိတ်ကြီးကို ဖွင့်ကာ အိတ်ထဲမှ တုတ်လုံးတိုလေးကို ထုတ်ပြီး စားပွဲပေါ်တင်လိုက်သည်။ အားလုံးငြိမ်သွားသည်။ ဘမှာ မျက်လုံးပြူးသွား၏။

"ကျုပ်ဆက်ပြောမယ်။ ပထမ သုံးလပဲငှားမယ်။ အဲဒီ သုံးလအတွင်းမှာ တစ်ယောက်သဘော တစ်ယောက်က သိပြီးကျေနပ်တယ်ဆိုမှ ဆက်ငှားဖို့ကိစ္စစဉ်းစားမယ်။ အရေးပေါ် မကျေနပ်စရာတွေ့လာရင် အချိန်မရွေး အိမ်ရှင်က နှင်ထုတ်ခွင့်ရှိမယ်။သုံးလစာကြိုပေးထားရမယ်။ ဆယ်ရက်နဲ့ မကျေနပ်လို့ နှင်ထုတ်လည်း အဲဒီငွေအဆုံးပဲ။ လူမနေဘဲ အိမ်လခပေးမယ့် အိမ်ငှားမျိုးဆို ပိုပြီး သဘော ၏ကျတယ်"

"အင်"

"ဘာ အင်တာလဲ၊ ကုန်ပစ္စည်းထားချင်သူတို့၊ ရုံးခန်းဖွင့်ချင်သူတို့ကို ပြောတာ။ အဲ-လခ ဘယ်လောက်ရရ နိုင်ငံခြားသားဆိုရင် မငှားဘူး"

" ဟုတ် - ဟုတ် သဘောပေါက်ပါပြီ။ ကြိုးစားပြီး ရှာပေးပါ့မယ်။ အကျိုးဆောင်လုပ်ငန်းအတွက် ခံစားခွင့်က"

"လခရဲ့ ဆယ့်ငါးရာခိုင်နှုန်းရမယ်"

"လခ က"

"တစ်လ ငါးသောင်း ပိုပေးသူရှိရင် ပိုပေးသူကို ငှားမယ်"

http://www.cherrythitsar.org



"လိပ်စာလေး ပေးလို့ရပြီလား"

"ပေးမယ် . . . . . . မှာ"

ဖွားစွာ စကားဆုံးသည်နှင့် ခြေလှမ်းမာမာဖြင့် ထွက်သွားသည်။

ဖွားစွာ အပြင်ရောက်သည်နှင့်

ဦးသာဝက

"ငါသိပြီ"

"မင်းအိမ်နားကပဲ"

"ဟုတ်တယ် ရောမခြံကျယ်ကြီး တိုက်ကြီးကိုက သိန်းရာဂဏန်းကြီးကြီးတန်တယ်။ ရဲတိုက်ကြီး ကျနေတာပဲ"

"နောက်တော့ ဘာသိသေးသလဲ"

"သိပ်ချောတဲ့ကောင်မလေး တစ်ယောက်ရှိတယ်။ သူ့မြေးထင်တယ်"

"နောက်ရော"

"အလုပ်သမားတွေ ခြံစောင့်တွေတော့ရှိတယ်"

"ပြီးတော့ရော"

"ဒါပဲ သူတို့က ပတ်ဝန်းကျင်နဲ့ ကင်းကင်းနေတယ်"

ဦးသာဝ စကားဆုံးသည်နှင့် ဘက ရှိကနဲ လေချွန်လိုက်ကာ တယ်လီဖုန်းဂဏန်းများကို နှိပ်လိုက်သည်။ ဦးပေတလူ နှင့် ဦးစံပျောက -

"ငါထင်တယ်"

http://www.cherrythitsar.org



ဘ က ပြုံးနေသည်။

"ဟဲလို ကိုကိုလား၊ ဘပါကွ၊ မင်းညီရော ရှိသလား၊ အေးကောင်းတယ်။ ငါလိပ်စာ တစ်ခုပေးမယ်။ မင်းတို့ အဲဒီတိုက်သွားငှား ဟော့အေး ပြောမယ်လေ။ နက်ဖြန်မှ သွားရမယ်။ လိပ်စာက . . . ဘာ မင်းတို့ သိတယ် ဟုတ်လား။ ပြောစမ်းပါဦး၊ ဘယ်လိုပတ်သက်လို့ သိတာလဲ . . ဟင် . . အင်း . . . အဲဒီကောင်မလေးနဲ့ ကျောင်းနေဖက်ပေါ့၊ ကောင်းတယ် ။ သူက မင်းမသိဘူး။ မင်းတို့ကသာ သိနေတာ။ ခွေးကောင်တွေ ဘိုးအေတူဆို အပြောခံရရင် ငါနာမည် ပျက်တော့မယ်။ ကောင်မလေးလှရင် သိလိုက်တော့တာပဲ၊ ကဲ - ကဲ စကားကျောရှည်မနေနဲ့ ငါက ဘာလုပ်ရမယ်ဆိုတာ ပြောရင် မင်းတို့က ဘာဖြစ်စေချင်လို့ဆိုတာ သိရမှာပေါ့။ အေး . . . ဒါပဲ၊ မင်းတို့သွားရင် မာစီဒီးကား ယူသွားနော် ဟဲဟဲ"

ဘ ကတယ်လီဖုန်း ကိုချပြီး အားရပါးရ ပြုံးလိုက်သည်။

xxx xxx xxx

"စန္ဒီ လာဦး"

"ဖွား"

"ကျုပ်ပြောမယ့်စကားကို သေသေချာချာနားထောင်ပါ။ ကျုပ်သင့်လျော်မယ်ထင်လို့ စီစဉ်တာကို လက်ခံပါ။ ကျုပ်ရဲ့ အစီအစဉ်က ကပျက်ယပျက်ဖြစ်အောင်တော့ မလုပ်လိုက်

http://www.cherrythitsar.org



ပါနဲ့နော်"

"ဖွားရယ်"

"ဒီမယ် ကျုပ်အစီအစဉ်က ဘာမှားနေလို့ စိတ်ပျက်တဲ့လေသံနဲ့ ညည်းညူပြရတာလဲ။ ကျုပ်ပြောမယ်၊ ကျုပ်တိုက်ကို သူဌေးမှ ငှားနိုင်မှာ ဖွတ်ကျားဆိုရင် အနားတောင် သီနိုင်မှာ မဟုတ်ဘူးနော်။ ဒီတော့ လာငှားမယ့်လူဟာဖြူဖြူမည်းမည်း၊ ပုပုဝဝ၊ ငယ်ငယ် ကြီးကြီး စိတ်ကူးမလွဲလိုက်လေနဲ့။ သည်းခံနိုင်မယ့်သူ၊သဘောကောင်းမယ့်လူ၊ အသိဉာဏ်ရှိမယ့်လူဖြစ်ဖို့ပဲ။ ကျုပ်စီစဉ်ပြီးသား ဒါပဲ"

မာစီဒီးကားကြီးသည် ငြိမ့်ငြိမ့်လေးရွေ့လျားနေပါသည်။

"ညီညီ"

"ပြော"

" မင်း စန္ဒီကို ချစ်ရေးဆိုဖူးသလား"

"ဆိုဖူးတာပေါ့"

"အဲဒီတုန်းက ဘာပြောလဲ"

"ကျောင်းပြီးမှ စဉ်းစားမယ်တဲ့"

ကိုကို နှင့် ညီညီ တို့ အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားပြန်သည်။ အတော်လေးကြာမှ-

" အဲသလိုဆိုရင်တော့ ခုကိစ္စကို မင်းပဲ လုပ်ရှားပေတော့"

"ကျေးဇူးတင်ပါတယ် ကိုကို"

ကိုကို က လက်ဝါးဖြန့်ပြလိုက်သည်။ ညီညီ က ကိုကို ၏လက်ဝါးကို ရိုက်လိုက်ပြီး လက်သန်းကို ထောင်ပြလိုက်သည်။

ခြံဝင်းထဲသို့ မာစီဒီးကားကြီး မောင်းဝင်လာကတည်း ကစန္ဒီ၏ရင်မှာ တဒိတ်ဒိတ် ခုန်သွားသည်။စန္ဒီသည် ဟန်မပျက် ပန်းပင်ကို ရေလောင်းနေလိုက်သည်။ ကားကြီး က စန္ဒီဘေးမှာ ရပ်သွားသည်။ စန္ဒီလှည့်ကြည့်လိုက်သည်။

"ဟင် ကိုညီ"

" ဝမ်းသာပါတယ် စန္ဒီ ၊ ကျွန်တော့်ကို မမေ့သေးလို့"

" စန္ဒီ လေစိမ်း မတိုက်တတ်ပါဘူး"

"ကျောင်းပြီးပြီနော်"

စန္ဒီ ပြုံးလိုက်မိသည်။

"စန္ဒီ"

"ရှင်"

ထိုစဉ်ဖွားစွာက တိုက်တံခါးဝမှာပေါ်လာပြီး -

"ဟဲ့ တိုက်ငှားမလို့လာတဲ့ဟာတွေလား"

ကိုကိုက ကပျာကယာကားပေါ်မှဆင်းလိုက်ပြီး -

"ဟုတ်ပါတယ် ခင်ဗျ"

"ဟုတ်တယ်ဆို တိုက်ထဲလာမှပေါ့၊ ရှေ့တင်ရပ်နေရ သလား"

http://www.cherrythitsar.org



ညီညီကမျက်လုံးပြူးပြသည်။ စန္ဒီကလျှောထုတ်ပြပြီး ပန်းပင်ကိုရေလောင်း နေလိုက်သည်။ ကိုကို နှင့် ညီညီတို့ တိုက်တွင်းဧည့်ခန်းသို့ ရောက်သောအခါ -

" ဘက ဖုန်းဆက်ထားပါတယ်၊ ကုမ္ပဏီဖွင့်ဖို့ ငွားချင်တယ်ဆိုတာ"

" ဟုတ်ကဲ့ ကျွန်တော်တို့ပါပဲ၊ ဖွားတောင်းဆိုထားတဲ့ စည်းကမ်းတွေကိုလည်း ပြောပြပြီးသားပါ။ရိုးရိုးသားသား ကိုယ့်အလုပ်ကိုယ်လုပ်မယ့်သူတွေအတွက် အဲဒီစည်းကမ်း တွေကို တင်းကျပ်တယ်လို့မမြင်ပါဘူး၊ အဲလစာကိစ္စတော့ ဖွားနဲ့ပဲ ပြောပါတဲ့"

" လစာက မင်းတို့က ဘယ်လိုပေးမယ်၊ ဘယ်လောက် ပေးမယ်လို့စဉ်းစားသလဲ"

"ဖွားပြောပါခင်ဗျာ"

" မင်းတို့ နိုင်တဲ့နှုန်းကို ပြောပါဦး၊ နီးစပ်ရင်ထားရ မှာပေါ့ အဆောက်အအုံ အနေအထားကတော့ မင်းတို့ မျက်မြင်ပဲ။ တစ်ခြမ်းဆိုပေမဲ့ မင်းတို့ လုပ်ငန်း အတွက် အဆင်ပြေသလိုသုံးခွင့်ပြုမှာပါ။ ဖုန်းလည်းသုံးလို့ရမယ်"

ဖွားစွာစဉ်းစားလိုက်ပြီး -

" တစ်သိန်းပေးပါလား"

"မလုပ်ပါနဲ့ဖွားရယ်၊ ကုမ္ပဏီလုပ်ငန်း လည်ပတ်ပြီ ဆိုရင် တစ်သိန်းပေးပါ့မယ်။ အစမ်းထားတဲ့သုံးလတော့

http://www.cherrythitsar.org



ခုနှစ်သောင်း ပဲလုပ်ပါ။"

"မင်းတို့နေမှာက"

"ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်တည်း နေမှာပါ။ စားတော့ဟိုတယ်မှာပဲစားမယ်၊အစ်ကိုကအင်ဂျင်နီယာပါ။ ကျွန်တော်ကတော့ နိုင်ငံခြားကို ရွှေချည်ထိုးနဲ့လက်မှုပညာ ပစ္စည်းတွေတင်ပို့တဲ့အလုပ် လုပ်ပါတယ်။"

"ဘယ်နှစ်ခါ ပို့ပြီးပြီလဲ"

"ဒေါ်လာ တစ်သောင်းဖိုး တစ်သုတ်ပဲ ပို့ရပါသေးတယ်။ ကျွန်တော်တို့တိုက်က ပြင်ဦးလွင်မှာပါ။ လုပ်ငန်းအဆင်ပြေဖို့ကျတော့ မန္တလေးမှာ နေမှဖြစ်မှာမို့"

ဖွားစွာသည် ကျေနပ်သွားသည်။ ကိုကိုနှင့်ညီညီကို ငှားဖြစ်သွားပါလေပြီ။

××× ××× ×××

ဆယ်ရက်ခန့်ကြာသော်

"ဟိုက်"

ကိုကိုသည် ညီညီရေးထားခဲ့သော စာကို ဖတ်ရင်း မျက်လုံးပြူးသွားသည်။

"ကိုကို. . .

ကိုကို ဒီစာကို ဖတ်နေချိန်မှာ ကျွန်တော်နဲ့စန္ဒီတို့ ဝေးတစ်နေရာရောက်နေပါပြီ။ အခြေအနေအဖြစ်မှန် အားလုံး

http://www.cherrythitsar.org



ကိုကျွန်တော်ပြောပြပါမယ်။ ဒီလိုပါ. . .

ကိုကိုမှာ စာကိုဆုံးအောင်မဖတ်နိုင်တော့ပါ။တိုက်ထဲမှ ရေးကြီးသုတ်ပျာပြေးထွက်ခဲ့သည်။

"ဟာ ကားပါယူသွားတာကိုး"

ခုမှတော့ ဘာမျှမတတ်သာတော့။ ဘထံအမြန်ဆုံးရောက်ရန်ကြံ့သလို ချီတက်ခဲ့ရတော့သည်။

"ဟေ တကယ်ပဲလားကွ"

ဘထံရောက်၍ ပြောပြလိုက်သည်နှင့် ဘမှာ ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။ ကိုကိုက -

"ဟုတ်လို့ ထွတ်တောင် ပြေးကြပါပြီဆိုမှ။ အဲဒီတိုက်ကြီးကနောက်သုံးလဆိုရင်အပ်ရတော့မှာရောင်းပြီး သား။ ဝယ်တဲ့လူနိုင်ငံခြားကမရောက်သေးလို့။အဲဒါကြောင့် ဖွားစွာကသူ့မြေးကိုငွေရှိတဲ့လူနဲ့ နီးစပ်အောင် ကြံလိုက် တာ။ ဘက ဖွားစွာဆင်တဲ့အကွက်ထဲ တန်းဝင်သွားတာ"

"တောက် ဒါကို ဟိုကောင်ကမသိဘူးလား"

"သိတယ်လေ၊ ကောင်မလေးက အားလုံးဖွင့်ပြောပြလိုက်တော့ကောင်မလေးကိုသနားချစ်ချစ်သွားပြီးစောစောစီးစီး လစ်ပြေးကြတော့တာ။ ဒါတွေ ဘသိသွားရင်တားမှာစိုးလို့တဲ့"

ထိုစဉ်ဦးသာဝရောက်လာသည်။

"ဘာတွေဖြစ်နေတာလဲကွ"

## ၄၆ ကံချွန်

"ဟိုကောင်ညီညီ ဖွားစွာရဲ့မြေးကို ခိုးပြေးပြီ"

" ဟီး ဟီး "

" ဘာ ဟီးဟားလဲ"

"ခုမှတော့ ပြောရတော့မှာပေါ့၊ ဖွားစွာက မင်းရဲ့ အခြေအနေရော မင်းရဲ့အကျင့်စရိုက်ရော ငါ့ကိုအရင်လာမေး တာကွ။ အဲဒီလိုမေးပြီးမှ မင်းဆီအလုပ်လာအပ်တာ။ မင်း အကြောင်း နည်းနည်းပြောပြတာနဲ့ ငါ့ကိုတစ်ထောင်ကန်တော့ သွားတယ်လေ။ မင်းကိုပြန်မပြောပါနဲ့ဆိုပြီး။"

ဘသည် သူ့နဖူးသူ လက်ဝါးနှင့်ရိုက်လိုက် လေတော့ သတည်း။

ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၉။

http://www.cherrythitsar.org



# ငွေ ငွေ ငွေ

ရာသီဥတုက ပူပြင်းခြောက်သွေ့နေသည်။ မိုးမရွာ၍ ရေမပါဘဲ လေချည်းလာနေ၏။ မိတ္ထီလာ မှ မန္တလေးသို့ ပြေးလွှားလာသော လိုင်းကားကြီးမှာ မန္တလေးမြို့အဝင် စက်မှုလမ်းဆုံတွင် ရပ်သွားသည်။ ဘသည် အိတ်မည်း အကြီးကြီးတစ်လုံးကို ဆွဲ၍ ကားပေါ်မှ ဆင်းပြီးသည်နှင့် ကားကြီးက မောင်းထွက်သွားပါသည်။

ဘ, က လမ်းဖြတ်ကူးရန် ဟန်ပြင်နေစဉ်မှာပင် လေပြင်းတစ်ချက် ဝှေ့တိုက်လိုက်၍ ဘ၏လုံချည်က အထက်သို့ လှန်တက် သွားကာ မျက်နှာမှာ သွားအုပ်နေသည်။ ဘ,က ဒေါသတကြီး နှင့် မျက်နှာမှာ အုပ်နေသော လုံချည်ကို အထက်သို့ ဆွဲမလှန်လိုက်ရာ ဘ၏ လုံချည်မှာ ခါးမှာ ကျွတ်ထွက်သွားပြီး ဘ ၏ လက်ထဲသို့ ပါသွားသည်။ ဘသည် လုံချည်ကို ကိုင်မြှောက်လိုက်ပြီး . .

“ဟေ့ ဘယ်သူ့ လုံချည်လဲကွ။ ဒါလောက် လေတိုက်နေတာ လမ်းဘေးလာလှမ်းထားတော့ ဟိုလွင့် ဒီလွင့် ဖြစ်တောပေါ့”

ဘ၏ စကားဆုံးသည်နှင့် ဆိုက္ကားဆရာများ၏ ရယ်သံက ဆူညံသွားသည်။ ထိုအခါမှ ဘက ငုံ့ကြည့်လိုက်ပြီး. . . .

http://www.cherrythitsar.org



"ဟီး ဟီး . . . ငါ့လုံချည်ကိုး၊ တော်သေးရဲ့ အောက်ခံ ဘောင်းဘီပါလို့"

"အဘ ဘောင်းဘီ မပါရင် ဘာဖြစ်မှာလဲ"

"လမ်းတစ်လျှောက်လုံး ဟောလီးဒေးဖြစ်သွားမှာ ပေါ့ကွ၊ ဆိုင်တွေ တံခါးပိတ်ပစ်ရမှာ"

ဆိုက္ကားဆရာတို့က ပြုံးကြပြန်သည်၊ ဘသည် ပြုံးစိစိ နှင့် အိတ်မည်းကြီးကို ဘေးမှာချကာ လုံချည်ပြန်ဝတ်လိုက်ပြီး

" ကဲ ဘယ့်သူ့အလှည့်တုန်းဟေ့"

"ကျွန်တော့်အလှည့်"

"ကဲ ပြောစမ်း၊ ၉ ရပ်ကွက်၊ ဒီတည့်တည့်ပဲ၊ ဘယ်လောက် ပေးရမလဲ"

ဆိုက္ကားဆရာတစ်ယောက် က သူ၏ဆိုက္ကားကို ဘအနီးသို့ တွန်းထုတ်လာရင်း. . .

"တစ်ရာတော့ပေးပါ ဘ"

" များတယ်ကွ၊ အဲဒီတစ်ရာပေးပြီး လိုင်းကားစီးရင် မိုင်တစ်ရာလောက် ရောက်နိုင်တယ်။ ခုဟာက သုံးမိုင် လောက်ပဲ ဝေးတာကွ"

"ခုနစ်ဆယ့်ငါးကျပ်တော့ ပေးပါ"

"ငါးဆယ် ပဲ မင်း မနင်းရပါဘူး"

"ဆိုက္ကားက မနင်းဘဲ အလကားပြေးပါ့မလား ဘ ရာ"

" လုပ်မနေနဲ့ ငါးဆယ်ပဲ"

http://www.cherrythitsar.org



ဘ, က ဆိုက္ကားပေါ် တက်ထိုင်လိုက်သည်။

"ဈေးဦးပေါက်ဆိုတော့ လိုက်ရတော့မှာပေါ့"

ဆိုက္ကားဆရာက တွန်းလှိမ့်ပြီး ဆိုက္ကားပေါ် တက်လိုက်သည်။

ဘ သည် ဆိုက္ကားဘေးတွဲနှင့် စက်ဘီးကြားမှ ထီးကို ယူကာဖွင့်လိုက်ရာ ဆိုက္ကားမှာ ထီးကို လေတိုးသော အားကြောင့် ပြိုင်ရွက်လှေ ရေပေါ်မှာ ပြေးသည့်နှယ် ကတ္တရာလမ်းပေါ်ဝယ် တစ်ရှိန်ထိုး ပြေးလေတော့သည်။

အရှိန်ရလေ. . .

ပြေးလေ. . .

လေတိုက်လေ. . .

အရှိန်ရလေ . . . .

ဘ, က တဟားဟား ရယ်သည်။ ဆိုက္ကားဆရာလည်း ပြုံးပြုံးကြီး။ ၆၂လမ်း အတိုင်း ဆိုက္ကားမှာ တဝိုးဝိုး ပြေးနေသည်။

"ဟေး . . ဟေး ရွက်ဆိုက္ကားကွ၊ ဟိုက်ရော့ . ရဟူး . . . . ဝူး. . . ဝူး. . . ငါဟာရွက်လွှင့် . . . . ငါဟာ ထီးလွှင့် လမ်းတွေ ဖြတ်လို့မြေးနဲ့နီးဖို့ မြို့သစ်သွားစို့. . . . ဟား . . . . ဟား . . ဟား "

လမ်းဘေး ဝဲယာမှ လူများကလည်း ဘ တို့ ဆိုက္ကားကို ကြည့်ကာ ပြုံးသူက ပြုံး ရယ်သူက ရယ်။ လေ က ပြင်းသထက် ပြင်းလာသည်။ ဝေါကနဲ လေပြင်း တစ်ချက်ဆင့်အတိုက်တွင်မူ

http://www.cherrythitsar.org

 ကံရှုန်

"ဖွတ်"

"ဟင်"

"ဟာ"

ဘ လက်ထဲမှ ထီးလက်ကိုင်ကောက်သာ ကျန်ရစ်ပြီး ထီးရိုးနှင့် ထီးရွက်သည် လက်ကိုင်ကောက်မှ ပြုတ်ထွက်ကာ လေနှင့် အတူ ပါသွားလေတော့သည်။ ဆိုက္ကားဆရာသည် ဆိုက္ကားကို ဘရိတ်အုပ်ရပ်လိုက်ပြီး ဆိုက္ကားပေါ်မှ ခုန်ဆင်းကာ ထီးလွင့်ပါသွားရာ လမ်းဘေးသို့ ပြေးလိုက်သွားလေ တော့သည်။ ထိုစဉ် နောက်ထပ် ဆောင့်တိုးလိုက်သော လေတိုး အားနှင့် လမ်းအနိမ့်အမြင့် မညီမှု ကြောင့် ဆိုက္ကားမှာ ယိမ်းထိုး ကာ လမ်းဘေးမြေနိမ့်ဘက်သို့ လက်ကိုင် လည်သွားကာ လှိမ့်ဆင်းပြေးတော့သည်။

" ဟာ . . . ဟာ . . . ဟာ. . . "

ဘ မှာ ရုတ်တရက်မို့ ဘာလုပ်ရမှန်းမသိဘဲ တဟာဟာ နှင့် အော်ရင်း ပါသွားရာမှ ဆိုက္ကားမှာ လမ်းဘေး ခြံတံခါးဝသို့ ဝင်တိုက်မိပြီး ဘ မှာ မြှောက်တက်သွားသည်။

ထိုစဉ် ဆိုက္ကားက ခြံတံခါးဝသို့ ဝင်တိုက်လိုက်စဉ် ဝုန်းကနဲ မြည်သွားသည့် အသံကြောင့် အိမ်ထဲမှ ထွက်လာ သော ဖွားစွာမှာ-

"ဟင် . . . လူပျံ"

"ဟာ . . . "

http://www.cherrythitsar.org



ဖွားစွာသည် သူ့မျက်နှာ တည့်တည့်ဆီသို့ ပျံ့ဝင်လာသော ဘအား အံ့အားသင့်၍ ကြည့်နေစဉ်မှာပင်. . .

"ဒုတ်"

"အီး" "အား"

ဘ နှင့် ဖွားစွာမှာ နဖူးချင်းဆောင့်မိကာ ဖွားစွာလည်း နောက်ပြန်လှန် ဖင်ထိုင်ကျသွားပြီး ဘမှာလဲ ဖွားစွာရှေ့မှာ လေးဘက်ထောက် ကျသွားလေတော့သတည်း။ ဘ၏ လက်ထဲမှ အိတ်မည်းကြီးမှာမူ ဖွားစွာ၏ အိမ်တွင်းသို့ လွင့်စဉ်ဝင်ရောက်သွားသည်ကို သူတို့ သတိမထားမိကြပါလေ။ ဖွားစွာက သူ့နဖူးကို ဖိကြည့်လိုက်ပြီး -

"အား. . . "

"အူး . . . . ဖုသွားပြီ"

ဘ နှင့် ဖွားစွာတို့၏ နဖူးများတွင် အဖုကြီးများက ချက်ချင်း ထွက်လာ၏။ ဖွားစွာတို့ ထ ရပ်လိုက်သည်။

"ရှင် ဘယ်လိုလုပ်တာလဲ"

"ငါ ဘယ်လိုမှ မလုပ်ဘူး။ သူ့ဟာသူ ဖြစ်ချင်သလို ဖြစ်သွားတာ"

"ဘာ ဖြစ်ချင်သလို ဖြစ်ရမှာလဲ"

"မင်းမနေ့ကတီဗွီမကြည့်ဘူးလား။ အေးစန္ဒာကြည်က တိတိကျကျ ပြောသွားတာပဲကွ။ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေအားကောင်းနေတယ်တဲ့။ မြေပြင် ရေပြင်လေဟာ

http://www.cherrythitsar.org



တစ်နာရီမှာ မိုင်သုံးဆယ်နှုန်းထိ”

“တော်ပါ ဒီမှာ ကျုပ်နဖူး ဖူသွားပြီ”

“ငါ့နဖူးလည်း ဖူတာပဲ”

“တော့်နဖူး ဖူတာက ကျုပ်နဲ့မဆိုင်ဘူး။ ကျုပ်နဖူး ဖူတာက တော်နဲ့ ဆိုင်တယ်။ တော် က ကျုပ်ဝင်တိုက်တာ”

ဘ, က စဉ်းစားလိုက်ပြီး -

“ကိစ္စမရှိဘူး။ ငါ သတိရပြီ။ အဖုအတွက်တော့ မပူနဲ့တော့။ ငါ့သူငယ်ချင်း အဖု အထူးကုဆရာဝန်ရှိတယ်။ ဆရာဝန် မဖြစ်ခင်ကတည်းက ဒီကောင်နဲ့တွေ့ရင် ဖုတာ မှန်သမျှ ပိန်ကုန်တာ။ ငါ ဝက်ခြံထွက်တိုင်း သူ့ကို အညှစ်ခိုင်း နေကျ။ သာဝ။ ဒေါက်တာသာဝတဲ့”

“ဘယ်မှာလဲ”

“ဒီမြို့သစ်မှာလို့ ပြောတာပဲ။ ရှာရမှာပေါ့”

ထိုစဉ် ဆိုက္ကားဆရာက ဆိုက္ကားကို ကျောက်လမ်း ပေါ်သို့ တွန်းတင်လိုက်သည်။ ဖွားစွာသည် အိမ်တံခါးကို သော့ခတ်ကာ လိုက်လာ၏။ ဆိုက္ကားပေါ်မှာ ထိုင်မိကြသော အခါ ဘက

“ထီးပေးလေကွာ ရွက်ဖွင့်ကြဦးစို့”

“တော်ပါတော့ ဘရယ်”

ဆိုက္ကားဆရာက အားစိုက်၍ နင်းလိုက်သည်။ ဆိုက္ကား သည် စံပြလမ်းဆုံဆီသို့ ဦးတည်၍ ပြေးပါလေပြီ။

http://www.cherrythitsar.org



ဒေါက်တာ သာဝ
ဆေးခန်းဖွင့်ချိန်
နံနက် ၆ နာရီမှ ညနေ ၆ နာရီ
ညနေ ၆ နာရီမှ နံနက် ၆ နာရီ

ဘသည် ဆိုင်းဘုတ်ကို ဖတ်ကြည့်ပြီး-

"သေချာတယ်။ ဆိုင်းဘုတ် ဖတ်ကြည့်တာနဲ့ ငါ့သူငယ်ချင်းပဲ ဖြစ်ရမယ်လို့ သိနေပြီ။ ကဲ . . လာ"

ဆေးခန်းတွင်းသို့ ဝင်သွားသောအခါ သူတို့အရင်ရောက်နှင့်၍ စောင့်နေသော လူနာနှစ်ယောက်ကို တွေ့ရသည်။ ထိုစဉ် စမ်းသပ်ခန်းတွင်းမှ အော်သံက ထွက်လာသည်။

"အား. . . လား. . . လား. . . လား. . . ဆရာ. . . ဆရာ. . . အား. . . "

"မအော်နဲ့"

"နာတယ်ဆရာ တအားနာတယ်။ ရောဂါက ဆရာဆေးထိုးတာလောက် မနာဘူး။ အား. . . ကျွတ်. . . . ကျွတ်"

စောင့်နေသော လူနာနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အသာထထွက်သွားတော့သည်။ ဖွားစွာက ဘကို ကြည့်လိုက်ပြီး -

"တော့် သူငယ်ချင်းက ဆရာဝန်တော့ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ကွ၊ သူက အကိုင်အတွယ်လေးတော့ နည်းနည်းကြမ်းတယ်။ ဆေးကျောင်းမတက်ခင်က ကရာတေး ကစားခဲ့သေးတယ်"

ဖွားစွာက မျက်စောင်းထိုးလိုက်သည်။

"ဘယ်သူ့ အလှည့်လဲ"

ဦးသာဝက စမ်းသပ်ခန်းထဲမှ ထွက်လာရင်း မေးလိုက်ပြီး မှ-

"ဟာ - အစောက စောင့်နေတဲ့ လူနာနှစ်ယောက် ကော"

"စမ်းသပ်ခန်းထဲက အော်သံကြောင့် လန့်ထွက်ပြေးကြပြီ"

ဦးသာဝသည် သူ့ဘေးမှ လူနာဘက်လှည့်ကာ

"ကဲ ဆေးဖိုး ခြောက်ရာပေး"

"ဗျာ- အခါတိုင်း နှစ်ရာပဲပေးရတာပါ"

"မင်း အာပြဲအော်လို့ လန့်ပြေးတဲ့ နှစ်ယောက်အတွက် နစ်နာကြေး လေးရာလေ"

"မလုပ်ပါနဲ့ ဆရာရယ်၊ နှစ်ရာပဲ ပါတယ်"

"ကောင်းပြီ။ဖောက်သည်မို့ သီးခံလိုက်မယ်။ နက်ဖြန် လာရင် ပါးစပ်ကို ပလပ်စတာကပ်ပြီးမှ လာပါ။ မင်းရောဂါ

http://www.cherrythitsar.org



အကြောင်း ပြောပြဖို့ မလိုဘူး။ ငါသိပြီးသားနော်”

“ဟုတ်ကဲ့”

“ပေး နှစ်ရာ”

ဦးသာဝ က ငွေယူပြီး အိပ်ထဲထည့်လိုက်သည်။ ပြီးမှ ဘ ဘက်လှည့်ကာ-

“ခင်ဗျား က အဲ-အဲ . . . မင်း. . . . ဘ မဟုတ်လား”

“ဟုတ်ပါ့ သာဝ”

“ဟာ-ဝမ်းသာလိုက်တာကွာ။ ဒါနဲ့ရွာက ခင်ဆုံကြီး နေကောင်းလား”

“ကောင်းပါ့ဗျာ၊ ဒေါ်စာဥ တူမ မိဂျမ်းကတောင် မင်း မေးနေသေးတာ။ မင်းတော်တော်စွမ်းတယ်။ လွမ်းအောင် လည်း လုပ်တတ်တယ်။ မိဖျိုင်းလည်း လင်မရသေးဘူး။ ဟီး ဟီး သူကလည်း ပြောတာပဲ။ ငယ်ငယ်တုန်းက တူတူပုန်းတမ်း ကစားရတာ ပျော်စရာကြီးနော်တဲ့”

“အေးကွာ - ငါလည်း သတိရပါတယ်။ ဦးလေး ဆန်စေ့ တို့ ဆိတ်ခြံထဲ ဝင်ပုန်းကြတာလေ မှောင် က မှောင်”

“ဒီမယ်”

ဖွားစွာက စိတ်မရှည်စွာဖြင့် အော်လိုက်သည်။ ဘ နှင့် ဦးသာဝ က လှည့်ကြည့်၏။

“တော်တို့ ရပ်ရေးရွာရေး တူတူပုန်းရေး ပြောချင်ရင် နောက် မှပြောကြပါ။ ဆေးအရင်ကုပေးပါ”

ဦးသာဝက ဖွားစွာကို ကြည့်သည်။

"ဟာ နဖူးကြီး ဖုလို့ပါလား။ ဟ-ဟ ဘ နဖူးလည်း ဖုနေ ပါလား မင်းအိမ်ထောင်ကျတာတောင် ငါ့မပြော. ."

"တော် ပေါက်တက်ကရတွေ ပြောမနေနဲ့"

ဖွားစွာက ကုန်းအော်လိုက်သည်။

"ဟား. . . မင်းမိန်းမ တော်တော်စွာတာပဲ"

"ဟင် - ရှင် -ရှင် "

ဘ သည် ကပျာ ကယာ ကြားဝင်တားလိုက်ပြီး ဖြစ်ပျက်ပုံကို အမြန်ရှင်းပြလိုက်ရလေသည်။ ဦးသာဝ က

"ဆောရီးဗျာ ကျုပ်တောင်းပန်ပါတယ်။ ကဲ - လာကြ"

ဘ နှင့် ဖွားစွာ ကို ဆေးလိမ်းပေးသည်။ ပြီးတော့ သောက်ဆေးတွေ ပေးသည်။

"နောက် နှစ်နာရီလောက်ဆို နာတာရော အဖုရော ပျောက်သွားလိမ့်မယ်။ ဆေးဖိုး သုံးရာပဲ ပေးခဲ့ကွာ"

"ဟာ ပိုက်ဆံအိတ်က ဟိုအိတ်မည်းကြီးထဲ ကျန်နေခဲ့ပြီ"

"ဟုတ်ရဲ့လား ဘရာ။ မင်း ငယ်ကျင့်တွေ ဖျောက်ဦး။ ဒါ ကျောင်းမုန့်ဆိုင် မဟုတ်ဘူး"

"တကယ်ပါ သာဝရာ။ ငါ့မြေးပေးမလို့ ယူလာတဲ့ သိန်းနှစ်ဆယ်နဲ့အတူ အိတ်အမည်းကြီးထဲမှာ ကျန်နေခဲ့တာ ဟုတ်တယ်။ ငါသုံးမယ့် ပိုက်ဆံ"

http://www.cherrythitsar.org



ဦးသာဝ က ဘ၏ လက်ကို ဆွဲထားပြီး

"ရှင်းအောင်ပြော - ယုတ္တိရှိအောင်ပြော။ မင်းမြေးတွေ က မိတ္ထီလာမှာ"

"အငယ်ကောင်ညီညီ က ဒီမြို့သစ်မှာ အိမ်ထောင်ကျ နေတာကွ"

ဖွားစွာ၏ မျက်လုံးက ပြူးသွားသည်။

"မိတ္ထီလာက ညီညီလား"

"ဟုတ်တယ် သူ့မိန်းမ နာမည်က ရှုပ"

"အို ရှုပက ကျွန်မ မြေးပဲ"

ဦးသာဝသည် လက်ကို ရေဆေး၍ အဝတ်နှင့် သုတ်ရင်း-

"မင်းမှာလည်း ဒီငွေသိန်းနှစ်ဆယ်နဲ့ဒုက္ခပဲ။ မင်းငွေ လည်း ဘယ်မြေးကမှ မယူချင်ဘူး။ ဒါနဲ့ အဲဒီငွေအိတ်က ခုဘယ်မှာ ကျန်နေခဲ့တာလဲ"

"အင်း. . ဟုတ်ပြီ ဆိုက္ကားပေါ်က လွှင့်ကျတဲ့ နေရာ မှာ ဖြစ်မယ်"

"အို ဒါဆို အမြန်ပြန်ကြည့်မှ ဖြစ်မှာပေ့ါ။ ကျန်နေ ခဲ့တာက အိမ်ထဲလား အိမ်ပြင်လား မသိ"

ဘ နှင့် ဖွားစွာမှာ ဦးသာဝကိုပင် နှုတ်မဆက်အား တော့ ပဲ သုတ်ခြေတင်ပြေးထွက်သွားကြပါလေပြီ။ ဦးသာဝ သည် သက်ပြင်းချလိုက်ပြီး လူနာစောင့်အခန်းတွင်းမှာ

## ၅၈ ကံရှုန်

ငုတ်တုတ်ငိုက်နေသော ဆိုက္ကားဆရာအား လူနာထင်၍ ဦးသာ၀က ပခုံးသွားပုတ်ပြီး -

"ဘာဖြစ်သလဲ"

"ခင်ဗျာ - ဘာမှ မဖြစ်ပါဘူး"

"ဪ - ဒါဖြင့် အလည်လာတာလား"

"ဟုတ်ဘူးဗျ ဟိုအဘိုးကြီး နဲ့ အဖွားကြီးကို လိုက်ပို့တာ ကျွန်တော်က ဆိုက္ကားအငှားလိုက်လာတာပါ"

"သူတို့ ပြန်သွားပြီလေ။ မင်းကို ခေါ်လာတာ မေ့သွားပုံရတယ်။ ဒီကောင် က ငယ်ငယ်ကတည်းက အဲဒီ အကျင့်ရှိတာ။ အထူးသဖြင့်ပေးရမှာဆို မေ့ပြီ။ မယုံရင် မင်းလိုက်သွားကြည့်။ မင်း ခိုင်ဖုံရုံးထဲ၀င်ပြီး ပေါင်ချိန် တွေ့ရတာကမှ သက်သာဦးမယ်။ မင်းဆိုက္ကား ဘယ်တုံးကစီးလို့လဲ၊ ပစ္စည်းသက်သေ လူသက်သေ ရှိလို့လား။ မြို့သစ်မှာ ဒါမျိုးတွေ ရှိသလားနဲ့ စုံနေအောင် မေးတော့မှာ။ အတင်းဆက်တောင်းနေရင် သုခမိန်ကြီးခင်ဗျား ကျွန်တော့် ကို မတရား လုပ်နေပါတယ်ဆိုပြီး အော်ဦးမယ်။ အဲဒီတော့မှ မင်း ငိုရမလိုလို နဲ့ ရူးချင်စိတ်ပေါက်သွားမယ်"

"ဟာ- ဒုက္ခပဲ။ ဆိုက္ကားခကတော့ မရလို့မဖြစ်ဘူး။ ဈေးဦးပေါက်ကြီး။ ဒီတော့ ဆရာ့သူငယ်ချင်းစီးတဲ့ ဆိုက္ကားခ ဆရာကပဲ ပေးလိုက်ပါလား"

"ဘာလို့ ပေးရမှာလဲ၊ ငါ့ဆေးဖိုးတောင် မရလိုက်ဘူး"

http://www.cherrythitsar.org



"ကျွန်တော့် ဆိုက္ကားခ က အရေးကြီးတယ်။ ဆရာက စိုက်မပေးရင် ဒီနားမှာတင် ခေါင်းရိုက်ခွဲလိုက်မှာ"

"ငါ့ရိုက်ရင် စခန်းမှူး ဝတုတ်က မင်းဖမ်းမှာပေါ့"

"ဆရာ့ရိုက်မှာ မဟုတ်ဘူး။ ကျွန်တော့ခေါင်း ကျွန်တော် ရိုက်မှာ။ စိတ်ညစ်လို့"

" ဟာ - ဟာ - အဲလိုတော့ မလုပ်နဲ့"

ဦးသာဝ က သံချောင်းကို ဆိုက္ကားခ ထုတ်ပေး လိုက်ရလေသတည်း။

××× ××× ×××

ဖွားစွာ၏ ညှော်ခန်းဝယ် . . .

"အင်း . . . ခင်ဗျားမြေးနဲ့ ရနေတဲ့ ညီညီဟာ ကျုပ်မြေး ဆိုတာတော့ သေချာသွားပါပြီ။ ဟုတ်ပါတယ်။ ဒီခါတ်ပုံထဲက ကလေးပါပဲ။ ဒါပေမယ့် သူတို့က မရှိတော့ ကျုပ်လည်း ပြန်ရတော့ မှာပေါ့။ နောက် အားမှပဲ လာခဲ့တော့မယ်"

"ရောက်ပြီးမှတော့ရှင် အေးအေးဆေးဆေး ဒီမှာ နေပြီး စောင့်လိုက်ပါလား၊ သူတို့လည်း သိပ်တော့ မကြာပါဘူး။ နောက် ရက် တစ်ပတ်လောက်ဆို ပြန်လာမှာပါ"

"မလွယ်ဘူး ထင်တယ်နော်"

"ဘာလို့လဲ"

http://www.cherrythitsar.org



"ကျုပ်က အစားကြီးတယ်။ အားနာတယ်ဗျာ ပြန်ပါ့မယ်။ သူ့ပေးမယ့်ငွေထဲကလည်း ထုတ်မသုံးချင်ဘူး။ ကျုပ်မှာ ပါလာတဲ့ ငွေပိုက နည်းနေတော့. . ."

"မဟုတ်တာရှင် ဒါနဲ့ ရှင့်မြေးကြီးဆိုတာက"

"မိတ္ထီလာမှာပါပဲ။ ကျုပ်နဲ့ အတူနေတယ်"

"ဒီ ပိုက်ဆံတွေ ညီဖြစ်သူပေးဖို့ ယူလာတာ သူက ကျေ နပ်ရဲ့လား"

"အဲဒီကောင်ကြီးက ဘာမှ မက်တာမဟုတ်ဘူး။ ကျုပ်လိုပဲ။ ဒီငွေသေတ္တာကို ကားပေါ်အရောက် သူလိုက် တင်ပေးလိုက်တာ"

"ဪ - ချစ်ရှာသားပဲ"

"ကဲ - ကဲ အချိန်ရှိတုန်း ပြန်မယ်ဗျာ။ ညီညီ လာရင်သာ ကျုပ်ဆီ လွှတ်လိုက်ပါ"

"အို ဒီမှာတည်းလို့ ရနေတာကို ဟိုအခန်းအား နေတာပဲ"

"ဖြစ်ပါ့မလားဗျာ"

"ရှင့်ပြန်လွှတ်လိုက်ရင် ကျွန်မက မသိတတ်ရာကျမှာ ပေါ့ရှင်"

"အေးလေ ဒါဆိုလည်း ဒီမှာပဲ တည်းပြီး ညီညီ ပြန်လာထိ စောင့်ရုံပေါ့"

ဘ က သူ့ငွေသေတ္တာကြီးကို ယူ၍ နေရမည့် အခန်း

ထဲသို့ ဝင်သွားလေသည်။ သို့ဖြင့် ဘမှာ ဖွားစွာ၏ အိမ်တွင် ညွှံသည် ဖြစ်သွားပါလေပြီ။ ဇိမ်နှင့် အိပ်လိုက် စားလိုက် လျှောက်လည်လိုက်နှင့်။

တစ်ရက် . . .

နှစ်ရက် . . .

သုံးရက် . . .

ရက်ကြာလာတော့ ဘ မှာ မြို့သစ်တွင် မိတ်ဆွေများ ပင်ရနေပါပြီ။ ဘက နှုတ်သွက်သူကိုး။ ဘ နှင့် စတင် ရင်းနှီးသွားကြ သူများမှာ ဦးပေတလူ နှင့် ဦးစံပျော။ သူတို့မှာ လမ်းလျှောက်ရင်း ဆုံမိကြခြင်းဖြစ်ပါသည်။ စတင် ဆုံသည် နေ့က စတင်နှုတ်ဆက် သူမှာ ဘ ဖြစ်သည်။

"ဟဲလို"

"ခင်ဗျားက ကျုပ်သိလို့လား"

"ဟင့်အင်း - ခုမှ မြင်ဖူးတာ"

"အို - ဟုတ်လား ဆောရီးဗျာ မြင်မြင်ချင်း မမှတ်မိ တော့ တောင်းပန်ပါတယ်။ လက်စသတ်တော့ ခုမှ တွေ့ကြ တာကိုး"

"ရပါတယ်ဗျာ ကျုပ်က ညွှံသည်ပဲ၊ မိတ္ထီလာ က လာတာ"

"ဟုတ်လား၊ ခု ဘယ်မှာ တည်းနေတာလဲ"

"ဖွားစွာ"

## (၆၂) ကံရှုန်

" ဟီး ဟီး အားကျလိုက်တာဗျာ၊ မျက်နှာသိတွေ ဖြစ်နေလို့ လိုက်တောင်တည်းလိုက်ချင်သေးတယ်"

"ဘယ်မှာ တည်းချင်တာလဲ"

သူတို့ စကားပြောရာ အနီးသို့ ဦးစံပျော ရောက်လာကာ မေးလိုက်ခြင်း ဖြစ်ပါသည်။ ဦးပေတလူက -

" စံပျော မှတ်ထား သူက . .

စကားက တစ်ဝက်မှာ ရပ်သွားသည်၊ ဘ နာမည်ကို မသိ သေးတာကြောင့်။

" ဘ ပါ"

" အဲ - အဲ - ဘ တဲ့ ဘ ဒါက စံပျော"

"ဟုတ်လား သိရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ ခင်ဗျား နာမည်လည်း ပြောပါဦး"

"ပေတလူ"

ဦးစံပျော က ဘ နှင့် ဦးပေတလူကို ကြည့်လိုက်ပြီး

"တော်တော့်ကို ရင်းနှီးကြတာကိုး၊ ငယ်ပေါင်းတွေနဲ့ တူတယ် ခုမှ တစ်ယောက်နာမည် တစ်ယောက် မေးနေရတာ"

ဘ က ဦးစံပျော နှင့် ဦးပေတလူ ကို ပြုံးပြီး ကြည့်ရင်း-

"ကျုပ်က ငယ်ငယ်က ပေါင်းသင့်သူကို ငယ်ငယ် ကတည်း က ပေါင်းတယ်။ ကြီးမှာ ပေါင်းသင့်သူကိုတော့ ကြီးမှ ပေါင်းတယ်"

"ဘယ်လိုများ ခွဲခြားပါလိမ့်"

"ခင်ဗျားတို့ ဆိုရင် ကြီးမှ ပေါင်းသင့်တာ။ ရုပ်ကြည့်ရင် သိတာပေါ့။ ကျုပ်နှမ ဆုံးတာ ငါးနှစ်ရှိပြီ။ ဒါကြောင့် ခင်ဗျားတို့ကို ရဲရဲတင်းတင်း မိတ်ဆွေဖွဲ့ရဲတာ"

"အင်"

"အိုင်"

သို့နှယ် ပြောဆိုဆက်ဆံခြင်းကြောင့်ပင် မိတ်ဆွေများ တိုးသွားရခြင်းဖြစ်ပါသည်။ ပျော်တတ်သော အဘိုးကြီးအဖြစ် လူတိုင်းက ခင်သွားသည်။ ရက်ကြာလေ ချစ်ခင်သူများလေ ဖြစ်နေသော ဘကိုရက်ကြာလေစိတ်ပျက်လေ ဖြစ်နေသူလည်း ရှိပါ သည်။ ထိုသူမှာ ဖွားစွာပင်။

" ဟင်း - သိန်းနှစ်ဆယ်မျက်နှာကြောင့် ချက်ကျွေးနေရ တာ။ ဘယ့်နှယ်တော် ငါးရက်ထဲစားတာ သုံးထောင်ကျော်ဖိုး ကြက် တစ်ကောင်ကြော်မိပါတယ်။ ကောင်းလိုက်တာ ဆိုပြီး တစ်နပ်တည်း နဲ့ကုန်အောင်စားပစ်တယ်။ တစ်ရပ်လုံးလည်း သိနေပြီ။ ဆိတ်၊ ငါး ကြက် စားချင်တာစျေးသည်ဆီ သွားမှာထားသေးတယ်။ ဆန် ကလည်း ပေါ်ဆန်းမွှေးမှ"

ဖွားစွာမှာ ထမင်းအိုးတည်ရင်း ထစ်ယောက်တည်း တတွတ်တွတ်နှင့် ပြောနေသည်။ ခြောက်ရက်မြောက်နေ့ မနက်စာ စားပြီးချိန်မှာတော့"

"ဟော . . . . ညီညီ"

http://www.cherrythitsar.org



"ဟဲ့ ရှုပ"

"ဘ ဘယ်တုန်းက ရောက်တာလဲ"

"ရက်တစ်ပတ်လောက် ရှိပြီ"

"ရှုပ ဒါ ကို့အဘိုးလေ"

"ဟုတ်လား"

"ကဲ- မင်းရောက်လာပြီဆိုရင်တော့ ငါပြန်မှ ဖြစ်မယ်။ မင်းအစ်ကိုတစ်ယောက်တည်း ထားခဲ့ရတာ ငါ စိတ်မချဘူး"

"ဟာ - ဘ ကလည်း နေပါဦး"

"ကြာပြီကွ။ နေရတာ ပျင်းလာပြီ။ မင်းမလာသေးလို့ စောင့်နေတာ ငါ လွတ်လွတ်လပ်လပ် နေချင်တယ်ကွာ။ ပိုက်ဆံတွေ သိမ်းမထားချင်တော့ဘူး။ အဲ ဒါကြောင့် မင်းဆီ လာပို့တာ"

" ဘ ရာ ကိုကို့ ပေးလိုက်ရင် ပြီးရော"

"ဒီကောင် မထိန်းသိမ်းတတ်ဖူးကွ။ စမ်းခိုင်းပြီးပြီ။ ဆယ်ရက်မပြည့်သေးဘူး။ပြန်စစ်ကြည့်တော့တစ်သောင်းလောက် ပျောက်နေတယ်။ ဟိုကလေးပေးသလို ဒီကလေး ပေးသလိုလို"

ဖွားစွာမှာ ဘေးမှ နားထောင်ရင်း နေမထိ ထိုင်မသာ ဖြစ်လာသည်။ ဘ ငွေသေတ္တာကြီးကို ပြန်ယူသွားမှာ စိုးရိမ်နေသည်။ ထို့ကြောင့်-

"ငါ့မြေးရယ် ကိုယ့်အဘိုး စိတ်ချမ်းသာအောင်

http://www.cherrythitsar.org



ယူထား လိုက်ပါလား”

ညီညီ က ဘာမျှ မပြောတော့။ ဘ က သူ့လွယ်အိတ် ကလေးကို ယူကာ-

“ကားအချိန်မီ ပြန်မယ်ကွာ ဟိုကောင်ကြီးလည်း နောက်ဆံတင်းနေလို့ နောက်မှ ငါလာခဲ့ဦးမယ်”

“ ဟုတ်ကဲ့ ဘ”

“မင်းတို့လည်း လာလည်ဦး”

“ဟုတ်ကဲ့”

“ငါသွားမယ်ဟေ့ - ဪ ရော့ သော့ယူထားလိုက်ဦး”

ဘ က သော့ကို ပေးကာထွက်သွားသည်။ ညီညီ က သော့ကို စားပွဲပေါ်တင်လိုက်ပြီး သူ့ဇနီးဘက် လှည့်ကာ -

“ဘ နဲ့တော့ ခက်ပါတယ်။ ခေါ်ထားလို့လည်း နေမှာ မဟုတ်ဘူး။ အစ်ကို ကလည်း ဘ သာသာပဲ။ ထင်ရာ လုပ်နေတာ။ ဘက လည်း ကိုကိုနဲ့မှ နေရတာ ပျော်တယ်။ မလွယ်ဘူး။ ကဲ - ရေသွားချိုးလိုက်ဦးမယ်”

ညီညီ က ထိုင်ရာမှ ထထွက်သည်။ ရှုပကလည်း တန်းပေါ် မှ မျက်နှာသုတ်ပုဝါကို ယူ၍ ညီညီနောက်မှ လိုက်သွားသည်။ ဖွာဖွာ့စွာသည် သူတစ်ယောက်တည်း ကျန်ရစ်တော့မှ စားပွဲပေါ်မှ သော့ကို ယူကာ သေတ္တာအား ဖွင့်ရကောင်းနိုးနိုး စဉ်းစားနေစဉ် ညီညီ ပြန်လှည့်ဝင်လာ၍-

“လာပါဦး”

 ကံချွန်

“ဘာလဲ ဖွား”

“ဒီသော့ကြိုးက ဒီအတိုင်းမထားနဲ့လေ။ သိမ်းဦးမှပေါ့ ငွေသေတ္တာသော့ဆို”

“ညီညီ က ဘထားခဲ့သော သေတ္တာကို သွားယူကာ ဖွင့်လိုက်ပြီး ”

ဘ က ဈေးဟောင်းပစ္စည်းစုတာ ဝါသနာပါတယ် ဖွားရဲ့။ ဒါတွေက ဂျပန်ခေတ်က ဘ စုထားတဲ့ ငွေတွေပါ”

ဖွားစွာမှာ ဂျပန်ငွေစက္ကူများကို ကြည့်ရင်း ပါးစပ် ဟောင်းလောင်း ပွင့်သွားလေတော့သတည်း။

ငွေ .... ငွေ ....ငွေ

ကလျာမဂ္ဂဇင်း စက်တင်ဘာလ၊၁၉၉၉

http://www.cherrythitsar.org



# နောက်မဆုတ်နဲ့ ကိုစံပျော

မန္တလေးမြို့သစ်သို့ လူသုံးယောက်နှင့်ခွေးတစ်ကောင် ရောက်ရှိလာပါပြီ။ လူသုံးယောက်မှာ ဘ၊ ကိုကို နှင့် ညီညီ တို့ဖြစ်ပြီး ဘ၏လက်မှာဆွဲလာသော ခွေးလေးမှာ ခြံလုံ ဖြစ်ပါသည်။ အင်ကြင်းလမ်းထဲသို့ ဘတို့ ဝင်လာတတည်း ကတစ်လမ်းလုံးက သတိထားမိသည်။လမ်းဝဲယာ မြင်မြင် သမျှကို ဟောင်လာသောခြံလုံကြောင့်ဖြစ်ပါ၏။ ဘတို့ သုံးယောက် "ရာစု" ခြံကြီးထဲသို့ ဝင်သွားလိုက်မှပင် ဘယ်သူ ပါလိမ့်ဟုစူးစမ်းသလို ရပ်ကြည့်နေသူတို့မှာ ကိုယ့် အိမ်တွင်း ကိုယ်ပြန်ဝင်သွားကြသည်။

ရာစုခြံကြီးအတွင်းရောက်သည်နှင့် ခြံလုံကိုလွှတ်ပေး လိုက်ရာ ခြံလုံသည် တစ်ခြံလုံးလှည့်ပတ်ပြေးကာ အနံ့ခံ တော့ သည်။ တိုက်ထဲသို့ ဝင်လိုက် ထွက်လိုက်နှင့် ပြီးတော့ တစ်ဖက် ခြံကြီးဘက် လှည့်ကာဟောင်တော့၏။

"ဟိုဘက်ခြံထဲမှာ ခွေးမျက်စိနောက်စရာရှိပုံရတယ်"

ဘ,က သက်တောင့်သက်သာထိုင်လိုက်ရင်းပြောသည်။ ကိုကိုက တိုက်တွင်းမှာ လှည့်ပတ်ကြည့်နေရာ မှ-

"ဘာမှ ထပ်ထည့်ဖို့မလိုအောင်ကိုပြင်ဆင်ထားတာပဲ"

"ဟဲ ဟဲ နေထိုင်အိပ်စားရန် အသင့်ကွ။ မီးဖိုခန်းထဲ သွားကြည့်လိုက်ဦး။ ချက်စရာရော ချက်မယ့်လူရော ခေါ်

http://www.cherrythitsar.org



ထားပြီးသား”

ကိုကိုက မီးဖိုခန်းဘက် ထွက်သွားသည်။ ညီညီက မာန်ဖီလိုက် ဟောင်လိုက်လုပ်နေသော ခြံလုံအား အမဲရိုးတုတစ်ခု ခွေးစာအိတ်ထဲမှ ထုတ်ယူကာကျွေးလိုက်သည်။ ထိုအခါမှပင် ခြံလုံ၏ဟောင်သံက ရပ်တော့သည်။ ခြံလုံအသံရပ်သွားသည်နှင့် တဖက်တိုက်မှ စကားပြောသံက ထွက်ပေါ်လာသည်။

“ဟဲ့ ရန်လုံ ဘယ်မှာလဲ”

“ခြံထဲမှာ ဆော့နေတယ် ဖွား”

“သွားခေါ်စမ်း၊ ခွေးလေခွေးလွင့်တွေနဲ့ အပေါင်းအသင်း ဖြစ်နေဦးမယ်”ထိုစကားသံများကြောင့် ဘမှာဒေါသဖြစ်သွားပြီး အသံမြှင့်လျက် -

“ညီညီ”

“ခင်ဗျာ”

“ခြံလုံကို တိုက်ပြင်မထွက်စေနဲ့နော်။ ခွေးဂီလာနတွေနဲ့ မိတ်ဆွေဖြစ်နေဦးမယ်”

တိုက်ချင်းက ကပ်နေသည်မို့ ဖွားစွာပြောလိုက်သည်ကို ဘ ကြားသလို၊ ဘပြောသည်ကိုလည်းဖွားစွာကောင်းကောင်းကြီး ကြားလိုက်ရပါသည်။

“ဟွန်း ဒါ တမင်သက်သက် ငါ့ကို ရန်စတာ အကြောင်းပြလိုက်ရသေးတာပေါ့”

http://www.cherrythitsar.org



သန္တာ တားချိန်ပင် မရလိုက်ပါ။ ဖွားစွာသည် ပြတင်းတံခါးကို ဆောင့်တွန်းဖွင့်ရင်း. . .

"ဟိတ် - မိစွာကို ဒီလိုအကြောစမ်းလို့မရဘူး"

ဖွားစွာ ကဒေါသနှင့်ပြောလိုက်သည်။ ဘ တို့ တိုက်တံခါးမှာ ဖွင့်ထားသည်မို့ ပြတင်းပေါက်ချင်းက တည့်နေ၍ ဆက်တိခုံမှာ ထိုင်နေသော ဘ နှင့် ဖွားစွာ မှာ တစ်ယောက်ကိုတစ်ယောက် မြင်နေရပါသည်။ ကိုကို က ဘနောက် ရောက်လာပြီး -

"ဘာဖြစ်တာလဲ ဘ"

"မပြောတတ်ဘူး၊ အနှိပ်ခံနေတာထင်ပါရဲ့။ သူ့အကြောစမ်းမရလို့တဲ့။ ဒေါသကြီးပြီး ထအော်နေတာ"

ဘ၏စကားကြောင့် ဖွားစွာ၏ ဒေါသ ဒီဂရီက ပို၍ မြင့်တက်သွားကာ"

"တော့်ကို ဒေါသဖြစ်နေတာ"

ဘ ကလည်းဝုန်းကနဲထရပ်လိုက်ကာ ပြတင်းပေါက်နားသွားကာ မျက်နှာချင်းဆိုင်လိုက်ပြီး-

"ဘာကွ ငါ့ဒေါသဖြစ်ရအောင် ငါ့အကြော၊ အဲလေ မင်းအကြော ငါက ဘယ်တုန်းက စမ်းလို့လဲ ဟင်၊ အနှိပ်သည်မဟုတ်ဘူးကွ။ အငြိမ်းစားတရားသူကြီး၊ ပေါင်ချိန် ဆိုတာ ငါ ပင်စင်ယူလို့ နေရာရသွားတာ"

စကားအဆုံးမှာ ဘက မျက်ခုံးပင့်ပြလိုက်သည်။

ကိုကိုက ဘဘေးမှာ လာရပ်လိုက်ပြီး-

“ဘ ဒီအရပ်မှာ ဒါမျိုးတွေရှိသလား”

ဘဘက ကိုကိုအားလှည့်ကြည့်ပြီး-

“အရေးထဲ မင်းက ကုန်းစွန်းလုပ်နေပြန်ပါပြီ”

ဖွားစွာမှာဘဘပြောရမှန်းမသိဖြစ်ကာ ဘဘတို့အမူအရာကိုကြည့်ရင်း အံကြိတ်လိုက်မိသည်။ ဘဘက ပြုံးပြီး -

“ဒေါသကြီးပဲ၊ ဒေါသဆိုတာကြီးတိုင်းလည်းမကောင်းဘူး၊ ကြီးလို့ကောင်းတာက -

“ဘာလဲ ဘ”

“ပုဇွန်တို့ ဗူးသီးတို့”

သန္တာမှာ မနေသာတော့ပဲ ဖွားအားထခေါ်ရတော့သည်။

“လာပါဖွားရယ်”

“ဟင်း”

ဖွားစွာက တံခါးကို ဆောင့်ပိတ်လိုက်ပြီး -

“ဒီတံခါးကို နောက် ဘယ်တော့မှ မဖွင့်နဲ့”

ထိုစဉ် ဘဘ၏ အသံက ပေါ်လာသည်။

“ကျွန်တော်လည်း ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်း -

အော်သံနှင့် တစ်ဆက်တည်း တံခါးပိတ်သံကို ကြားလိုက်ရသည်။

http://www.cherrythitsar.org



ဖွားစွာသည်မကျေမနပ်ဖြင့် မျက်စောင်းထိုးလိုက်ပြီး-

"မိသန္တာ သွား ရန်လုံကို အမြန်ရှာခေါ်ခဲ့။ ကျုပ် ဒီဟာတွေနဲ့ နောက်ထပ် ဘာပြဿနာမှ မဖြစ်ချင်ဘူး"

သန္တာက ရန်လုံကို ခေါ်ရန် တိုက်ရှေ့သို့ ထွက်သွားသည်။

ထိုအချိန် .....

"ညီညီ"

"ဘာ"

"ငါတို့ ခြံလုံရော"

"ရှေ့ထွက်သွားတယ် ထင်တယ်"

"သွားသွား လိုက်ကြည့်စမ်း၊ ပြဿနာက ခုမှ စ,ထားတာ ငယ်သောအမှုကြီးသွားလိမ့်မယ်"

ညီညီကလည်း ခြံလုံကို ခေါ်ရန် တိုက်ရှေ့သို့ထွက်ခဲ့ပြီ။

"ခြံလုံ .... ခြံလုံ ... ဟာ ဒီကောင် ဘယ်ရောက်နေပါလိမ့်။ ခြံလုံ ..."

ညီညီက ခေါ်နေရင်းမှ လှည့်ပတ်ကြည့်သည်။

"ခြံတံခါးဟနေပါလား၊ အပြင်များထွက်သွားတာလား။ ခြံလုံ - ခြံလုံ"

ညီညီက ခေါ်ရင်း ခြံရှေ့ထွက်လိုက်သည်။ ခြံလုံကိုတစ်ဖက်ခြံရှေ့ တံခါးဝမှာ လျှာတစ်လစ်ထုတ်၍ အမြီးနှံ့ ကာ

ထိုင်နေသည်ကို မြင်လိုက်ရာ -

"ခြံလုံ - လာခဲ့၊ မင်းက ကိုယ့်ခြံတော့ကိုယ်မစောင့်ဘူး။ ဘယ်လိုကောင်လဲ ဒီခြံများ၊ မင်းခြံမှတ်နေလား ဟင်"

ခြံလုံကို လှမ်းဖမ်းစဉ် တဖက်ခြံတွင်းမှ ခြံလုံနှင့် မျက်နှာချင်းဆိုင်ထိုင်နေသော ခွေးအမည်းကြီးတစ်ကောင်ကိုတွေ့ရပြီး ထိုခွေးကြီးဘေးမှာမူ နှင်းပန်းပုရုပ်။ ညီညီ ရော သန္တာပါ အံ့အားသင့်သွားကြသော်လည်း ဝတ္ထုများ ဗီဒီယိုများထဲမှလို "အို" "ဟင်" စသည့်အသံများ ထွက်မလာပါ။ ထိုခဏလေးအတွင်းမှာပင် ရန်လုံကလည်း သူ့တိုက် ဆီသို့ ထွက်ပြေးသွားသည်။ ထို့အတူ ခြံလုံသည်လည်း ထိုနားမှာ မရှိတော့ပါ။ ဖက်ရှင်ရှိုးနှင့် လှယဉ်ကျေးမယ် ရွေးပွဲတိုင်းမှာ ရှေ့ဆုံးတန်းက ထိုင်ငေး လေ့ရှိသော ညီညီသည် သန္တာလောက် ပြေပြစ်လှပသူကို မတွေ့ဖူးပါ။

ဖွားစွာမှာသူရှေ့ရောက်လာသော ရန်လုံကို ကြည့်ပြီး-

"ခွေးကတော့ ရောက်လာပြီ။ ခွေးသွားခေါ်တဲ့လူက ခုထိ ရောက်မလာသေးပါလား"

ဖွားစွာက တံခါးဝသို့ လျှောက်သွားပြီး လှမ်းကြည့်လိုက်ရာ . . . . .

မျက်နှာချင်းဆိုင် ထိုင်နေသော မသန္တာနှင့် ညီညီကို တွေ့သွားပြီး -

"ဒေါ်သန္တာ ရန်လုံ တိုက်ထဲရောက်နေပါပြီရှင်"

http://www.cherrythitsar.org



ဖွားစွာ၏အော်သံကြားမှ မသန္တာသည် ကပျာကယာ ထပြေးထွက်သွားသည်။ မသန္တာ ထထွက်သွားကာမှ ညီညီလည်း လှည့်ပြန်လာခဲ့လေတော့၏။

ညီညီ တိုက်တွင်းသို့ ဝင်လာသည်နှင့် -

"ဘယ့်နှယ်လဲဟေ့ ခြံလုံက နှာတံလေးကို စင်းလို့မဟုတ်လား"

"ဟာဗျာ ဘကလဲ တိုးတိုးပြောပါဗျ ကြားသွားပါ့မယ်"

"ဘာလဲ မင်းက မကြိုက်လို့လား"

ညီညီ ဘယ်လိုများ ဖြေမှာပါလိမ့်ဟု တဖက်တိုက်မှ သန္တာက နားစွင့်နေမိသည်။

"ကြိုက်တာမှ မြင်မြင်ချင်း"

"တော်တော်ချောသလားကွ ညီညီရ"

"ချောတယ် ကိုကို၊ ကိုကိုတို့ သိလွယ်အောင် ပြောရရင် ကြည်လဲ့လဲ့ဦးရယ်၊ ခိုင်သင်းကြည်ရယ်၊ လှအဥ္စလီတင့်ရယ်၊ နန္ဒာလှိုင်ရယ် လေးယောက်ရဲ့အလှတွေ စုထားသလိုပဲ"

ညီညီ၏ စကားကြောင့် သန္တာက ပြုံးလိုက်မိသည်။ ဖွားစွာက သန္တာနောက်မှာ ရောက်လာပြီး -

ဟဲ့ - ဒီပြတင်းပေါက်နား လာဘာလုပ်နေတာလဲ"

"ရှင် ဘာမှ မလုပ်ပါဘူး"

"အေး-ဘယ်တော့မှဘာမှမလုပ်လေနဲ့ ဟင်းဟင်း . . "

ဖွားစွာသည် မျက်စောင်းထိုးလိုက်ပြီး -

"နောက်ဆို ခွေးဖမ်းဖို့ လိုအပ်လာရင် ငါပဲ သွားဖမ်းမယ်"

ဖွားစွာ၏ စကားကြောင့် သန္တာမှာ အံ့အားသင့်သွားမိလေ၏။

တစ်ညတာ လွန်မြောက်၍ နံနက် မိုးသောက်လင်းအာရုံ ရောက်ခဲ့ပါလေပြီ။ ခြံလုံသည် သူ၏ ပထမဆုံး တာဝန်ကို ထမ်းဆောင်ရန် အဆင့်သင့် ဖြစ်နေပါပြီ။ ခြံလုံ၏ တာဝန်မှာ လမ်းလျှောက်ထွက်မည့် ဘနှင့် အဖော်လိုက်ရန် ဖြစ်သည်။

ဘသည် လမ်းလျှောက်ဝတ်စုံပြည့်နှင့် တိုက်ရှေ့ထွက်ကာ လက်နှစ်ဖက်ကို ဘေးကားပြီး အသက်ရှူလိုက်သည်။ ပြီးတော့ ကုန်းလိုက် ကွလိုက် ခြေမြောက်နှင့် သွေးပူလေ့ကျင့်ခန်းလုပ်လိုက်သည်။ တစ်ဖက်ခြံမှ ဖွားစွာသည် ပန်းခူးနေရာမှဘကိုကြည့်ပြီး မျက်စိနောက်နေသည်။ ဘသည် ဖွားစွာကို မြင်သော်လည်းမမြင်ဟန်ပြုကာ -

"ခြံလုံ"

"ဝု"

"ဒီနေ့ လမ်းလျှောက်ရမယ့် နယ်မြေက အသစ်ဖြစ်နေတယ်။ သတိရှိပါ။ အနီးကပ်ရန်သူတွေ၊ မလိုသူတွေ ရှိနိုင်တယ်"

"ဝု"

"ကောင်းပြီ သွားမယ်"

http://www.cherrythitsar.org



ဘက တုတ်ကောက်ကို ဝှေ့ယမ်းပြီး ခြံလုံနှင့်အတူ လမ်းလျှောက်ထွက်သွားသည်။ ဖွားစွာက နှုတ်ခမ်းကိုမဲ့ကာ တိုက်တွင်းသို့ ဝင်သွားသည်။ အလိုလိုနေရင်း ဘအပေါ် ဖြစ်နေသာဒေါသစိတ်ကြောင့် ရန်လုံခြံထဲမှာ နေရစ်ခဲ့သည်ကိုပင် သတိမထားမိပါလေ။

ဘနှင့်ခြံလုံတို့ လျှောက်လာ၍ လမ်းထိပ်ရောက်သည်နှင့် ဦးပေတလူတို့အဖွဲ့နှင့် ဆုံမိပါလေပြီ။ ဦးပေတလူ၊ ဦးစံပျောနှင့် ဦးသာဝမှာလည်း နံနက်စောစော လမ်းလျှောက်လေ့ရှိသည့် လူကြီးများဖြစ်ကြသည်။ သူတို့ မှာ အသက်သာ ခုနစ်ဆယ်ဝန်းကျင်ရောက်နေသော်လည်း စိတ်က လူငယ်လို။

"အဟမ်း ခင်ဗျားက မနေ့က ပြောင်းလာတဲ့ လူသစ်ထင်တယ်။ ကျွန်တော်က သာဝပါ။ သူက ပေတလူ၊ သူက စံပျော"

ဘက ဦးစံပျောတို့ အဖွဲ့ကို ကြည့်လိုက်ပြီး -

"ဆောရီးပဲ ကျုပ်က လူငယ်တွေနဲ့ပဲ ပေါင်းတယ်"

"တူလိုက်တာ"

"ခင်ထိုက်ပါပေတယ်"

"ကျုပ်တို့အဖွဲ့က ရှေးဟောင်းလူငယ်လေးများအဖွဲ့ ဗျ။ (Old Boy) အိုးဘွိုင်ပေါ့"

ဦးစံပျောက လက်ဝါးဖြန့်လိုက်သည်။ ဘက ပြုံးပြီး လက်ဝါးချင်းရိုက်လိုက်သည်။ နောက် သူတို့လေးယောက်သား

လမ်းလျှောက်ဖော်သူငယ်ချင်းများဖြစ်သွားကြတော့သည်။

ထိုနေ့က ဘမှာ ဦးစံပျော့တို့အဖွဲ့နှင့် မိတ်ဆွေဖြစ်သွားသည့်နှယ် ခြံလုံမှာလည်း ရန်လုံနှင့် မိတ်ဆွေဖြစ်သွားပါလေသည်။ ဘ လမ်းလျှောက်က ပြန်သောအခါ ခြံလုံက ဖွားစွာ၏ ခြံထဲဝင်သွားကာ ရန်လုံနှင့် ကစားကျန်ရစ်သည်။

"ကိုကို"

"ဗျာ - ဘ"

"ကြက်ဥကြော်ထားရဲ့လား"

"ကြော်ထားတယ် ဘ"

"ထောပတ်နဲ့ကြော်တာ ဟုတ်ရဲ့လား"

"ထောပတ်နဲ့ကြော်တာပါ။ ပေါင်မုန့်လည်း မီးကင်ပြီး ပျားရည်ဆမ်းထားတယ်။ အလယ်သားချည်း ဘဖို့ ယူထားတယ်။ ဘေးသားတွေ ခွေးကျွေးဖို့ ဖယ်ထားတယ်"

ဖွားစွာမှာ ဘတို့၏ အသံကြောင့် အလိုလိုနေရင်း ဒေါသဖြစ်သွားသည်။ ထိုဒေါသကို ဘယ်သူ့အပေါ် ပုံချရ မှန်းမသိ၍ -

"ညည်းက အဲဒီပြတင်းပေါက်နားထိုင်ပြီး ဘာလုပ်နေတာလဲ"

ဖွားစွာ၏ အော်သံကို ညီညီက သေသေချာချာ ကြားလိုက်ရပြီး သန္တာတို့ဘက်မှ ပြတင်းပေါက်နှင့် တည့်နေသည့် သူတို့တိုက် ပြတင်းပေါက်နေရာကပ်သွားသည်။ ညီညီ သန္တာ၏

http://www.cherrythitsar.org



အသံကို ကြားရသည်။

"ထိုင်နေတာပေါ့"

"ထိုင်နေတာတော့ ငါမြင်တာပေါ့"

ဖွားစွာက မျက်စောင်းထိုးသည်။ သန္တာက နှုတ်ခမ်းစူသည်။

"ဒါနဲ့ ရန်လုံရော"

"ခြံထဲမယ်ထင်တယ်။ သန္တာသွားခေါ်လိုက်မယ်။"

ဖွားစွာက ကပျာကယာ ရပ်ကာ -

"နေ - နေ - နေ ခွေးဖမ်းတဲ့အလုပ်ကို ကျွန်မသွားလုပ်ပါ့မယ်နော်။ ဟင်း ဟင်း- မိစွာတို့က ဒါမျိုးတွေ နောကျေနေပြီ"

ဖွားစွာက ရန်လုံအား ခေါ်ရန် တိုက်ရှေ့သို့ ထွက်သွားသည်။ ထိုစဉ်ညီညီက -

"မသန္တာ တံခါးလေး ခဏ ဖွင့်ပါဦး"

"ရှင်"

"တံခါးခဏဖွင့်ပါဦး"

"အို-ဖွားဆူလိမ့်မယ်"

"ခု ဖွားမှမရှိဘဲ ဖွင့်ပါနော်"

"ဘာလို့ ဖွင့်ရမှာလဲ"

"ဖွင့်ပါ မသန္တာရယ် ကျွန်တော်လည်း ဒီဘက်က ဖွင့်လိုက်မယ်"

http://www.cherrythitsar.org



"ဟင့်အင်"

"ဖွင့်ပါ သန္တာရယ်။ ကျွန်တော် သန္တာကို မြင်ကတည်းက ချစ်မိခဲ့ပြီ သန္တာ၊ သန္တာမျက်နှာလေး ခဏဖြစ်ဖြစ် မြင်ချင်လွန်းလို့ပါ ဖွင့်ပါနော်"

"ခင်ဗျားက . . ."

ထိုစဉ် ဖွားစွာက ရန်လုံကို ဆွဲ၍ ဝင်လာရင်း -

"အမယ် မယ်မယ် အထဲထားလည်း စိတ်မချရ။အပြင်ထားလည်း စိတ်မချရပါလား။ ဖယ်စမ်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

ထို့အတူ ဘကလည်း ညီညီ၏အနီးသို့ ရောက်လာကာ

"ဟဲလို . . . ကျွားသားမိုးကြိုး မြို့သစ်ရဲ့ ဒုတိယနေ့မှာပဲ စကားပြောဖေါ်တွေ့နေပြီကိုး။ စကားပြောတာပဲ တံခါးပိတ်ပြီး ပြောရသလာကွ ဖွင့်လိုက်"

"ဘက ပြောပြောဆိုဆို တံခါးကို ဖွင့်လိုက်သည်။

"ဟင်"

"အို"

ဘနှင့် တပြိုင်တည်းလိုလို တစ်ဘက်မှ တံခါးဖွင့်လိုက်သော ဖွားစွာနှင့် မျက်နှာချင်းဆိုင်မိသွားသည်။ နှစ်ယောက်လုံး တံခါးကို ပြန်ပိတ်လိုက်ပြီး ဖွားစွာသည် . .

"ဟူး . . . ရင်ထဲကို ဒိတ်ကနဲဖြစ်သွားတာပဲ"

ဆက်တီခုံမှာ လာထိုင်လိုက်ကာ -

"သန္တာ"

"ဖွား"

"ကဲ - ပြောစမ်းပါဦး၊ ဟိုအဘိုးကြီးနဲ့ ဘာတွေ ပြောနေတာလဲ"

ဖွားစွာသည် သန္တာ စကားပြောနေသည်မှာ ဘနင့်ဟု ယူဆကာ မေးခြင်းဖြစ်ပါသည်။ သန္တာသည် ထိုအထင်ကို လက်လွတ်မခံတော့ပဲ -

"ဖွား ငယ်ငယ်က အတော်ချောမှာပဲတဲ့၊ ခုကို သန့်တုန်း လှတုန်းတဲ့"

"ဟယ် - ကောင်မလေး"

"ဖွား မယုံလဲ နေလေ ပြောတာကတော့ အဲဒါပဲ။ ဖွား အကြောင်း ပြောပြပါဆိုလို့ ဖွားက အပျိုကြီး။ သန္တာက ဖွားရဲ့ တူမကမွေးတဲ့ မြေးလို့ ပြောပြလိုက်တယ်"

ဖွား၏ မျက်နှာမှာ ကြည်လင်နေပါသည်။ ရှက်ယောင် သန်းသွားပါပြီ။ ထိုအချိန် ဘမှာလည်း ....

"ငါ့ဖြင့် အံ့ရော ဘယ်လိုမှ စကားပြောလို့မရတဲ့ ဟာကြီးနဲ့ စကားလက်ဆုံကျနေရတယ်လို့။ ကဲ - ပြောစမ်း အဲဒီဒေါသအိုးကြီးနဲ့ မင်းက ဘာတွေများလေးပေးဖြောင့် နေရတာလဲ"

ညီညီက ပြုံးလိုက်ပြီး -

"ဘက ဘာလုပ်သလဲတဲ့၊ ဘက ပင်စင်စားတရားသူကြီး

http://www.cherrythitsar.org



ကဗျာရေးတယ်။ သီချင်းရေးတယ်လို့။ အဲဒီတော့ ဒါကြောင့် စိတ်ပျို ကိုယ်နု ဖြစ်နေတာကိုး။ မင်းတို့ အဘ အသက် ဘယ်လောက်ရှိပြီလဲတဲ့ ဖွားကတော့ ခြောက်ဆယ် လောက်ပဲ ထင်တယ်တဲ့။ ကျွန်တော်က ရှစ်ဆယ်ကျော်ပြီ ဆိုတော့ မဖြစ်နိုင်ဘူးတဲ့၊ မင်းတို့ အမှတ်မှားတာ နေမှာလို့ ပြောတယ်။ အဲဒါ ဘရောက်လာပြီး ပူညံပူညံ လုပ်လိုက်လို့ စကားပြတ်သွားတာ"

ဘက ညီညီကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး

"ဘ ယုံလိုက်ရတော့မှာလား ညီညီ"

ထိုစဉ်အခန်းတွင်းသို့ လျှောက်ဝင်လာသော ကိုကိုက-

"ယုံလိုက် ဒါမျိုးဆိုတာ ယုံတာမမှားဘူး မဟုတ်လည်း အမှန်တရားမပေါ်ခင် စိတ်ချမ်းသာနေရတာပေါ့"

"ခွေးကောင်"

ဘက ကိုကို့ကို မကျေမနပ်ကြည့် ကြည့်ပြပြီး ပြုံးလိုက်သည်။

နောက်ရက်များမှာတော့ ညီညီပြတင်းပေါက်မှာ စကားပြောနေလျှင် ဘက ဖွားစွာနှင့် ပြောနေသည်ဟု ထင်သလို သန္တာ ပြတင်းပေါက်မှ ရပ်၍စကားပြောနေလျှင်လည်း ဖွားစွာက သန္တာနှင့် ဘ စကားပြောနေသည်ဟု ထင်သောကြောင့် အနှောင့်အယှက်မပေးတော့ပါ။ ညီညီနှင့် သန္တာကလည်း ဘနှင့်ဖွားစွာကို တစ်နေ့တစ်မျိုး တစ်ဆင့်ချင်း တိုး၍

http://www.cherrythitsar.org



မေတ္တာစကားများကို လုပ်ကြံဖလှယ်ပေးနေ ကြပါသည်။ ဘနှင့် ဖွားစွာ တို့မှာ ညီညီနှင့်သန္တာ ပြောသမျှကို အဟုတ်မှတ်နေကြ၏။

ထို့ကြောင့်လည်း မနက်မှာ လမ်းလျှောက်ဖေါ် ဦးစံပျောတို့နှင့် ဆုံမိသောအခါ ဦးစံပျောက -

"ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး။ အလိုက်ပေးလည်းမလဲဘူး။ တည့်ချင်းလည်းမလဲဘူး။

"မာလှချည်လား"

"မာမာပဲလေ ကျုပ်ရည်းစားက ခြံနဲ့ တိုက်နဲ့ဗျ"

ဦးစံပျောက ဦးပေတလူဘက် လှည့်ကာ -

"ကိုပေတလူ ကျုပ် ခင်ဗျားကို တောင်းပန်ပါတယ်၊ ကျုပ်မဆင်မခြင်မေးမိတဲ့အတွက် ခင်ဗျား နားဒုက္ခရောက်ရတာ"

"ရပါတယ်ဗျာ၊ ကျုပ် အမေရိကားမှာနေတုန်းက ခဏခဏ ဆိုက်ကလုံးမုန်တိုင်းနဲ့ ကြုံဖူးပါတယ်"

"တော်သေးရဲ့ အလေ့အကျင့် ရှိထားလို့"

ဘက ဦးစံပျောနှင့် ဦးပေတလူကို ပြုံးပြုံးကြီး ကြည့်ပြီး -

"ဟင်းဟင်းဟင်း ခင်ဗျားတို့က မယုံဘူးကိုး၊ ကောင်းပြီ ကျုပ်တို့နှစ်ယောက်ယူတော့မယ်ဆိုရင်"

http://www.cherrythitsar.org



"လိုတာပြော ကူညီမယ်၊ ရွှေနေသာဝဆီမှာ လက်ထပ်ရန် အသင့်ရိုက်ပြီးစာချုပ်တွေလည်း ရှိတယ်"

ဘက လက်သန်းထောင်လိုက်သည်။ ဦးစံပျောက လည်း လက်သန်းထောင်ကာ လက်သန်းချင်းချိတ်သည်။ ဘသည် သူ့သူငယ်ချင်းများကို ကြွားနေသည်နှယ် ဖွားစွာ ကလည်း သူ့အပေါင်းအသင်းများကြားမှာ -

"အင်း ပြောရဦးမယ်"

"မပြောပါနဲ့အေ ခုမပြောလည်း နောက်မှသိမှာပဲ မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီတော့မှ သိတာပေါ့"

ဖွားစွာစကားနိဒါန်းပျိုးသည်နှင့် ဒေါ်မယ်မ နှင့် ဒေါ်စိန်တိုးတို့ကစိတ်မဝင်စားဟန်ပြသည်။ ဖွားစွာက ပြုံးသည်။ သူပြောလိုက်လျှင် အံ့အားသင့်သွားကြမည့် အမူအယာကို မြင်ယောင်နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် -

"ကောင်းပါပြီတော် နောက်တော့မှသာ မစွာတို့က ယောက်ျားယူမှာတောင်ကျုပ်တို့မပြောဘူး ဖြစ်မနေနဲ့"

"ဟင်"

"ရှင်"

ဒေါ်မယ်မနှင့် ဒေါ်စိန်တိုးမှာ ဖွားစွာကြိုတင်မှန်းဆထားသည့်အတိုင်း မျက်လုံးများ ပြူးသွားကာ ပါးစပ်တွေ ဟောင်းလောင်းဖွင့်လျက် ဖွားစွာက အပြုံးနှင့် သူတို့နားမှာ

http://www.cherrythitsar.org



ခွာထွက်သွားသည်။

အရပ်ထဲမှာ ထိုသတင်းက ချက်ချင်းပြန့်သွားသည်။

"မိဗျိုင်း နင်ကြားလာတဲ့ သတင်းဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဖွားမယ်မ ကိုယ်တိုင်ပြောတာပဲ။ သူတို့ကို ဖွားစွာကကြောသွားတာတဲ့။ ဟင် အသက်ကြီးမှ ဘာစိတ်ကူး ရတယ် မသိဘူး"

"ဘာစိတ်ကူးရမှာလဲ၊ အိမ်ထောင်ပြုဖို့ စိတ်ကူးပေါ့ ဟ"

"ဒါတော့ တော်ပြောမှလား"

"ကြားပြီးပြီလား"

"ဖွားစွာနဲ့ ဘနဲ့ ယူကြမယ့် သတင်းလား"

"ဟင်းဟင်း ငါတော့ တွေးတွေးပြီး ရယ်ချင်တယ်"

"ဒါကောင်းတာပေါ့။ သတင်းတစ်ခုဟာ တွေးတွေးပြီး စိတ်မကောင်းဖြစ်ရမယ်။ ဒေါသဖြစ်ရမယ်ဆိုရင်သတင်း ဆိုးပဲ။ ခု ကြားတာနဲ့ ရယ်ချင်တယ်ဆိုတော့ မင်္ဂလာသတင်းပေါ့"

နေ့ရက်တွေ ပြောင်းလာသည်နှင့် ထိုသတင်းက ပို၍ ပြန့်လာရာ ညီညီနှင့် သန္တာတို့ထံသို့ပင် ပြန်ရောက်လာ တော့သတည်း။ ထိုအခါ ညီညီနှင့် သန္တာတို့မှာ -

"ဒုက္ခပဲ ဘယ်လိုလုပ်မလဲဟင် ဖွားကတော့ လှည့်ပြောနေပြီ"

"မောင်ကလည်း ဘယ်လိုလုပ်ရမှန်းမသိတော့ဘူး သန္တာ။ ဘကလည်း လှည့်ပြောနေတာ မြို့သစ်လာ ခဏ

အလုပ်လုပ်တဲ့ သန်းခေါင်စာရင်းထဲမပါတဲ့လူတွေပါ သိကုန်ပြီ”

“မသိလို့ မဖြစ်ဘူးမောင်။ အလိမ်ပေါ်သွားရင် သူတို့ ရှက်တာနဲ့ကို မောင်နဲ့သန္တာ လုံးဝ ဝေးရမှာ သေချာတယ်”

ညီညီက တွေဝေစဉ်စားနေပြီးမှ -

“တနည်းပဲ ရှိတော့တယ် သန္တာ”

“ပြောလေ”

××× ××× ×××

အဲဒီနည်းကတော့ ကျွန်တော်နဲ့ သန္တာထွက်ပြေးတဲ့ နည်းပါပဲ။ ကိုကို ဘတို့ကိစ္စကိုတော့ ကိုကိုပဲ ကြည်ဖြေ ရှင်း ပေးလိုက်ပါတော့ ကိုကို့မှာ ဉာဏ်နီဉာဏ်ဝါဉာဏ်ပြာ အကုန်ရှိ ပါတယ်။ ဒါပါပဲ။

*ယုံကြည်အားကိုးစွာဖြင့်*

*ညီညီ*

ကိုကိုက စာကိုဖတ်ပြီးသောအခါ ကိုယ့်ခေါင်းကိုယ် ငါးခါလောက် လက်သီးနှင့် ထုလိုက်မိသည်။ ထိုစဉ် ဘဝင် လာကာ -

“ကိုကို စိတ်ညစ်ရင် အဲဒီနေရာမထုနဲ့ ဟိုနေရာထု”

“ခြေမ . . . . . ခြေမ”

“ရော့ ဒီစာဖတ်ကြည့်ဦး။ ဖတ်ပြီးမှ ဘလည်း ကိုယ့် ဟာကိုယ် ဘယ်နားထုသင့်တယ်ဆိုတာ ဆုံးဖြတ်”

“ဘာစာလဲကွ”

http://www.cherrythitsar.org



ဘ,က စာကိုယူ၍ ဖတ်ကြည့်လိုက်ပြီး -

"ဟာဟာ ဘယ်လိုလုပ်မလဲ စဉ်စားပါဦးကွ။ ဒီပြဿနာကို မင်းရှင်းနိုင်မယ်လို့ ဂျူတီပေးသွားတာပဲ။

"ဖြေရှင်းဖို့ တစ်နည်းပဲရှိတယ်။

သူ့စာထဲက အလိုအရတော့ ဖွားစွာကလည်း သူတို့ ခလောက်ဆန်တာ မသိသေးဘူး။ ဒီတော့ ဖွားစွာကို ခိုးပြေးပေတော့"

"ဟေ"

"အဲသလို မှမပြေးရင်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြမလဲ"

"အင်း . . . . ."

"ပြေးမယ်ပေါ့"

"ပြေးမယ်"

"ပြေးမယ်ဆိုခုပြေးပေတော့၊ ဖွားစွာဈေးခြင်းတောင်းဆွဲပြီး ထွက်သွားတာ တွေ့တယ်။ ဘလိုက်ပြီး ကားတင်ပေရော့"

"ကားက"

"ဘ သူငယ်ချင်း ဦးစံဗျောဆီမှာ ရှိတယ်လေ"

"ကောင်းတယ်"

ဘ သည် ဦးစံဗျော အိမ်သို့ ချီတက်သွားပြီး။

"ကိုစံဗျော"

"ဗျာ"

”ခင်ဗျားကားယူပြီး ခဏလိုက်ခဲ့ဦး”

“ဘယ်တုန်း”

“လာပါ”

ဦးစံပျောမှာ ဘုမသိ ဘမသိနှင့် ဘနောက် လိုက်ခဲ့ရာ. . .

“ရပ် ဟိုရှေ့က ဖွားစွာဘေး ကပ်ရပ်”

“ဗျာ”

“ရပ်ပါဗျာ”

ကားရပ်သည်နှင့် ဘက ဖွားစွာကို ဆွဲတင်တော့သည်။ ဖွားစွာမှာ အံ့အားသင့်သွားပြီး

“ရှင် . . ရှင်”

“နောက်မှမေး လူတွေကြည့်နေတယ်။ မြန်မြန်တက်”

ကယောင်ကတန်းနှင့် ကားပေါ်တက်လိုက်သည်။

“မောင်း ကိုစံပျော”

ဦးစံပျောက ဂီယာထိုး၍ မောင်းထွက်လိုက်ရာ ကား မှာ ဂီယာမှားဝင်သွားသောကြောင့် နောက်ဆုတ်သွားရာ”

“နောက်မဆုတ်နဲ့ ကိုစံပျော”

ဘ အော်သံက တစ်လမ်းလုံး လွှမ်းသွားလေတော့သတည်း။ လမ်းဘေးဝဲယာမှ လူများက ဘတို့ကားကို ကြည့်၍ ပြုံးလျက်။

ကလျာမဂ္ဂဇင်း အောက်တိုဘာ ၊ ၁၉၉၉။

http://www.cherrythitsar.org



# တော်သေးရဲ့

မန္တလေးမြို့သစ်၏ အစွန်မှာ ခြံကျယ်ကြီးတစ်ခြံ ရှိသည်။ ခြံတွင်းဝယ် သစ်ပင်မျိုးစုံတို့ဖြင့် အုံ့ဆိုင်းလျက်ရှိ၏။ ထိုခြံကြီး၏ ပိုင်ရှင်မှာ ဖွားစွာဖြစ်ပြီး သူ့မြေးလေး ခိုင်ဝါနှင့်အတူ နေထိုင်ပါသည်။ အေးဆေးတည်ငြိမ်နေသော သူတို့၏ အခြေအနေလေးကို လှုပ်ခတ်သွားစေမည့် ပြဿနာက တစ်ရက်မှာ မမျှော်လင့်ပဲ ရောက်လာခဲ့လေပြီ။

"အလို ကိုတက်တူပါလား"

ဖွားစွာ၏ နှုတ်ဆက်သံကိုကြားလိုက်ရသောကြောင့် ခိုင်ဝါက လှမ်းကြည့်လိုက်ရာ ခြံတွင်းသို့ လျှောက်ဝင်လာသော အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။

"ဟုတ်ပါ့ လမ်းကြုံလို့ အလည်ဝင်လာတာလေ၊ ဒါနဲ့ ဟိုဟာလေးက"

"ကျုပ်မြေးလေး ခိုင်ခိုင်ဝါတဲ့"

"အို . . . ဒီအရွယ်တောင်ရှိနေပြီးကိုး၊ အင်း . . . . ဟန်ကျတာပဲ"

"ဘာများဟန်ကျတာလဲ ကိုတက်တူရဲ့"

ခိုင်ခိုင်ဝါ ဖွားစွာတို့ပြောစကားများကို နားထောင်ရင်း မည်သည့်အကြောင်းအရာသို့ ဦးတည်နေပြီကို သိလိုက်ပါပြီ။ ခိုင်ခိုင်ဝါထင်သည့်အတိုင်းပင် . . . .။

စိန်စိန်ဦး စာအုပ်တိုက်

"ကျုပ်တူနဲ့ ပေးစားလိုက်ကြစို့လား။ ဘယ်နှယ်လဲ"

"ဒါမျိုးဆိုတာ မစ,ကောင်းပါဘူး၊ သူဌေးမင်းရယ်"

"ကိုတက်တူပဲ ခေါ်ပါမစွာ"

"ကိုတက်တူ ဘဝမေ့မှာစိုးလို့ သူဌေးမင်းလို့ခေါ်ရတာ ပါရှင်"

"တျုပ်ချမ်းသာတာ မမေ့လို့မစွာရဲ့မြေးကို ကျုပ်တူနဲ့ ပေးစားချင်တာပေါ့ဗျာ။ ကျုပ်မှာက သားသမီးမရှိ။ ကျုပ်ရှိသမျှ လုပ်ငန်းတွေ ကျုပ်တူပဲ လွှဲထားရတာ။ ဟဲဟဲ ဖိတ်ချင်းဖိတ် ကိုယ့်အိပ်ထဲကိုယ် ဖိတ်စေချင်တယ်လေ။ မစွာတို့ ကျုပ်တို့က ဆွေမျိုးတွေလို နေခဲ့ကြတဲ့ တစ်ရွာတည်းသားတွေ ဆိုတော့ . ."

"ကိုတက်တူ တကယ်ပြောနေတာလား"

"ခုထိ မယုံသေးဘူးကိုး"

" ကျုပ်က အိပ်မက်များလားလို့"

"တကယ်ပါဗျာ ကျုပ်နိုင်ငံခြားသွားစရာ ကိစ္စလေး ရှိသေးတယ်။ နှစ်လ သုံးလ ကြာမယ်။ အဲဒီက ပြန်လာရင် စီစဉ်ကြမယ်လေ"

"ကောင်းပါပြီတဲ့ရှင်"

"ကဲ . . . . သွားပါဦးမယ်"

မမျှော်လင့်ဘဲ ဦးတက်တူနှင့် ဖွားစွာတို့သည် လူငယ်များ နောင်ရေးကို ဆွေးနွေးဖြစ်ခဲ့ပါလေပြီ။ ထိုအချိန်မှ

http://www.cherrythitsar.org



စ၍ စိတ်သောက ရောက်ရသူမှာ ခိုင်ခိုင်ဝါ။

"မိခိုင်ဝါ"

"ဖွား"

"တော် ကြားတယ်မဟုတ်လား"

" ဘာလဲ ဖွား"

" ဒီမယ် မသိချင်ဟန်ဆောင်မနေနဲ့ ကျုပ် အစီအစဉ်ကိုတော့ မဖျက်နိုင်ဘူး"

" အဟမ်း အဟမ်း ၊ အစီအစဉ်ကို မဖျက်ဘူးဆိုရင်လည်း စကားပြောကြရအောင်"

ဖွားစွာရော ခိုင်ခိုင်ဝါပါ အသံကြားရာသို့ လှည့်ကြည့်လိုက်သည်။ သူတို့နှင့် မနီးမဝေးတွင် ရပ်နေသော ဘကိုတွေ့လိုက်ရသည်။ ဖွားစွာက ဒေါသနှင့် . .

"တော်က ဘယ်ကလဲ ဘာလာရှုပ်တာလဲ"

" မင်းပဲရှုပ်စေချင်လို့ ဆိုင်းဘုတ်ချိတ်ထားတာ မဟုတ်ဘူးလားကွ။ အိမ်ငှားမည် ဆိုတာလေ"

"ဩော် . . . ဩော် . . . ဩော် . . ရှင်ကအိမ်ငှားချင်လို့ပေါ့ . . . "

" ဟုတ် - တယ် မင်းအိမ်က သစ်ပင်မျိုးစုံ စိမ်းစိမ်းစိုစိုနဲ့ ခြံထဲမှာ ဆောက်ထားလို့ ငှားချင်တာ။ ကျုပ်ကျန်းမာရေးအတွက်သုံးလလောက် အနားယူချင်လို့"

" ကျုပ်က အိမ်ကို ပိုင်းငှားမှာ။ဟိုဘက်တစ်ခြမ်း လူများ

http://www.cherrythitsar.org



လို့ မဖြစ်ဘူး”

“ကျူပ်တစ်ယောက်တည်း လာနေမှာပါ”

“လခကတော့ နည်းနည်းများတယ်နော်”

“ ပြောပါ”

“ တစ်လ ငါးထောင် ”

“ အင်း. . . ငါးထောင်ဆိုတော့ မဆိုးပါဘူး။ တစ်ခု တော့ပြောထားချင်တယ်”

“ဘာလဲ”

“ ကျူပ်မိတ်ဆွေလေး ဘာလေးတော့ အလည်လာတဲ့ အခါရှိမယ်နော်”

“ ရပါတယ်”

“ ကဲ . . ဒါဖြင့် သုံးလအတွက် တစ်ခါတည်း ပေးထားမယ်။ နက်ဖြန်မှ ပြောင်းလာမယ်။ ကျူပ်နေရမယ့် အခန်းကိုတော့ ရှင်းထားပေးပါ”

ဘက သူ့ပိုက်ဆံအိတ်ထဲမှသောင်းငါးထောင်ကို ထုတ် ပေးပြီး လှည့်ထွက်သွားသည်။

xxxxxxxxxxxxxxxxx

နောက်တစ်နေ့နံနက်တွင် ဘသည်အငှားကားတစ်စီး ဖြင့်ရောက်လာပါပြီ။ ဘနှင့်အတူလက်ဆွဲအိတ်တစ်လုံး၊ ခေါက်ခုတင်တစ်ခုနှင့် ဒန်းလော့မွေ့ယာတစ်ခုပါလာသည်။ ကားဆရာက ဘ၏ကုတင်နှင့်မွေ့ယာကို ဘနေရမည့်

http://www.cherrythitsar.org



အခန်းတွင်းပို့ပေးသည်။ ဖွားစွာနှင့်ခိုင်ခိုင်ဝါသည် အိမ်ရှေ့မှ ရပ်ကြည့်၍ အကဲခတ်နေကြသည်။ ဘသည် သူ့တိုက်ပုံအိပ်ထောင်ထဲမှ ပလပ်စတစ်ခေါက်ကို ထုတ်၍ လေမှုတ်လိုက်သည်။ ပလပ်စတစ်အိပ်က လေခေါင်းအုံး ဖြစ်သွားသည်။ ဘက ခေါင်းအုံးကိုကားဆရာ့ထံပစ်ပေး လိုက်ပြီးလက်ဆွဲအိတ်ထဲမှ တစ်ပေခွဲခန့်တုတ်ကို ထုတ်ကာ လှည့်ရစ်၍ ဆွဲဆန့်လိုက်သည်။ တုတ်တိုက တုတ်ရှည် ဖြစ်သွားသည်။ ဘက တုတ်ရှည်ထိပ်မှာ တစ်ဆစ်ချိုး လိုက်ပြီး တုတ်ကောက်ဖြစ်သွားမှ ဇော့ယမ်းကာသူ့အခန်းတွင်းသို့ ဝင်သွားသည်။ ခိုင်ခိုင်ဝါမှာ ဘ၏လှုပ်ရှားမှုများ ကိုကြည့်ပြီး ပြုံးမိသွားသည်။ ပျော်တတ်ပုံရသောဘကို သဘောကျသွား၍ ဖြစ်ပါသည်။ ဖွားစွာသည် ခိုင်ခိုင်ဝါကိုလှည့်ကာ မျက်စောင်းထိုးလိုက်ပြီး -

"တော်က ဘာကိစ္စ ပြုံးစိစိဖြစ်နေရတာလဲ"

"ဟို . . ဘကို သဘောကျလို့ ဘကြည့်ရတာခင်စရာကြီး"

" ဟင်း . . ဘာခင်ချင်စရာလဲ၊ သူ့မှာ အိုးခွက် ပန်းကန်ဘာတစ်ခုမှမပါဘူး။ အဲဒါတော် သတိထားမိရဲ့လား"

"ဘာဆိုင်လို့လဲ ဖွားရဲ့"

"ဘယ့်နှယ် မဆိုင်ရမှာလဲ တော်သူ့သွားခင်လိုက်တာနဲ့ ထမင်းစားချိန် အိမ်ထဲဝင်လာလို့ စားပါဦးလားဆိုရင် ဝင်စားမယ့်ပုံ နားလည်ရဲ့လား။ ကဲ . . လာ ချက်ရပြုတ်ရ

http://www.cherrythitsar.org



ဦးမယ်"

ဖွားစာက စကားအဆုံး အိမ်ထဲလှည့်ဝင်သွားသည်။ ခိုင်ခိုင်ဝါကလည်း နောက်မှ လိုက်သွားရသည်။ အိမ်ထဲသို့ဝင်မိသည်နှင့် သူတို့တွေ့လိုက်ရသည်က သူတို့အခန်းဘက်သို့ ဘ၏အခန်းဘက်မှ အိမ်မြှောင်၊ ပိုးဟပ်၊ ပင့်ကူ၊ ခြင်၊ ယင်၊ ကြွက် စသည့် အကောင်မျိုးစုံတို့ ဝင်ရောက် လာနေခြင်းဖြစ်ပါသည်။

" ဟင် "

ဖွားစွာ မျက်လုံးပြူးသွားသည်။

"ဟို အဘိုးကြီး ဘာတွေများ လုပ်လိုက်တယ်မသိဘူး"

ဖွားစွာနှင့် ခိုင်ခိုင်ဝါသည် ဘနေသည့်အခန်းဘက်သို့ ထရံပေါက်မှ ချောင်းကြည့်လိုက်သည်။ ဘသည် ပိုးသတ်ဆေးကို တရှူးရှူးနှင့် တစ်ခန်းလုံး လိုက်ပက်နေသည်။ ဖွားစွာက ထရံနားမှ ခွာလိုက်ပြီး -

" ဟင်း - ဒါကြောင့် နံနေတာ ဒီမယ် ဒီမယ်"

ဖွားစွာက လှမ်းအော်လိုက်သည်။

"ဝုတ်"

" ဝုတ် မနေနဲ့ နံစော်နေတာ ကျုပ်တို့ မခံနိုင်ဘူး။ တော်ရုံတန်ရုံဆို ထားပါတော့။ ဖျမ်းလိုက်တဲ့ ပိုးသတ်ဆေး စည်ပင်သာယာက တစ်မြို့လုံး ဖျမ်းသလောက်ရှိတယ်"

" သည်းခံ - သည်းခံ မကြာခင် ပြေလည်အောင်

http://www.cherrythitsar.org



လုပ်ပေးမယ်”

ဘ၏ အခန်းဘက်မှ တရှီးရှီးအသံများ ကြားရပြန်သည်။ ဖွားစွာနှင့် ခိုင်ခိုင်ဝါသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မသိမသာအနံ့ခံနေမိသည်။ အမွှေးနံ့ကရလာသည်။ ဖွားစွာနှင့် ခိုင်ခိုင်ဝါတို့သည် ဘ၏ အခန်းဘက်သို့ချောင်းကြည့်လိုက်ပြန်သည်။

“စိတ်ကူးထဲမှာတောင်မွှေး. . ပါးလေးနားတိုးကာ နမ်းချင် . . ဆွတ်ထားတဲ့ရေမွှေးအမည် ရွှေ . . ရွှေပြည်နန်းတဲ့ရှင်. . အားရိုး. . အားရေ သင်းပြန့်တစ်နေ့လုံးမွှေးလို့နေ. . အားရေ . . အားရို့ . .”

ဖွားစွာနှင့်ခိုင်ခိုင်ဝါမှာ ထရံပေါက်မှ ချောင်းကြည့်နေရာမှ အကြည့်ခွာကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသည်။

“ရွှေပြည်နန်း အော်ဒီကလုံး. . အမြဲသုံးပါ အကောင်းဆုံးပဲပေါ့ကွာ။ ဟော့ ဟိုဘက်အခန်းက အားရို့ အားရေလို့အော်ကြပါလား”

ခိုင်ခိုင်ဝါက ပြုံးလိုက်မိပြန်သည်။ ဖွားစွာက မျက်စောင်းထိုးပြန်သည်။

ဘသည် အခန်းတံခါးကို ပိတ်၍ထွက်လာသည်နှင့် တစ်ဖက်ခြံမှ အဘိုးကြီးနှစ်ယောက်က ရပ်စောင့်ကြည့်နေသည်ကို မြင်လိုက်၍ ဘ ကပြုံးပြလိုက်သည်။

http://www.cherrythitsar.org



" ကျူပ်နာမည်က စံပျော၊ သူက ပေတလူတဲ့ဗျ၊ ခင်ဗျားက . . "

"ဘ"

"တစ်ယောက်တည်းလား"

"တစ်ယောက်တည်း လွတ်လွတ်လပ်လပ်အနားယူချင်လို့ သားသမီးတွေမြေးတွေနဲ့ ခဏခွာလာတာ"

"စားရေးသောက်ရေးကျတော့"

" မစီစဉ်ရသေးဘူး"

"မပူနဲ့"

"ခင်ဗျားက ကျွေးမှာလား"

"ဟင့်အင်း . . သူကျွေးလိမ့်မယ်။ စံပြက ပေတလူထမင်းဆိုင်" ဆိုတာ သူ့ဆိုင်ပဲ

သို့ဖြင့် ဘ၏ စားသောက်ရေးအတွက်လည်း အဆင်ပြေသွားပါလေပြီ။ ဦးပေတလူ၊ ဦးစံပျော နှင့် ဘ တို့မှာ ပျော်ပျော်နေတတ်သော စရိုက်တူများ ဖြစ်၍ နာရီဝက်ခန့် စကားပြောမိသည်နှင့် ငယ်ပေါင်းများနှယ် ဖြစ်သွားသည်။

"စံပြ နဲ့ ဒီနေရာက သိပ်မဝေးဘူး"

ဦးစံပျောက လမ်းလျှောက်နေရင်းမှ ပြောလိုက်ခြင်းဖြစ်သည်။ ဘက -

"ဒီအတိုင်းဆို ပူးမားကို အော်ဒါလုပ်ထားတာ ဖုန်းဆက်ပြီး ပြန်ပိတ်ရဦးမယ်။ စင်းလုံးငှား ဟယ်လီကော်

http://www.cherrythitsar.org



ပတာလေ၊ ထမင်းစားသွားချိန် သုံးဖို့မှာထားတာ”

ဦးစံဗျော၁နှင့်ဦးပေတလူက ဘကိုသေသေချာချာ ကြည့်လိုက်သည်။ ဘ က မျက်ခုံးပင့်ပြလိုက်၏။

“ပေတလူ ထမင်းဆိုင်”

“အဲဒီဆိုင်ပဲ ကျုပ်လည်း သူ့ဆိုင်မှာ စားတာပဲ”

“ဟုတ်လား”

ဘ နှင့် ဦးစံဗျောမှာ ခြံချင်းကပ်နေ၍ သွားဖော်လာဖက်ပါ ဖြစ်သွားပါလေပြီ။ ဦးစံဗျောကလည်း တစ်ကိုယ်တည်းနေသူ၊ သူကသာ ပျော်ပျော်နေတတ်သောကြောင့်။ သူ့ဇနီးက ရိပ်သာမှာ။ သားသမီးတွေက အိမ်ထောင်ခွဲတွေ။ ထမင်းဆိုင်ကို ဦးစီးသူက ဦးပေတလူ၏ သမီးနှင့် သားမက် ဖြစ်သည်။ ဦးပေတလူကလည်း သူတို့နှင့် အတူတူ လာစားသည်။

“ဘယ့်နှယ်လဲ”

“အစားအသောက်တွေက မဆိုးပါဘူး။ ရေ-ရေပဲ နည်းနည်းပြောစရာရှိတယ်”

“သောက်ရေသန့်လေ ရေက ဘာဖြစ်လို့လဲ”

“သွားကြားညှပ်တယ်ကွ”

“အင်”

“ရေကို မင်းတို့နည်းနည်းထောင်းထားဖို့ ကောင်းတယ်”

ဘ ၏စကားကြောင့် ဦးပေတလူ၏ သားသမီးများက

http://www.cherrythitsar.org



ပြုံးကြသည်။ စားသောက်ပြီးပြန်တော့လည်း သူတို့ သုံးယောက်ကအတူတူ။

"အာလာပ သလ္လာပ ပြောရအောင် ခင်ဗျားဆီလိုက်ခဲ့ဦးမှပဲ"

"လိုက်ခဲ့လေ ကောင်းတာပေါ့"

ဖွားစွာမှာ အဘိုးကြီးသုံးယောက်အတူတူဝင်လာသည်ကိုမြင်လိုက်ရသည်နှင့် မျက်လုံးပြူးသွားမိသည်။

"ဒုက္ခပဲ တစ်ယောက်တည်းဆိုလို့ လက်ခံလိုက်မိတာ ဒီအရပ်ခံနှစ်ယောက်နဲ့ ဘယ်အချိန်က ပေါင်းမိသွားတယ် မသိဘူး"

"ဟီ ဟီ"

"ညည်းက ဘာရယ်တာလဲ"

"ဖွားတော့ အရွေးရခက်ပြီ"

"တယ် ဒီကောင်မလေး"

ဖွားစွာက ခိုင်ခိုင်ဝါ၏ ခေါင်းကို ခေါက်လိုက်သော်လည်း မမီလိုက်ပါချေ။

"ကျုပ်တို့ ခင်ဗျားတို့လို လူကြီးတွေအတွက် ကျန်းမာရေးကောင်းဖို့ ဘာလိုအပ်သလဲ သိလား"

"ကျော်ဟိန်းက ပြောတော့ ပရိုဗီမင်လို့ ဆိုတာပဲ"

"ဆေးဝယ်သောက်ရတာက ဆေးအားပြုပြီး ကျန်းမာ

http://www.cherrythitsar.org



မှာ ကျုပ်မှာ ကိုယ့်အားကိုယ့်ကိုး ကျန်းမာရေးနည်းလမ်း ရှိတယ်”

“ဘာလဲ လမ်းလျှောက်တာလား။ ကြိုးခုန်တာလား။ ကရာတေးကစားမှာလား”

“မဟုတ်ပါဘူး ၊ က တာဗျ”

ဦးစံပျော၏ စကားကြောင့် ဘက ဝမ်းသာအားရ ထောက်ခံလိုက်သည်။

“တူလိုက်လေဗျာ ကျုပ်ကလည်း ရောက်လေရာမှာ ကက်ဆက်ဖွင့်ပြီး က တာဗျာ။ အဖော်လေးနဲ့ဆိုတော့ ပိုပြီး စိုပြေတာပေါ့”

“ ကဲ . . . ဒါဖြင့် ညနေ ထမင်းမစားခင်လေး ဆုံလိုက်ကြသေးတာပေါ့”

“ဦးကြူမိသားစုပါပဲဗျာ”

“ဘာလဲ”

“အိုကေ. . နော်၊ အိုကေ. . . လေ”

××× ××× ×××

သာယာလှပသော ဆည်းဆာချိန်မှာ မြူးကြွသော ဂီတသံက ရုတ်တရက် ပေါ်ထွက်လာပါသည်။

ဒိုး ချပ် ××× ဒိုးဒိုး ချပ် . . .

ဒိုး ချပ် ××× ဒိုးဒိုး ချပ် . . .

ဒိုး ချပ် ××× ဒိုးဒိုး ချပ် . . .

http://www.cherrythitsar.org



အားယားမေ့ ဒစ္စကို . . . ဒန့်ဇာ. .

ဖွားစွာမျက်လုံးက ပြူးကျယ်သွားသည်။

"ဟဲ့ ဘယ်သူတွေတုန်း ထွက်ကြည့်စမ်း"

ခိုင်ခိုင်ဝါက ရှေ့ထွက်ကြည့်ပြီး ပြုံးနေသည်။

"ဟဲ့. . ဘယ်သူတွေတုန်း"

ခိုင်ဝါဆီမှ အဖြေက ပြန်မလာ။ဖွားစွာက ထလိုက်သွားပြီး ကြည့်လိုက်သည်။

"ဟင်"

ဖွားစွာ အံ့အားသင့်သွားသည်။ ဘ၊ ဦးစံဗျော နှင့် ဦးပေတလူတို့သည် အေရိုးဗစ်နှင့် ဦးမင်းကျော် ပေါင်းစပ်ထားသောအကတို့ကို လွတ်လပ်စွာ ကလျက်ရှိပါသည်။

"အားယားမေ့ ဒစ္စကို ဒန့်ဇာ. ."

"ရဟူး. ."

ဖွားစွာမှာ မျက်ခုံးနှစ်ဖက် တွန့်တက်သွားပြီး

"ဟင်း ဟင်း ဒီလိုသောင်းကျန်းနေလို့ ဘယ်ဖြစ်မလဲ"

ဘ တို့ ကနေသည့် နေရာသို့ လျှောက်သွားကာ ကက်ဆက်ခလုတ်ကို ပိတ်လိုက်သည်။ ဘတို့မှာ ကနေရာမှ ရပ်လိုက်ပြီး -

" ဟ . ဘယ်လိုလုပ်တာလဲဟ"

"ကက်ဆက်ပိတ်လိုက်တာလေ။ တော်တို့ ဘာလုပ်နေတယ်ဆိုတာလဲ ပြန်စဉ်းစားပါဦး"

http://www.cherrythitsar.org



"က,နေကြွတာလေ ကိုယ်လက်လှုပ်ရှား ကျန်းမာရေး အားကစား"

"ကျုပ် ဒီလို ရှုပ်ရှုပ်ရှက်ရှက်တွေ မကြိုက်ဘူး"

"မင်းမကြိုက်ပေမယ့် ငါတို့က ကြိုက်တယ်လေ"

ဘက ခါးထောက်၍ ပြန်အော်လိုက်သည်

"မှန်၏"

ဦးပေတလူက ထောက်ခံသည်။

"ဟုတ်တယ် အလွန်ကို ဟုတ်တာ"

ဦးစံဗျောကလည်းဝင်၍ သဘောတူသည်။

"ဟွန်း. . ထားမိတာ မှားတာပဲ"

ဖွားစွာက မကျေနပ်စကားဆိုသည်။ ဘ, က

"စကားများများ မပြောပါနဲ့။ ကျုပ် ကို မထားချင်ရင် ကျုပ်ပေးထားတဲ့ ငွေနှစ်ဆ ပြန်အမ်းလိုက်ပါ။ ကျုပ် ပေတလူရဲ့ တိုက်ပြောင်းနေလိုက်မယ်"

"အင်"

ဖွားစွာမှာ ဘာဆက်ပြောရမည်မသိဖြစ်သွားကာ အောင့်သက်သက်နှင့် လှည့်ပြန်ခဲ့ရလေသည်။

ဒုံး ချပ် ××× ဒုံးဒုံး ချပ် . . .

ဒုံး ချပ် ××× ဒုံးဒုံး ချပ် . . .

ကက်ဆက်မှ တီးလုံးက လျောင်ပြောင်နေသလို။ ထိုအချိန်မှစ၍ ဖွားစွာသည် ဘကို လုံးဝကြည့်မရတော့ပါ။

http://www.cherrythitsar.org



ဘ ပြောဆို လှုပ်ရှား လုပ်ကိုင်နေသမျှ သူ့အား မထိတထိ အမူအယာဖြင့် ကလိနေသည်ချည်း ထင်နေတော့သည်။ သို့ဖြင့် ဆယ်ရက်ခန့်အကြာမှာ. .

"တီ . . တီ"

ခြံတွင်းသို့ မာစီဒီးကားကြီးတစ်စီး က လိမ့်ဝင်လာသည်။ အိမ်ရှေ့မှာ ရှိနေသော ခိုင်ခိုင်ဝါ၏ အနီးတွင် ရပ်သွားကာ -

"ဒီမှာ အဘိုးကြီးတစ်ယောက်များ အိမ်ငှားနေပါသလား"

"နေတယ်ရှင့် 'ဘ'တဲ့ "

"ဟုတ်ကဲ့ အဲဒါ ကျွန်တော့် အဘိုးပါ။ တွေ့ချင်လို့"

ခိုင်ခိုင်ဝါ နှင့် ကိုကို စကားပြောနေစဉ်မှာ . .

"ဟဲ့ . ဘယ်သူနဲ့ စကားပြောနေတာလဲ"

ဖွားစွာက အနီးသို့ ရောက်လာပြီး-

"မင်းက ဘယ်သူလဲ၊ ဘယ်ကလဲ"

ခိုင်ဝါက -

"ဘ ဆီကို လာတဲ့ ဧည့်သည်ပါ။ ဘရဲ့မြေးတဲ့"

"ဒီမှာ ဘဆီလာတာဆို ဘဆီကြွ။ ဒီနေရာမှာ မီးပွိုင့်မရှိဘူး။ ရပ်နေဖို့ မလိုဘူး။ ဆက်မောင်းပါ။ ဟိုဘက်ခန်းမှာ အဲဒီအဘိုးကြီးရှိတယ်"

" ဟုတ်ကဲ့. . . . ဟုတ်ကဲ့"

http://www.cherrythitsar.org



ကိုကိုက ကားကို ဆက်လှိမ့်လိုက်သည်။ ခိုင်ခိုင်ဝါ ကဖွားစွာဘက် လှည့်ကာ. . ”

“ဖွားပြောပုံက အားနာစရာကောင်းလိုက်တာ”

“အလိုတော် ကျုပ်က ဆဲလွှတ်တာမှ မဟုတ်ဘဲ ပြောစမ်းပါဦး တော်က ဘာကိစ္စ အားနာရတာလဲ၊ ဟင်း ဟင်း. . . ”

“အို့”

ဖွားစွာက စကားအဆုံးတွင် ခိုင်ခိုင်ဝါ၏ ခါးကို ဆွဲလိမ်လိုက်လေသည်။

“ ဒါပဲ ရီးတီးရားတား မလုပ်နဲ့။ လာ . . ဝင် . . အိမ်ထဲ”

××× ××× ×××

“ဟား ဟား ဟား ဟား . . ငါနဲ့က ရောက်တဲ့နေ့ ကတည်းက အဲသလို ဖြစ်ထားတာကွ။ ငါကလည်း ငါပဲ။ ရောက်တဲ့နေ့မှာ ကိုယ့်အိမ်လို သဘောထားပြီး နေလိုက်မိ တာကွ။ ဘာလဲ မင်းတော်တော် လန့်သွားသလား”

“ လန့်တာပေါ့ ”

“ ဟဲဟဲ . . သူကသာ လန့်စရာပါကွာ၊ သူ့မြေးလေး ကတော့ ချစ်စရာလေး ဟုတ်တယ် မဟုတ်လား”

ကိုကို က ပြုံးလိုက်ပြီး-

"ဟုတ်တယ် ဘ ရဲ့၊ ကျွန်တော်ကို ဘဆီ ခဏ ခဏ လာရမလို ဖြစ်နေပြီ"

"ခွေးကောင်လေး၊ ဘိုးဇော်ထက် ချစ်ရမယ့်ဟာ တွေ့သွားပြီ"

သို့ဖြင့် . . နောက်ရက်များမှာ ကိုကိုသည် ဘထံသို့ မကြာခဏ ရောက်ဖြစ်ပါတော့သည်။ ကိုကို့ကို ခိုင်ခိုင်ဝါကလည်းစိတ်ဝင်စားမိသည်။ ထို့အတူ ဖွားစွာကလည်း စိတ်ဝင်စားပါသည်။ ကိုကိုကတန်ဖိုးကြီးသော ကားကြီးသုံးလေးမျိုးကို အလဲလဲပြောင်းစီး၍လာနေသောကြောင့် ဖြစ်ပါသည်။

"ဒါလောက် အဖိုးတန်ကားကြီးတွေ အမျိုးမျိုးပြောင်းစီးနေမှတော့ ဒရိုင်ဘာဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ဝပ်ရှော့ဆရာဖြစ်ရမယ်။ မဖြစ်ဘူး မိခိုင်ဝါကို သတိပေးထားမှ။ အဲ . . အဲ မိခိုင်ဝါ ဘယ်ရောက်နေပါလိမ့်"

ထိုအချိန် ခိုင်ဝါမှာခြံထောင့်ခုံတန်းပေါ်သို့ ရောက်နေပါပြီ။ ခိုင်ဝါ၏ဘေးမှာ ကိုကိုရှိပါသည်။

"ကျွန်တော်နဲ့ ခိုင်ဝါ ငယ်ငယ်လေးထဲက အတူနေခဲ့ရတာဆိုရင် သိပ်ကောင်းမှာပဲ"

"ဘာလို့"

"ချစ်ရေးဆိုရတာ အားရှိတာပေ့ါ။ ခိုင်ဝါ့ကို ကို ငယ်ငယ်လေးကတည်းက ချစ်နေတာပါဆိုပြီးတော့ . . "

http://www.cherrythitsar.org



"သိပ်စကားတတ်တာပဲ"

"ခိုင်ဝါ နဲ့တွေ့မှပါ"

"ယုံရမှာလား"

"ဒါ ပထမဆုံး ပြောဖူးတဲ့ ရည်စားစကားပါ"

"တကယ်"

"အဟုတ် ကို့မှာ ချစ်သူဆိုလို့ မူးလို့မှ ရှူစရာတောင် မရှိပါဘူးကွာ"

"သွားနားရှက်စရာတွေ သိပ်ပြောတာပဲ"

"ခုတောင် မူးလာသလိုလိုပဲ"

ခိုင်ခိုင်ဝါ နှင့် ကိုကိုတို့၏ ချစ်ပုံပြင်ကို ဖွားစွာ မသိသေးပါလေ။

ဒုတိယလသို့ ရောက်ချိန်မှာမူ ဖွားစွာ ရိပ်မိစပြုလေပြီ။ ထိုအချိန် ဘက လည်း

"နောက်ထပ် သုံးလလောက် ထပ်ငှားလို့ရမလား"

"မရဘူး"

"လခတိုးပေးဆို ပေးပါ့မယ်"

"တစ်သိန်းပေးပေး"

"ကျုပ် ဒီမှာနေရတာ စိတ်ချမ်းသာလို့ပါ"

"ကျုပ်က တော့်ထားရတာ စိတ်မချမ်းသာဘူး"

ဘက စိတ်ပျက်ဟန်ဖြင့် သူ့အခန်းဘက်သို့ လှည့်ထွက်သွားသည်။ ဖွားစွာက ခိုင်ဝါကို သူ့မြေးပိုးနေတာ မရသေး

http://www.cherrythitsar.org



၍ထပ်ငှားခြင်းဖြစ်ရမည်ဟု တွေး၍နည်းနည်းစိတ်အေး သွားသည်။

"နက်ဖြန်ဆို နှစ်လပြည့်ပြီ၊ သုံးလဆိုဝင်ရှုံ့ကျွတ်ပြီ"

××× ××× ×××

နေမင်းသည် ရှမ်းရိုးမတောင်တန်းတစ်ဘက်မှ ထွက် ပြူလာပါပြီ။ နေမင်း၏အလင်းရောင်ကြောင့် မြို့သစ်သူ မြို့သစ်သားတို့သည်လည်း နိုးထကြပါပြီ။သာယာသော နံနက်ခင်းမှာစိတ်သောကရောက်ရသူကဖွားစွာ။ အေးချမ်း သောအာရုံဦးမှာ ခေါင်းမီးတောက်သွားပါပြီ။ ခိုင်ခိုင်ဝါ ရေးထားခဲ့သော စာတစ်စောင်ကြောင့်ဖြစ်ပါ၏။

ဖွားစွာသည် စာရွက်လုံးချေပစ်လိုက်သည်။ ဘ၏ ပရိယာယ်ကိုလည်း သဘောပေါက်သွားသည်။ ခိုင်ဝါကို အာရုံမစိုက်မိစေရန် သူ့ထံမှာ အိမ်ကို သုံးလထပ်ငှားခြင်း ပေကိုး။ တွေ့မယ် တွေ့မယ်။ အသက်ကြီးပြီး ကလေးတွေ ကြားမှာ ဝင်ဒါရိုက်တာလုပ်ချင်တဲ့ အဘိုးကြီး။ ဖွားစွာ သည် အကျီလက်ကို လက်မောင်းရင်း ရောက်အောင်ပင့်ပြီး တစ်ဖက်ခန်းသို့ ကူးသွားသည်။

"ဟင်"

တံခါးဝတွင် ဘရေးထားခဲ့သော စာကိုတွေ့လိုက် ရသည်။

http://www.cherrythitsar.org



"တာ့တာ့"

တဲ့။ ဖွားစွာ၏ရင်မှာ တလှပ်လှပ်တုန်လာသည်။ မျက်စိများ ပြာဝေလာသည်။ ထိုစဉ် ခြံဝမှာ ကားတစ်စီး ရပ်လိုက်သည်ကိုတွေ့ရပြီး ကားပေါ်မှ လူတစ်ယောက် ခြံတွင်းသို့လျှောက်ဝင်လာသည်။ ဖွားစွာက သေသေချာချာ ကြည့်နေပြီးမှ -

"ဟင်.. ကိုတက်တူ"

"ဟုတ်ပ့ါဗျာ ကလေးတွေကိစ္စ ပြောရအောင်လာတာ"

"ဒုက္ခပါပဲရှင် ကျွန်မဘာယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ ကျွန်မ မြေးသိပ်မိုက်တယ်ရှင်"

"မရှိတော့ဘူးဆိုပါတော့ အင်း..အဲလိုဆို ကျုပ် တွေ့လာတာ ခင်ဗျားမြေးဖြစ်ဖို့သေချာသွားပြီ"

"ဟင်..ရှင်..ရှင် .. ဘယ်မှာတွေ့ခဲ့တာလဲ"

"ကဲ - ကဲ ကျုပ်နဲ့လိုက်ခဲ့ပေတော့ ကျုပ်ကလည်း တစ်ခါပဲ မြင်ဘူးတာဆိုတော့ ဟုတ်မဟုတ် မသေချာလို့"

ဖွားစွာသည် ကပျာကယာ အိမ်တံခါးကို သော့ခတ်ပြီး ဦးတက်တူနှင့်လိုက်ခဲ့သည်။ ဦးတက်တူ၏ကားလေးသည် ကျယ်ဝန်းသော ခြံကြီးတစ်ခုအတွင်းသို့ မောင်းဝင်သွားပြီး ကြီးမားသော တိုက်ကြီးရှေ့မှာ ရပ်လိုက်သည်။

"ဆင်းပါဦး မစွာ"

ဖွားစွာက ကားပေါ်မှ ဆင်းကာ ဦးတက်တူ၏နောက်

http://www.cherrythitsar.org



မှလိုက်သွားသည်။ တိုက်ကြီးအတွင်းသို့ရောက်သောအခါ ဧည့်ခန်းမှာ ထိုင်နေသော ဘ၊ ကိုကို နှင့် ခိုင်ခိုင်ဝါ တို့ကို တွေ့လိုက်ရာ . . .

"ဟင် . . နင် . . . နင် . . "

ဖွားစွာသည် အင်္ကျီလက်ကို ပင့်ကာ ခိုင်ခိုင်ဝါ၏ အနားသို့ကပ်သွားသည်။ ဘက ထရပ်ကာ -

"စိတ်ထိန်းပါ မစွာ တက်တူက ငါ့သားမက်ရဲ့ အကိုကြီး ပါ။ ကိုကိုက တက်တူရဲ့ တူပါ မစွာ"

ဖွားစွာက ဦးတက်တူကို လှည့်ကြည့်လိုက်သည်။

ကလျာမဂ္ဂဇင်း နိုဝင်ဘာ၊၁၉၉၉။

http://www.cherrythitsar.org



# ဒီဇင်ဘာအချစ်ပုံပြင်

ဒီဇင်ဘာနံနက် မြို့သစ်မှာ နှင်းများက ပိန်းပိတ်အောင် ကျနေသည်။ နှင်းများကြားမှာ ဘ၏တေးသံကို ကြားရသည် ကလည်း ဆောင်းနှင်းနှယ် အေးမြနေပါသည်။

"ဆောင်းရယ် . . . နှင်းရယ် . . . ကိုယ့်ချစ်သူရယ် အတူ တူပါပဲကွယ်။ ဟီးဟီး . . .၊ စောစောအိပ်လို့ စောစောထလို့ တာဝေးအပြေးသမားလောကလူသား"

ဘမှာစိတ်ကူးတည့်ရာအော်ဟစ်သီဆိုရင်း လျှောက်လာရာမှ -

"ဟေး . . . . သာဝတို့၊ ပေတလူတို့၊ စံဗျောတို့ မထကြသေးဘူးလား"

"ထနေပါပြီကွ"

ဦးစံဗျောတို့အဖွဲ့က လမ်းသွယ်ထဲမှ ထွက်လာကြသည်။ဘတို့သည် ၆၂လမ်းအတိုင်း သိပ္ပံလမ်းဆုံထိလျှောက်ကြမည်။ သိပ္ပံလမ်းဆုံရောက်လျှင် ၆၆ လမ်းဘက် မှ လှည့်ကာပြန်ကြမည်။ ဈေးထိပ်ရောက်လျှင် လက်ဖက်ရည်သောက်မည်။ မနော်ဟရီလမ်းဆုံရောက်လျှင် ဆန်ခေါက်ဆွဲသက်သတ်လွတ်စားကြမည်။

၆၂ လမ်းထိပ်မှ အကြော်သည် ဒေါ်ဘုမသည် ဘတို့အဖွဲ့ကို ကြည့်ကာ ပီတိဖြစ်နေသည်။

http://www.cherrythitsar.org



"အဘိုးကြီးတွေကြည့်ရတာ စိတ်ချမ်းသာစရာကောင်းတယ်နော်။ အမြဲပျော်နေတာပဲ"

"နောက်မှ ပျော်နေ၊ အကြော်တွေ တူးကုန်ဦးမယ် ဆယ်ဦး"

"မတူးပါဘူး ဖွားရဲ့"

ဒေါ်ဘုမက အကြော်များကို ဆယ်ပြီး ဖွားမယ်မ၏ ခြင်းထဲထည့်ပေးလိုက်သည်။ ဖွားမယ်မသည် ကောက်ညှင်းပေါင်း နှင့်အကြော်များထည့်ထားသော လက်ဆွဲခြင်းလေးကို တံတားအုတ်ခုံပေါ်တင်ကာ ဒေါ်ဘုမအား အကြော် ဖိုးပေးရန် ပိုက်ဆံကို နှိုက်နေစဉ် . . . .

လမ်းလျှောက်ထွက်လာသော ဘ၏ ချိုင်းကြားမှ တုတ်ကောက်က လမ်းဘေးအုတ်ခုံပေါ်မှ ဖွားမယ်မ၏ အကြော်ခြင်းကို အံကျချိတ်ဆွဲယူလာသလို ဖြစ်သွားသည်။

"ဟိုက် . . . ငါ့တုတ်ကောက် လေးသွားသလိုလိုပဲ"

ဘက တုတ်ကောက်ကို ရှေ့ဘက်သို့ ယူလိုက်သည်။ အကြော်ခြင်းမှာ ကရိန်းမှကုန်သေတ္တာအား ဆွဲယူလာသည့်နှယ် ဘ ရှေ့သို့ ပါလာသည်။ ဘဘေးမှယှဉ်၍လျှောက်လာသော ဦးသာဝက . . . .

"ဟေး . . . စံပျော၊ ဒီမယ် ဘက တို့မသိအောင် အကြော်နဲ့ကောက်ညှင်းပေါင်း ဝယ်လာတယ်ကွ"

"နေဦးလေ - နေဦး၊ ငါပြောဦးမယ်"

http://www.cherrythitsar.org



"ပြောမနေနဲ့ စံပျော၊ ပေတလူ စားဟ မြန်မြန်။ ဒါမျိုးက အေးသွားရင်ကောင်းတာမဟုတ်ဘူး။လက်နှေးရင်ခံရမယ် နော်"

ဦးပေတလူကလည်းဝင်နှိုက်သည်။ ကောက်ညှင်းပေါင်းနှင့်အကြော်များမှာ မျက်စိရှေ့မှာတင် ပျောက်ခြင်း မလှပျောက်သွားတော့သည်။ ဖွားမယ်မသည် ပိုက်ဆံပေးပြီး၍လက်ဆွဲခြင်းကို လှည့်ကြည့် လိုက်ရာ လက်ဆွဲခြင်းမှာ အဘိုးကြီးတစ်သိုက် လက်ရောက်နေပြီကို တွေ့လိုက်ရသောကြောင့် -

"ဟင် . . . "

"ဟင်း ဟင်း . . . . တွေ့ကြသေးတာပေါ့"

ဖွားမယ်မက ဒေါသနှင့် အဘိုးကြီးများအနီးသို့ ကပ်သွား ပြီး -

"ဒီမယ် - ဒီမယ်"

ဦးပေတလူ၏ ခါးကို လက်တို့လိုက်သည်။ ဦးပေတလူက -

"ခဏနေပါဦး၊ ဒါလေး လက်စသတ်လိုက်ပါဦးမယ်"

ဖွားမယ်မက -

"တော်တို့ ဒါလောက် ငတ်နေရသလား ဟင် . . . . "

ဖွားမယ်မ၏အမေးကို ဦးစံပျောက ဝင်ဖြေလိုက်သည်။

"မငတ်ပါဘူးကွာ၊ ပူပူနွေးနွေးဆိုတော့ စားကောင်းလို့ပါ"

http://www.cherrythitsar.org



ဖွားမယ်မက ဦးစံဗျောလက်မှာရောက်နေသော လက်ဆွဲခြင်းကို လှမ်းဆွဲရင်း -

"ခု ကျူပ်ကိုပေးပါ"

"ဟာ .... မင်းက ကုန်မှ လာတောင်းနေတယ်"

"ဟုတ်ပ့ါ စားချင်ရင် စောစောကပြောရောပေါ့"

"တော် - တိတ်"

ဖွားမယ်မက သံကုန်ဟစ်လိုက်ပြီး -

"ကျူပ်မုန့်တွေလည်း ယူစားသေးတယ်။ ကျူပ်ကို လည်း စော်ကားသေးတယ်"

"ဟော"

"ဟင်"

"ဘယ်လို"

ဦးသာဝ၊ ဦးစံဗျော၊ ဦးပေတလူတို့မှ အံ့အားသင့်စကားက သံပြိုင်ထွက်လာသည်။ ဦးသာဝက ဘဘက်သို့ လှည့်ကာ -

"ဘ - ဒါခင်ဗျားယူလာတာမဟုတ်ဘူးလား"

"ဟုတ်ဘူး၊ တုတ်ကောက်မှာ ချိတ်ပါလာတာကွ"

"ဟာ ... ခင်ဗျား ရှင်းအောင်ပြောဖို့ ကောင်းပါတယ်"

"ပြောဖို့မှ အချိန်မရလိုက်တာ"

ဖွားမယ်မမှာ ဘတို့အဖွဲ့၏ အမူအယာများကို ကြည့်

http://www.cherrythitsar.org



ကာ-

"အသက်ကြီးပြီး အချိန်မစီးတဲ့ဟာတွေ"

"ပိန်တာကိုးကွ"

ဖွားမယ်မက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ကာ

"ဟင်း ဟင်း"

"ဒီမယ် ဒါလောက်ဒေါသဖြစ်မနေနဲ့ မင်းအကြော်ဖိုး ပြန်လျော်ပေးမယ်"

"ဟုတ်တယ်"

"လျော်မယ်"

"ကဲ . . . . လျော်မယ်ဆိုရင် ပေး"

ဘ က -

"စံပျော မင်းဆီပါသလား"

"ဟင့်အင်း သာဝဆီ မေးကြည့်"

"ငါ့ဆီလည်း လက်ဖက်ရည်ဖိုးပဲပါတာ အပိုမပါဘူး"

ဘက ဖွားမယ်မနှင့် မျက်နှာချင်းဆိုင် လိုက်ကာ -

"အားလုံး နိုးမားနီးပဲ ခြင်းပဲ ပြန်ယူနှင့် နေ့လည် ကျတော့ မင်းအိမ်လာပေးမယ်"

"အိမ်မဟုတ်ဘူး တိုက်၊ တိုက်"

ဖွားမယ်မက ဒေါသတကြီးနှင့်အော်ပြီး ဆောင့်အောင့် ယူလိုက်သည်။

ညှော်ခန်းဝယ် ဘမှာ တဟားဟားနှင့် သဘောကျနေ

သည်။ ကိုကိုက ဘကို သေသေချာချာကြည့်လိုက်ပြီး -

"ဘကတော့ ပြဿနာမရှိ ပြဿနာရှာတတ်တယ်"

"တမင်သက်သက်လုပ်တာမဟုတ်ပါဘူးကွာ၊ တုတ်ကောက်မှာ ချိတ်ပါလာတာပါ။ တကယ်မတော်တဆပါ"

"မယုံဘူး"

"မြေးအဖိုးချင်း အလကားလိမ်ပါ့မလားကွ၊ ကဲပါ သွားဒီပိုက်ဆံငါးဆယ်သွားပို့ချည်"

"ဟာ. . . ကျွန်တော် မသွားချင်ဘူး။ အဲဒီအဘွားကြီးက လွယ်တာမဟုတ်ဘူး။ ကျွန်တော်နဲ့ မဖြစ်ပါဘူး။ ညီညီ့လွှတ်လိုက်"

ထိုစဉ် ညီညီက အခန်းတွင်း ဝင်လာသည်။

"ဘာလဲ ဘ"

"ကောင်မလေးဆီ ပိုက်ဆံအပို့ခိုင်းမလို့"

"ချောရဲ့လား"

"ချောမှချော ချောပြီးရင်းချော"

"ရတယ်လေ"

ညီညီက ပိုက်ဆံကိုယူကာ လိပ်စာမေးပြီး ထွက်သွားသည်။

ညီညီသည် ခြံရှေ့သို့ရောက်သောအခါ ခြံတွင်းသို့လှမ်းကြည့်လိုက်သည်။ တိုက်ရှေ့ ပန်းပင်များကြားမှာဖွားမယ်မ၏မြေး မိုမိုကို တွေ့လိုက်ရသည်။

http://www.cherrythitsar.org



"တော်သေးရဲ့ ကောင်မလေးနဲ့ တိုက်ရိုက်တွေ့လို့ အဘွားကြီးနဲ့တွေ့ရင် မလွယ်ဘူး"

ညီညီက ခြံတွင်းသို့ဝင်သွားကာ

"ဒီမယ် - ဒီမယ်"

"ရှင် ဘာကိစ္စရှိလို့ပါလိမ့်"

ညီညီက မိုမိုကို အနီးကပ်ကြည့်ရင်း သိဝိဘုရင် ဥမ္မာဒန္တီကို မြင်၍ ရူးသွားခြင်းမှာ ဖြစ်နိုင်ကြောင်း စိတ်ထဲမှ ထောက်ခံလိုက်သည်။

"မေးနေတယ်လေ ဘာကိစ္စလဲလို့"

ဟို - ဟို ညီမကို မုန့်ဖိုးပေးချင်လို့"

"အို . . . ရှင် လူကိုများ ဘယ်လိုအစားထဲက မှတ်နေ သလဲ"

"ဗျာ"

"ရှင် အူကြောင်အူကြောင် မလုပ်ပါနဲ့ ခုထွက်သွားပါ"

"ဟို - ဟို"

"ရှင်မသွားသေးဘူးလား၊ လူကို ဘာများမှတ်နေသလဲ ကဲ"

"ဖျမ်း"

"ဟာင်"

ညီညီ၏ ခေါင်းသည် ချာခနဲလည်ထွက်သွားသည်။

"ဟဲ့ - ဟဲ့ ဘာဖြစ်တာလဲ"

http://www.cherrythitsar.org



ဖွားမယ်မက တိုက်ထဲမှ ပြေးထွက်လာ၏။ မိုမိုက

"မိုမို တစ်ယောက်တည်းရှိနေတုန်း ဝင်လာပြီး အူကြောင်ကြောင်နဲ့ ရိသဲ့သဲ့လုပ်နေလို့ ဖွား"

မိုမို၏ စကားကြောင့် ညီညီက ကပျာကယာ -

"မဟုတ်ရပါဘူးခင်ဗျ၊ ကျွန်တော်က သူ့ကို"

"အို . . . ရှင့်ကို ကျွန်မ မသိဘူး၊ ဘာမှ ပတ်သက်စရာ မရှိဘူး"

ညီညီမှာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဖွားမယ်မက

"ဒီမယ်မောင်ရင်၊ မင်းဆက်မနာချင်ရင် အမြန်ဆုံးထွက်သွားပါ"

ညီညီက လှည့်ထွက်ခဲ့သည်။

"ဟင်း-မိန်းမသားတွေချည်း နေတယ်ဆိုပြီး စော်ကားချင်တာ"

"မလိုပါဘူး ဖွားရယ်၊ မိုမို့ လာစမ်းရင် ကွဲသွားမှာပေါ့"

ညီညီမှာ လှည့်ပင်မကြည့်ရဲတော့ပါ။

ဧည့်ခန်းထဲမှာ ထိုင်နေကြသော ဘနှင့် ကိုကိုမှာ အခန်းတွင်းဝင်လာသော ညီညီကို ကြည့်ရင်း -

"ဟ . . . ဘယ်လိုဖြစ်လာတာလဲ။ မှောက်လဲလာတာလား၊ နှုတ်ခမ်းထောင့်စွန်းလည်း သွေးတွေပေလို့"

ညီညီက မအီမလည် မျက်နှာဖြင့် -

http://www.cherrythitsar.org



" ဘ ခိုင်းလို့ မုန့်ဖိုးသွားပေးတာ ရိုက်လွှတ်လိုက်တယ်လေ။ လက်သံတော့ ပြောင်သလားမမေးနဲ့ ခေါင်းကို လည်ထွက်သွားတာပဲ"

"ဘာလို့ ရိုက်ရတာလဲ"

"ဘယ်သိမလဲ"

"ဒါ တမင်သက်သက် စော်ကားတာပဲ။ လာ ခု သွားရှင်းမယ်။ ဘယ်ဒီလိုလုပ်လို့ ဖြစ်မှာလဲ"

"ဘ တစ်ယောက်တည်းသွားချင်သွား။ ကျွန်တော် တော့ မလိုက်ရဲတော့ဘူး"

"မင်း မလိုက်ရဲရင်နေ ငါ ကိုကို့ ကို ခေါ်သွားမယ်"

"ညီညီ့ အခြေအနေကို မြင်ပြီးကတည်းက ဆုံးဖြတ် ချက် အခိုင်အမာချလိုက်ပြီးပြီ။ ဆောရီးပဲ ဘ၊ ကျွန်တော့်ပါးက ညီညီ ထက်ပိုနုတယ်"

ဘသည် မျက်မှောင်ကုပ်ကြည့်လိုက်ပြီး -

"ရတယ် တစ်ယောက်တည်းလားမေးတော့ ဘ တစ် ယောက်တည်းပါပေါ့ကွာ ချီတက်မယ်"

ဘသည် ခြေလှမ်းတိုင်း ဒေါသပြင်းပြင်းနှင့် ဖွားမယ်မ၏ တိုက်ဆီသို့ ချီတက်ခဲ့ပါပြီ။ ခြံတံခါးဝက ပိတ်ထားသည်။ ဘက တံခါးကို တဖုံးဖုံး ရိုက်လိုက်ပြီး -

"ဟိတ် - ဘယ်သူရှိလဲ အမြန်ထွက်လာပါ"

ဘ၏ အော်သံကြောင့် တိုက်ထဲမှ ဖွားမယ်မက ထွက်

http://www.cherrythitsar.org



လာသည်။

"အော်-တော်ကိုး၊ ဘာလဲ မုန့်ဖိုးလာပေးတာလား"

ဖွားမယ်က မေးလိုက်မှ ညီညီထံမှ ပိုက်ဆံကို မယူခဲ့မိကြောင်းသတိရသွားသည်။ ထို့ကြောင့် -

"ကျုပ်အပေးခိုင်းလိုက်တယ်လေ မင်းတို့က မယူတာပဲ"

"တော် မလိမ်ပါနဲ့ ခုပေးပါ"

"အင်း-အဲ ငါ့ဆီခုတော့မပါဘူး"

"ဟင်-ဖိုးတွမ်တီး အကြီးစားလူလိမ်။ ဘယ်သူမှ လာမပေးဘူး။ ဒီမယ်အဘိုးကြီး မပေးနိုင်ရင်လဲ ရှင်းရှင်းပြောပါ"

"တောက် နေဦး ငါအပေးခိုင်းတဲ့လူကို သွားခေါ်လိုက်ဦးမယ်"

"ခေါ်ခဲ့ပါ တံခါးဖွင့်ပြီး စောင့်နေမယ်၊ ဖိုးတွမ်တီးရဲ့"

"ညီညီ ရော ညီညီ"

"ရှိပါတယ် ဘ"

"မင်းကြောင့် ငါ့ကို ဖိုးတွမ်တီး အခေါ်ခံလိုက်ရပြီ"

"ဗျာ"

"ဗျာမနေနဲ့ ပြောစမ်း၊ ငါပေးစရာခိုင်းတာကို မင်းယူထားချင်လို့ လုပ်ကြံဖာတ်ခင်းတာ မဟုတ်လား"

"ဟာ . . . မဟုတ်ရပါဘူး"

"မဟုတ်ရင် မင်းသွားပေးတော့ အဖွားကြီးရှိသလား"

http://www.cherrythitsar.org



"ရှိတယ်"

"သေချာတယ်နော်"

"သေချာတယ်"

"ဒါဖြင့် လာ သွားရှင်းမယ်၊ မင်းမလိုက်ရဲရင် မင်းလိမ်တာပဲ"

သို့ဖြင့် ဘနှင့် ညီညီတို့မှာ ဖွားမယ်မ၏တိုက်သို့ ဒုတိယအကြိမ်ရောက်ရပြန်ပြီ။ ယခုတစ်ခါတွင်မူ ခြံတံခါး က အသင့်ဖွင့်ပြီးသား ဘနှင့် ညီညီတို့ တိုက်တံခါးဝ ရောက်သည်နှင့် ဘက -

"ကဲ - ရှင်းရအောင် အစောက ကျုပ်မြေးကို အပေးခိုင်းလိုက်တာလေ"

ဖွားမယ်မနှင့် မိုမိုမှာ အံ့အားသင့်နေကြသည်။ ဘက

"ကဲ - ရော့ မုန့်ဖိုး။ ကျုပ်မြေးနောက်ထပ် အရိုက်မခံရခင် ပြန်ပါရစေတော့။ ကျုပ်က ဘယ်သူ့မှ မတရား မလုပ်ဖူးပါဘူး။မစော်ကားဖူးပါဘူး။ မတော်တဆဖြစ်ရတဲ့ ကိစ္စမှာ ဒါလောက်အညှိုးတကြီး လုပ်လိမ့်မယ်လို့ မထင်မိခဲ့ဘူး။ ကဲကျေနပ်ကြပါတော့"

ဘသည် ညီညီလက်ကို ဆွဲကာ တိုက်ထဲမှ ထွက်သွားလေ၏။ ဖွားမယ်မတို့မှာ တောင်းပန်ချိန်ပင် မရလိုက်ပါ။ မိုမိုမှာလည်း သူ့အမှားအတွက် စိတ်မကောင်း ဖြစ်လျက်-

"ကဲ-ဒေါ်မိုမိုတို့ လုပ်လိုက်ပုံက ဘယ်လောက်အားနာ

http://www.cherrythitsar.org



ဖို့ကောင်းသလဲဟင်၊ စကားကို လိပ်ပတ်လည်အောင် မမေးပဲ ပါးချလွှတ်လိုက်တာ တွေ့လား ပါးကြီးတစ်ဖက်ကို ယောင်နေတာပဲ”

“မို တောင်းပန်မလို့ပါ။ သူတို့က ချက်ချင်းပြန်သွားကြတော့ . . . ”

“ဟွန်း . . . . ပြောမပြောချင်ဘူး။ ကျုပ်တို့စွာတာက သူများအပြောအဆိုခံရအောင် စွာတာမဟုတ်ဘူး။ မတရားလုပ်ဖို့ စွာတာမဟုတ်ဘူး။ မစဉ်းမစား စွာတာမဟုတ်ဘူး။ မဟုတ်မခံ စွာတာ။ မြင်မြင်သမျှ လိုက်ဟောင်မနေဘူး။ ဒါပဲ ညည်းသူ့ အိမ်ထိ ပြန်လိုက် တောင်းပန်လိုက်”

ဘသည် ပြတင်းပေါက်မှ အပြင်သို့ ငေးနေရာမှ-

“ကိုကို ငါထင်တဲ့အတိုင်းတော့ ဖြစ်လာပြီ။ ဟိုမယ်လာနေပြီ”

“ဒီတော့”

“ငါအပြင်ခဏသွားမယ်၊ ဟိုကောင်ရော”

“ခြံထဲမယ်”

“ငါ မျှော်လင့်သလိုဖြစ်လာရင် စံပျောဆီ လှမ်းဖုန်းဆက်ပေတော့ငါအဲဒီမှာရှိနေမယ်”

ဘသည် ထရပ်သည်။ ထိုစဉ် မိုမိုက ဝင်လာပြီး-

“ဘ”

“ဟေ-ထိုင်လေ။ ကိုင်းပြော ကိစ္စရှိသေးသလား။ ဘက

http://www.cherrythitsar.org



ဆေးဆရာစံဗျောဆီသွားမလို့ ညီညီလိမ်းဖို့ လိမ်းဆေး ယူချိမလို့”

“ကျွန်မ ကိုညီညီကို တောင်းပန်ဖို့လာတာပါ”

“ကိုကို ခေါ်ပေးလိုက်ပါကွယ်။ ကဲ ဘာသွားဦးမယ်”

“ထိုင်ပါဦး ကျွန်တော်သွားခေါ်ပေးပါ့မယ်၊ ခြံထဲမှာ”

ကိုကိုက ခြံထဲသို့ ဆင်းသွားပြီး ညီညီထိုင်နေရာ သစ်ပင်အောက်သို့ လျှောက်သွားသည်။

“ညီညီ”

“ဗျာ”

“သူ ရောက်လာပြီ။ ငါဒီကို လွှတ်လိုက်မယ်နော်။ အစောကဘာပြောထားသလို. . . .”

“ဟာ . . . မလုပ်ပါနဲ့ဗျာ၊ နောက်ထပ်အရိုက်ခံနေရပါမယ်”

“ဒီမှာ”

ကိုကိုက လက်မထောင်ပြပြီး အိမ်ဆီသို့ ပြန်လျှောက်သွားလိုက်သည်။ ကိုကိုသည် ဧည့်ခန်းထဲသို့ ရောက်သောအခါ-

“ဆောရီးဗျာ၊ သူခင်ဗျားကို အတော်ကြောက်နေတယ်။ ကြောက်နေတဲ့အတိုင်းလေးပဲ နေပါရစေတဲ့”

“သူဘယ်မှာလဲဟင်၊ ကျွန်မ သူ့ဆီလိုက်သွားပြီး တောင်းပန်ပါ့မယ်”

“ခြံထဲက သစ်ပင်အောက်မှာ”

မိုမိုသည် ထရပ်သည်။ ပြီးတော့ ကိုကို့ ကို တစ်ချက်ကြည့်ပြီး ခြံထဲသို့ ဆင်းလိုက်သွားတော့၏။

"ကိုညီညီ"

ညီညီက လှည့်ကြည့်လိုက်သည်။

ပြီးတော့ မျက်နှာလွှဲလိုက်၏။ မိုမိုက ညီညီနှင့်မျက်နှာချင်းဆိုင်မှာ ရပ်လိုက်ပြီး-

"ကျွန်မကို စကားမပြောချင်လောက်အောင် စိတ်ဆိုးနေပြီလားဟင်"

"မဆိုးပါဘူး၊ ကျွန်တော်ကြောက်သွားတာပါ"

"မိုမိုတောင်းပန်ပါတယ်ရှင်၊ မိုမို့ကို ခွင့်လွှတ်ပါ"

"ကျွန်တော် ဘယ်တုန်းကများ စိတ်ဆိုးတယ်လို့ ပြောမိလို့လဲ"

မိုမိုက ညီညီ၏ မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး-

"ကြောက်လည်း မကြောက်ပါနဲ့ရှင်"

မိုမိုက ခုံတန်းမှာ ဝင်ထိုင်လိုက်သည်။

"မိုမို တကယ်နောင်တရမိတာပါ။ခုပြောတဲ့စကားတွေဟာ နှုတ်ဖျားက စကားတွေ မဟုတ်ပါဘူးရှင်၊ ရင်ထဲကစကားတွေပါ"

ညီညီက သက်ပြင်းချလိုက်ပြီး-

"ကြောက်နေပါရစေ မိုမိုရယ်၊ ကြောက်နေရတာပဲကောင်းပါတယ်။ မကြောက်ရင် ပြောမှားဆိုမှားတွေ ထပ်

http://www.cherrythitsar.org



ဖြစ်ပြီး နောက်ထပ် ပါးချခံနေရမှာ စိုးလို့ပါ"

"အဲလိုတော့ မပြောပါနဲ့ရှင် ကျွန်မကိုပြန်ပြီး ရိုက်နိုင်ပါတယ်။ စိတ်ရဲရဲနဲ့ရိုက်ပါ"

မိုမိုက မျက်နှာချင်းဆိုင်မှာထရပ်သည်။ ညီညီ ကလည်း ရပ်သည်။ မိုမိုက မျက်စိမှိတ်ပြီး မော့ထား လိုက် သည်။

ကိုကိုက တယ်လီဖုန်းမှ နံပါတ်များကို နှိပ်လိုက်သည်။

"ခင်ဗျား သိပ်ဆိုးတာပဲဗျာ၊ ကြောက်လို့သာတော် တော့တယ်"

မိုမိုက မျက်စောင်းထိုးသည် ပါးကို ပွတ်သည်။ မျက်စောင်း ထိုးကြည့်နေရာမှ မိုမိုပြုံးသွားပြီး

"ယောကျ်ားလေးဖြစ်ပြီး နှုတ်ခမ်းနီတွေ ဆိုးထားသေး တယ်"

နှစ်ယောက်လုံးပြုံးလိုက်မိသည်။ ထိုစဉ် -

"ကဲ-မယုံရင်ကြည့်ပါ။ သူတို့ချင်းချစ်နေကြပါပြီလို့ ကျုပ်ပြောသားပဲ။ ဒီနေ့ခေတ် လူငယ်များက ကျုပ်တို့ တုန်း ကလို သုံးနှစ်ခေတ် မဟုတ်ဘူး။ သုံးမိနစ်ခေတ်"

"အင်း - ကျွန်မလည်းစိတ်အေးချင်တာနဲ့ အတော်ပဲ။ သူတို့ချင်းချစ်နေမှတော့ -

ဘတို့ အသံကြောင့် ညီညီနှင့် မိုမိုက လှည့်ကြည့် လိုက်သည်။

"ဟင်"

၁၂၂ ကံချွန်

"အို"

ဖွားမယ်မက လှည့်ထွက်သွားပြီ။ ဘက မျက်စိ တစ်ဖက် မှိတ်ပြလိုက်၏။

ကလျာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၉။

http://www.cherrythitsar.org



# ချစ်ပုံပြင်

စာရေးဆရာကြီး ဘကို မည်သူကမျှ စာရေးဆရာ ဟူ၍ မထင်မှတ်ပါ။ လုပ်ငန်းသဘော ပတ်သက်ယှက်နွယ် လာမှာသာ ဘကို စာရေးဆရာကြီးအဖြစ် သိခွင့်ရကြပါသည်။ အကြောင်းမှာ ဘသည်စာရေးသည့် အခါ သူ့မြေး ကိုကို နှင့် ညီညီ၏ နာမည်ကို သုံး၍ ရေးနေသောကြောင့် ဖြစ်ပါသည်။ အချစ်ဝတ္ထုများကို ရေးသည့်အခါ ညီညီ၏ နာမည်ကို အသုံးပြုပြီး ဆောင်းပါးနှင့် သရောင်စာများ ဟာသများ ရေးသည့်အခါ ကိုကို၏နာမည်ကို အသုံးပြုပါသည်။ ထို့ကြောင့် အတော်များများက ကိုကို နှင့် ညီညီ ကို စာရေးဆရာများ အဖြစ် သတ်မှတ်ထင်ထားကြပါသည်။ အမှန်အတိုင်း သိထား သူများဟူ၍ ရပ်ကွက်သူ ရပ်ကွက်သားများသာ ရှိပါ၏။

ကိုကို နှင့် ညီညီ ကလည်း သူတို့ တွေ့သမျှ ကြုံသမျှ ကြားသမျှ ဘအား ပြန်ပြောပြလေ့ရှိသည်။ ဘကလည်း ကိုကို နှင့် ညီညီတို့ပြန်ပြောသမျှကို နားထောင်မှတ်သားကာ အဆင်ပြေသလို ပြန်ရေးလေ့ရှိသည်။ ထို့ကြောင့်ပင် ကိုကို နှင့် ညီညီတို့၏ဝန်းကျင်မှာ ကိုကို နှင့် ညီညီ ကို စာရေးဆရာ အဖြစ် သတ်မှတ်ကြပြန်သည်။ သူတို့နှင့် ထိတွေ့ကြုံဆုံလိုက်ရသမျှမှာ ဆောင်းပါးများ ဝတ္ထုများ သရော်စာများအဖြစ် ဂျာနယ်၊ မဂ္ဂဇင်းများမှာ ပြန်ပါလာလေ့ရှိနေသည်ကိုး။ ဘတို့ မြေးအဘိုး

သုံးယောက်၏ ဘဝမှာ အေးချမ်းသာယာလျက် ရှိပါသည်။ ဘမှာ ပျော်ပျော်နေတတ်သောကြောင့် ပို၍လည်းစိုပြည်နေသည်ဟု ဆိုရပါမည်။

"ကိုကို"

"ဗျာ"

"မင်း ငါ့ဆီက မုန့်ဖိုးဆိုပြီး နှစ်ရာတောင်းသွားတယ်လေ"

"အဲဒါ ဘာဖြစ်လဲ၊ တောင်းနေကျ ပေးနေကျတွေပဲဟာ"

"မင်းက ရိုးရိုးတောင်းတာ မဟုတ်ဘူးကွ၊ ပြန်လာရင်အကြောင်းအရာ တစ်ခုပြောပြမယ်။ နှစ်ရာ အရင်ပေးဆိုတောင်းသွားတာ၊ ကဲ့ ပြော၊ မင်း ဘာတွေ တွေ့ထားတာရှိသလဲ"

"ဒီလို ဘရဲ့ သိန်းနှစ်ဆယ်တန်ကားကြီး"

"ကုန်ကားလား"

"ဆလွန်း၊ ဆလွန်း ဇိမ်ခံကား"

"အဲလို ရှင်းရှင်းပြောပါကွ။ ဒါမှ မျက်စိထဲ မြင်ယောင်ကြည့်လို့ရမှာ"

" ကဲပါ. . . နားထောင်ပါ။ အဲဒီကားက လမ်းဘေးအကြော်ဆိုင်နား လာရပ်တယ်"

" လမ်းဆုံက အကြော်ဆိုင် မဟုတ်လား"

http://www.cherrythitsar.org



" ဘ ဘယ်လိုလုပ်သိသလဲ"

" မင်း အကြော်စားရင်း တွေ့တာ မဟုတ်လား"

ညီညီကပါ ဘကို စူးစမ်းသလိုကြည့်သည်။

" ငါ လမ်းလျှောက်ရင်း အဲဒီဆိုင် သတိထားမိတယ်။ အဲဒီ အကြော်ဆိုင်က အကြော်ရောင်းတဲ့ ကောင်မလေးက ဖြူဖြူချော ချောလေးလေ။ သူ့ကြည့်ရတာ ကျွတ်ကျွတ်အိတ်ထဲ ရေထည့် ထားသလိုပဲ"

ကိုကို က မျက်စောင်းထိုးသည်။

"လုပ်ပါ လုပ်ပါ ဆက်ပြောပါဦး"

"အဲ.. အဲဒီဆိုင်ရှေ့ လာပြီး ကားရပ်တာ ရပ်ပြီးတော့ ကားပေါ်ကနေ အကြော်တစ်ပွဲဆိုပြီး မှာစားတယ်။ ကားပေါ်ကို အကြော်ပွဲ ပို့ပေးပြီးတော့ အဲဒီကောင်မလေးရဲ့ အမေက ဆယ်နှစ်လောက်ရှိတဲ့ ကလေးကို ခပ်တိုးတိုး ခေါ်ပြောတယ်။ ဟဲ့ ကားထွက်သွားရင် ပန်းကန်ပြားပါ သွားဦးမယ်နော်။ သတိလည်းထားဦးတဲ့။ အဲဒီပန်းကန်းပြားက တစ်ဆယ့်ငါးကျပ်တန်မှာပါ။ အဲဒါပဲ။"

ဘက ပြုံးလိုက်ပြီး ကောင်းတယ်၊ကောင်းတယ် သိပ်ကောင်းတယ်ဟု ဆိုကာစဉ်းစားနေသည်။ ညီညီက-

"ဝတ္ထုလား၊ ဆောင်းပါးလား ဘ"

"ဘာဖြစ်မယ် မသိသေးဘူး။ လူဆိုတာ ကိုယ်ပိုင် ဆိုင်တာကို ကိုယ်တန်ဖိုးထားတာကွ။ အကြောင်းအရာလေး

က မလှဘူးလား”

သို့နှယ် ကိုကိုနှင့် ညီညီတို့ တွေ့ခဲ့၍ ပြန်ပြောသမျှမှာ ဝတ္ထုများ ဆောင်းပါးများ ဖြစ်ဖြစ်လာသောကြောင့်လည်း-

“ဒီလာနေတဲ့ ကိုကိုရေးတဲ့ ဆောင်းပါးလေ”

“ဒီအထဲမှာတော့ ညီညီရေးတဲ့ ဝတ္ထုပါတယ်။”

သူတို့ကိုပင်စာရေးဆရာဟု ထင်မှတ်မှား နေကြခြင်းလည်း ဖြစ်ပါသည်။ သူတို့ကလည်းအထင်ခံနေရသည့်အတိုင်း ယောယောင်၍နေလေ့ရှိပါ၏။

“ဟော. . ဆရာကိုကို လာပါပြီ။ ဆရာလာပါဦး ဒီစားပွဲကို ဒီမှာဆရာ့ကိုပြုစုချင်လို့စောင့်နေတာ ၊ ဟိုနေ့က ဂျာနယ်ထဲက ဆောင်းပါးကြိုက်လို့”

“အားနာစရာကြီးဗျာ”

“အားနာဖို့မလိုပါဘူး ဆရာရယ်၊ ကြုံတုန်း ပြုစုရတာပါ”

“ဒါဖြင့်လည်း သောက်ရမှာပေါ့ဗျာ၊ ဟော့ - ဘူးနို့စိမ်း စပါယ်ရှယ်လစ်ပတန်တီးတိုင်ကီပေးပါ” စာပေကို မြတ်နိုးတဲ့ သူများနဲ့ တွေ့တော့လည်း စာပေအကြောင်းပြောရမှာပေါ့ဗျာ၊ ဆောင်းပါးရေး တယ်ဆိုတာမလွယ်ဘူးဗျ။ လက်တော်တော်ညောင်းတယ်။ စာရေးဆရာဖြစ်ဖို့အတွက် ပထမဆုံး လိုအပ်ချက်ကတော့ ဘောပင်ပဲ။ ဘောပင်ရှိပြီးလို့ စရေးတော့မယ်ဆိုရင် ဒုတိယစက္ကူရှာရမယ်”

http://www.cherrythitsar.org



"ပညာခန်းတွေချည်းပြောပြနေတာပါလား"

သို့နှယ် ကိုကိုတစ်ယောက် ယောင်ဖွာယောင်ဖွာ လုပ်နေစဉ် တစ်ဖက်စားပွဲမှ အကဲခတ်နေသော လူကြီးတစ်ယောက်က သူတို့ စားပွဲသို့ကူးလာပြီး . . .

"မင်းကစာရေးဆရာကိုကိုဆိုတာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဖြင့် ပြီးခဲ့တဲ့လက ဟိုမဂ္ဂဇင်းထဲမှာပါတဲ့ ချစ်ကလိန်ဆိုတဲ့ဝတ္ထုမင်းရေးတာပေါ့"

"ဟုတ်ပါတယ်"

" သူဌေးကြီးက အိမ်ဖော်မလေးကို တိတ်တိတ်ယူလိုက်ပြီး သူဌေးကတော်ကြီးသိသွားတော့ ဒရိုင်ဘာနဲ့ အတင်းထိုးပေးစားလိုက်တဲ့ ဇာတ်လမ်းလေ"

"ဦးက ကျွန်တော့်ဝတ္ထုကိုတော်တော်စွဲနေတာပဲ"

" အင်း . . . အဲဒီဝတ္ထုဖတ်မိကတည်းက အဲဒီဝတ္ထုရေးတဲ့ စာရေးဆရာကိုတွေ့ချင်နေတာ ဒါနဲ့ အဲဒီဇာတ်လမ်းကို ဘယ်လို ရတာပါလိမ့်"

"ဟာ . . အဲဒါကဖြစ်ရပ်မှန်ခင်ဗျ။ ကျွန်တော့်သူငယ်ချင်း တက်တူက သူ့ကိုယ်တွေ့ပြောပြတာ။ မင်းရေးချင်ရေးဆိုပြီး ဒရိုင်ဘာ တက်တူလေ"

" ဒါဆိုရင်တော့ သေချာသွားပြီ"

"ပြုစုချင်ရင်တော့ နောက်ရက်မှ အလှည့်ပေးပါရစေ

http://www.cherrythitsar.org



ဦးရယ်၊ ဒီမိတ်ဆွေတွေပြုစုထားလို့ အတော်လေးပြည့်စုံနေပါပြီ”

“အိမ်း. . ကျုပ်က ပြုစုချင်လို့မဟုတ်ပါဘူး၊ ရိုက်ချင်လို့ လူမှားပြီးရိုက်မိမှာစိုးလို့ သေချာအောင်မေးနေရတာ။ တကတ်တူရဲ့ ဆရာသူဌေးကြီးဦးကြာဆိုတာကျုပ်ပဲ ကဲ. . . ”

“ခွပ်”

“ဟာ”

××× ××× ×××

ကိုကို သတိရလာသောအချိန်မှာ အိမ်သို့ပြန်ရောက်နေပါပြီ။ ခေါင်းသုံးချက် ချုပ်လိုက်ရသည်။ အနာသက်သာရန် အိပ်ဆေး တိုက်လိုက်၍ ဆေးခန်းမှအပြန် တစ်လမ်းလုံး ကားပေါ်အိပ်လာခဲ့သည်။ ကိုကိုမျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ဘေးမှာ ညီညီနှင့် ဘကို တွေ့ရ၏။

“ကိုကို သတိရပြီလား”

“အင်း. . အဲ အဲ ရပြီ ဘ”

“ဘယ်နှယ့်လဲ ၊ တစ်နေ့နေ့ ဒီလိုဖြစ်မယ်လို့ ထင်သားပဲ စားရတုန်းက နင့်ကနဲ၊ ခံရတော့လည်း အင့်ကနဲ မဟုတ်လား၊ ဟီးဟီး မြေးအဘိုးချင်းမို့ ပွင့်ပွင့်လင်းလင်းပဲပြောရဦးမယ်။ ငါကဒီအရိပ် အခြေတွေမြင်လို့ မင်းတို့နာမည်နဲ့ရေးနေတာကွ၊ ဟားဟား”

http://www.cherrythitsar.org



ကိုကို က ဘကိုမျက်စောင်းထိုးပြီး

"ဘအလှည့်မှာသာ စိတ်မဆိုးနဲ့နော်"

"ဆိုးပါဘူးဗျာ၊ဆိုးပါဘူးဗျာ"

ထိုဖြစ်ရပ်ကြောင့် ညီညီနှင့်ဝါဝါတို့၏ ဇာတ်လမ်းမှာ ပေါက်ဖွားလာရခြင်းဖြစ်ပါသည်။ ဖြစ်ပုံက သည်လို...

ထိုလအကုန်မှာ ဘသည် ခါတိုင်းလိုပင်-

"ငါရန်ကုန် ဆင်းမယ်ဟေ့၊ စိတ်ချပါရစေနော်"

"စိတ်ချပါ ဘ"

စာမူများပေးရန်နှင့် ရေးဖော်ရေးဖက်များအား တွေ့ရန် ရန်ကုန်သို့ ဆင်းပါသည်။ ဘ ရန်ကုန်သို့ ထွက်သွားပြီး နောက်ရက် မှာပင် ဘတို့နေထိုင်ရာ လမ်းထဲသို့ မိန်းမ ချောလေးနှစ်ဦးကဝင်လာသည်။ အိမ်ရှေ့မှာ ထိုင်၍ ပဲပြုတ် သည် မျှော်နေသော ကိုကိုမှာ မိန်းကလေးများကို ကြည့်ရင်း အသက်ရှူရန် မမေ့သော်လည်း မျက်တောင်ခတ်ဖို့တော့ မေ့နေပါသည်။ မိန်းကလေးများက သူ့ရှေ့ တည့်တည့်မှာ ရပ်ကာ -

"စာရေးဆရာညီညီတို့အိမ်ပါလားရှင်"

"ဗျာ - ဟုတ်- ဟုတ် ဟုတ်ပါတယ်။ ဘာကိစ္စရှိလို့ ပါလိမ့်"

"ကျွန်မသူငယ်ချင်းက ဆရာညီညီနဲ့ မိတ်ဆက် ချင်တယ် ဆိုလို့ ဆရာညီညီရဲ့စာဖတ်ပရိတ်သတ်ပါ"

http://www.cherrythitsar.org



"ဩော်ဟုတ်ကဲ့ ၊ ဝင်ထိုင်ပါဦး။ ကျွန်တော် ခေါ်ပေး ပါမယ်။ ကျွန်တော့်ညီပါ"

မိန်းကလေးနှစ်ယောက်က ဧည့်ခန်းမှာဝင်ထိုင်ကာ စောင့်နေလိုက်သည်။ ကိုကိုသည် ခြံနောက်ညီညီရှိရာသို့ သွားကာ-

"ဟေ့ကောင် လာဦး"

"ဘာလဲ ကိုကိုရ"

"လာဦးဟ ၊ စာရေးဆရာညီညီတွေ့ချင်လို့ဆိုပြီး ကောင်မလေးတွေရောက်နေတယ်"

"ဘ မှမရှိဘဲ ။ မရှိဘူးလို့ပြောလိုက်လေဗျာ"

"အ,ပါ့ကွာ။ ဘရှိရင်တောင်မှ လွဲအောင်လုပ်ပြီး ကြားဝင် ခုတ်ရမယ့်ဟာ"

"မလုပ်ပါနဲ့ဗျာ တော်ကြာ ခင်ဗျားလိုအရိုက်ခံနေ ရပါမယ်"

"ညီညီ မင်းလိုက်ကြည့်ဦး။ ဒါမျိုးလေးရိုက်လို့ကတော့ မန္တလာတက်ရတက်ရ၊ အေးသီရိ တက်ရတက်ရ၊ သင်ကြားရေး ဆေးရုံ တက်ရ တက်ရ ဖြစ်သွားမယ်"

ကိုကိုက ပြောပြောဆိုဆိုနှင့် ညီညီကို အတင်းဆွဲခေါ် လာသည်။ ညီညီမှာ ယက်ကန်ယက်ကန်နှင့် ပါလာရာမှ -

"အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ ပုံပျက်ပါတယ်။ ဖယ်ပါ ခင်ဗျားဒီလောက် လိုက်စေချင်နေမှတော့ လိုက်ခဲ့ပါ့မယ်"

http://www.cherrythitsar.org



အိမ်ပေါက်ဝနားအရောက်မှာညီညီက ဟန်မပျက် လှမ်းဝင် လိုက်သည်။ ဧည့်ခန်းမှာထိုင်နေသော မိန်းကလေး နှစ်ဦး၏အလှက ဟန်မပျက်ဝင်လာသော ညီညီ၏ခြေလှမ်းကို ဖျက်နိုင်စွမ်းရှိပါသည်။ ညီညီသည် ကိုယ့်ခြေထောက်ကို ခလုတ် မတိုက်မိအောင် သတိထားနေရသောကြောင့် ခြေလှမ်းများ ကတော့ ဆွံ့သွားသည်။ ထိုစဉ် ကိုကို၏ အသံပေါ်လာ၍သာ အခြေအနေအရပ်ရပ်ကပုံမှန် ဖြစ်သွားရခြင်းပါ။

"ဒါ စာရေးဆရာညီညီပါ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်ရှင်၊ ဆရာ့ကို တွေ့ချင်လို့ ကျွန်မသူငယ်ချင်း ဝါဝါက စစ်ကိုင်းကနေ လာရတာပါ။ ကျွန်မကလိုက်ပို့တာ"

အမိကကျသူနှစ်ဦးကမူ တစ်ဦးကိုတစ်ဦး အံ့အား သင့်၍ ကြည့်နေဆဲပါ။

"ညီညီ ငါကော်ဖီသွားဖျော်လိုက်ဦးမယ်"

ကိုကိုက မသိမသာနှင့် ညီညီ၏လက်ကိုဆွဲ၍ ထိုင်ရန် ခိုင်းခဲ့ရသည်။

"မဖျော်ပါနဲ့ရှင်အားနာစရာကြီး"

အဖော်လိုက်လာသူက လှမ်းတားသည်။

"အားနာဖို့မလိုပါဘူးဗျာ၊ သောက်သွားပါဦး၊ ခိုင်သင်းကြည်က ကောင်းတယ်ပြောလို့ ဝယ်ထားတဲ့ ကော်ဖီမို့ ပါ ဂိုးလ်ရို့စ်"

http://www.cherrythitsar.org



အားလုံးပြုံးမိကြသည်။

"ဆရာကိုကိုက သူ့စာတွေထဲကလိုပဲနော် ရယ်ရတယ်"

ငြိမ်သွားကြပြန်သည်။

"ဟဲ့ . . ဝါဝါ သွားချင်လှချည့်ရဲ့ဆိုပြီး တွေ့တော့လည်း ဘာမှ မပြောပါလား။ လိုက်ပို့တဲ့လူကချည်း ပြောနေရတယ်။ အေးလေ . . စောင့်ကြည့်ရဦးမယ်၊ နောက်တော့သာ . . အား. . အိုး . . ဘာလို့ဆွဲဆိတ်ရတာလဲ ဝါဝါရဲ့"

ဝါဝါကမျက်စောင်းထိုးသည်။ ဝါဝါရှက်နေသည်ကို ကာကွယ်နိုင်ရန် ညီညီကပင်စကားစလိုက်ရတော့သည်။

"ဝတ္ထုတိုတွေပဲဖတ်တာလား ဝါဝါက"

"ဝတ္ထုရှည်လည်း ဖတ်ပါတယ်။ ဆရာ့ဝတ္ထုလုံးချင်းထွက်စရာရှိသလား"

"ရှိတယ်"

"ဘယ်တော့ထွက်မှာလဲ"

"နောက်ဆယ်ရက်လောက် နေရင်တော့ မန္တလေးရောက်မယ် ထင်တယ်"

ထိုစဉ်အဖော်မိန်းကလေးက -

"ဒါဆို နင်နောက်တစ်ပတ်ကုန်ဝယ်လာတော့ တစ်ခါလာကြမယ်လေ။ စာအုပ်လက်ဆောင်တောင်းဖို့"

"တောင်းဖို့မလိုပါဘူးဗျာ ပေးချင်လို့မေးနေတာပါ"

http://www.cherrythitsar.org



"ကဲ . . ဝါဝါ ပြောပြလိုက်ဦး ဆရာကနင့်လိပ်စာကို သွယ်ဝိုက်မေးနေတာ"

သို့နှယ် အဖော်မိန်းကလေး၏ကြားဝင်ပို့မှုကောင်း သောကြောင့်ညီညီနှင့်ဝါဝါတို့၏ ရင်းနှီးမှုက အချိန်တို အတွင်းမှာ ခရီးရောက်ခဲ့ကြရပါတော့သည်။

"မန္တလေးရောက်တိုင်း လာနိုင်ပါတယ်ဗျာ"

" စစ်ကိုင်းရောက်ရင်တော့ မဝင်နဲ့နော်၊ ဘွားက အရမ်း စည်းကမ်းကြီးတာ"

"စာတော့ရေးလို့ရတယ်မဟုတ်လား"

" ဝါဝါက ခေါင်းငြိမ့်ပြီး အပြုံးနှင့် ငုံ့လိုက်သည်။

××× ××× ×××

နောက်ရက်တွေမှာတော့ -

"ရေးသလားမမေးနဲ့ဟေ့၊ ဘတောင်မင်းလောက် မရေး နိုင်ဘူး"

"ကိုကိုကလည်းဗျာ"

ညီညီနှင့် ဝါဝါတို့မှာ နေ့စဉ်စာအဝင်အထွက်ရှိနေ ပါသည်။

"အခြေအနေကဘယ်လိုလဲ"

"ရိုးရိုးပါပဲ"

"ဟုတ်ရဲ့လား"

" တကယ်ပါ"

http://www.cherrythitsar.org



ရန်ကုန်မှပြန်ရောက်လာသော ဘမှာ ညီညီနှင့် ကိုကိုကို ကြည့်၍ တစ်ခုခုတော့ တစ်ခုခုပဲ ဘာတစ်ခုခု မှန်းတော့ မသိ ဖြစ်နေသည်။ ထိုစဉ် -

"စာ"

"ပေး"

ဘက စာကိုလှမ်းယူလိုက်သည်။

"ဟီး ဟီး ဆရာညီညီ တဲ့ကွ။ လက်ရေးကတော့ မိန်းကလေး လက်ရေးပဲ။ ဝါဝါ စစ်ကိုင်းဆိုပါလား"

" ဘ . . ဘ"

စာကိုဖောက်ရန် ဟန်ပြင်နေသော ဘ လက်မှ စာကို ညီညီက အမြန်ဆွဲယူလိုက်သည်။

"ဟင်းဟင်း မင်းတို့ငါမရှိတုန်း အကြံအဖန်လုပ် ထားတာ မဟုတ်လား"

"ရိုးရိုးပါ"

"ရိုးရိုးဆို ကိုညီညီလို့ ရေးမှာပေါ့ကွ၊ ဆရာညီညီ ဆိုရင် ငါ့ဆီလာတာ၊ငါ့ဆီလာတာကို မင်းရဲ့စာပါလို့ ပြောကတည်းက မင်းဟန်ဆောင်ထားပြီညီညီ၊ ငါ့မြေးလူလေး မင်းငယ်ပါသေး တယ်"

"ဘ ကလည်းဗျာ"

"မင်းစကားက ဘာအဓိပ္ပါယ်မှ သက်ရောက်မှုမရှိဘူး အလိုမကျတဲ့လေသံပဲညီညီ"

http://www.cherrythitsar.org



"ဗျာ"

"မင်းကိုကိုမြှောက်ပေးတိုင်းတော့ လျှောက်မလုပ်နဲ့နော် အဲဒီကောင်ရဲ့ ဦးနှောက်က ကလေးဦးနှောက်။ ဒီမယ် ငါပြောမယ် မင်းအဲဒီကောင်မလေးကို တကယ်ကြိုက်ရင် အပျင်းပြေ အပျော်သဘောတော့ မစော်ကားပါနဲ့ကွာ၊ စာရေးဆရာညီညီဆိုတဲ့ နာမည်ပျက်သွားလိမ့်မယ်။အဲ တကယ်ကြိုက်နေတာဆိုရင်လည်း မင်းကိုယ်မင်း စာရေးဆရာဆိုပြီး မလိမ်သင့်ဘူး၊ အမှန်အတိုင်း သိသွားတဲ့တစ်နေ့မှာ အဲဒီကောင်မလေးက မင်းကို အထင်သေးလိမ့်မယ်။ ရိုးရိုးသားသား ဖွင့်ပြောလိုက်ပါ။ ရိုးသားသူကို ဘယ်သူမှ အထင်မသေးပါဘူး"

ဘ က စကားအဆုံးမှာ အခန်းထဲလှည့်ဝင်သွားသည်။ ညီညီငေးငိုင်ကျန်ရစ်သည်။ တွေးရပါလေပြီ။

××× ××× ×××

စတ္တုန့်နှင့်အမျှ ရင်ခုန်နေမိသည်။ အခါတိုင်း ဝါဝါနှင့် ဆုံရမည့်နေ့ဆိုလျှင် ညီညီပျော်ပါသည်။ ယနေ့မူ မောနေသည်။ စိုးရိမ်နေသည်။ သူစွန့်စားရတော့မည်။

ဝါဝါရောက်လာတော့ ထုံးစံအတိုင်း ခြံထောင့်မှာ ခုံတန်းကလေးမှာ ထိုင်ဖြစ်သည်။ ဝါဝါသည် ညီညီ၏ အမူအယာကို ကြည့်ကာ-

"ဆရာ နေမကောင်းဘူးလား"

http://www.cherrythitsar.org



"ဝါဝါ"

"ရှင်"

"ကျွန်တော်တစ်ခုမေးချင်တယ်"

"မေးလေ"

"ကျွန်တော်သာ စာရေးဆရာညီညီ မဟုတ်ဘူးဆိုရင် ဆက်ခင်နိုင်ပါ့မလားဟင်"

"အမှန်အတိုင်းပဲပြောပါတော့မယ်ဗျာ၊ စာရေးတာက ကျွန်တော့်အဘိုးပါ။ ကျွန်တော်ကပန်းချီရေးတာပါ။ ထပ်ပြီး ဝန်ခံ ရရင်တော့ မဝါဝါကို မြင်မြင်ချင်း ကျွန်တော် ရင်းနှီးချင်မိတယ်။ ခင်မင်လိုခဲ့တယ်။ မဝါဝါနဲ့ ခင်မင်ခွင့် ကြုံလာပြီးကာမှ မခင်မင် လိုက်ရမှာကို စိုးရိမ်လို့ ဟန်ဆောင်လိုက်မိတာပါ။

ညီညီသည် ရှင်းပြနေရင်း မျက်နှာကညှိုးသွားသည်။ ဝါဝါသည် ညီညီကိုကြည့်ကာ သနားသွားမိ၏။

"ခင်ခင်မင်မင်နေမိပြန်တော့ ကျွန်တော့်စိတ် မရိုးမသား ဖြစ်မိတယ် မဝါဝါ။ကျွန်တော် မဝါဝါကိုချစ်မိလာတယ်။ ဒါပေမယ့် ဖွင့်မပြောရဲခဲ့ဘူး။ ခင်မင်မှုကိုတောင်မှ မရိုးမသားနဲ့ ရယူထားရတာ ဆိုတော့ အချစ်ကိုပါ လိမ်ညာယူတာမျိုး မဖြစ်ချင်လို့ပါ။ တကယ်တော့ ကျွန်တော်ဟာ မဝါဝါ ခင်မင်ချင်တဲ့ လေးစားတဲ့ စာရေးဆရာညီညီ မဟုတ်ပါဘူးဗျာ"

ညီညီ၏အသံမှာ စိတ်ပျက်အားငယ်မှုများနှင့် ပြည့်နှက်နေသည်။ ဝါဝါမှာ ညီညီ၏အဖြစ်ကိုကြည့်ပြီး

http://www.cherrythitsar.org



ဘာပြောရမည်မသိ ဖြစ်နေသည်။

"မဝါဝါ ကျွန်တော်ကို ခွင့်လွှတ်နိုင်သေးရဲ့လားဟင်"

"ဘယ်သူ့ကိုမှ စော်ကားတာမှမဟုတ်ဘဲ ကျွန်မ အပြစ်လို့ မသတ်မှတ်ပါဘူးရှင်"

"တကယ်လား"

ဝါဝါက ခေါင်းညိတ်ပြသည်။

"အပြစ်မမြင်တော့ အချစ်ဝင်လို့ပေါ့နော်"

"အို"

သို့ဖြင့်ညီညီသည် ဝါဝါကို ချစ်ရေးဆိုပြီးသွားပါပြီ။ ဝါဝါကချစ်သူနှင့် လက်ထပ်မည့်သူ တစ်ယောက်တည်းသာ ဖြစ်လိုသောကြောင့် စဉ်းစားပြီးမှ အဖြေပေးပါရစေဟု ဆိုသည်။ ညီညီက -

"စဉ်းစားပါ ဝါဝါ၊ ကျွန်တော်ကလည်း ဘဝ တစ်သက်လုံး လက်တွဲဖော်အဖြစ်ရည်ရွယ်ပြီးမှ ချစ်ရေးဆိုတယ် ဆိုတာ အသိပေးထားပါရစေ"

"ဟုတ်ကဲ့၊ ကျွန်မအဲဒီအချက်ကို ထည့်စဉ်းစားပါ့မယ်"

" ကျေးဇူးတင်ပါတယ် ဝါဝါ ကဲစဉ်းစားချိန် သုံးမိနစ် ပေးမယ်"

"အို . . ဒါလောက်အကြာကြီးဆိုရင် ကိုညီညီ စောင့်နိုင်ပါ့မလား"

တစ်ယောက်ကို တစ်ယောက်စူးစူး စိုက်စိုက်ကြည့်ရင်း

http://www.cherrythitsar.org



ပြုံးလိုက်ကြသည်။

××× ××× ×××

ရက်မှလသို့ပြောင်းခဲ့ပြီ ညီညီနှင့်ဝါဝါတို့လည်း ရှေ့ရေးကို အသေးစိပ်ဆွေးနွေးကို လက်တွဲရေးအတွက် ပြင်ဆင်စဉ်းစားနေကြပါလေပြီ။

"ဘွားကတော့ ဘယ်လိုမှ သဘောတူမှာမဟုတ်ဘူး"

"ဘာလို့လဲ"

"သူ့ သူငယ်ချင်းရဲ့ မြေးနဲ့ပေးစာချင်နေတာ။ ဝါဝါက အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စားဘူးဆိုပြီး အပြတ်ခါထားလို့"

"အင်း . . ဒီအတိုင်းဆိုရင်တော့ ရှေးဟောင်းနည်းကို သုံးရမှာပဲ"

"ဘယ်နည်းလဲ"

"ထွက်ပြေးနည်းလေ၊ ထွက်ပြေးပြီးရင်တော့ သဘောတူရမှာပဲ"

ထိုစဉ် ဘရောက်လာပြီး-

"ဟိတ်ဘာတွေ သဘောတူနေတာလဲ"

"ဟာ ဘ၊ဘဒါကကျွန်တော်ပြောပြောနေတဲ့ဝါဝါလေ"

"အို့ဟိုး ဒီကောင် ခဏခဏ တမ်းတမ်းတတ ပြောပြောနေတာ လူတွေ့လိုက်မှ သဘောပေါက်သွားတယ်။ ကဲ . . ငါ့မြေးက ငါ့ရဲ့စာဖတ်ပရိတ်သတ်ဆိုတော့ ဒီလထွက်တဲ့

http://www.cherrythitsar.org



ဘရဲ့ စာအုပ် လက်ဆောင်ပေးလိုက်ရဦးမယ်”

ဘက သူတိုက်ပုံထဲမှ စာအုပ်တစ်အုပ်ထုတ်ကာ လက်မှတ်ထိုး၍ ဝါဝါကို ပေးလိုက်သည်။ ဝါဝါက စာအုပ်ကို ယူ၍ အမည်ကို ဖတ်ကြည့်လိုက်သည်။

“မောင်ခေါ် ရာလိုက်ခဲ့တော့ကွယ်”

ညီညီ တဲ့။

ဘ၏ စာအုပ်ကပင် နမိတ်ဟု ပြောရမည်လားမသိ။ အတူနေလိုလှပါပြီဟု တတမ်းတတ ပူဆာနေသော ညီညီနှင့် ချစ်သူ၏အလိုကိုမလွန်ဆန်နိုင်သောဝါဝါတို့သည်နောက်ရက်မှာ တရားရုံးတွင် သွားရောက် လက်ထပ်ဖြစ်သွားပါလေပြီ။

ဖွားစွာမှာဝါဝါမရှိလေမှဝါဝါနှင့် ညီညီတို့၏ပေးစာများ အမှတ်တရ လက်ဆောင်ပေးထားသော စာအုပ်တို့ကို တွေ့ကာ အကြီးအကျယ် မကျေမနပ် ဖြစ်နေရလေပြီ။ ထို့ကြောင့်ပင် ညီညီတိုကဘက်မှ မင်္ဂလာကိစ္စပြောဆိုရန် လာသမျှ မည်သူ့ကိုမှ လက်မခံ။

“စိတ်မကောင်းမဖြစ်နေပါနဲ့ ငါ့မြေးရယ်၊ နည်းနည်း သွေးအေးသွားမှ ဘ ကိုယ်တိုင် သွားပြောပေးပါ့မယ်”

××× ××× ×××

အချိန်ရထားသည် ရက်လများကို တစ်ရာသီကျော် ကာ နောက်တစ်ရာသီသို့ ကူးပေတော့မည်။ မိုးကုန်၍ ဆောင်းနှင်းတို့ဝေ့ ဝဲခဲလေပြီ။

http://www.cherrythitsar.org



"စာရေးဆရာညီညီ ဆိုတာရှိပါသလားခင်ဗျာ"

"ရှိပါ့ ရှိပါ့ကြွပါ အိမ်ထဲကို ဘာကိစ္စပါလိမ့်"

"စာပေဟောပြောပွဲ ဖိတ်ချင်လို့ပါ။ ကျွန်တော်တို့က စစ်ကိုင်းကပါ။ စစ်ကိုင်းက လူငယ်ပရိတ်သတ်တွေက ဆရာ့ ဖိတ်ပေးဖို့ တောင်းဆိုလို့"

သို့ဖြင့် ဘ မှာ . . .

××× ××× ×××

"ယခုဟောပြောမှာကတော့ နှလုံးသား ဖူးပုရစ် ရင်ခုန်သံ ပွင့်သစ် မေတ္တာစစ် မေတ္တာမှန်တို့၏ အောင်ပွဲခံ မော်ကွန်းသမိုင်းကို နှလုံးသားပေါ်တွင် ကဗျည်းထိုး မှတ်တမ်း တင်နေပါသည်ဆိုသော လူငယ်ထု အသည်းစွဲ ဆရာညီညီ ဖြစ်ပါတယ် ခင်ဗျာ"

လက်ခုပ်သံများက ဆူညံသွားသည်။

"ဆရာညီညီခင်ဗျား ဟောပြောပေးပါရန် ဖိတ်ခေါ် အပ်ပါ တယ်"

ဘကစင်မြင့်ပေါ်သို့ တက်သွားသည်။

"ဟင်" "အို" "ဟယ်" အဘိုးကြီးပါလား"

ပရိတ်သတ်ထဲမှ အသံမျိုးစုံထွက်လာသည်။ ဘက-

"အဟမ်း အဟမ်း အနုပညာဆိုတာ အိုတယ်ရယ်လို့ မရှိပါဘူး။ အသက်ကြီးထိ အချစ်ဝတ္ထုရေးလို့ရပါတယ်။ အသက်ကြီးမှ ရေးတဲ့အချစ်ဝတ္ထုများကိုတော့ သူငယ်ပြန်

http://www.cherrythitsar.org



စာပေလို့ ခေါ်ပါတယ်”

ရယ်သံများ ထွက်လာသည်။ ဘမှာ ညီညီအနေဖြင့် ဟောပြောရန် ဖြစ်သော်လည်း ကိုကိုအမည်ဖြင့် ဟာသများ သရော်စာများ ဘဝများ လူငယ်ပြုပြင်ရေးများရေးနေသူ ဖြစ်သောကြောင့် လူငယ်များအတွက် သိသင့်သိထိုက်သမျှ ထိုက်ထိုက် တန်တန် ဟောပြောပေးသွားပါသည်။ ဟောပြောပွဲ ပြီးတော့ ဘဘေးမှာ မှတ်တမ်းစာအုပ်ငယ်များဖြင့် လူငယ်များ က အမှတ်တရ လက်မှတ်ထိုးရန် စောင့်ကြသည်။ မနီးမဝေးမှ ဘွားစွာသည် လူရှင်းချိန်ထိ စိတ်ရှည်လက်ရှည်စောင့်နေပြီး လူရှင်းသွားကာမှ-

“ဒီမယ်”

“လက်မှတ်ထိုးလား”

“လက်မှတ်ထိုးမဟုတ်ဘူး၊တော့်ရိက်မလို့ကိုယ့် အသက် အရွယ်မှ အားမနာ ကျုပ်က ဝါဝါရဲ့အဘွားတော့”

“စာပေကော်မတီတို့ရေ ရှင်းပြလိုက်ကြဦးဟာလာခေါ် တုန်းကတော့ ရှင်းပြပေးမယ်ဆို”

အော်ရင်းမှ . .

“ဟီး ဟီး ရေးရဦးမယ် ၊ ချစ်ပုံပြင်ဆိုပြီး”

ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၀။

# ဘိုးနီး ၁၀၀ ဘ

မန္တလေးမြို့ မြို့သစ်လမ်းမကြီးအတိုင်း ဘသည် ယောင်ချာချာနှင့် လမ်းလျှောက်၍ ဝင်ရောက်လာပါသည်။ လွယ်အိတ်ဟောင်းတစ်လုံးကို လွယ်လာပြီး အဝတ်အစားများမှာ ခပ်နွမ်းနွမ်းဖြစ်နေသော်လည်း မျက်နှာကမူ လန်းဆန်းလျက်ရှိပါ၏။ မြို့သစ်လမ်းဆုံရောက်သည်နှင့် -

"ဟိုလူကို မေးကြည့်ဦးမှပဲ"

မျက်နှာချင်းဆိုင်မှ လာနေသော အသက်ငါးဆယ်ကျော်ခန့် လူကြီးအားတားကာ -

"မောင်ရင် .... ခဏ"

လူကြီးက ရပ်လိုက်ပြီး-

"ကျွန်တော်နာမည် မောင်ရင် မဟုတ်ဘူးခင်ဗျ သစ်လွင်ပါ"

လူကြီးက ပြုံးပြလိုက်သည်။ ဘက သေသေချာချာ ကြည့်လိုက်ပြီး -

"အင်း ... နာမည်ကသာ သစ်လွင်လူကတော့ တော်တော်ဟောင်းနေပြီ"

ဦးသစ်လွင်က ပျော်တတ်သော ဘ၏စကား ကြောင့် ပြုံးလိုက်မိသည်။ သူကိုယ်တိုင်ကလည်း ပျော်ပျော် နေတတ်သူကိုး။

http://www.cherrythitsar.org



"ဒါတောင် မျက်နှာပေါင်းတင်ထားသေးတာ ဘာရဲ့"

"ကောင်းတယ်နောက် မီးပူလေးပါတိုက်ပေး။ ဒါနဲ့ မင်းက ဒီအရပ်ကလား"

"အရင်ကတော့ ဟောလိဝုဒ်"

"နောက်တော့ ဘူကျရောလား"

"မေးပါ ဘာသိချင်လို့လဲ"

"မင်း ကိုကို နဲ့ ညီညီဆိုတာ သိသလား"

"ကျွန်တော့်အိမ်နားကပဲ"

"နီးသလား"

"မနီးမဝေးပါပဲ"

"တော်တော်တိကျတဲ့ အတိုင်းအတာပဲ"

သို့ဖြင့် ဦးသစ်လွင်၏ လမ်းညွှန်မှုကြောင့် ဘမှာ ကိုကို တို့ အိမ်ရောက်ခဲ့ရပါလေပြီ။ ကိုကိုနှင့်ညီညီမှာ အိမ်ထဲသို့ ဝင်လာသည်ကို မြင်လိုက်ရသည်နှင့်-

"ဟင် .. ဘ အလည်လာတာလား"

"ဟုတ်ပါဘူးကွာ ငါဒီမှာနေတော့မလို့ လာတာ"

ကိုကိုနှင့်ညီညီသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိသည်။ မြန်မာလိုပြောသောကြောင့် စကားလုံး တိုင်း၏ အဓိပ္ပာယ်ကို တိတိကျကျ သိကြပါလျက်နှင့် နားလည် ရန် ခက်နေကြသည်။

"မင်းတို့ စိတ်ဆင်းရဲမှာစိုးလို့ မပြောခဲ့တာကွ၊ မေမြို့

http://www.cherrythitsar.org



(ပြင်ဦးလွင်) က ငါ့ခြံရောတိုက်ရော အကြွေးနဲ့ အသိမ်းခံလိုက်ရပြီ။ ဒါကြောင့် ငါမင်းတို့နဲ့နေမလို့လာတာ နေရရင်တော်ပါပြီ အလုပ်ကတော့ ငါ့ဟာငါ လုပ်စားမှာပါ"

"ဟာ . . . မဟုတ်တာ၊ ကျွန်တော်တို့နဲ့အတူနေမှတော့ ဘ အလုပ်လုပ်ဖို့ မလိုပါဘူး"

"နိုး နိုး နိုး နိုး ပုဆိုးကြော်ငြာမလို့မဟုတ်ဘူး၊ ဒီမယ် အလုပ်ကတော့လုပ်ရလိမ့်မယ်ငါ့လူ၊ ငါက အလုပ်မလုပ်ဘဲကို မစားတတ်တာ။ တစ်ခုခု လုပ်ရမှာ။ အဲ . . . ငါ့ကို အလုပ်မလုပ်ရဘူးဆိုရင် ငါမင်းတို့ဆီမှာ မနေဘူး။ အိမ်ငှားနဲ့ နေမယ်"

ကိုကိုနှင့်ညီညီသည် သက်ပြင်းကို ပြိုင်တူချမိ ကြသည်။ ဘမှာ ပျော်ပျော်နေတတ်သလို သူလုပ်ချင်ရာကို လည်း လုပ်ရမှ ကျေနပ်သူဖြစ်သည်။ သည်မျှ စကားစမိ သည်နှင့် မည်သို့မျှ တား၍ရတော့မည်မဟုတ်မှန်း သူတို့ သိကြပါသည်။ ထို့ကြောင့် ဘက အလုပ်လုပ်မည်ဆိုသော အစီအစဉ်ကို သူတို့တားရန် မကြိုးစားတော့ပါ။

"နေပါဦး . . . ဘ၊ ဘာတွေလုပ်လို့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြောမပြနိုင်ဘူးလား"

"ဘာလဲ မင်းတို့က ဒေဝါလီခံလာတဲ့ အဘိုးကြီးကို လက်မခံချင်လို့လား"

"ဟာ . . . အဲဒီလိုမဟုတ်ပါဘူး"

"ဒါဖြင့် စိတ်ညစ်စရာတွေမမေးနဲ့ကွာ။ ငါ ဒီမှာ

http://www.cherrythitsar.org



ကုန်ထုတ်လုပ်မှုတစ်ခုခုတော့လုပ်မယ်။ ဘာလုပ်ရမယ်ဆိုတာ တော့ စဉ်းစားလိုက်ဦးမယ်။ မြို့သစ်နဲ့ လိုက်ဖက်မယ့်ဟာ ပေါ့ကွာ။ ကဲ . . . ရေမိုးချိုးပြီး ခဏနားဦးမယ်”

ဘ မြို့သစ်ရောက်ပြီးနောက် သုံးရက်ခန့်အကြာ မှာ မြို့သစ်၏လမ်းဆုံတွင် ဘ၏လုပ်ငန်းက အကောင်အထည် ပေါ်လာပါပြီ။

မြို့သစ်သားတွေမော်ကြွားဖို့ ဘရဲ့အကြော်ကို စားကြ စို့ဟေ့ . . . လာကြနော်၊ နောက်လဆိုရင် တီဗွီကနေ ကြည့်လို့လဲဦးလေးနဲ့ ကြော်ငြာဦးမှာ အားယို . . အားယေ့ . . ဘရဲ့အကြော်ဟာ မြို့သစ်မှာ စားလို့အကောင်းဆုံးကွာ”

ဘ၏ ပျော်ပျော်နေတတ်သောစရိုက်နှင့် ခပ်ကြောင် ကြောင်လုပ်ရပ်များကြောင့် ဘ၏ ဆိုင်မှာ ချက်ချင်းပင် စိတ်ဝင် စားခြင်းခံရကာ လူစည်ကားသွားပါ ပြီ။ ကလေးတွေ လည်း လာသည်။ လူငယ်တွေလည်းလာသည်။

“ဘ အကြော်တွေကလည်း ရှိုးလိုက်တာ”

“ မြို့သစ်မှာ ဘယာကြော်ရယ် ၊ ပဲကြော်ရယ်၊ ဘူးသီးကြော်ရယ် စားလာရတာ ကြာ . . ကြာလှပြီ။ ခု အကြော်ဆိုင်ဖွင့်တော့လည်း ဒါပဲ။ ဘာအသစ်အဆန်းမှ မပါဘူး”

“ရမယ်၊ မနက်ဖြန်ကျရင် မင်းအတွက်စပါယ်ရှယ် အသစ်ပိုစ်မော်ဒန်အကြော်ကြော်ကျွေးမယ်”

http://www.cherrythitsar.org



"ဘာအကြော်လဲဘာ"

"ပဒိုင်းသီး"

ဘ စကားကြောင့် လူငယ်များက ရယ်ကြသည်။ ထိုအချိန်မှာ စိတ်ညစ်နေသူက ညီညီ။

"ဒုက္ခပါပဲ အစ်ကိုရာ ကျွန်တော်က ဒီလိုလုပ်လိမ့်မယ်လို့ မထင်မိဘူး"

"ကိုယ့်ယို့ကားယား အလုပ်တစ်ခုခုလုပ်မှာပဲလို့ ငါကတော့ ကြိုတွက်ပြီးသား ညီညီခွင့်လွှတ်လိုက်"

"ကျွန်တော့်စကားလည်း ဆုံးအောင်နားထောင်ပါဦးအစ်ကိုရာ ဆီတို့ ပဲတို့ကို လေးငယ်တို့ဆိုင် သွားဝယ်တယ်တဲ့ဗျာ။ ကိုကိုတို့ညီညီတို့ရဲ့အဘိုးပါဆိုပြီး သွားယူတာ"

"ညီညီ ယူတော့ ဘာဖြစ်လဲ၊ သူမဆပ်တော့ တို့ဆပ်လိုက်တာပေါ့"

"ဆပ်ရမှာက ပြဿနာမဟုတ်ဘူး"

"ဒါဖြင့် ဘာက ပြဿနာလဲ"

"သူစီးပွားပျက်လာတာရော ခြံတွေတိုက်တွေ အကြွေးနဲ့ အသိမ်းခံရတာရော အားရပါးရပြောသွားသေးတယ်တဲ့"

"ဟော"

'အဒါကြောင့် ဒီအရပ်မှာလာပြီး အကြော်ကြော်ရတဲ့အကြောင်း"

"ကောင်းရော"

http://www.cherrythitsar.org



"အဲဒါ လေးငယ်က ကျွန်တော့်လာပြောပြသွားတာ"

လေးငယ်ဆိုသည်မှာ ညီညီ၏ချစ်သူ ဖြစ်ပါသည်။ လေးငယ်၏အဘွားက ဖွားစွာ။ ဖွားစွာမှာ ဆီစက်ရှိပြီး ကုန်စုံဆိုင်လည်းဖွင့်ထားသည်။

ဘသည် အကြော်ရောင်းကုန်သည်နှင့် ဖွားစွာ၏ဆိုင်သို့ချီတက်တော့သည်။

"ရော့ . . . ဒါ မနေ့ကယူသွားတဲ့အကြွေး၊ ကဲ . . . ဒီနေ့ ဒီစာရင်းအတိုင်းပေးဦး"

ဖွားစွာက ဘ၏ လက်ထဲမှ စာရွက်ကို ယူကြည့်ပြီးပဲ၊ ကြက်သွန် ဖြူ - နီ၊ ဆီ စသည်တို့ကို ထုတ်ပိုးပြီး ပေးလိုက်သည်။ ပြီးမှ ငွေစာရင်းကို တွက်လိုက်သည်။ ဖွားစွာ စာရင်းတွက် နေသည်ကိုကြည့်ပြီး ဘက -

"နှစ်နဲ့နှစ်နဲ့ပေါင်းလေး၊ လေးနဲ့ကိုးနဲ့ပေါင်းဆယ့်နှစ်၊ အဲလေ ဆယ့်သုံး ရှေ့တစ်ပို့နဲ့ဘာနဲ့ ပို့မလဲ လိုင်းကားနဲ့လား လူကြုံနဲ့လား"

ဘတို့ကို စောင့်ကြည့်နေသော အတွင်းခန်းမှ လေးငယ် ပြုံးမိသည်။ ဖွားစွာက ဒေါသကြီးစွာဖြင့် မျက်စောင်းထိုးသည်။

"ငါးရာနှစ်ဆယ်"

"ဒါဖြင့် ပဲ ရှစ်ကျပ်ဖိုးထပ်ပေး၊ ငါးရာနှစ်ဆယ့်ရှစ်ဆိုတော့မှတ်လို့ကောင်းတယ်။ သံယောဇဉ်သင်္ကေတ၊ ကြွေးကို မမေ့နိုင်သမျှ ငါ့ကိုသတိရနေမှာပဲ"

http://www.cherrythitsar.org



ဘက ပဲထုတ်များကိုယူရင်း-

"ထောင့်ငါးရာထိပေးမယ်မဟုတ်လား"

ဘ၏စကားကြောင့် ထိန်းထားသော ဖွားစွာ ဒေါသမှာ ဝေါခနဲ ရေကာတာဖွင့်လိုက်သလို

"ဒီမယ် . . . တော် ဘယ်လိုစကားပြောလိုက်ရတာလဲ ဟင်"

ဖွားစွာက မေးမေးရပ်ရပ် ရပ်လိုက်သည်။ လေးငယ်သည်ပင်အံ့အားသင့်နေမိသည်။ ဘက ခါးထောက်ပြီး -

"ဆီအကြွေးယူတဲ့ ကိစ္စပြောတာကွ၊ ငါက မင်း ဆိုင်ကို ခဏခဏ မလာနိုင်ဘူး။ များများယူထားလို့ ရ-မရ သိချင်လို့ မေးတာကွ"

"ဟင်း . . . . ဟိုလိုလို ဒီလိုလို မပြောချင်ပါနဲ့"

"အံမာမာမာ . . . . မင်းဖြစ်ချင်တာ မင်းဆွဲ မတွေးပါနဲ့ ငါက ရိုးရိုးပြောတဲ့ဟာကို"

"ဟင်းဟင်း . . . . ပုံစံက ကလေကချေပြောတာက ပေါက်တတ်ကရ သိန်းငါးဆယ်ပိုင်ဖူးသလေး သိန်းတစ်ရာ ဆိုင်ဖူးသလေးနဲ့ မဖြစ်ဘူး . . . . မဖြစ်ဘူး၊ ငါ့မြေး နဲ့ သူ့မြေးအတွက်စဉ်းစားရဦးမယ်"

သို့ဖြင့် . . .

ညီညီနှင့်လေးငယ်တို့၏အခြေအနေက တစ်မျိုး တစ်ဖုံ ပြောင်းလဲရန် အကြောင်းဖန်လာပါပြီ၊

http://www.cherrythitsar.org



နေ့ရက်တို့ ပြောင်းလဲလာသော်လည်း ဘ၏အခြေအနေက မပြောင်းလဲပါလေ။ ကြော်မြဲတိုင်းကြော်ရင်း အော်မြဲတိုင်းအော်ရင်း -

"အကြော်ရပြီဟေ့"

အော်မည့်သာ အော်နေသော်လည်း ဘ မအော်မီကပင် စားမည့်သူများက အဆင်သင့်ရောက်နေပါ ပြီ။

"ဘ စာကလေးကြော် မရဘူးလား"

"မရဘူးကွ၊ နောက်ရက်ဆိုရင်တော့ ကြက်ကြော်ရ မယ်။ ငါ မနေ့က ကြက်လိုက်ရှာခဲ့ပြီ။ မင်းတို့ဆီက ကြက်ဈေးကြီးသကိုးကွ။ ငါမေးကြည့်တော့ သုံးထောင်တဲ့ ကြက်ကိုသေသေချာချာကြည့်လိုက်တော့မှ တိုက်ကြက်ဖြစ်နေတာကိုးကွ ဟားဟားဟား"

"ခု ဘာကြော်နေတာလဲ"

"ကျွတ်တယ် . . . ရွတယ် . . . ဝွဒ်ရှယ် ပဒိုင်းသီး"

××× ××× ×××

"ပဒိုင်းသီးစားမိရင်တောင် ခုလောက်ရူးချင်စိတ်ပေါက်မယ်မထင်ဘူး" ညီညီက စိတ်ပျက်စွာ ညည်းညူသည်။

"လေးငယ် အရမ်းအံ့သြတယ်မောင်။ ဘာလို့များ အဲသလိုတွေ ပြောတယ်မသိဘူး။ ဖွားကတော့ အကြီးအကျယ်ကို စိတ်ပျက်သွားပြီ"

ညီညီက ငိုင်သွားသည်။

http://www.cherrythitsar.org



"လေးငယ်"

"မောင်"

"လေးငယ်ကရော မောင့်ကို စိတ်ပျက်သွားပြီလား ဟင်"

လေးငယ်က ညီညီကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"မောင် အကြောက်ဆုံးက လေးငယ်နဲ့ ဝေးရမှာကို ပဲ လေးငယ်"

လေးငယ်က သက်ပြင်းချသည်။ ပြီးမှ အကြည့်ကို လွှဲဖယ်လိုက်ပြီး "မောင် လေးငယ်တော့ မောင်နဲ့ဝေးရမယ် ဆိုရင်တော့ တစ်သက်လုံးအပျိုကြီးလုပ်နေလိုက်မှာပဲ"

"တကယ်ပြောတာလား လေးငယ်"

လေးငယ်က ခေါင်းညိတ်လိုက်သည်။

"လေးငယ်ရဲ့ ဘဝမှာ လေးငယ်လက်ထပ်ရမယ့် လူဟာ မောင်ကလွဲလို့ ဘယ်သူမှ မဖြစ်စေရပါဘူး မောင်"

လေးငယ်က ညီညီ၏ပခုံးကို မှီလိုက်သည်။

××× ××× ×××

ဧည့်ခန်းထဲဝယ် ဖွားစွာနှင့်ဒေါ်စိန်တိုးတို့ ထိုင် နေကြပါသည်။ သူတို့နှစ်ယောက်လုံးသည် အလေးအနက် တွေး၍ ချိန်ချိန်ဆဆ ပြောနေကြသည်။

"စိတ်ချပါ ကျုပ်မြေးက ကျုပ်ပြောရင် ပြီးပါတယ်"

"ဒါမျိုးဆိုတာ စီစဉ်ပြီးမှ ပျက်ရင် မကောင်းဘူး နော်"

"မှန်တာပေါ့ မစိန်တိုးရယ်။ ချက်ချင်းပြောလို့ မရဘူး

http://www.cherrythitsar.org



ဆိုတာ ကျုပ်လည်းစဉ်စားမိပါတယ်။ ဘာလို့လဲဆိုတော့ လူငယ်ချင်းက နီးစပ်မှုရှိထားတာ မဟုတ်တော့ ကျုပ် စိတ်ကူးက လူငယ်ချင်းနီးစပ်မှုရှိအောင် ပထမ စီစဉ်ပေးရမယ်”

“ဒါဆို ကျွန်မသားကို ဒီလွှတ်လိုက်ပါဦးမယ်။ သူတို့ချင်းနီးစပ်သွားပြီးမှ တစ်ယောက်သဘော တစ်ယောက်သိပြီးမှ မင်္ဂလာကိစ္စကို ထပ်ဆွေးနွေးကြတာပေါ့”

ဒေါ်စိန်တိုးက နှုတ်ဆက်ပြီး ထပြန်သည်။ အပြင်မှ ပြန်လာသော လေးငယ်နှင့်ဒေါ်စိန်တိုးတို့က တံခါးဝမှာ ဆုံမိကြသည်။ ဒေါ်စိန်တိုးက လေးငယ်ကို ပြုံးပြလိုက်သည်။ လေးငယ်၏ရင်ထဲဝယ် ဒေါ်စိန်တိုး၏အပြုံးမှာ သွားဖြီးပြသလို ခံစားလိုက်ရ၍ တွန့်ခနဲပင် ဖြစ်သွားမိပါ၏။ တိုက်တွင်းသို့ ရောက်သည်နှင့် -

“ဖွား”

“ဘာလဲ”

“ဟို ဒေါ်စိန်တိုးကြီး ဘာလာလုပ်တာလဲ”

“ငါ့ခေါ်လို့ လာတာပေါ့အေ၊ ဆီစက်လုပ်ငန်းတိုးချဲ့ချင်လို့ ခေါ်တိုင်ပင်တာ”

လေးငယ်သည် ချက်ဆို နားခွက်ကမီးတောက်ပါသည်။ ဖွားစွာ၏စကားမှာ အံချော်နေကြောင်း သိလိုက်သည်။ ဒေါ်စိန်တိုးတို့ လုပ်သည်က ဆပ်ပြာလုပ်ငန်း။ ဘာမှုမဆိုင်။ ဆိုင်လာနိုင်တာဆို ဒေါ်စိန်တိုးသား ဆန်နီ သာရှိနိုင်ပါ၏။

http://www.cherrythitsar.org



နေမင်းသည် ရှမ်းရိုးမ၏ တစ်ဖက်မှ ခေါင်းပြူ၍ ကြည့်လာသည်။ နေ့သစ်တစ်ရက်ရောက်လာပြန်ပြီကော။ မျက်နှာသစ်၊ သွားတိုက်ပြီးသွားသော ဘသည် မျက်နှာကို သုတ်ရင်း ဧည့်ခန်းအတွင်းသို့ ဝင်လာသည်။

"အချိန်တွေက ကုန်မှန်းမသိ ကုန်နေတာ အသက်တောင် နည်းနည်းကြီးလာပြီ မှတ်တယ်။ ခုထိ နောက်အိမ်ထောင်လည်း မကျသေးဘူးကွာ"

ဘ စကားကြောင် ကိုကိုက မျက်စောင်းထိုးသည်။ ဘက ပုဝါကို လည်ပင်းမှာရစ်ကာ တုတ်ကောက်ကိုယူ၍ အပြင်ထွက်ရန် ဟန်ပြင်သည်။

"ဘ က ဘယ်လဲ"

"ဒီလိုပေါ့ အချစ်ဆီ သွားမလို့"

ဘသည် အိမ်ထဲမှ ထွက်သည်နှင့် သီချင်းတစ်ပိုင်းတစ်စကို အော်ဆိုသွားသည်။

"ဒါလေးများ .... ဒါလေးများ ... လာပြီး တောင်းနေရတယ်အချစ်ရယ် ... မယုံဘူးလား ...မယုံဘူးလား ... မင်းအကြွေးတွေကို ပေးမှာပေါ့ ခုကွယ် ..."

ကိုကိုနှင့်ညီညီတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကျန်ရစ်သည်။

လမ်းထိပ်ရောက်သည်နှင့် ဘက ရပ်လိုက်သည်။ မျက်နှာချင်းဆိုင်ဘက်မှလာနေသော ဦးသစ်လွင်ကို တွေ့ ရ၍

http://www.cherrythitsar.org



ဖြစ်ပါသည်။

"ဟဲလို ... မောင်သစ်လွင်၊ မင်းကြည့်ရတာ နည်းနည်းဟောင်းသွားတယ်မှတ်တယ်"

"ဟုတ်တယ်ဘ၊ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သတိထားမိတယ်။ ဒါကြောင့် ရှောင်နေရတယ်။ ရှေးဟောင်း ပစ္စည်းမှတ်လို့ ပြတိုက်မှာ ထားချင်တယ်လို့ဆိုပြီး လာခေါ်တာ ငါးခါရှိပြီ"

"ဖြစ်နိုင်တယ်။ ပြတိုက်မယ် ကင်းဝန်မင်းကြီးရဲ့ အဘိုးရဲ့ သူငယ်ချင်းပုံလိုနေတယ်လို့ ငါ ကြားတယ်။ ကဲ ... လာ ငါနဲ့လိုက်ခဲ့"

"ဗျာ ... ပြတိုက်ကိုလား"

"မဟုတ်ပါဘူးကွ၊ မဖွားစွာဆီသွားပြီး အကြွေးဆပ် မလို့ပါ"

သို့ဖြင့် ဘတို့လျှောက်ခဲ့ကြရာ ဖွားစွာ၏ ဆိုင်အပေါက်ဝ ရောက်မှ ကြားလိုကရသည်မှာ -

"မေမေရော လေးငယ်တို့ဖွားစွာရောက သဘော တူပြီးသားပဲလေးငယ်"

'ဒါဖြင့် ခင်ဗျားက လူကြီးတွေသဘောတူလို့ လာ တွေ့တာပေါ့"

"ဟာ ....အဲလိုလဲ မဟုတ်ရပါဘူးလေးငယ်။ ဟိုအရင်ကတည်းက ချစ်နေတာပါ လေးငယ် ယုံပါ။ မပြော

http://www.cherrythitsar.org



ရဲလို့ မလာရဲလို့ပါ”

ဘနှင့်ဦးသစ်လွင်တို့မှာ စကားပြောသံကို အာရုံစိုက်နေသောကြောင့် သူတို့နောက်မှာ ရောက်လာသော ဖွားစွာကိုပင် သတိမထားမိလိုက်ကြပါ။

“ဟိတ်”

ဖွားစွာက ဟိတ်ဟု အသံပြုလိုက်သည်။ အသံမှာ ဒေါက်သံနှင့် မကျေနပ်မှုများ ရောစွက်နေသည်။ ဘရော ဦးသစ်လွင်ပါ လန့်သွားပြီး

“အာရီး .... အားယေ့ .... ရွှေပြည်နန်းအောင်ဒီကလုံး အဲဟုတ်ပေါင် မင်းကွာ၊ အဲသလို မအော်ပါနဲ့ လန့်တတ်တယ်ကွ” အသည်းကနုတယ်။ အသက်ကသာကြီးနေတာ။ ကြီးလွန်းတော့လည်း ပြန်ငယ်သွားတာပဲ စိတ် ... စိတ်”

“ပြောစမ်းပါဦး တော်တို့ ဘာလုပ်နေကြတာလဲ ဟင်”

“ကြွေးဆပ်မလို့လာတာကွ။ မင်းက လူကို စစ်လားဆေးလားနဲ့”

“ကြွေးဆပ်မယ့်လူက ဘာကိစ္စ ကုန်းကုန်း ကုန်းကုန်း လုပ်နေရတာလဲ”

‘ဒီမယ် ကျုပ်တို့ဆိုင်ထဲဝင်မယ့်အလုပ်မှာ အသံတွေကြားနေရလို့ မဝင်သေးဘဲ နားထောင်နေတာ။ ဟို ကျော်ဟိန်းသီချင်း သတိရလို့ ကြားဖူးမှာပေါ့။ အသံတွေကြားနေရတယ်၊

http://www.cherrythitsar.org



အသံတွေကြားနေရတယ်။ ညှော်ခန်းထဲကလား ဘယ်ကလဲ ဆိုပြီး နားထောင်နေတာ”

ဖွားစွာခါးထောက်ရပ်နေဟန်က မကျေနပ်မှု အပြည့်နှင့်။

××× ××× ×××

ညီညီမှာ ဘ၏ စကားကို နားထောင်ရင်း တုန်လှုပ်စွာဖြင့် -

“ဘ တကယ်ပြောတာလား”

“ငါ့နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာပါကွာ၊ ငါနဲ့အတူ သစ်လွင်ပါ ပါတယ်။ မယုံရင် သစ်လွင်သွားမေးကြည့်၊ မင်းကွာ ငါက မြေးအဘိုးချင်း အလကား ညာပါ့မလား”

ဘက စကားအဆုံးမှာ အခန်းတွင်းသို့ ဝင်သွားသည်။ ညီညီသည် စိတ်လှုပ်ရှားမှုအပြည့်နှင့် -

“ကိုကို ဘ ပြောတာ ဟုတ်ပါ့မလား”

“ဒီအသက်အရွယ်ကြီးနဲ့ လိမ်မယ်တော့ မထင်ပါဘူးကွာ”

“အတည်ပေါက် စဉ်းစားစမ်းပါ ကိုကိုရာ။ ဘ က အသက်ကြီးတော့ နားကြားများလွဲသလားလို့ပါ”

“အင်း . . . မင်းအတွက် မယုံချင်စရာ သတင်းဖြစ်နေတာကိုး ဒီတော့ အကောင်းဆုံးနည်းလမ်းကတော့ လေးငယ်နဲ့သွားတွေ့လိုက် ဒါမှ ရှင်းမှာ”

http://www.cherrythitsar.org



ကိုကိုကလည်း စကားအဆုံးမှာ ထွက်သွားသည်။

ထို့နေ့ညက ညီညီ တစ်ညလုံး အိပ်မပျော်ပါ။ စိုးရိမ်ပူပန်မှုများ ဖိစီးနေသောကြောင့် လပြည့်ညသည်ပင် မှောင်နေသလိုလို။

နောက်နေ့မှာတော့ ညီညီသည် လေးငယ်နှင့် ဆုံခွင့်ရလေသည်။လေးငယ်ကလည်း တွေ့ချင်နေသည်မို့ ဆုံကြခြင်းဖြစ်ပါသည်။ တွေ့တွေ့ချင်းပင် ညီညီက စိတ်ပူပန်စွာ -

"လေးငယ် မောင်ကြားတဲ့သတင်းအမှန်ပဲလားဟင်"

လေးငယ်သည် ရီဝေစွာငေးကြည့်ရင်းမှ -

"အမှန်ပဲ မောင်၊ လေးငယ်တို့ဖွားက သူသဘောတူတဲ့သူနဲ့ နီးစပ်အောင် ဖန်တီးပေးနေတယ်လေ"

လေးငယ်က ခေါင်းညိတ်ပြလိုက်သည်။ ညီညီက အားငယ်စွာဖြင့် -

"ဒါဆို မောင့်မှာ မျှော်လင့်ချက်ရှိသေးရဲ့လား၊ လေးငယ်ရယ်"

"ရှိပါတယ်မောင် လေးငယ်ကို ယုံပါ။ လေးငယ် မောင့်ကို တကယ်ချစ်တာပါ"

ညီညီက လေးငယ်ကို မျှော်လင့်မှုများစွာဖြင့် ကြည့်လိုက်သည်။

"မောင် သူတို့ဘက်က တိတိကျကျတစ်ခုခုလုပ်လာရင်တော့ ခြေလွန်လက်လွန်မဖြစ်ခင် လေးငယ်မောင့်ကို

http://www.cherrythitsar.org



အကြောင်းကြားပါ့မယ်မောင်၊ ပြဿနာတကယ် ကြုံလာပြီဆိုရင် ဘယ်လိုရင်ဆိုင်မလဲဆိုတာသာ မောင်စဉ်းစားထားပါ။ မောင်ရဲ့ အစီအစဉ်အတိုင်း လေးငယ် လိုက်နာမယ်၊ ကဲ . . . ဟုတ်ပြီလား”

သူတို့နှစ်ယောက် ပြုံးလိုက်သည်။ သို့သော် နှစ်ယောက်စလုံး၏ အပြုံးများက ရေခဲစိမ်အပြုံးများ ဖြစ်နေ၏။

ညီညီတစ်ယောက်ငေးငိုင်နေသောရက်များမှာ-

ဘ က မူ အကြော်မပျက်။ အရောင်းမပျက်။ အပျော်မပျက်။ အပြုံးမပျက်။

“ချိုတယ်ဟေ့”

အကြော်ဆိုင်မှ ဘ၏ အသံက လွင့်ပျံလာသည်။

“ဘာကြော်လဲ ဘ”

“ဘူးသီးကြော်”

“မဟုတ်တာ ပြောရော့မယ်၊ ဂေါ်ရခါးသီးတွေ စိပ်ကြော်နေတာ မဟုတ်လား”

“ဘူးသီးပါကွာ၊ အလုံးသေးလို့ မင်းတို့က ဂေါ်ရခါးသီးထင်နေတာ။ အအေးမိထားတဲ့ဘူးသီးမို့ ပိန်ရှုံ့ပြီးအလုံးသေးနေတာ၊ လာဟေ့နော်၊ ဘူးရခါးသီး၊ အဲလေ ဘူးသီးကြော်တွေရမယ်” ဘ တစ်ယောက်အကြော်မပျက်၊ အပျော်မပျက်နေချိန်မှာ စိတ်လှုပ်ရှားနေရသူတစ်ယောက် ရှိပါသေးသည်။ အခြားသူမဟုတ်ဖွားစွာပင်တည်း။ ဖွားစွာ ၏ အော်ဟစ်သံက

http://www.cherrythitsar.org



စဉ်ဆက်မပြတ် ပေါ်နေပါပြီ။

“ဒီမယ် ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲဘူး ဆိုတဲ့စကားဟာ နေရာတိုင်း မှန်မယ်ထင်သလား ဟင် မိလေးငယ်။ ဒီကိစ္စမှာ ဘူးတစ်လုံးဆောင်လိုက်ရင် အိုထိမွဲသွားမယ် နားလည်လား။ တော် မယူချင်ဘူးဆိုတာနဲ့ သိန်းသုံးဆယ် ဆုံးရှုံးသွားပြီ”

“အို . . . လေးငယ် ငွေမမက်ဘူး”

“မက်ရမယ်”

“မမက်ဘူး”

“မက်ကို မက်ရမယ်။ ဒါပဲ။ လာမယ့် စနေနေ့မှာ သူတို့လာစေ့စပ်လိမ့်မယ်။ လူအများရှေ့မှာ ကျုပ်ကို အရှက်မခွဲပါနဲ့ ကျုပ်မျက်နှာ အိုးမဲမသုတ်ချင်ပါနဲ့။ ကျုပ် တော်နဲ့ ဆွေးနွေးနေတာမဟုတ်ဘူး။ တော့်ကို အမိန့်ပေးနေတာ”

ဖွားစွာ၏ ပြတ်သားသော စကားကြောင့် လေးငယ်မှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်ရလေပြီ။ သူ့ခေါင်းတွေထဲမှာ ပေါက်ကွဲမှုတွေ ဖြစ်နေသလို ခံစားရ သည်။

“ငါဘာလုပ်ရမလဲ”

အတွေးတွေ ဆူပွက်လာသည်။ နောက်ဆုံးတွင်မူ လေးငယ်သည် ဆုံးဖြတ်ချက် ချလိုက်ရတော့သည်။ သောကြာနေ့မှာ ညီညီနှင့် ထွက်ပြေးရန်။ လေးငယ်သည် စာရေးစားပွဲမှာထိုင်ကာ ညီညီထံ စာရေးလိုက်လေတော့သည်။

http://www.cherrythitsar.org



ညီညီသည် လေးငယ်ရေးလိုက်သောစာကို အကြိမ်ကြိမ်ဖတ်ကြည့်နေမိသည်။ ဘေးမှ ကိုကိုက စိတ်မရှည်ချင်။

"ဘာတဲ့လဲကွ"

ညီညီက ကိုကို့ဘက် လှည့်ပြီး -

"စနေနေ့မှာ သူ့ကိုလာပြီးစေ့စေ့စပ်စပ်တော့မယ်တဲ့။ ဒါကြောင့် သောကြာနေ့မှာ ထွက်ပြေးကြဖို့ ရေးထားတာ"

ထိုစဉ် ဘက အခန်းထဲမှ ထွက်လာပြီး -

"မင်း ကောင်မလေးက ရေးလိုက်တာလား"

ဘက သူတို့အနီးမှာ ဝင်ရပ်ပြီး မေးသည်။ ညီညီက မဖြေ။ ကိုကိုက -

"သူ့ကောင်မလေးက မရေးလို့ အဘွားကြီးက ရေးရမှာလား"

"မင်းတို့ကလည်းကွာ ဒေါသချည်းပဲ"

"ဘ ဝင်ရှုပ်လို့ အကုန်ကို့ရို့ကားယား ဖြစ်ကုန်တာ"

ဘကမူ ပြုံး၍ ဆက်တီခုံမှာ ဝင်ထိုင်ရင်း-

"အင်း .... ဒီအအခြေအနေရောက်ပြီဆိုမှ တော့ ငါ့အကြော်ဆိုင် ပိတ်ရတော့မယ်"

"ပိတ်ပေါ့"

"ခေါင်းအေးအေးထားကြစမ်းပါကွာ"

"ဘယ်လိုလုပ် အေးလို့ရမှာလဲဘရဲ့ ဘ ကြောင့် အကုန်ကို့ရို့ကားယားတွေဖြစ်ကုန်ရတဲ့ဟာကိုး"

http://www.cherrythitsar.org



"စိတ်မပူပါနဲ့ကွာ၊ ငါ့ကြောင့်ဖြစ်ရတာ၊ ငါဖြေရှင်းပေးမှာပေါ့။ခိုးပြေးဖို့လည်းမလိုပါဘူး။ ငါကြာသပတေးနေ့မှာသွားပြီး စေ့စပ်ပေးပါ့မယ်"

"ပြေးပေါက်တော့ မှားချင်ပြီ"

"စောင့်ကြည့်ပေါ့ကွာ၊ ကဲ ငါသွားပြီး စီစဉ်စရာရှိတာလေးတွေ စီစဉ်လိုက်ဦးမယ်"

ဘက ထွက်သွားသည်။ ကိုကိုက ခေါင်းကို လက်ညှိုးထိုးပြီး လက်ခါပြသည်။

ကြာသပတေးနေ့ -

ဖွားစွာဆိုင်ရှေ့သို့ သိန်းနှစ်ရာကျော်တန် ကားကြီးတစ်စီးရပ်လာပြီး ကားပေါ်မှ ဘနှင့် ဦးသစ်လွင်တို့ ဆင်းလာကြပါသည်။ ဖွားစွာက အံ့အားသင့်ကာ ကြည့်နေ၏။ လေးငယ်လည်း မျက်တောင်မခတ်မိ။ ဦးသစ်လွင်က

"အဟမ်း . . . ဒါကတော့ ပြင်ဦးလွင် သူဌေးကြီးဦးဘပါပဲ။ သူ ဘယ်လောက်ချမ်းသာတယ်ဆိုတာ သူ့ဟာသူမသိပါဘူး။ ဘဏ်ကပဲ သိပါတယ်။ ခုလာရတဲ့အကြောင်းရင်းကတော့ ဟောဒီ ဒေါ်ဖွားစွာရဲ့မြေးကို သူ့မြေးညီညီအတွက် စေ့စပ်ကြောင်းလမ်းချင်လို့ပါပဲ"

ဖွားစွာ၏ အံ့သြမှုသည် ယခုထိ အရှိန်မသေသေး။ ဘက -

"ကျုပ်က ကျုပ်မြေးတွေကို တကယ်ချစ်တဲ့သူနဲ့ ပေးစား

http://www.cherrythitsar.org



ချင်တယ်လေ။ ကျုပ်ကို သူဌေးကြီးမှန်းသိလို့ ယူတာမျိုး မဖြစ်စေချင်လို့ ဒီအရပ်မှာလာပြီး အကြော်သည်ကြီး လုပ်လိုက်ရတာပါ။ စေ့စပ်တာကို လက်ခံမယ်ဆို ရင် မင်္ဂလာဆွမ်းကျွေး တဲ့နေ့မှာ သူတို့ဘဝထူထောင်ဖို့ သိန်းတစ်ရာ လက်ဖွဲ့မယ်လို့ ရည်ရွယ်ထားပါတယ်”

ဖွားစွာမှာ သူ့နားကိုပင် သူမယုံချင်။ နားကသာ မယုံချင်သော်လည်း နှုတ်ကမူ ဖိတ်ခေါ်လိုက်လေပြီ။

“ကြွပါရှင်”

လေးငယ်၏မျက်နှာလေးက ဝင်းပသွားသည်။

ကလျာမဂ္ဂဇင်း၊ မတ်၊ ၂၀၀၀။

# ဖြေပြာ

အေးချမ်းသာယာသော နံနက်ခင်းတွင် နေမင်း၏အလင်းရောင်နှင့်အတူ ဘတို့ မြေးအဘိုး သုံးယောက်သည် မြို့သစ်လမ်းမကြီးအတိုင်း ဝင်ရောက်လာပါပြီ။ သူတို့ သုံးယောက်လုံးမှာ လက်ဆွဲအိတ်များ၊ ကျောပိုးအိတ်များ၊ အထုပ်အပိုးကိုယ်စီနှင့်။

"ညာကွေ့"

နောက်ဆုံးမှ လျှောက်လိုက်လာသော ဘက အမိန့်ပေးလိုက်သည်နှင့် ရှေ့ဆုံးမှ ဦးဆောင်လျှောက် နေသော ကိုကိုက ညာဘက်သို့ ကွေ့လိုက်သည်။ ညီညီက- ' ' ဘ ဒီလမ်းသေချာရဲ့လား"

"ဒီလောက်လာရသွားရတာ ခေါင်နေမှတော့ ပျင်းစရာကြီးနေမှာပဲ"

"ဖွတ် ရောက်တော့ မင်းတို့ သိလိမ့်မယ်။ လုံးဝ မပျင်းစေရဘူး စိတ်ချ။ ငွေမကုန်ရဘဲ အိုးမကွာ အိမ်မကွာ ဖက်ရှင်ရှိုးနဲ့ လှယဉ်ကျေးမယ်ရွေးပွဲ နေ့တိုင်း ကြည့်နေရသလို ခံစားစေရမယ်"

"အဲဒါဆို"

"နိုးနိုး . . . နိုး"

"ပုဆိုးများကြော်ငြာဦးမလို့လား"

http://www.cherrythitsar.org



"မင်းတို့စကားမပြောဖို့တားတာကွ။ ဒီမယ် ငါ့စကားဆုံးအောင်နားထောင်ဦး၊ ငါစကားပြောတဲ့အထဲမှာ မင်းတို့ဘာစကားမှ ဝင်မပြောရဘူး။ ဒါပဲ ငါအားလုံးကို လေ့လာပြီးမှ စီစဉ်လိုက်တာ။ဟော . . ဟိုမယ်ရောက်ပြီ၊ ဟိုရှေ့ကအိမ်ပဲ"

ကိုကိုနှင့်ညီညီမှာ အိမ်ရှေ့တွင် ချိတ်ထားသော ဆိုင်းဘုတ်ကို အဝေးမှပင် လှမ်း၍မြင်လိုက်ရသည်။

"အိမ်တစ်ခြမ်းငှားမည်"

ဘတို့သည် ထိုအိမ်ရှေ့ရောက်သည်နှင့် -

"အဟမ်း - အဟမ်း အိမ်ငှားချင်လို့"

ဘအသံပြုလိုက်သောကြောင့် ဖွားစွာက အိမ်ထဲမှ ထွက်လာပြီး -

"ဟိုဘက်ခြမ်းငှားမှာပဲ သုံးလပဲငှားမှာ"

"တစ်နှစ်လောက်"

"သုံးလပဲ၊ သုံးလမငှားချင်ရင်ပြန်"

"နေနေ နေပါဦး၊ ဘယ်လှည့်ဝင်သွားတာလဲ သုံးလဆိုလည်း သုံးလပဲပေါ့ကွာ"

"လခကြိုပေးရမယ်၊ သုံးလပြည့်ရင် ထွက်ပေးပါမယ်ဆိုတာစာချုပ်ရမယ်"

"လခကဘယ်လောက်လဲ"

"တစ်လ နှစ်ထောင်"

"အားပါးပါး များလှချည်လား"

"မျှားရင်မငှားနဲ့"

"မျှားပေမယ့် ငှားမှာပါ"

ဖွားစွာက ဘတို့မြေအဘိုး သုံးယောက်ကိုသေသေချာချာ ကြည့်လိုက်ပြီး ရိုးမှရိုးပါလေစဟု အကဲခတ် လိုက်သည်။

"ကဲ .. ရှော့ခြောက်ထောင်၊ ပေးအခန်းသော့"

"သုံးလပြည့်ရင် ထွက်ပေးပါမယ်ဆိုတာ စာချုပ်လက်မှတ်ထိုးပြီးမှ သော့ရမယ်"

"ထိုးဆိုလည်း ထိုးရမှာပေ့ါ"

ဘက စာချုပ်လက်မှတ်ထိုးပြီး သော့ယူကာ သူတို့နေရမည့် အခန်းဘက်သို့ လာလိုက်သည်။ ညီညီမှာ ဘနောက်သို့သာလိုက်လာရသော်လည်းတစ်ချိန်လုံးဖွားစွာ၏ဘေးမှ အလိုမကျသည့်ဟန်နှင့် ရပ်နေသော ဖွားစွာ၏မြေးဖြူပြာထံမှာသူ့စိတ်က ကျန်နေရစ်ပါလေပြီ။

ဖြူပြာအလိုမကျ ဖြစ်နေရသည့်အကြောင်း ရင်းမှာ ..

"အဘွားရယ် အိမ်ကိုမငှားပါနဲ့လို့ အတန်တန် ပြောနေတဲ့ကြားက .."

"ဘာဖြစ်လဲ"

"ကဲ .. သူတို့ သုံးလပြည့်လို့ ထွက်မပေးရင် ဘယ်လိုလုပ်မလဲ"

"စာချုပ်နဲ့ပဲအေ၊ ထွက်မပေးတော့ ရဲခေါ်ပြီး ဆွဲချ

http://www.cherrythitsar.org



မှာပေါ့"

"မရှုပ် ရှုပ်အောင်လို့ ဒီခြံကိုရောင်းလိုက်ပြီလို့ မြေရှင်က သေသေချာချာပြောထားတဲ့ဟာကို"

"အေးလေ အဲဒီသူဌေးလက်ကိုနောက်သုံးလနေမှအပ်ရမှာမို့ ငါကသုံးလပဲ ငှားလိုက်တာပေါ့၊ ဘာဖြစ်လဲ။ ကဲ . . ညည်းနားမလည်တဲ့ကိစ္စဝင်မရှုပ်နဲ့"

"ပြီးတာပဲ နောက်တော့မှသာ အဘွားပဲ ငါ့ခေါင်းမီးတောက်နေပြီဆိုပြီး မပြောနဲ့"

ဖြူပြာက နှုတ်ခမ်းစူထားသည်။

ဖွားစွာက မျက်စောင်းထိုးလိုက်၏။

သို့ဖြင့် အေးချမ်းသာယာ မြို့သစ်၏ အလယ်မှ "အေးရိပ်ငြိမ်" ခြံလေးသည် ရပ်ကွက်၏ အာရုံစိုက်စရာဖြစ်လာရပါလေပြီ။အထူးသဖြင့် အရာရာကိုစပ်စုပြောဆိုတတ်သောမိန်းမကြီးတို့အတွက် ပြောစရာအကြောင်းအရာဖြစ်လာရပါသည်။

"အဲဒီအိမ်ကိုပြောင်းလာတဲ့အဘိုးကြီးမြေး နှစ်ယောက်ပါတယ်တဲ့တော့"

"ဟုတ်လား"

"အင်း . . ကျုပ်အထင်ပြောရရင်တော့ မဟုတ်မှ လွဲရော . ."

"ဒါပေါ့ မဟုတ်မှတော့ လွဲတော့မှာပေါ့"

http://www.cherrythitsar.org



"အိုတော် ကျုပ်က စကားအရပြောတာ ဒီလို .. ကျုပ် ပြောချင်တာကအဲဒီကောင်လေးနှစ်ယောက်ထဲက တစ်ယောက် နဲ့ဖွားစွာမြေးနဲ့တွေ့လိမ့်မယ်ထင်တယ်"

"ဒါပေါ့ တစ်အိမ်တည်းအတူနေမှတော့ တွေ့မှာပေါ့ အေ"

"ငါကရိုးရိုးပြောတာမဟုတ်ဘူး၊ ညည်းလည်း ငယ်ရာက ကြီးလာတာပဲ"

"အလိုတော် .. ကျုပ်ဟာကျုပ် မေ့မေ့ပျောက်ပျောက် နေတဲ့ကိစ္စ ဘယ့်နှယ် မဆီမဆိုင် သတိဖော်ပေးနေရတာလဲ"

××× ××× ×××

သို့နှယ် ... သို့နှယ် ... စပ်စုတတ်သူ သူများ အရေးစိတ်ဝင်စားတတ်သူ မိန်းမကြီးတို့ ထင်ကြေးပေးနေ ချိန်မှာ -

"ကျွန်တော်က ရိုးရိုးပြောတာပါ။ ကောင်မလေးက လှလည်းလှတယ်၊ ယဉ်လည်းယဉ်တယ်"

"ဟဲ ... ဟဲ အစကတော့ ရိုးရိုး နောက်တော့ တစ်မျိုးတိုးလို့ ချစ်ပြန်ဆိုသေး ဖြစ်လာမှာပါ၊ ငါပြောသားပဲ ငါရှာတဲ့နေရာ မင်းတို့ပျော်ရစေမယ်လို့ ဒွေးရဲ့ ကြော်ငြာထဲမှာ အော်နည်းမျိုးတောင်အော်လိုက်ချင်သေးတယ်။ အကောင်းစား တွေ၊ အကောင်းစားတွေ ဟေ့ ... ဟေ့ ကြိုက်သလောက်သာ ယူပေတော့ ဟားဟား ... ဟား"

http://www.cherrythitsar.org



ဘနှင့်ညီညီတို့ပြောသမျှကို ဘေးမှ နားထောင်နေသော ကိုကိုက -

"ဘ နေဘ် ဒီကောင့်စိတ်လည်း သိရဲ့သားနဲ့၊ ဒီကောင် စွဲမိပြီဆိုရင် . ."

"စွဲသင့်လို့စွဲရင် တာဝန်ယူရမှာပေါ့ကွာ၊ အဲ . . . တစ်ခုတော့ရှိတယ် ငါ့စကားနားထောင်ပြီး ငါစီမံတာတွေ လိုက်နာရမယ်"

"ဘက ရှင်းနေတာတွေရှုပ်အောင်လုပ်မလို့လား"

"ငါလုပ်တာမှန်သမျှ ငါ့မှာရည်ရွယ်ချက်ရှိတယ် ဆိုတာ နားလည်ထားပေါ့ကွာ၊ ငါ့စကားနားထောင်ရင် ငါစိတ်ချမ်းသာမယ်၊ ငါစိတ်ချမ်းသာရင် မင်းတို့လည်း စိတ်ချမ်းသာစေရမယ်။ ကဲ. . ငါ မြို့ထဲခဏသွားဦးမယ်"

ထိုသို့ပြောလိုက်ပြီး ဘက ထွက်သွားသည်။ ဘမှာ ထင်ရှာ လုပ်လေ့ရှိသော လူထူးလူဆန်းကြီး ဖြစ်ပါသည်။ ကိုကိုနှင့် ညီညီမှာအနုပညာသမားများဖြစ်၏။ ကိုကိုသည် ဂီတဝိုင်းထောင်ထားပြီး ညီညီကမူ ပန်းချီဆရာဖြစ်သည်။ ကိုကိုသည် ခဏမျှစဉ်းစားလိုက်ပြီး-

"ဘ ကြည့်ရတာ တို့ပစ္စည်းတွေသွားသယ်တာနဲ့ တူတယ်"

"ဖြစ်နိုင်တယ် အိမ်ငှားရတာ သေချာလို့ ပစ္စည်း တွေ သွားသယ်တာ နေမှာ၊ မှန်းဆလို့ မရတာက ဘာရည်ရွယ်ချက်

http://www.cherrythitsar.org



နဲ့ လုပ်နေတယ်ဆိုတာ မသိတာပဲ”

“မသိတာပဲ ကောင်းပါတယ် ညီညီရာ၊ ဘအကြောင်း သိဘို့ထက် အရေးကြီးတာက မင်းအတွက် ဟိုဘက်က ကောင်မလေးအကြောင်းသိရအောင် လေ့လာဖို့ပဲ။တွေ့တွေ့ ဆိုင်ဆိုင်ဖြစ်လာပြီဆိုရင်ဘအနေနဲ့ သဘောတူနိုင်တဲ့ အရည် အချင်းမျိုး ဟုတ်မဟုတ်ကြိုသိထားဖို့လိုတယ်။ ဘ က သာ သဘောမတူဘူးဆိုလို့ကတော. . ”

“ကိုကို့ပါးစပ်ကလည်းဗျာ လာဘ်မရှိ ကိုးမရှိ”

ညီညီ က ဖြူပြာကို စိတ်ဝင်စားမိသလို ဖြူပြာ ကလည်း ညီညီကို စိတ်ဝင်စားမိပါပြီ။

“မြင်ဖူးသလိုလိုပဲ၊ ဘယ်မှာမြင်ဖူးပါလိမ့် လူကြီးက အချောသား ဟီဟိ. . ”

အသံတိတ်စကားပြောနေမိသည်။ထိုစဉ် . .

“ဟဲ့ ”

ဖွားစွာက လှမ်းခေါ်လိုက်သည်။

“အမေ့”

ဖြူပြာကလန့်သွားသည်။ ဖွားစွာကခါးထောက် ရပ်လိုက်ပြီး -

“ဘာတွေတွေးပြီး ငေးနေတာလဲ၊ သဘောဆေး ကြော်ငြာဖို့ ဟိုမင်းသမီး အမူအယာမျိုးလုပ်ကြည့်နေတာလား၊ ဟင်း ဟင်း အံကျပဲ၊ဟိုဖက်မှာ မော့စ်နဲ့မိုးဒီ ရောက်လာတာနဲ့”

"ဘွားကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

"ကဲ . . လျှောက်မပြောဘူး၊ တည့်တည့်ပဲ ပြောမယ်။ ညည်းဘာတွေးနေသလဲဆိုတာ ငါသိတယ်၊ အူကြောင်ကြောင်မလုပ်ပါနဲ့"

ထိုအချိန်မှာပင် ပစ္စည်းများနှင့် ပြန်ရောက်လာသော ဘက ဖွားစွာနှင့် သူ့မြေးကို လှမ်းကြည့်ရင်း အခန်းတွင်းသို့ ဝင်လိုက်သည်။

"တော်ကဘာကိစ္စ"

"အဲ . . အခန်းမှားဝင်တာ ဆောရီး၊ ဆောရီး"

ဘက ပြုံးပြကာ သူတို့ငှားထားသည့် အခန်းဘက်ထွက်လာသည်။ ဖွားစွာသည် ဘ၏လုပ်ရပ်ကြောင့် ကသိကအောက်ဖြစ်ရသမျှကို ဖြူပြာဘက်သို့ စကားဦးလှည့်လိုက်သည်။

"ဒါပဲ သုံးလနေပြီးရင် ဘုံပျောက်မယ့် ဟာတွေ ဆိုတာ မမေ့နဲ့"

"ဘွားကရော သုံးလနေပြီး ဘုံပျောက်မှာ မဟုတ်လား"

ဖွားစွာက မျက်စောင်းထိုးလိုက်ပြီး -

"တော် - တန် - တိတ် ညည်းဘာမှ နားမလည်ဘူး ဘုံပျောက်မယ့် လူချင်း အားကိုးမိမှာစိုးလို့"

ဖွားစွာ၏အသံက အနည်းငယ်ပိုကျယ်သွားသည်။ တစ်ဖက်အခန်းမှ ဘသည် ဖွားစွာ၏ စကားကြောင့်

http://www.cherrythitsar.org



"ဒရမ်ဆက်" ကို ဆင်နေရာမှ -

"ဘယ်ကလာဗုံပျောက်ရမှာလဲ။ အားလုံး ပါတယ်ကွ" ဟု ပြန်အော်လိုက်ပြီး-

"ဒိန်း. . ဒိန်း. . ဒိန်း ချပ်ချပ်. . ၊ဒိန်း. . ဒိန်း. . ဒိန်း ချပ်ချပ်. . "

ဒရမ်ဆက်ကို တီးလိုက်သံကထွက်ပေါ်လာသည်။

"ဟဲဟဲ ဗုံမှ အကောင်းစားကြီး ဝေထွန်းသာ လာတီးရင် ခုထက်ပိုမြည်ဦးမှာ"

ဖွားစွာ၏ မျက်လုံးမှာပြူးကျယ်သွားလေသတည်း။

ဤသို့ဖြင့် တစ်နေ့ဝင်ခဲ့ ပြန်ပါပြီ။သူတို့၏ ဆုံစည်းမှု လေးများမှာ အဖုအထစ်လေးများနှင့် အစပျိုးခဲ့ လေပြီတကား။

××× ××× ×××

နောက်တစ်နေ့နံနက်မှာ နံနက်ခင်း၏ နေရောင် နှင့်အတူ ဘ၏တေးသံကို ကြားရပါပြီ။ ဘမှာ သွားမတိုက် မျက်နှာမသစ်မီမှာပင် သီချင်းတစ်ပုဒ်၏ တစ်ပိုဒ်ပိုဒ်ကို ဆို၍ထလေ့ရှိပါ၏

"စောစောအိပ်လို့ ××× စောစောထလို့ ရေချိုး ခေါင်းလျှော်ကြပါစို့ ×× တင်းတောင် တင်းတောင်"

ဘက အိမ်ထဲမှ ဆိုရင်ထွက်သွားရာ ခြေငါးလှမ်းခန့် အရောက်တွင် သီချင်းက နောက်တစ်မျိုးပြောင်းသွား ပါလေပြီ။

"မိုးရွာရင်မိုးရေချိုးမယ် ၊ မိုးမရွာရင် တွင်းရေချိုးမယ်၊

http://www.cherrythitsar.org



ရေမီတာကိုတွက်ဖို့ မလိုဖူးကွယ်၊ အဟမ်း -အဟမ်း ရေတွင်းနဲ့ အိမ်နဲ့က နီးနေတော့ သီချင်းမဆုံးခင် ရောက်နေပြီ"

ဘသည် ရေလဲလုံချည်ကို ဘေးတန်းပေါ် ပစ်တင်ကာ ရေကို ငင်ကာတဗွမ်းဗွမ်းနှင့် လောင်းချိုးလိုက်သည်။

"ဝိုး အတော်အေးတာပဲ၊ သွားသုတ်သုတ် လာသုတ် သုတ်၊ စား သုတ်သုတ်၊ ချိုး သုတ်သုတ် ကဲ . . ကဲ"

"ဗွမ်း - ဗွမ်း - ဗွမ်း"

ဘ မှာရေကို သွက်သွက်ချိုး ဆပ်ပြာကပျာကယာတိုက်၊ ပြီးတော့ ဆပ်ပြာစင်ရုံချိုးကာ ဘေးနားတန်းပေါ် မှ သူ့လုံချည်ကို ယူရမည့်အစား အရောင်ချင်း ဆင်တူနေသော ဖွားစွာ၏ လုံချည်ကို မှားယူဝတ်ကာ အိမ်ထဲဝင်လာသည်။ ဘ အိမ်ထဲ ရောက်သည်နှင့် ကိုကိုက -

" ဟင် . . ဘ ထဘီကြီး ဘာလို့ ဝတ်လာရတာလဲ"

"လုံချည်ပါကွ"

"ဘယ့်နှယ်လုံချည်ရမှာလဲ။ အထက်ဆင့်ကြီး ပါနေတဲ့ ဟာကို"

ဘ သည် ပြန်ငုံ့ကြည့်လိုက်ပြီး-

"ဟိုက် . . . မှားဝတ်လာပြီ"

ကိုကို က နှာခေါင်းရှုံ့လိုက်ပြီး"

"ဘုန်းတော့ နိမ့်သွားပါပြီဘရာ၊ ထဘီ နဲ့ ပုဆိုး မှားတာကို မှ မသိဘူးလား"

"ငါ့ လုံချည်က အသစ်ကွ။ ဒါကလည်း လှမ်းဆွဲယူလိုက်တော့ အထိအတွေ့က အသစ်ဖြစ်နေလို့ အဲ..အဲ ဟုတ်ပြီ အသစ်ဆိုတော့ ဘုန်းမနိမ့်တော့ဘူးပေါ့"

ဘက စိတ်အေးလက်အေးထိုင်မည့်ဟန်ပြင်သည်။ ကိုကိုက -

"သစ်သစ်ဗျာ။ နိမ့်နိမ့် မနိမ့်နိမ့် ပြန်ထားရမှာပေါ့"

"ထားဆိုလည်း ထားပါ့မယ်ကွာ၊ နေပါဦး ငါ့လုံချည် လဲဝတ်လိုက်ပါဦးမယ်"

ထိုစဉ် အိမ်နောက်မှ ဖွားစွာ၏ အသံက ထွက်လာသည်။

"ဟဲ့ ..ဟဲ့ ငါ့လုံချည် အသစ်စက်စက်ကြီး မရှိတော့ဘူး"

ဖွားစွာ၏အော်သံကြောင့် ဘမှာမျက်လုံးပြူးသွားပြီး-

"ဘယ့်နှယ်လုပ်မလဲ"

အရေးပေါ်ဖြေရှင်းရန် မေးခွန်းထုတ်လိုက်သည်။ ညီညီက -

"ဘာမှာ လုပ်လို့မရတော့ဘူး၊ သူတို့ အလစ်မှ ပြန်ထားလိုက်"

"အင်း.. ဒါပဲရှိတော့တာ၊ ကဲ ရေတွင်းမှာ ကျန်နေတဲ့ ငါ့ပုဆိုးကိစ္စက"

"အဲဒါလည်း နောက်မှသာ ယူတော့"

http://www.cherrythitsar.org



သို့နှင့် ပွစိပွစိ ဖြစ်နေချိန်မှာ တစ်ဖက်ခန်းမှ ဖြူပြာသည် ဘတို့အခန်းဘက်သို့ ချောင်းကြည့်လိုက်မိရာ-

"ဟင်. . . ဘွားရဲ့ထဘီကြီး ဘ ဝတ်ထားတာပါလား"

ဖြူပြာက ထရံပေါက်မှ အကြည့်ကိုခွာလိုက်သည်။ ထိုစဉ် ဖွားစွာက အိမ်ထဲသို့ ဝင်လာသည်။

"ဘွား . . . ဘွားရဲ့ လုံချည် ဟိုဘက်အခန်းက အဘိုးကြီး ဝတ်ထားတာတွေ့တယ်"

"ဟုတ်လား ၊ ဒီလို ခိုးတာတော့ ဘယ်ကောင်းမလဲ၊ တွေ့မယ်"

"အို. . မှားယူတာ နေမှာပါ၊ ဘွားလုံချည်ကလည်း အကွက်ဆိုတော့"

"ဒါ မှားစရာမဟုတ်ဘူး ဖယ်ပါ။ ခုသွားရှင်းမယ်"

ဖြူပြာမှာ ပြောမိတာ မှားလေပြီလားဟု တွေးလိုက်မိသည်။ ဖွားစွာအား တား၍မရတော့ပါလေ။ ထိုအချိန် ဘမှာ ပုဆိုးနှင့် လဲဝတ်ပြီးနေပါပြီ။

"ထွီ ခုထိ ယားနေသလိုလိုကြီး ခဏနေမှ ရေတစ်ခါ ထပ်ချိုးရဦးမယ်"

ကိုကို နှင့် ညီညီ က ဘ၏ မအီမလည် မျက်နှာကို ကြည့်၍ သဘောကျနေ၏။

"ဒီမယ်"

ထိုစဉ် ဖွားစွာက တံခါးဝမှာ ရောက်လာသည်။

http://www.cherrythitsar.org



"ဟော"

"ကျုပ်လုံချည် တော် ယူသွားတယ်မဟုတ်လား"

"အာ ယာယာ၊ အိုးစွပ်မစပ် ခွက်စွပ်မစပ်။ မင်းလုံချည် ငါက ဘာလို့ ယူရမှာလဲ၊ ဒီမယ် ကြည့်။ ဒွေး တို့မင်းဦး တို့ လွင်မိုးတို့ ဝတ်တဲ့ဟာမျိုး ဝတ်ထားတာ။ အသင့်ချုပ်ပြီးသား ဘူးလေးနဲ့"

"တော် မလိမ်ပါနဲ့"

ကိုကို က ဘကို လက်တို့ပြီး

" ဘ ဒါ ဘကို တမင်သက်သက် ထဘီသူခိုးလို့ စွပ်စွဲ တာပဲ"

"အင်း. . . မင်းပြောမှ ငါသဘောပေါက်သွားတယ်၊ ဟော့ ဒီမယ် မင်းလူတွေကို မယုံသင်္ကာဖြစ်နေရင် မင်းအိမ်မှာ မနေဘူး။ ခု ထွက်သွားမယ်။ အိမ်လခတွေ ပြန်ပေးပါ။ နေပြီးသား တစ်ရက်တွက် နုတ်ယူထားလိုက်၊ ခြောက်ဆယ် ခုနှစ်ကျပ်မတ်တင်း ယူထားလိုက်"

"ဘ ငါးပြား နစ်နာမယ်နော"

"ကိစ္စမရှိဘူး၊ ဒါလောက်တော့ အနစ်နာခံမယ်"

ဖွားစွာမှာ ဘ၏စကားကြောင့် ဒေါသကို ချုပ်တည်း လိုက်ရပြီး -

"ဟင်း လက်ပူးလက်ကြပ်မိတဲ့နေ့မှ အကြောင်းသိ စေမယ်"

http://www.cherrythitsar.org



မကျေမချမ်းနှင့် လှည့်ပြန်ခဲ့ရလေ၏။ ဖွားစွာ ပြန်သွားတော့မှ ဘတို့မှာ သက်ပြင်းချနိုင်လေတော့သတည်း။

"တော်သေးရဲ့၊ ငါ ခပ်တည်တည် နဲ့ ဟောက်လိုက်လို့ ပြန်ထွက်သွားတာ ၊ ကဲ . . ဆက်စဉ်းစားကြပါဦး။ လုံချည်ကို ဘယ်လိုပြန်ပေးမလဲ"

"ဘ ပြဿနာ ဘ ဟာဘ ရှင်းပေါ့"

"အဲလိုတော့ မလုပ်နဲ့ကွာ"

"ကျွန်တော်က မျက်နှာပိုးမသေဘူး ဘရဲ့၊ အစောက ပြောတုန်းကလည်း ဘ နဲ့ အလိုတူ အလိုပါ ဖြစ်ထားတာ ဒီတော့ . . ."

စကားမြားဦးက ညီညီဘက် လှည့်သွားသည်။ ဘ က ညီညီကို ကြည့်ကာ -

"ကဲ . . ညီညီ မင်းတာဝန်ယူထား"

"ရပါတယ်"

ညီညီ က သူ့အကြံအစည်နှင့် သူမို့ ရှောရှောရှူရှူ ပင်တာဝန်ယူလိုက်သည်။ ကိုကိုကဘယ်လို သဘောပါလိမ့် ဆိုသောအကြည့်နှင့်ကြည့်၏။ ညီညီ က ပြုံးပြလိုက်သည်။

×××××××××××××××××××××

ကံတရားသည် ညီညီ၏ ဘက်မှရပ်တည်နေသည် ဟုဆိုရပါမည်။ ညီညီမျှော်လင့်၍ တွက်ထားသည့်အတိုင်း နောက်ရက်မနက်မှာ ဖွားစွာက လက်ဆွဲခြင်းနှင့် ဈေးဝယ်

http://www.cherrythitsar.org



ထွက်သွားသည်။ ညီညီက ဖြူပြာဘယ်မှာ ရှိသည်ကို သိရန် တစ်ဖက်ခန်းကိုချောင်းကြည့်လိုက်၏။ မရှိ။ အိမ်နောက် ထွက်ကြည့်လိုက်သည်။ တွေ့ပါပြီ။ ဖြူပြာမှာ ရေတွင်းဝယ် အဝတ်လျှော်နေသည်ကိုး။ ညီညီသည် ဘ မှားယူလာသော ဖွားစွာ၏ လုံချည်ကို ယူကာ ဖြူပြာရှိရာသို့ ထွက်ခဲ့သည်။

"ညီမ"

"ရှင်"

ညီညီ၏ ခေါ်သံကြောင့် ဖြူပြာက ထူးရင်း လှည့်ကြည့် လိုက်၏။

"အဘွားရဲ့ လုံချည်ပြန်ပေးချင်လို့၊ မနေ့က ဘ က ရေချိုးပြီး သူ့လုံချည်နဲ့ မှားဝတ်လာတာ။ ဘ က မျက်စိမှုန် တယ်လေ"

ဖြူပြာက ညီညီပြောသမျှကို နားထောင်နေသည်။

"မနေ့က ဘွားလာမေးတော့ ဘက ရှက်ပြီး ပြောမိ ပြောရာတွေ ပြောလိုက်မိတာပါ။ ခုတော့ ပြန်အပေးရခက် နေလို့ ညီမဆီ လာပြီးပေးရတာပါ။ ဘွားကို တစ်ဆင့် ရှင်းပြ တောင်းပန်ပေးပါဦး"

ဖြူပြာက -

"ဟုတ်ကဲ့ရပါတယ်။ ဖြူပြာ ပြောပြလိုက်ပါ့မယ်"

"ကျေးဇူးပဲ၊ ညီမ နာမည်က ဖြူပြာနော်"

ဖြူပြာ က ခေါင်းညိတ်သည်။ ညီညီက-

http://www.cherrythitsar.org



"ကျွန်တော့် နာမည်က. . "

"ကိုညီညီ မဟုတ်လား"

"ဖြူပြာ ဘယ်လိုလုပ်သိလဲ"

"ပြီးခဲ့တဲ့ လက မဂ္ဂဇင်းထဲမယ် အစ်ကိုတို့ ပန်းချီပြပွဲ အကြောင်းပါတယ်လေ။ ဦးကံချွန်နဲ့ တွဲပြီး တူးမင်းရှိုး လုပ်တာဆို။ အဲဒီမယ် အစ်ကို့ဓါတ်ပုံလည်းပါ တယ်။ မနေ့ကပစ္စည်းတွေ သယ်လာတဲ့ဆီမှာ ပန်းချီကားတွေပါ တွေ့လိုက်တော့ ပိုပြီး သေချာသွားတာ။ ဖြူပြာက ပန်းချီဆွဲတာနဲ့ စာဖတ်တာ သိပ် ဝါသနာပါတာ"

"ဟုတ်လား"

ဖြူပြာနှင့်ညီညီမှာ ဝါသနာတူသူချင်းမို့ ရင်းနှီးမှု အမြန်ရသွားသည်။ အချိန်အတော်ကြာကြာစကားတွေပြောဖြစ်ကြပါသည်။ ဖြူပြာနှင့် ညီညီတို့ ရင်းနှီးမှုပိုလာသည်နှင့်အမျှ ဘ နှင့် ဘွားစွာမှာမူ ပြဿနာပေါ် ပြဿနာ ဆင့်ကာ အဆင်မပြေရန် အကြောင်းများက ပေါ်လာရ ပြန်ပါပြီ။ ထိုနေ့ညက ကိုးနာရီခန့်မှာ ဘ အိပ်၍ စာဖတ်နေစဉ် . . .

တစ်ဖက်ခန်းမှ ဖွားစွာသည် ရေနွေးကရားကို တိုက်မိကာ ရေနွေးများ ကြမ်းပြင်ပေါ် ဖိတ်ကျသွားသည်။ ဖိတ်ကျသွားသည့်ရေနွေးများမှာ ကြမ်းပြင်အတိုင်းစီး၍ တစ်ဖက်ခန်းတွင်းသို့ဝင်သွား၏ ရေနွေးဖိတ်သည့်နေရာမှာဘ၏အိပ်ရာနှင့်ကြမ်းတစ်ပြေးတည်းဖြစ်နေသောကြောင့်

http://www.cherrythitsar.org



ဘ၏ အိပ်ရာအောက်သို့ စီးဝင်သွားသည်။

ဘမှာ အိပ်နေရင်းမှ ကျောစိုလာသည့်အတွက် ထ၍ ကြည့်လိုက်ပြီး -

"ဟိုက် . . အိပ်ရာအောက်ရေဝင်တာပါလား။ ဒါ . . ဒါ . . ဟိုဘက်ခန်းက လာတဲ့ရေတွေပဲ "

ဘသည် ထရပ်လိုက်ပြီး-

"ဟေ့ကောင်တွေ ဟေ့ကောင်တွေ လာဦးဟ ငါ့အိပ်ရာ အောက်ရေဝင်နေပြီ"

ကိုကိုကလှည့်ကြည့်ပြီး -

"ကိုယ်မပဟုတ်ပြီးတာပဲ ဘယ်ကပြဿနာက လာရှုပ်နေ လို့လဲ"

"အိပ်ရာအောက်ရေဝင်တာပါဆိုမှကွာ"

"ဖြေရှင်းလိုက်ပေါ့ အဘရဲ့"

"ဒုက္ခပါပဲ၊ လာ . . . လာ . . လိုက်ခဲ့။ မင်းတို့က လက်တွေ့ပြပြီးပြောမှ သဘောပေါက်မှာလာ"

ဘက ကိုကို့ကို ဆွဲခေါ်သည်။ ညီညီကပါ လိုက်လာ သည်။ ဘကသူ့အိပ်ရာ အောက်မှာဝင်နေသော ရေများကို လက်ညှိုးထိုးပြပြီး-

"ကဲ . . သိပြီလား၊ ပြဿနာကိုက အိပ်ရာအောက် ရေဝင်တဲ့ပြဿနာ" ကိုကိုကသေချာကြည့်လိုက်ပြီး -

"အား . . ဒါဟိုဖက်ခန်းက စီးလာတာပဲဘရဲ့ ၊ ရေမှ

http://www.cherrythitsar.org



ဟုတ်ရဲ့လား အရောင်ကတော့ ခပ်ဝါဝါပဲ၊ ဘ ကျော အောက် စီးဝင်လာတုန်းကရော အေးသလား၊ ပူနွေးနွေး နေသလား”

ဘသည် ကိုကို့စကားကြောင့် စဉ်းစားလိုက်ပြီး-

“နွေးသွားတယ်၊ နွေးသွားတယ် ဟုတ်ပြီ မင်းပြောမှ သတိထားမိတယ်။ ဝါတာတာ ပူနွေးနွေး၊ ဒါသက်သက် ညစ်ပတ်တာ။ ခုသွားပြီး ဖြေရှင်းမယ်”

ညီညီကစိတ်ညစ်သွားသည်။

“ဒုက္ခပါပဲကိုကိုရာ ၊ ကိုကိုအညှောင့်ထောင်တာနဲ့ ရှုပ်ကုန်တော့မှာပဲ”

ဘကား အခန်းပြင်ရောက်သွားပါပြီ။ ဘသည် တစ်ဖက်ခန်းမှ တံခါးကို ရိုက်လိုက်ပြီး -

“ဟေ့. . တံခါးဖွင့်ပါ။ စုံထောက်ဦးစံရှားကို အမြဲတမ်း ဖတ်ခဲ့တဲ့ကောင်ကွ။ ငါ့ဘာမှတ်နေလဲ၊ ပေါင်ချိန်ကို စီးရီးလိုက် ကြည့်ထားတာ။ ဘယ်ဇာတ်လမ်း သိချင်သလဲ။ အလွတ်ပြောပြ နိုင်တယ်။ အထူးရဲကွန်မင်ဒို လည်း လက်လွတ်ခံခဲ့တာ မဟုတ်ဘူး၊ ငါ့ဘာမှတ်နေလဲ ချိန်ကွမ်းမင် အဲလေ . . ဘ တဲ့ ကွ”

“ဒီမယ် . . ညအချိန်မတော်ဘာကိစ္စ လာအော်နေရ တာလဲ။ တော်ဟာတော် ပေါင်ချိန်ကြည့်ကြည့် ကတ္တား ကြည့်ကြည့် ကျုပ်တို့နဲ့မဆိုင်ဘူး”

ဘွားကတံခါးပိတ်မည်အလုပ် ဘက ခြေထောက်ထိုး

http://www.cherrythitsar.org



သွင်းထားလိုက်ပြီး -

"လာတဲ့ကိစ္စပြောမယ်လေ၊ မင်းတို့ အခန်းဘက်က ဝါတာတာ နွေးတေးတေးတွေ ကျူပ်အိပ်ရာအောက် စီးဝင်လာလို့ပြောတာ၊ အဲဒါ ဘာတွေလဲ ခုလိုညစ်ပတ်တာ မကောင်းပါဘူး"

"ဘာ. . တော်က ဘာထင်လို့လဲ၊ ရေနွေးကရား ခလုတ်တိုက်မိလို့ မှောက်သွားတာရှင့်"

ဘွားနှင့် ဘတို့တစ်ယောက် တစ်ခွန်း အပြိုင် အော်နေစဉ်မှပင်ဘနောက်သို့ညီညီရောက်လာပြီး ဘွားအနီးသို့ ဖြူပြာကလည်းရောက်လာကာ-

"လာပါဘွားရယ်"

"ဟင်း. . မတော်တဆဖြစ်တဲ့ကိစ္စမစူးမစမ်း လာပြီး ရန်ထောင်နေလို့"

"ဟော့. . ဒီကိစ္စက ဘယ်လိုလုပ် စူးစမ်းလို့ ရမှာလဲကွ"

"ပြေပြေလည်လည်မေးပေါ့တော့"

"ဒါက. . . "

ဘအားညီညီက ဆွဲခေါ်သည်။

"လာပါဘရယ် ဘာမှလည်းမဟုတ်ဘဲနဲ့"

ထိုသို့သောဘ၏လုပ်ရပ်ကြောင့် ဖွားစွာ၏ဒေါသဒီဂရီမှာ တိုးသွားရပြန်သည်။

"ဟင်း လခယူထားမိလို့ ကြည့်နေတာ"

http://www.cherrythitsar.org



ဖွားစွာ၏စကားဆုံးသည်နှင့်တစ်ဖက်ခန်းမှ ဘ၏ အသံက ထွက်လာသည်။

"ဟေ့ မင်းကို လခပေးထားတာ တို့ကိုကြည့်နေဖို့ မဟုတ်ဘူး။ မင်းအိမ်မှာနေတဲ့အတွက်ပေးထားတာ နောက် မကြည့်ပါနဲ့"

ဘတို့၏ညဦးရန်ပွဲကြောင့် ကောင်းကင်မှ လမင်း သည်ပင် ပြုံးသွားသလိုလို။

××× ××× ×××

ထိုသို့သော နေ့ပေါင်းများစွာ၊ ပြဿနာပေါင်းများစွာ၊ ညပေါင်းများစွာကိုဖြတ်ကျော်မိသောအခါ ဘနှင့်ဖွားစွာ တို့မှာ တစ်ယောက်ကိုတစ်ယောက်ကြည့်မရလောက်အောင် ဖြစ်သွားကြပါလေပြီ။ သို့သော် ထိုနေ့ရက် များကျော်လွန်ခဲ့ပြီး နောက်မှာမူ ညီညီနှင့် ဖြူပြာတို့မှာကား တစ်ယောက်ကို တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်လောက် အောင်ဖြစ်နေပါချေပြီ။

"ဖြူပြာ"

"မောင်"

"ဖြူပြာရဲ့ အဘွားကသာ သဘောတူမယ် ဆိုရင် တော့ လူကြီးချင်းပြောဆိုဖို့စီစဉ်ချင်ပြီကွာ၊ဖြစ်နိုင်မလား ဟင်"

ညီညီက စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။ ထိုအမေးကို ဖြူပြာမဖြေခင်မှာပင် အဖြေက ထွက်လာသည်။

http://www.cherrythitsar.org



"လုံးဝမဖြစ်နိုင်ဘူး"

သူတို့နှစ်ယောက်လုံး လှည့်ကြည့်လိုက်တော့ တွေ့ရသည်က ဖွားစွာ။

"လာခဲ့"

ဖွားစွာက ဖြူပြာကိုဆွဲခေါ်သွားသည်။

"တက်စမ်းအိမ်ပေါ်"

ညီညီကဖွားစွာဘေးရပ်ကာ -

"နေပါဦးဖွားရယ် ကျွန်တော်ရှင်းပြ. . ."

"ဘာမှရှင်းပြဖို့မလိုဘူး၊ အခြေအနေမရှိတွေ၊ မင်းတို့တောင်ဒီလကုန်ရင် ဘယ်နေရမယ်ဆိုတာ မသိဘဲနဲ့များ၊ ဟင်း. . ၊ ပြောမပြောချင်ဘူး၊ ဒေါ်ဖြူပြာ ဘာရပ်နေတာလဲ၊ အိမ်ထဲဝင်ပါ"

ညီညီမှာ ရပ်ငေးကျန်ရစ်ရလေသည်။

××× ××× ×××

ကိုကိုက ညီညီ၏အခြေအနေကို ဘအား ပြောပြလိုက်သည်။

"ဟ. . အဲသလိုဖြစ်သွားသလား"

"ဒါတောင် လျှော့ပြောထားတာ"

"အိမ်း. . ငါ့ကြောင့်ဖြစ်တာ ဆိုရမှာပဲ။ ငါ့မှာ တာဝန်ရှိတယ်။ ငါသွားပြောမယ်"

ဘက ထထွက်သည်။

http://www.cherrythitsar.org



"ဘ မသွားပါနဲ့တော့ဗျာ တော်ပါတော့"

ညီညီကလှမ်းတားသည်။ မရပါ။ ဘကား တစ်ဖက်ခန်းသို့ ဦးတည်သွားပါပြီ။

"အဟမ်း. . အဟမ်း"

ဘက တံခါးဝမှ ချောင်းသံပေးလိုက်သည်။ ဖွားစွာက

"ဘာကိစ္စလဲ"

"ကလေးတွေကိစ္စပြောချင်လို့"

"ပြောဖို့မလိုပါဘူး"

"မင်းဘက်က မလိုပေမယ့် ငါ့ဘက်က လိုတယ်လေ ငါကယောက်ျားလေးရှင်မဟုတ်လား"

"တော် အခုပြန်သွားပါ"

"ပြောဖို့လိုလို့ လာပြောတာပါ မဖွားစွာ။ အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုးတဲ့ အိမ်ထောင်ပြုတာဟာ စုတ်ထိုးသလိုပဲ"

"တော်"

ဖွားစွာက ဝုန်းခနဲ့ထရပ်သည်။

"တော်တို့လိုတာက နေဖို့အိမ် နက်ဖြန် သဘက်ဆိုပြောင်းရတော့မယ်။ ဟွန်း လူတွေကဖြင့် နေစရာတောင်အတည်တကျမရှိသေးပဲနဲ့"

"အဲဒါ မင်းကိစ္စမဟုတ်ပါဘူး မစွာ။ ငါ့ကိစ္စပါ၊ မင်းကိစ္စက သားရေးသမီးရေးဆွေးနွေးဖို့ပဲ"

http://www.cherrythitsar.org



"ဪ တော်က ဆွေးနွေးစေချင်တာလား၊ ကဲပြတ်ပြတ်ပြောလိုက်မယ်။ ကျုပ်ရဲ့မြေးကို နေရာအတည်တကျ မရှိတဲ့လူရဲ့မြေးနဲ့ မပေးစားနိုင်ဘူး ဒါပဲ"

"ဟော့ ဒီမယ် သူများသိန်းလေးငါးရာ အကုန်ခံ ဆောက်ထားတဲ့ တိုက်တောင်မှ တစ်ည လေးငါးရာပေးရင် တက်အိပ်လို့ရတယ်ကွနားလည်လား။ နေစရာကိုယ်ငွေနဲ့ ဆောက်တယ်ဆိုတာ အ,လို့။ မင်းသာ လူအတွေကို အထင်ကြီးနေတာ။ တို့က လူလည်တွေကွ။ နေစရာ အတည်တကျမရှိတာမဟုတ်ဘူး နေရာအမျိုးမျိုး စမ်းနေ ကြည့်နေတာ ဒါပဲ သွားမယ်"

ဘသည်စကားအဆုံးမှာအောင်မြင်စွာ တပ်ခေါက်လာခဲ့ရပါတော့သည်။ အခန်းတွင်းသို့ဝင်လိုက်မိသည်နှင့်

"ဘပြန်မရောက်ခင်ကတည်းက အသံကြား နေရလို့အထုပ်အပိုးတောင်ပြင်ထားပြီးပြီ။

"အင်း. . ပြင်ထားတာ မမှားပါဘူးညီညီ"

"ဘ"

"တို့မပြောင်းခင် မင်းကောင်မလေးကို တစ်ခေါက်လောက် တွေ့ခွင့်ရအောင်ကြိုးစား ကြည့်ပါဦးလား"

ညီညီကစိတ်ပျက်စွာဖြင့်ဘကို ကြည့်နေလိုက်သည်။

"စိတ်ချပါကွာ ငါ့မှာအစီအစဉ်ရှိပါတယ်"

"ကျွန်တော်ဘရဲ့ အစီအစဉ်ဆိုတာကြီးကို တော်တော်

http://www.cherrythitsar.org



ကြောက်နေပြီဗျာ။မရှုမလှဇာတ်သိမ်းနေတာကိုပဲ ကန့်လန့် ကာအောက်က ငုံ့တိုးထွက်စရာ ခိုင်းနေသေးတယ်"

"ခက်လိုက်တာကွာ ယောကျ်ားဆိုတာ ဖွဲ့မလျော့ ရဘူးကွ"

ညီညီကဘကို မျက်စောင်းထိုးကြည့်လိုက်ပြီး-

"တွေ့တော့ ဘာပြောရမှာလဲ"

"ဘာမှမပြောနဲ့ သူဘာပြောချင်သလဲဆိုတာ နားထောင် ဖို့"

××× ××× ×××

ညသည် တိတ်ဆိတ်နေသည်။ ဖွားစွာ၏ဘုရား ရှိခိုးသံ ကိုကြားနေရ၏ ညီညီသည်လေချွန်သံတိုးတိုးပေးပြီး ရေတွင်း ဆီသို့ထွက်သွားသည်။ ညီညီရေတွင်း ရောက်ပြီး မကြာခင်မှ ဖြူပြာရောက်လာသည်။

"မောင်"

"ဖြူပြာ. . ဖြူပြာ လာမှ လာပါ့မလားလို့"

"ကဲ. . ပြောစရာ ရှိရင်မြန်မြန်ပြော"

"မောင်တို့နက်ဖြန် ပြောင်းတော့မှာမို့ ဖြူပြာမှာစရာ များရှိမလားလို့"

ဖြူပြာ ညီညီ၏ရင်ခွင်မှာ မျက်နှာအပ်ထားလိုက်သည်။

"မောင် မောင့်ကို ရိုးသားလို့ချစ်တာပါ။ ဘွားက ပိုက်ဆံ

ရှိတဲ့လူနဲ့မှ ပေးစာချင်တာ။ ဖြူပြာကတော့ ပြောလိုက်တယ်။ ငွေဘယ်လောက်ပဲရှိရှိ မရိုးမသားနဲ့ သောက်စားမူးရူး နေတဲ့ သူမျိုးကို အိမ်ထောင်ဖက်ရွေးရင် စိတ်ချမ်းသာမှာ မဟုတ်ဖူး လို့"

ညီညီက ဖြူပြာ၏ပခုံးကိုဖက်ထားလိုက်သည်။ ထိုစဉ် ဖွားစွာ၏ အမျှဝေသံကိုကြားလိုက်ရသည်။

"ဖြူပြာပြန်တော့မယ်"

××× ××× ×××

နေရောင်သည် မြို့သစ်ပေါ်သို့ကျရောက် လာပါပြီ။

ဖြူပြာ အိပ်ရာကထသည်နှင့် ညီညီတို့အခန်းကို ကြည့်လိုက်သည်။

"ဟင်. . မရှိတော့ပါလား"

ဖြူပြာက အိမ်ရှေ့သို့ထွက်လားပြီး-

"ဘွား ဘတို့မရှိတော့ဘူး"

"ဒါဆန်းသလား သုံးလပြည့်ပြီလေ၊ ပြောင်းရမှာပေါ့"

"သနားပါတယ် သူတို့ဘယ်သွားနေကြမယ် မသိဘူး နော်"

"အံမယ်. . မယ်. . မယ်။ သနားစရာရှား နေလိုက် တာ။ သူတို့အရေးထက် ကိုယ့်အရေးကိုယ် တွေးပါဦး။ ဒီခြံကို နောက်ဝယ်တဲ့သူဌေးက ကျုပ်တို့ကို ဆက်မထားရင် ဘယ်

http://www.cherrythitsar.org



ပြေးကြမလဲဟင်”

“နောက်ဝယ်တဲ့သူ ဒွေးက သဘောကောင်း တယ်လို့ ပိုင်ရှင်ကတော့ပြောဖူးတာပဲ။ ကောင်းမှာပါ”

ဖွားစွာက သက်ပြင်းချလိုက်ပြီး -

“အင်း.. မထားရင်တော့ ဟိုအဘိုးကြီးတွေဆီက ယူထားတဲ့ သုံးလစာနဲ့ တခြားနေရာမှာ အိမ်ငှားဖို့ ရှာရမှာပဲ”

ထိုသို့ ဖွားစွာတို့ စိတ်ပူနေကြစဉ် ခြံတွင်းသို့ မာစီဒီး ကားတစ်စီး မောင်းဝင်လာပါသည်။ ကားကြီးသည် ဖွားစွာတို့ အနီးမှာ ထိုးရပ်လိုက်၏။ ကားမောင်းလာသူက ညီညီ ကား ပေါ်မှ ဆင်းလာသူက ဘ။

“အဟမ်း.. ဒီခြံကို ဝယ်လိုက်တာ ကျူပ်ပါပဲ။ စာချုပ်အ ရဒီနေ့မှပဲ လွှဲယူရမှာမို့ အရင်သုံးလကတော့ ငှားနေခဲ့ရတာပါ”

“အို”

ဖွားစွာမှာ သူ့နားသူ မယုံနိုင်အောင် ဖြစ်သွားသည်။ ဘက တိုက်ပုံအိတ်ထဲမှ မြေအရောင်းအဝယ် စာချုပ်ကို ထုတ်ပြလိုက်ပြီး-

“ဒီအိမ်ကို ဖျက်ပြီး တိုက်ဆောက်မယ်။ တစ်ခြမ်း က ကျူပ်နေဖို့ တစ်ခြမ်းက ကိုကို့အတွက် အပေါ်ထပ်မှာတော့ အဲ ခင်ဗျားသဘောတူမယ်ဆိုရင်ပေါ့ ညီညီနဲ့ ဖြူပြာနဲ့ ခင်ဗျားနဲ့....”

“ရှင်.. ရှင်.. တကယ်ပြောတာလား”

၁၈၈ **ကံရှုန်**

ဘတို့စကားပြောနေချိန်မှာ ဖြူဖြူပြာနှင့် ညီညီတို့ သည် ရေတွင်းလေးဆီသို့ရောက်နေကြလေပြီ။

ကလျာမဂ္ဂဇင်း၊ ဧပြီလ၊၂၀၀၀။

http://www.cherrythitsar.org



# မောင်မှားပါပြီကွယ်

ဆောင်းရာသီ၏ နံနက်စောစောမှာ နှင်းမှုန်တို့က ငွေဇာပုဝါဖြူဖြင့် မန္တလေးမြို့သစ်ကို လွှမ်းခြုံထားပါသည်။ ထိုနှင်းမှုန်တို့အတွင်းမှ ဆောင်းတေးသံ၏ အပိုင်းအစ လေးများကို ကြားရပြီ။

"စောစော .. အိပ်လို့ ၊ စောစော ..ထလို့၊ စောစော ..လမ်းလျှောက်ကြပါစို့၊ တင်းတောင်.. တင်းတောင်.."

" မှုန်ပြာရီ ရာသီတွေပြောင်း တစ်ဆောင်းသစ်ပြန်ပြီ"

"ရှူး ...ရှူး ...ရှူး .."

ထိုအသံများမှာ အဘိုးကြီးသုံးယောက်ထံမှ ထွက်ပေါ်လာသော အသံများဖြစ်ပါသည်။ ထိုအဘိုးကြီး သုံးယောက်မှာ ဦးစံပျော၊ ဦးသာဝနှင့် ဦးပေတလူ။ ဦးစံပျောက လေချွန်သံပေးပြီး သည်နှင့်..

" ရှူး .. လေချွန်သံလေးကြားလိုက်ရင် ဆင်းခဲ့ တော့ကွယ် မောင်လာပြီ"

တေးသံက ပျံ့လွင့်လာသည်၊ တေးသံနှင့်ကပ်၍ လေချွန်သံများက ပေါ်လာပြန်၏။ နောက်သံပြိုင်ဆို လိုက်ကြ ပြန်သည်။

" လေချွန်သံလေးကြားလိုက်ရင်. . . .

ဆင်းခဲ့တော့ကွယ် မောင်လာပြီ ရှီ . . ရှီ . . ”

လေချွန်သံအဆုံးမှာ ခွေးစုတ်ဖွားလေးက ပြေးထွက်လာသည်။ ဦးသာဝ၊ ဦးပေတလူ၊ ဦးစံပျော တို့မှာ လမ်းထဲမှ ပြေးထွက်လာသော ခွေးစုတ်ဖွားကို ကြည့်ပြီး-

“ဟာ . . ဘယ်လိုပါလိမ့်”

“ ဒီကောင် အကုသိုလ်တွေ များပေမယ့် ဒီလောက်တော့ ဘဝပြောင်း မမြန်နိုင်ဘူးကွ”

“စဉ်းစားပါဦး စံပျောရယ် ၊ အကုသိုလ်များလို့ ဘဝပြောင်း မြန်ရမယ်ဆိုရင် နင်အရင်ပြောင်းမှာပေါ့”

“ဟင်း . . ဟင်း . . ”

ထိုစဉ်

“ဘာတွေဖြစ်နေကြတာလဲ”

“ဟော . . ဘ”

“အံ့မယ်မယ် သံပြိုင်များ အံ့ညြနေလိုက်ကြသေးတယ်”

“ဒါနဲ့ အဲဒီခွေးက ခင်ဗျားမွေးထားထာလား”

“ဟင့်အင်း . . ငါ့အိမ်က ထွက်ကတည်းက ငါ့ရှေ့က ပြေးလိုက် နောက်ပြန်လာလိုက်၊ ပြေးလိုက်နဲ့ မင်းတို့ လေချွန်သံ ကြားတော့ မင်းတို့ဆီပြေးသွားတာ”

“ဘယ်သူ့ခွေးလဲ”

“သိဘူးလေ၊ ဒါကပြဿနာမရှိပါဘူး၊ ငါ့နောက်

http://www.cherrythitsar.org



ဆက်လိုက်နေရင် ငါမွေးထားလိုက်မယ်လေ”

သို့ဖြင့် ဘတိုက လမ်းလျှောက်အဖွဲ့တွင် ခွေးလေး တစ်ကောင် အဆစ်ပါလာလေပြီ။ ခွေးလေးမှာ ဘတို့နှင့် လိုက်လာရာမှ -

“ဝုတ် .. ဝုတ် .. ဝုတ်”

“ဟဲ့ခွီး .. ဟဲ့ခွီး .. တီအုစာ ပီစုခွီးလဲ”

ခွေးမှာ သူတို့ရှေ့နားဆီမှ လမ်းလျှောက်နေသော တရုတ်ကြီးကို လိုက်ဆွဲခြင်းဖြစ်ပါသည်။

“မြန်မြန်လေချွန် မြန်မြန်၊ ဟိုမှာ လိုက်ဆွဲနေပြီ”

“ရှူး”

ဘက လေချွန်လိုက်မှ ခွေးက ပြန်လှည့်ပြေးလာ သည်။

“ဘ ဒီခွေး ခင်ဗျားမွေးမှာလား”

“ဘာလို့လဲ”

“ရှင်းအောင် မေးရတာဗျ၊ တစ်ယောက်ယောက် ကိုက်လိုက်ရင် ဆေးဖိုးစုလျော်နေရမှာစိုးလို့”

“ကျုပ်မွေးမှာပေါ့ဗျာ”

“ဒီနေ့တော့ လမ်းလျှောက်ရတာ ဇိမ်မရှိတော့ဘူး၊ ခွေးကြည့် နေရတာနဲ့ဘေးကို မကြည့်ရတော့ဘူး”

ထိုစဉ် ဘတို့နှင့် မျက်နှာချင်းဆိုင် ဘက်မှ ပြေးလာ သော ညီညီကို တွေ့လိုက်ရသောကြောင့် -

"ညီညီ"

ညီညီက ဘ၏ခေါ်သံကြောင့်ရပ်လိုက်သည်။

"ဘာဖြစ်တာလဲ ဘ"

"မင်းနဲ့တွေ့တာ အဆင်ပြေတာပဲ၊ ဒီခွေးကို အိမ်ခေါ်သွားစမ်းကွာ"

(ဝုအူ)

"ဘယ်ကခွေးလဲ"

"မသိဘူး၊ ငါ့နောက်လိုက်လာလို့ မွေးမလို့"

"ဒုက္ခပါပဲ၊ ကျွန်တော်က ဘယ်လိုလုပ်ခေါ်ရမှာလဲ"

ထိုစဉ် ဦးသာဝက -

"ရော့ .. ဒီကြိုးယူသွား"

ကြိုးခုန်ရန် ယူလာသည့်ကြိုးကို လှမ်းပေးသည်။

××× ××× ×××

ထိုအချိန် ဖွားစွာမှာ . . .

"ဟဲ့ . . . မျိုးမျိုးယူ မိုက်ကယ်ရှိသလား"

"မျိုးအခန်းထဲမှာတော့ မရှိဘူး ဖွား"

" ဟော .. မြန်မြန်ရှာစမ်း၊ ခြံထဲသွားကြည့်စမ်း၊ တော်နေကြာ ခွေးသူခိုးတွေနဲ့တွေ့ပြီး ငါ့ခွေးပါသွားမှဖြင့် . . . ."

"မျိုးမျိုးယူ ခြံထဲမှာ ဆင်းပြီးမိုက်ကယ်ကို ရှာစမ်း"

http://www.cherrythitsar.org



မျိုးမျိုးယုက တိုက်ရှေ့၊ တိုက်ဘေးခြံထဲ အနှံ့ရှာကြည့်သည်။ မတွေ့၊ ခေါ်ကြည့်သည်။ မလာ။ သည်တော့ -

"ဖွား ခြံထဲမှာမရှိဘူး"

"ဟေ"

ဟေသံနှင့်အတူ ဖွားစွာ ပြေးထွက်လာသည်၊

"လာစမ်း- လာစမ်း၊ ခြံပြင်ထွက်ကြည့်ရအောင်"

ဖွားစွာကပြောပြောဆိုဆို ခြံဝသို့ဦးဆောင်ထွက်သွား၏။ မျိုးမျိုးယုလည်း နောက်မှ ကပ်လိုက်သွားရတော့သည်။ ခြံပြင်သို့ ထွက်မိသည်နှင့် -

"ဟော . . ခွေးသူခိုး မိပြီ၊ ဟဲ့ . . ခွေးသူခိုး လာခဲ့၊ ခုရပ်စမ်း၊ မင်းဘာလို့ ငါ့ခွေးကို ခိုးရတာလဲ"

"ဗျာ . . ကျွန်တော်ခွေးသူခိုး မဟုတ်ပါဘူး"

"ဘယ်နှယ့် မဟုတ်ရမှာလဲ၊ လက်ပူးလက်ကျပ်မိနေတဲ့ဟာကို ပြောစမ်း၊ မင်းဘယ်ကဘဲ"

"ကျွန်တော် ဟိုဘက်လမ်းထဲ ပြောင်းလာတဲ့ ဒေါက်တာပါ"

"ဒေါက်တာလည်း ခိုးချင်ခိုးမှာပေါ့၊ ခွေးလှနေတဲ့ဟာ"

"ဖွားရယ် ဒီလိုပါ။ ကျွန်တော်ရှင်းပြပါရစေဦး"

ညီညီက ဘ နောက်သို့ ခွေးလိုက်လာ၍ မည်သူ့ခွေးမှန်း မသိသောကြောင့် သူနှင့် ထည့်ပေးလိုက်ပုံကို အစအဆုံး ပြောပြလိုက်သည်။ မျိုးမျိုးယုလည်း ညီညီ၏စကားဆုံး

သည်နှင့်-

"အားနာလိုက်တာရှင် ကျွန်မတောင်းပန်ပါတယ်"

ဖွားစွာက မျိုးမျိုးယုကို လှည့်ကြည့်လိုက်ပြီး -

"နေပါဦး၊ ညည်းက ဘာကိစ္စတောင်းပန်ရတာလဲ၊ ပြောမှား ဆိုမှားဖြစ်တာက ငါ တောင်းပန်တဲ့ကိစ္စက ကျုပ်လုပ်ရမယ့် အလုပ်"

ညီညီက ပြုံးလိုက်ပြီး -

"ရပါတယ် ဖွားရယ်၊ ဘယ်သူတောင်းပန်ဖို့မှ မလိုပါဘူး၊ မတော်တဆအထင်လွဲတတ်တဲ့ ကိစ္စမျိုးပဲ၊ ကျွန်တော်က မှ စိတ်မဆိုးတာ"

ညီညီကထွက်ခဲ့သည်။ မျိုးမျိုးယုသည် ရပ်ငေးကျန်ရစ်ခဲ့သည်။ ဖွားစွာက မျိုးမျိုးယုကို မျက်စောင်းထိုးကြည့်လိုက်ပြီး ပေါင်ကို ဆွဲလိမ်လိုက်၏။

"ဟို.. ဘာလဲ ဘွားရဲ့"

"ဟင်းဟင်း ငါသိတယ်နော"

××× ××× ×××

မျက်နှာပေါ်မှာ အမျိုးအမည်မသိသော ခံစားမှုတစ်ခုက ကပ်ပါလာသည်။ ညီညီတိုက်ထဲလှမ်းဝင်လိုက်သည်နှင့် -

"အမယ်.... အမယ်..ရှုပ်ကြီးက ရှုပ်ကြီးက ကြက်ဥပေါင်မုန့်စားမလား...၊အမယ်.... အမယ်.. ရှုပ်ကြီးက ရှုပ်ကြီးက ပဲ ကောက်ညှင်းပေါင်းစားမလား..၊ ဟာ

http://www.cherrythitsar.org



ဒီကောင် မရယ်ပါလား၊ ဘာဖြစ်လာတာလဲ"

"ဘပေါ့ဗျာ ပြဿနာကို တွေ့အောင်လည်း ရှာတတ်တယ်"

"ဘာလုပ်လိုက်ပြန်ပြီလဲ"

"ခွေးသူခိုး အခေါ်ခံလိုက်ရပြီလေ။ ကံကောင်းလို့ ဝိုင်းအရိုက်မခံရတာ"

ညီညီက ဖြစ်ပျက်သမျှအစအဆုံး ပြောပြလိုက်သည်။

"ပြဿနာထဲက အမြတ်တော့ရခဲ့တယ်မဟုတ်လား"

"ဘာအမြတ်လဲ"

"မျိုးမျိုးယု ဆိုတဲ့အချောမလေးကို တွေ့မြင်ခွင့်လေ၊ ငါကဒီကို ပြောင်လာကတည်းက မိန်းမလှစာရင်းကောက်ပြီး သား။ အဲဒါလေးက မြို့သစ်ရဲ့ "ကွင်း"၊ သူ့အဖွားက တအား ချုပ်ချယ်တာ၊ မင်းတို့ ငါတို့လိုရောက်တာ မကြာသေးတဲ့ လူမပြောနဲ့ မြို့သစ် ပန္နက်ရိုက်ကတည်းက ရောက်နေတဲ့ သူတွေတောင်မှ မျိုးမျိုးယုကို သုံးခါပြည့်အောင် မမြင်ဖူးဘူး၊ မင်းကုသိုလ်ကံကောင်းလွန်းလို့ အဲဒါလေးကို ရှုခွင့်ရခဲ့တာ"

" ကိုကိုပြောတဲ့စကား နားထောင်ရတာ ဒီတစ်ခါပဲ စိတ်ဝင်စားဖို့ကောင်းဖူးတယ်"

ညီညီက ကိုကို့အနီးမှ ထွက်သွားသည်။

"သတင်းပေးခလေးတော့ ပူဇော်ဦးလေကွာ"

"ကိုကို့ဟာ ကိုကိုမနေနိုင်လို့ပြောတာပဲ"

http://www.cherrythitsar.org



"ဒီလိုကြေးလား ညီညီ၊ မင်းနောက်ထပ်တွေ့နိုင်ဖို့ အကြံဉာဏ် တောင်းလာရင်တော့ ငါလက်ငင်းငွေချေစနစ် ကျင့်သုံး ရလိမ့်မယ်နော်"

ညီညီက ကိုကို့ကို လှည့်ကြည့်သည်၊

ကိုကို၏အပြုံးက အောင်နိုင်သူအပြုံး၊

××× ××× ×××

တစ်နေ့နှင့်တစ်ည နှစ်ဆယ်လေးနာရီ ကုန်လွန်သွားပြီးသော်လည်း နောက်တစ်နေ့ နံနက်စောစောတွင် နှင်းမှုန်လေးများက မြို့သစ်ကို ငွေဇာပုဝါဖြင့် လွှမ်းခြုံထားပြန်သည်။ နှင်းမှုန်တို့ကြားမှ လေချွန်သံလေးကို ကြားလိုက်ရပြန်ပါပြီ။ လေချွန်သံဆုံးသည်နှင့်

"လေချွန်သံလေး ကြားလိုက်ရရင် ဆင်းခဲ့တော့ကွယ် မောင်. . လာပြီ "

တေးသံကပျံ့လွင့်လာသည်၊ မိုက်ကယ်မှာ လေချွန်သံကြားသည်နှင့် ခေါင်းမော့သွားပြီးနောက် ရုတ်တရက် ထွက်ပြေးသွားတော့သည်။ မျိုးမျိုးယုမှာ ပန်းခူးနေရာမှ မိုက်ကယ်ထွက်ပြေး သွားသည်ကို မြင်လိုက်ရသောကြောင့်

"မိုက်ကယ်. . . မိုက်ကယ်. . . "

မျိုးမျိုးယုက အော်ခေါ်ရင်း ပြေးလိုက်ရလေတော့၏၊ မိုက်ကယ်မှာ လမ်းထိပ်သို့ပင်ရောက်နေပြီ။ မျိုးမျိုးယု . . မိုက်ကယ်၏ အနီးသို့ ရောက်သောအခါ မိုက်ကယ်၏ဘေးမှာ

http://www.cherrythitsar.org



တွေ့လိုက်ရသူက ညီညီ။

"ဟင် . . ရှင် . . ရှင် . . ဘာလို့မိုက်ကယ်ကို အချက်ပေးခေါ်ရတာလဲ"

"ကျွန်တော်မိုက်ကယ်ကို ခေါ်တာမဟုတ်ပါဘူး၊ မယုကို တွေ့ချင်လို့ပါ"

"အို . . ကျွန်မကို ရှင်က အသံပေးလိုက်ရင်ဆင်း လာမယ်ထင်လို့ပေါ့လေ"

"ဟာ . . အဲသလို မဟုတ်ပါဘူး၊ မိုက်ကယ်ကို ဖမ်းဖို့ လိုက်လာမှာပဲဆိုပြီး တွေးမိလို့ပါ"

မျိုးမျိုးယုက မျက်စောင်းထိုးလိုက်သည်။ ဒေါသတော့ မပါပါ။

"ဘာလို့ တွေ့ချင်ရတာလဲလို့ မမေးတော့ဘူးလား"

"ဟင့်အင်း . . မမေးချင်ပါဘူး"

"ဘာလို့ မမေးချင်ရတာလဲ"

"ခင်ဗျားဘယ်လိုဖြေမယ်ဆိုတာ သိလို့ပေါ့"

"ကျွန်တော်က ချစ်လို့ဆိုပြီး ပြောမှာကို မယုက မကြားချင်ဘူးပေါ့"

"ရှက်စရာတွေ"

"စိတ်တော့မဆိုးဘူးနော်"

မျိုးမျိုးယုက မိုက်ကယ်ကို ပွေ့ချီကာပြန်ရန် ဟန်ပြင် သည်။

"ကျွန်တော်မေးတာ ဖြေပါဦး. . မယု"

မျိုးမျိုးယုက ညီညီနှင့် အကြည့်ချင်းဆိုင်လိုက်ပြီး -

"ခုမှ တွေ့ဖူးပြီး စကားတွေ ဒါလောက်အများကြီး ပြောနေတော့အထင်သေးစရာ ဖြစ်တော့မှာပေါ့။ သွားတော့မယ်"

"ဘယ်တော့ထပ်တွေ့ရမှာလဲ"

"သိဘူး"

"ဘယ်တော့အဖြေပေးမှာလဲ"

"သိဘူး"

"ကျွန်တော်ကတော့ နေ့တိုင်း မိုက်ကယ်ကို ခေါ်မှာ"

မျိုးမျိုးယုက ပြေးထွက်သွားသည်။

×××   ×××   ×××

ဆောင်းရင့်လာလေ အအေးကဲလေ။ နှင်းကလည်း ဝေနေ အောင်ကျသည်။ နှင်းတွေ ဝေနေသည့်ကြားမှ လေချွန်သံလေးက မူ လွင့်ပျံ့မြဲ လွင့်ပျံ့လျက်သာ။

"ရှီး . . . ရှီး"

"လေချွန်သံလေးကြားလိုက်ရရင် ဆင်းခဲ့တော့ကွယ် မောင်လာပြီ"

လေချွန်သံ နှင့် တေးသံကြောင့် ဘ သည် ကပျာကယာ ထထိုင်လိုက်သည်။ မျက်နှာသစ် သွားတိုက် အိမ်သာတက် အလုပ် များကို ကပျာကယာ လုပ်ရသည်။

http://www.cherrythitsar.org



သူ့အဝတ်အစားလဲပြီး ထွက်လာတော့ လမ်းထပ်မှာ မည်သူမျှ မရှိ။ ဘ မှာ ယောင်ချာချာနှင့် -

"ဟိုကောင်တွေ အချက်ပေးပြီး တောက်လျှောက်များ ထွက်သွားကြတာလား။ အဲလိုလည်း မဖြစ်နိုင်ဘူး။ ဘယ်လို ပါလိမ့်။ ပုန်းများနေကြတာလား"

သို့နှယ် လမ်းထိပ်မှာ ဘ ယောင်ချာချာဖြစ်နေစဉ် -

"ဟေး . . . စောလှချည်လား"

"ဟင် . . မင်းတို့က ခုမှလာတာ လား"

"အေးလေ"

ဘ မှာ အစဉ်းစားရ ကျပ်သွားသည်။

ထိုအချိန် ညီညီ နှင့် မျိုးမျိုးယုတို့မှာ . . .

"ယု"

"မောင်"

"အတူနေချင်ပြီကွာ"

"ခက်တာပဲ မောင်ရယ်"

"ဘာလို့ ခက်ရမှာလဲ၊ ဘ ကို လူကြီးချင်းပြောဆိုဖို့ လွှတ်လိုက်မယ်လေ"

မျိုးမျိုးယုက ငြိမ်၍ စဉ်းစားနေလိုက်ပြီးမှ -

"ဘယ်လိုမှ ဖွားက သဘောတူမှာ မဟုတ်ဘူး"

"ဘာလို့လဲ ယုရယ်၊ မောင့်မှာ ဘာအားနည်းချက်

ရှိလို့လဲ”

“ဖွားက အပျိုကြီး မောင်ရဲ့၊ ယု က ဖွားရဲ့ တူမအရင်းကမွေးတာ။ မေမေရော ယုရဲ့ အဖွားရင်းရောက အိမ်ထောင်ရေး ကံမကောင်းခဲ့ဘူး။ ဒါကြောင့် ယုကို အပျိုကြီးပဲ လုပ်ရမယ်ဆိုပြီး အမိန့်ချထားတာ။ သူ့တစ်သက် အိမ်ထောင်မပြုရဘူးတဲ့”

“ဟာ . . . အဓိပ္ပာယ်မရှိတာ ဒါဆို. . . ”

ညီညီ က စဉ်းစားနေလိုက်ပြီး -

“မောင်တို့ ထွက်ပြေးကြမယ်လေ၊ အဲဒီတစ်နည်းပဲရှိတော့တယ်။ ရပြီးတော့လည်း မောင့်သဘောထား အနေအထိုင်ကိုကြည့်ပြီးရင် ဖွား သဘောကျသွားမှာပါ”

မျိုးမျိုးယု က ညီညီ ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

“ယု ပြန်တော့မယ် မောင်၊ ဖွားနိုးလာရင် သိသွားလိမ့်မယ်။ သူ အေးလို့ ကွေးနေတုန်း ထွက်လာရတာ”

ညီညီ က မျိုးမျိုးယု ကို လွှတ်မပေး။

“လွှတ်ပါ မောင်ရယ်၊ ထွက်မပြေးခင် သိသွားလို့ အခက် တွေ့နေဦးမယ်”

ညီညီ က လွှတ်ပေးလိုက်ပြီး -

“ယု မောင် နဲ့ လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့နော်”

မျိုးမျိုးယု က ခေါင်းညိတ်ပြလိုက်သည်။

http://www.cherrythitsar.org



နေရောင်သည် ဆောင်းနှင်းဖြူကြားမှ ဖြာထွက်စိမ့်ဝင်လာ သည်။ဆောင်းနေရောင်က နုနုနွေးနွေးလေး။ ဖွားက စောင်ကို ခွာကာ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ တိုက်ကြီး တစ်တိုက်လုံးက တိတ်ဆိတ်နေ၏။

ဘသည် ညွှန်းခန်းမှာ ထိုင်၍သတင်းစာဖတ်နေစဉ်

"အမ်း . . ဟမ်း . . ဟမ်း"

ချောင်းဟန့်သံကြား၍ လှမ်းကြည့်လိုက်ရာ တံခါးဝမှာ ရပ်နေသော ဖွားစွာကို တွေ့လိုက်ရသည်။

"ဘာကိစ္စပါလိမ့်"

"ကျုပ်မြေး လင့်နောက် လိုက်ပြေးလို့"

"အဲဒါဆို သက်ဆိုင်ရာ လူကြီးဆီသွားတိုင်လေ။ ငါက အရပ်လူကြီးမှ မဟုတ်ဘဲ။ ဟိုးအရင်ကတော့ တရားသူကြီးလုပ်ဖူးပါတယ်။ သာဝ ကရှေ့နေ။ တို့က ဝမ်းဆက်ပဲ။ ခုတော့ ပင်စင်ယူလိုက်တာကြာပြီ။ ဦးတိုက်လျှောက်ချင်ရင်လည်း ရုံးကိုသွား။ ဒီအချိန်တော့ စောသေးတယ်။ ဆယ်နာရီခွဲလောက်မှသွား"

ဖွားစွာက ဘ အနီးသို့ လျှောက်လာလိုက်ပြီး -

"ကျုပ်မြေး လိုက်ပြေးတာက တော့်မြေးနဲ့တော့ တော့်မြေး နဲ့"

"မင်းဘယ်လိုလုပ်သိလဲ၊ အရမ်းမစွပ်စွဲပါနဲ့"

"ရော့ ဖတ်ကြည့်"

## (၂၀၂) ကံချွန်

ဖွားစွာက မျိုးမျိုးယု ရေးထားခဲ့သောစာကို ဘရှေ့ ချပေး လိုက်သည်။ ဘ က စာကို ဆုံးအောင်ဖတ်ကြည့်ပြီး -

" အင်း .. ဒီတော့ ကျုပ် ဘယ်လို လုပ်ပေးရမလဲ ပြောပါ"

"ကျုပ်မြေးကို ပြန်ခေါ်ပေးပါ"

"ဗျာ"

"ကျုပ် သဘောမတူနိုင်ဘူး"

"ဘာလို့"

" တစ် ယောကျ်ားတွေကို ကျုပ်မယုံဘူး၊ နှစ် ကျုပ်ရဲ့ ဝေယျာဝစ္စကို ကျုပ်မြေးက လုပ်ပေးနေတာမို့ လင် မပေးစား နိုင်ဘူး၊ လင့်အလုပ် လုပ်ပေးနေရင် ကျုပ်အလုပ် လုပ်ပေး နိုင်မှာ မဟုတ် တော့လို့"

"ထိုင်ပါဦး ရှင်းပြပါရစေဦး၊ ယောကျ်ားတွေကို ခင်ဗျား မယုံတာကတော့ ခင်ဗျား ဝန်းကျင်က ယောကျ်ားတွေက ယုံလောက် စရာမရှိလို့ ဖြစ်ပါလိမ့်မယ်။ ဆိုးတဲ့လူရှိသလို ကောင်းတဲ့လူလည်း ရှိနိုင်ပါတယ်။ ခင်ဗျားရဲ့ ဝေယျာဝစ္စ ကတော့ သူတို့ ပြန်ရောက်လာရင် ခင်ဗျားဆီ ခေါ်ထား လိုက်ပေါ့။ အရင်ကမှ လုပ်ပေးမယ့် မြေး တစ်ယောက်တည်း ရှိတာ။ ခုဆို နှစ်ယောက်ဖြစ်သွားပြီလို့ သတ်မှတ်လိုက်ရင် ဖြစ်တာပါပဲ။ စဉ်းစားပါဦးဗျာ။ ကျုပ်မြေးက ဆရာဝန်ပါ။ အသောက်အစား အပျော်အပါးလည်း ကင်းပါတယ်"

http://www.cherrythitsar.org



ဖွားစွာမှာ ငိုင်သွားသည်။

"ဖြစ်ပြီးမှ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးဖို့ပဲ စဉ်းစားပါဗျာ။ ပြန်ခွဲဖို့တော့ မလုပ်ပါနဲ့။ ကြည်ကြည်ဖြူဖြူ သဘောထား ကြီးပြလိုက်ရင် ကလေးတွေလည်း နှစ်ဆတိုး ချစ်ကြမှာပါ။ ပြုစုမှာပါ"

ဖွားစွာက သက်ပြင်းချသည်။

"သူတို့က ဘယ်ထိပြေးကြတာလဲ၊ ဘယ်တော့ ပြန်လာမှာလဲ"

"အဲဒါတော့ ကျုပ်လည်းဘယ်သိမလဲ စုံစမ်းရမှာပေါ့။ သတင်းရမှ လူကြီးတွေက သဘောတူတယ်။ အမြန်ပြန်လာပါ ဆိုပြီး ခေါ်ရမှာပေါ့"

"ဒုက္ခပဲ၊ ကျုပ်မှာက ဒီနေ့ကို စပြီး အခက်တွေ့ တော့မှာ"

"ကဲဗျာ . . ခင်ဗျား အလုပ်တွေ ကျုပ်လာပြီး ကူလုပ်ပေး မယ်။ ကလေးတွေ ပြန်မရောက်ခင်ပေါ့"

"တကယ်လား၊ ကျုပ်က အတွင်းပစ္စည်းတွေနဲ့မို့ လူငှားဖို့ စိတ်မချလို့"

"တကယ်ပါ။ ကျုပ် ခဏနေ ခင်ဗျားတိုက်လာခဲ့မယ်"

"ကျုပ်စောင့်နေမှာနော်"

ဘ က ခေါင်းညိတ်ပြသည်။ ဖွားစွာ က စိတ်သက်သာ ရပာန်ဖြင့် ထပြန်သွားတော့၏။

http://www.cherrythitsar.org



ကိုးနာရီခန့် ထွက်သွားလိုက်ရာ ဘသည် ထမင်းစားပင် ပြန်မလာပါ။ မွန်းတိမ်း၍ ဦးပေတလူ၊ ဦးသာဝ ၊ ဦးစံပျော တို့ လက်ဖက်ရည်သောက် လာခေါ်သောအခါ ကိုကို့ကိုသာ တွေ့ရ၍ -

"ဘက ဘယ်သွားတာလဲ"

ကိုကို က အဖြစ်အပျက်အားလုံးကို ပြောပြလိုက်သည်။

"ဟ . . ဒီကောင်ကြီး ထိမထိုးဘဲ ပေါက်တာပေ့ါ။ တို့ လိုက်သွားရအောင်"

"ကောင်းတယ်"

"ဦးလေးသာဝတို့ လိုက်သွားမယ်ဆိုရင် ဒီစာလေး ယူသွားစမ်းပါ။ ညီညီ ရေးထားတဲ့စာ"

ဦးသာဝ က စာကို လှမ်းယူကာ ထွက်ခဲ့သည်။

လမ်းထိပ်ရောက်၍ တွေ့လိုက်မိသည်နှင့် ဖွားစွာ၏ ခြံထဲ မှာ အဝတ်လျှော်နေသော ဘကို တွေ့လိုက်ရသည်။ ဦးစံပျောတို့ က ဝင်သွားပြီး-

"ဘ ဘယ်လိုဖြစ်တာလဲ"

"မြင်တဲ့အတိုင်းပဲကွာ ဟီးဟီး ရက်ပိုင်းတော့ သည်းခံရမှာပေ့ါ"

ထိုစဉ် ဖွားစွာက အိပ်ယာခင်းများ ခေါင်းအုံးဖုံးများ ယူ၍ ထွက်လာပြီး -

http://www.cherrythitsar.org



"အဲဒါတွေ ပြီးရင် ဒါတွေ လျှော်မယ်၊ လျှော်ပြီးရင် ဆန်ရွေးမယ်။ ထမင်းအိုးတစ်လုံးတည်မယ်။ ဟင်းတစ်အိုး ပြင်ပေးထားမယ်။ ချက်ရမယ်။ မနေ့က ကျန်တဲ့ဟင်းတွေ နွေးမယ်။ အဲဒါ တွေပြီးရင်တော့ ပြန်လို့ရပါပြီ"

ဖွားစွာက စကားအဆုံးမှာ လှည့်ထွက်သွားသည်။ ဦးသာဝ က -

"ဒီမယ် ညီညီရေးထားခဲ့တဲ့စာ တွေ့လို့ဆိုပြီး ကိုကို က ထည့်ပေးလိုက်တာ"

"ဟုတ်လား၊ ဖတ်စမ်းကွာ ၊ ငါ့လက်က ရေတွေနဲ့မို့"

ဦးသာဝက စာကို ဖြန့်ပြီး ဖတ်လိုက်သည်။

ဘ,

ကျွန်တော် မျိုးမျိုးယုကို ခေါ်သွားပါတယ်။ ကျွန်တော်တို့ ရန်ကုန်ရောက်မှ လက်ထပ်ပါမယ်။ ပေလီ ဖြစ်ဖြစ် ၊ ချောင်းသာ ဖြစ်ဖြစ် တစ်လလောက်တော့ အနည်းဆုံး အနားယူရင်း ရှောင်နေဖို့ ဆုံးဖြတ်ထားပါတယ်။ နောက်ပိုင်း ကိစ္စတွေ ပြေလည်အောင် ဘ ပဲ ကြည့်ရှင်းထားပေးပါခင်ဗျား။

မြေးချစ်
ညီညီ

စာဆုံးသွားသည်နှင့် ဘ မှာ သူ့နှဖူးသူ့လက်ဝါးနှင့် ရိုက်

လိုက်လေတော့သတည်း။ ဘ၏ ရင်ထဲမှ စကားကိုမူ မည်သူမျှ မကြားနိုင်ပါလေ။

"မောင် မှားပါပြီကွယ်. . လာလျှော်မိ မိလို့. . . "

ကလျာမဂ္ဂဇင်း၊ မေ၊၂၀၀၀။

# သကြံန်အလှမ်းဝေပြေ

သာယာသော နံနက်ခင်းဝယ် ညီညီသည် မန္တလေးမြို့၏ အစွန်မြို့သစ်၏ လမ်းသွယ်တစ်ခုအတိုင်း လျှောက်၍ ဝင်လာခဲ့ပါ လေပြီ။ ခြံကျယ်ကြီး တစ်ခြံရှေ့သို့ ရောက်သောအခါ ......

"ဟေး ... ညီညီ"

"ဟာ ... ကိုကို"

"ငါက မင်းရောက်မလာတော့ဘူးထင်နေတာ"

"ရထားလက်မှတ်တွေက အဝယ်ရခက်နေလို့ဗျ"

"အင်း ... သကြံန်နားရက်ဆိုတော့ ခရီးသွားများ ကြတာပေါ့"

ညီညီသည် ကိုကိုနှင့်အတူ အိမ်ထဲသို့ လှမ်းဝင်လာခဲ့ သည်။ ဧည့်ခန်းတွင်ထိုင်မိသောအခါ ....

"ဘ ရော"

ညီညီက ဘကို မေးလိုက်သည်။ ကိုကို၊ ညီညီနှင့် ဘ တို့မှာ အလွန်ချစ်သော မြေးအဘိုးသုံးယောက်ဖြစ်ပါသည်။ ဘမှာ ပျော်ပျော်နေတတ်သောကြောင့် ကိုကိုနှင့်ညီညီမှာ ဘနှင့်ပိုအနေများ သည်။ မိဘများနှင့်ပင် အနေနည်းပါးသည်။

"ရှိပါ့မောင်ရာ၊ မင်းကိုမျှော်နေတာ ဘရေ.. ဘ... ဒီမှာ ဧည့်သည်ရောက်နေတယ်။

http://www.cherrythitsar.org



ကိုကိုက အခန်းတွင်းသို့ လှည့်အော်ခေါ်လိုက်သည်။ ညီညီသည် ရန်ကုန်သို့ အလုပ်နှင့်ပြောင်းသွားခဲ့ရသော်လည်း သင်္ကြန်ရောက်သည်နှင့် မန္တလေးသို့ အစဉ်ပြန်လာလေ့ရှိပါသည်။ ဘသည် အခန်းထဲမှ ထွက်လာရာမှ ......

"ဟဲလို ညီညီ၊ မင်းရောက်လာပြီကိုး၊ ငါကမင်းကို မျှော်နေတာ၊ မင်းရောက်လာမှပဲ စိတ်အေးသွားတော့တယ်။ အစီအစဉ်တွေ အားလုံး အဆင်ပြေပြီ"

"ဘာတွေများ စီစဉ်ထားလို့လဲ"

"မင်းရောက်လာတော့ ကိုကို့အတွက် အဖော်ရပြီလေ။ ငါကလျှောက်လည်မှာ။ သာဝတို့၊ စံပျော့တို့၊ ပေတလူတို့နဲ့ ချိန်းပြီးပြီ။ မင်းတို့အိမ်စောင့်"

"ဟာဗျာ"

"ဘာ မတရားမလုပ်နဲ့နော်"

ကိုကိုနှင့်ညီညီက ဘ၏ အစီအစဉ်ကို ကန့်ကွက်ကြသည်။ ဘက စဉ်စားလိုက်ပြီး .....

"တဲတဲ ..... ဒါဖြင့် ဒီလိုလုပ်၊ မြေးအဘိုးချင်း မတရား မလုပ်ချင်ပါဘူးကွာ ဟုတ်လား။ မင်းတို့တစ်လှည့် ငါတစ်လှည့် လည်မယ်။ နေ့တစ်လှည့် ညတစ်လှည့် ခွဲတမ်းချမလား။ ဒါမှမဟုတ် တစ်နေ့တစ်ညစီ လှည့်ကြမလား"

"တစ်နေ့တစ်ညစီ"

"ကောင်းပြီ နက်ဖြန် မင်းတို့လည်ကြ။ မင်းတို့ကို

http://www.cherrythitsar.org



ဦးစားပေး လိုက်မယ်။"

××× ××× ×××

"ဗွမ်း"

ရေသံနှင့်အတူ ပျော်သံများက သင်္ကြန်အကျနေ့ စောစော မှာပင်။

ညီညီတို့သည်လည်း သူငယ်ချင်းများ၏ ကားနှင့် လည်စရာ ထွက်ခဲ့ပါလေပြီ။ သင်္ကြန်အကျနေ့မို့ ရေပက်သူများ က အရှိန်ကောင်းကောင်းနှင့် ပက်ကြသည်။ လမ်းတိုင်းမှာ စည်ကားနေသည်။

"ဟော .... ကားလာပြီ"

"ပက် ..... ပက်"

"ဟဲ့ ....ပလုပ်တုတ်"

"ဟဲ့ .... နို့အေးချောင်း"

"ဟဲ့ .... ရေခဲ့မုန့်"

ကိုကိုက ပါးစပ်ထဲတွေ့ကရာတွေအော်ရင်း ရေပက် ခံနေသည်။ ကိုကိုယောင်၍အော်သည်ကို သဘောကျ နေသောကြောင့် ကိုကိုကို့ ဝိုင်း၍ ပက်ကြသည်။ ညီညီကမူ အသင့်ယူလာသော ရေခဲရေနှင့် အလှဆုံး မိန်းကလေးကို ရွေးလောင်းသည်။ ရေခဲရေက အေးလှမွေးလှသည်။

"အို"

အလောင်းခံရသော ဝေဝေက ဒေါသမပါသော

http://www.cherrythitsar.org



မျက်စောင်းနှင့်ညီညီကို ကြည့်သည်။ ညီညီကလည်း နီးနီးကပ်ကပ် မြင်ရသော ဝေဝေကို ငေးနေမိ၏။

"ဘာကြည့်တာလဲ"

"သိပ်လှတာပဲဆိုတဲ့ စကားဟာ မင်းရဲ့အလှအတွက် မလုံလောက်လို့"

ထိုစဉ်မှာပင် ကိုကိုတို့က လှမ်းအော်ကြသည်။

"တော်ပြီကွယ် . . . တော်ပြီကွယ်"

"သွားမယ် သွားမယ်၊ မြင်မြင်သမျှ ပူဆာနေရင်တော့ နောက်ရက်မခေါ်ဘူးနော်"

"ဟဲ့ ကောင်လေး၊ ကြည့် လျှင်တော် ကိုင်လျှင် လျော်တဲ့ဟာ"

တစ်ယောက်တစ်မျိုး ဝိုင်းအော်နေသောကြောင့် ညီညီမှာ လှိမ့်ထွက်စပြုနေသော ကားပေါ်သို့ ခုန်တက်လိုက်ခဲ့ရလေသည်။

"ကိုကိုတို့ကဗျာ သိပ်ပျာပျာ ပျာပျာ နိုင်တာပဲ။ ဝအောင်တောင်မကြည့်လိုက်ရဘူး"

"ဟဲဟဲ . . . ဝအောင်မကြည့်ရဘူးဆိုတော့ တော်တော် အလှဆာလာပုံရတယ်"

ကားက ကွေ့လိုက်သည်။ ညီညီက လမ်းထောင့်မှ မှတ်တိုင်ကို ကြည့်လိုက်၏။ ၈၃ လမ်းနဲ့ ၃၃ လမ်းထောင့် ပါလား။ နေရာကိုမှတ်ထားလိုက်သည်။

http://www.cherrythitsar.org



ထိုအချိန်တွင် ဘ၏ ခြံရှေ့မှာ ဦးသာဝ၊ ဦးစံမတူ၊ ဦးပေတလူတို့သည် ဘနှင့်အတူ ရေပက်လျက်ရှိပါသည်။ လမ်းထိပ် ဈေးဆိုင်သို့ ဈေးဝယ်ရန် ထွက်လာသောဖွားစွာကို အဘိုးကြီးလေး ယောက်က ဝိုင်း၍ ရေလောင်းလိုက်ရာ . . . .

"ဟင် . . . ရှင်. . . . ရှင်တို့က ဘယ်လိုလုပ်တာလဲ"

"ရေလောင်းတာလေ။ ဒီနေ့သင်္ကြန်အကျနေ့၊ သိကြားမင်း အစောကြီးရောက်နေတာ။ ကြားကားနဲ့ ဆင်းလာတာ"

"ဒီမှာ အဘွားကြီး သိပ်ဟန်လုပ်မနေနဲ့ လေးလေးဝါးတို့၊ နန္ဒလှိုင်တို့၊ စိုးမြတ်နန္ဒာတို့တောင် ရေပက်ခံနေသေးတာပဲ၊ မတွေ့ဘူးလား တီဗွီထဲမှာ"

ဖွားစွာမှာ ဒေါသကြောင့် မျက်လုံးပင်ပြူးသွားသည်။

"ရှိတယ် . . . ရှိတယ်။ အပေါ်စက်ရော၊ အောက်စက်ရော၊ အပြားစက်ရော အစုံရှိတယ်"

"အပေါ်စက်ဆိုတာဘာလဲ"

"တီဗွီ တီဗွီ"

"အောက်စက်ဆိုတာက"

"ဗီဒီယိုပြစက်"

"ဒါဖြင့် ဗီဒီယိုပြစက်ကို ဘေးမှာထားရင်"

ဘ၏အမေးကြောင့် ဖွားစွာ ဘာဖြေရမှန်းမသိဖြစ်သွားသည်။ ဦးသာဝက -

http://www.cherrythitsar.org

(၂၀၂) ကံရှုန်

"အဲဒီတော့ ဘေးစက်ပေါ့"

"ဒါဖြင့် တီဗွီက အောက်ရောက်ပြီး ဗီဒီယိုပြစက်က အပေါ်တင်ထားရင်"

"အဲဒီတော့ အပေါ်စက်က အောက်စက်ဖြစ်သွားပြီး အောက်စက်ကို အပေါ်စက်လို့ခေါ်ရမှာပေါ့။ အဲဒီအောက်စက်ကို အပေါ်ရောက်နေတုန်း အပေါ်စက်ခေါ်ပေမယ့် အောက်ပြန်ရောက်ရင် အောက်စက်ပြန်ဖြစ်ပြီး အစောကအောက်စက်က အပေါ်စက် ပြန်ဖြစ်ပြီး အောက်စက် မခေါ်တော့ဘဲ အပေါ်စက် . . . ."

ဦးသာဝ စကားမဆုံးခင်ပင် ဦးစံပျော်က ရေဖလား နှင့် ခေါင်းခေါက်လိုက်သည်။ ဖွားစွာမှာ ဒေါသကြီးစွာ ရပ် နေရာမှ ဘာပြောရမည်မသိဖြစ်လာသောကြောင့် . . . . .

"ဟွန်း . . . . အသက်ကြီးပြီး အချိန်မစီးတဲ့ဟာတွေ"

"မှန်လိုက်လေခင်ဗျာ၊ ကျုပ်တို့က ပိန်တာကိုး။ ဘယ် အချိန်စီးပါ့မလဲ။ ရေပက်တောင်မခံရဲလို့ ကိုယ်က ပက်နေရာ တာ။ ရေပက်ခံလိုက်ရင် ကလေးတွေက အော်မယ်လေ"

ဘ၏ စကားကို ဦးစံပျော်က ဝင်ထောက်ပေးလိုက် သည်။

"ဘယ်လိုအော်မှာလဲ"

ဘက ဦးစံမတူနှင့် ဦးပေတလူကို လှည့်ကြည့်ပြီး သံပြိုင်အော်လိုက်သည်။

http://www.cherrythitsar.org



"ဝမ်း . . . တူး . . . . သရီး . . . အဘိုးကြီးအို ရေစိမ်ပက်တော့အိကြာကွေး . . . အိကြာကွေး၊ ဟားဟား ဟား . . . ဟား . . ."

ဖွားစွာမှာ မျက်စောင်းထိုး၍ ခြေဆောင့်ကာ ထွက်သွားလေတော့သည်။

မန်းသင်္ကြန်၏ ညသည်လည်း အကတို့နှင့် လှစေ၍ အပြုံးတို့နှင့် စိုပြေနေပါသည်။ နေ့မှာ ရွှင်မြူးစရာကောင်းသလို ညမှာ ကြည်နူးစရာကောင်းပါသည်။ ပျော်တတ်သူတို့ကြောင့် လည်း ပို၍ စည်ကားနေခြင်းဖြစ်ပါ၏။

"၃၃လမ်းဘက်ကွေ့မယ်ဟေ့"

"အဲဒီမှာ နှစ်ဦးပျို ရှိတယ်"

ညီညီသည် သူ နေ့ခင်းက ရေလောင်းခဲ့သည့် ကောင်မလေးကို နှစ်ဦးပျိုအသင်းတွင် တွေ့လိုတွေ့ငြားသွားလို ခြင်းဖြစ်ပါသည်။ နှစ်ဦးပျိုရှေ့ရောက်သောအခါ ညီညီ၏ ဆန္ဒ ပြည့်ဝသွားပါ ပြီ။ သူ၏အာရုံမှာ စွဲထင်ခဲ့ရသော မျက်စောင်း ရှင်အချော အလှလေးကို တွေ့လိုက်ရသော ကြောင့်ဖြစ်ပါ သည်။ ထိုညက ညီညီ၏ ဆန္ဒ ကိုလိုက်လျော၍ သူတို့အားလုံး နှစ်ဦးပျိုရှေ့မှာ အချိန်ကုန်ခဲ့ကြရပါသည်။

"ယခု အလှည့်ကျသူကတော့ မဝေဝေရဲ့ သင်္ကြန်မယ် တစ်ကိုယ်တော် ဖြေဖျော်မှုအက ဖြစ်ပါတယ်. . ."

ညီညီ ငေးကြည့်နေသည်။ တစ်ဖွဲ့လုံးထဲမှ ထထွက်

လာသူက မျက်စောင်းရှင်။ အို သူ့နာမည် ဝေဝေပါလား။

သန်းခေါင်ကျော်၍ အကအဖွဲ့သိမ်းမှပင် သူတို့ပြန်ခဲ့ကြ သည်။ ထိုညက အိပ်မက်လွင်ပြင်မှာပင် ညီညီသည် ဝေဝေ့ကို တွေ့နေရပါသည်။ ဝေဝေကပြေးသည်။ ညီညီက လိုက်ဖမ်းသည်။ တိမ်တွေကြားလည်း ရောက်ပါသည်။ ရေတံခွန်တွေပေါ်လည်း ရောက်ပါသည်။ ပန်းစုံတောလည်း ဝင်ခဲ့ပါသည်။ ပန်းရုံအကွေ့မှာ ဘွားကနဲ တွေ့တော့ ညီညီ ကပွေ့ဖက်လိုက်ရာ . .

"မိပြီ"

"အမေ့"

ညီညီ နှင့်အတူအိပ်နေသော ကိုကိုက လန့်အော်သည်။ တံခါးဝမှ ရပ်ကြည့်နေသော ဘ က . .

"တော်သေးရဲ့ ငါ ဒီကောင်နဲ့ အတူတူမအိပ်မိလို့၊ ဟိတ်ကောင်တွေ ထတော့၊ အသင်းကားရောက်နေပြီ"

ကိုကို နှင့် ညီညီ က ကပျာကယာလူးလဲထရင်း

"ခဏလေးစောင့်လို့ ပြောပေးပါ"

"ဖွတ်. . ဘာကိစ္စပြောရမှာလဲ၊ ဒီနေ့ ငါလည်းရမယ့်နေ့ကွ၊ မင်းတို့ကို အိမ်စောင့်ဖို့ နိုးတာ၊ ကဲ. . သွားမယ်ဟေ့"

ကိုကို နှင့် ညီညီ တို့ ငေး၍ကြည့်နေစဉ်မှာပင် ဘသည် သူတို့မြင်ကွင်းမှ ကွယ်ပျောက်သွားကာ ဘ၏ အသံက ပျံ့လွင့်လာ တော့သည်။

http://www.cherrythitsar.org



"ဟို အပျိုကို လိုချင်လွန်းလို့ ဖမ်းလို့ပေးပါ၊ ဆီးလို့ ပေးပါ၊ ဒီအပျိုကို လိုချင်လွန်းလို့ ဖမ်းလို့ပေးပါ၊ ဆီးလို့ ပေးပါ။ ဟော့ ချစ်ချစ် ဘယ်တုန်းက ဘိုးဘွားရိပ်သာ က ပြန်လာတာလဲ . . ဟေး"

ဘ ၏ အသံက တဖြည်းဖြည်း ဝေး၍ပျောက်သွားမှ ကိုကို နှင့် ညီညီတို့အိမ်ရှေ့ထွက်လာဖြစ်သည်။ ကိုကို က

"မင်း ကော်ဖီဖျော်ထားလိုက်၊ ငါ အိမ်ရှေ့ကို စည်ပိုင်း ရွှေ့ပြီး ရေဖြည့်လိုက်ဦးမယ်။ သကြ်န်တွင်း ရေပက်မခံရရင် ရေပက်ရမှ နေသာထိုင်သာရှိမှာကွ"

ပြောပြောဆိုဆို အိမ်ရှေ့သို့ ထွက်သွားသည်။

ညီညီ မျက်နှာသစ်၊ အဝတ်လဲ၊ ကော်ဖီဖျော်ပြီး ချိန်တွင် ကိုကိုလည်းရေဖြည့်ပြီးနေပေပြီ။

"ကိုကို ကော်ဖီ"

"နောက်မှသောက်မယ်ကွ၊ ဒီမယ် တစ်ယောက် လာနေလို့"

ကိုကို က အမျိုးသမီးငယ် တစ်ယောက်လာနေ သည်ကို တွေ့ရ၍ ရေခွက်ဝင်ယူလိုက်သည်။ သူ ရေခွက် ဝင်ယူ နေစဉ်မှာပင် ဖွားစွာက တစ်ဖက်ခြံထဲမှ ထွက်လာပြီး . . .

"ဟဲ့ . . ငါ လက်ဆွဲခြင်း မေ့ထားခဲ့လို့ ပြန်ယူ ပေးစမ်း"

" ဟုတ်ကဲ့ ဖွား"

http://www.cherrythitsar.org



အမျိုးသမီးငယ်က ပြန်လှည့်သွားသည်။ ဖွားစွာက ရပ်စောင့်နေသည်။ ကိုကို က ရေခွက်နှင့် ပြေးထွက်လာရင်း ပက်မိပြီးကာမှ. . .

"ဟင် . . အဘွားကြီးပါလား"

ဖွားစွာက ခါးထောက်ကာ ပြန်ကြည့်သည်။

"ဩော်. . အနိစ္စ . အနိစ္စ အိုသွားတာကလည်း မြန်လိုက်တာ"

"ဘာ အိုသွားတာ မြန်ရမှာလဲ၊ တဖြည်းဖြည်းချင်း အိုနေတာ၊ နှစ်ရှစ်ဆယ်ရှိပြီ ဟင်း"

ကိုကို က သွားလေးဖြီးပြကာ အိမ်ထဲသို့ ပြန်လှည့်ဝင်လိုက်သည်။ အိမ်ထဲရောက်သည်နှင့် . . .

"ဘယ်လိုလဲ မျက်နှာကြည့်ရတာ မအီမလည်နဲ့"

"၁၈ နှစ် နဲ့ ၈၁ နှစ် မှားပက်မိလာလို့"

"ကဲ. . . ဒါဖြင့်လည်း ကော်ဖီသောက်လိုက်ဦး၊ အေးသွား လိမ့်မယ်"

"ဒါနဲ့ နေပါဦး မင်းက ဘယ်လဲ"

"ရေပက်မယ်လေ"

"ဟ ရေပက်ဖို့အတွက် အိမ်ထဲက အိမ်ရှေ့ထွက်မှာ ဆိုင်ကယ်ကို တက်ခွရသလား"

"ကျွန်တော်က မြို့ထဲသွားပက်မှာ"

"ကောင်းကွာ၊ ငါတစ်ယောက်တည်း အိမ်စောင့်ပေါ့"

http://www.cherrythitsar.org



ညီညီ က ပြုံး၍ ငွေဖလားကို ဆိုင်ကယ်ရှေ့မှာ ညှပ်ကာ ထွက်သွားသည်။

ညီညီ သည် ၃၃ လမ်းထောင့် ရေခဲဆိုင်မှာ ဆိုင်ကယ် အပ်ခဲ့ပြီး ရေခဲဝယ်၍ ရေထည့်ကာ ရေမွှေးပါ စွတ်လိုက်သည်။ လမ်းထဲသို့ ကွေ့ဝင်မိသည်နှင့် . . . .

ဝေဝေတို့အဖွဲ့ကို တွေ့လိုက်ရပါပြီ။ ဝေဝေတို့အဖွဲ့က လည်း သူတို့ထံလျှောက်လာသော ညီညီကို အဝေးကပင်မြင် ကြပါသည်။

"ဟိတ် ငွေဖလားကြီးနဲ့ ဘယ်သူ့ကိုများ ချစ်ရေစင် ပက်ဖျန်းမယ် မသိဘူး"

" သူ့ကို အရင်ပက်"

ညီညီ သူတို့အနားရောက်သည်နှင့် အမျိုးသမီးများက ဝိုင်းလောင်းကြသည်။ သူတို့လောင်းပြီးမှ ညီညီ က သူ့အနီးမှာ တိုက်ဆိုင်စွာရှိနေသော ဝေဝေ့ကို ရေလောင်းလိုက်သည်။

"အို ရေခဲရေတွေ ဖျားလိမ့်မယ်ဗျ"

"သကြၤန်ရေဆိုတာ အန္တရာယ်ကင်းပါတယ် မဝေဝေ။ ဆက်လောင်းမယ်နော်"

ဝေဝေ က မျက်စောင်းထိုးလိုက်သည်၊ ဝေဝေ၏ သူငယ်ချင်းများမှာ နောက်ဝင်လာသော ကားကိုရေပက် နေကြသောကြောင့် သူတို့ကို သတိမထားမိပါ။

"ကျွန်တော်မနေ့ညက မဝေဝေကို ကြည့်နေချင်လို့

http://www.cherrythitsar.org



နှစ်ဦးပျိုရှေ့မှာပဲ ပွဲသိမ်းထိ ရှိနေခဲ့တာ”

ညီညီပြောလိုက်သော စကားသည် မရိုးသားမှန်း ဝေဝေ သိလိုက်ပါပြီ။

“ညနေ တစ်ခါလာပြီး ရေလောင်းဦးမယ်နော်”

“သကြံန်တွင်းပဲရှင် တစ်နေကုန်လောင်းလည်း ရပါတယ်”

“တစ်သက်လုံး လောင်းပေးချင်လို့ရော ရမလား”

“သူ သိပ်တတ်နေပါလား”

“ဝေဝေနဲ့ တွေ့မှပါ”

“ယုံဖို့ ကြိုးစားကြည့်ဦးမယ်လေ”

ညနေပိုင်းရောက်တော့ ညီညီက ဝေဝေ့ကို ရေသွားလောင်းသေးသည်။ သည်အခါတွင်မူ ဝေဝေ၏ သူငယ်ချင်းများက သတိထားမိသွားပါလေပြီ။

“အို ဟိုး ..... ဒါကြောင့်ကိုး...”

ထို့ကြောင့်လည်း ညပိုင်းမှာ နှစ်ဦးပျိုမဏ္ဍပ်ရှေ့ ညီညီတို့ရောက်လာသော အခါ ဝေဝေ၏ သူငယ်ချင်းများက ဝေဝေအား လက်တို့ပြီး...

“လက်တို့ပြီးတော့ ပြောရဦးမယ် ကမ္ဘောဇ .. အဲလေ ဟုတ်ပါဘူး ကိုရေခဲ ရောက်နေပြီ ဟိုမယ်”

“နင်တို့ကလည်းဟယ်”

http://www.cherrythitsar.org



"လေသံက လေသံက နှလုံးသားရပ်ဝန်းမှာ မေတ္တာမုန်တိုင်း ဗဟိုပြုနေလို့ ရင်ခုန်သံလှိုင်း အသင့်အတင့်မှ လှိုင်းကြီး ပါမယ်ရှင် အား"

ဝေဝေ က ဆွဲဆိတ်လိုက်မှ အစရပ်သွားသည်။ ထိုညကလည်း ညီညီက ကားနှင့် ဆက်မလိုက်တော့ဘဲ နှစ်ဦးပျိုရှေ့မှာပဲ နေခဲ့သည်။

"မင်းတို့ပြန်မှ ငါ့ဝင်ခေါ်တော့"

"အိုကေ"

"ဦးကြူမိသားစု ဂျုံစက်ပါပဲ"

သူငယ်ချင်းများ ထွက်သွားသည်။ တစ်ယောက် က ညီညီ နှင့် အဖော်ရရန်နေခဲ့သည်။ ညီညီက သည်မျှ စိတ်ဝင်စားပြနေသောအခါ ဝေဝေကလည်း-

"အောင်မြင်တယ် ကိုယ့်လူ၊ ဆက်လုပ် ။ သူမင်းကို မကြာခဏ ကြည့်နေပြီ "

သူငယ်ချင်းက အားပေးသည်၊ ညီညီကလည်း သတိထားမိပါသည်။သူတို့ကား သန်းခေါင်ကျော်မှ ပြန်ရောက်လာ၏။ ရောက် သည်နှင့် မဏ္ဍပ်ရှေ့ သို့ဆူညံစွာ ဝင်လာသော သူငယ်ချင်းများက -

"ဘယ်လိုလဲ . . . ဘယ်လိုလဲ . . ဖိတ်စာတစ်ခြမ်းက ဘယ်တော့ရိုက်ရမှာလဲ"

အော်ရင်း အော်ရင်း ညီညီအားဝိုင်းမ၍ မြှောက်ပြ

http://www.cherrythitsar.org



သည်။ ဝေဝေ ကခေါင်းငုံ့သည်။ ဝေဝေ့ သူငယ်ချင်းများက လက်တို့သည်။ ထိုသို့ လက်တို့သည်ကို မြင်မိအောင်မြင်လိုက်သော ညီညီ၏ သူငယ်ချင်းများက . . .

"လက်တို့ပြီးတော့ . . . ပြောရဦးမယ်"

သံပြိုင်အော်လိုက်ကြ၏။ ထိုညကလည်း အက သိမ်းမှပင် သူတို့ပြန်ဖြစ်တော့သည်။

သို့ဖြင့် . . .

သင်္ကြန်နောက်ဆုံးရက်သို့ ရောက်ခဲ့ပေပြီ။ ငယ်သူတို့နှင့် အပြိုင်ပျော်တတ်သူ လူကြီးတို့လည်း မြူးလျက်ရှိ၏။ နောက်ဆုံး ရက်ပေမို့ ရေပက်သူ၊ ရေပက်ခံသူတို့မှာလည်း ပိုမို များပြားလျက် အစည်ကားကြီးစည်ကားနေပါသည်။ ညီညီတို့ ကားသည် ဝေဝေတို့ လမ်းထဲမှာသာ တဝဲလည်လည်ဖြစ်နေပါသည်။ ငါးကြိမ်မြောက် ဝေဝေတို့ရှေ့သို့ရောက်သော အခါ . .

"ဟိတ် ဝေဝေ ဟိုမယ် ကိုရေခဲတို့ လာပြန်ပြီ"

"သူဟာသူ လာတာပဲ၊ ငါ နဲ့ ဘာဆိုင်လို့လဲ"

"အဲလိုတော့ လေစိမ်းတွေ မတိုက်ပါနဲ့ဟယ်။ ငါတောင် သနားချင်နေပြီ။ နည်းနည်းလေးလောက်ဖြစ်ဖြစ် အကြင်နာလေး ပေးလိုက်ပါလား"

"နင်ပေးလိုက်လေ"

"ငါပေးတော့ ယူဦးမှကိုး၊ ရွှေစွန်ညို ဘာလိုလို့ဝဲတယ်

http://www.cherrythitsar.org



ဆိုတာ နင်သိသားနဲ့ဟယ်"

"ဟော့ ဟော့ နောက်မှပြောကြ၊ ဟိုမယ် ကိုရေခဲကြီး ဆင်းလာပြီ တို့မသိမသာနဲ့ ရှောင်ပေးရအောင်"

ဝေဝေ၏ သူငယ်ချင်းများက ပြောပြောဆိုဆို ကားဆီသို့ ပြေးကာ သဲကြီးမဲကြီး ပက်နေလေတော့သည်။

"ချစ်ရင်ပက်ဟော့ ပက်ရင်ချစ်မယ် . . . အား. . ဝူး ဗွမ်း. . . အူး . . . ဟပ်ချိုး နိုးပရော်ဘလင် . . . ဆက်ပက်"

ထိုအချိန် ညီညီ နှင့် ဝေဝေမှာ . . .

"မဝေဝေကို မတွေ့ရမှာစိုးလို့ သင်္ကြန်ကိုတောင် မပြီးစေ ချင်ဘူးဗျာ"

"ဝိုပြ"

"တကယ်ပါ မဝေဝေ၊ မြင်မြင်ချင်းပဲ ချစ်မိတယ် ဆိုတဲ့ သီချင်းကို ကျွန်တော် ခုမှ ယုံသွားတယ်"

ဝေဝေက ညီညီကို သေသေချာချာကြည့်လိုက်ပြီး -

"ရှင် ကျွန်မကို မချစ်ပါနဲ့၊ ဒါ တကယ်စေတနာရှိလို့ ပြောတာပါ"

"ဗျာ . . . ဘာလို့လဲ၊ မဝေဝေမှာ ချစ်သူရှိ နှင့်ပြီးနေလို့ လား"

"ဟင့်အင်း မဟုတ်ပါဘူး၊ သင်္ကြန်ပြီးတာနဲ့ ရှင်နဲ့ ကျွန်မ က တွေ့နိုင်ဖို့မလွယ်တော့ဘူးလေ။ သံယောဇဉ်ဖြစ်ပြီးမှ ဝေးကြရင် ပိုလွမ်းရမယ် မဟုတ်လား"

 **ကံချွန်**

"ဘယ်လောက်ပဲ ဝေးဝေး၊ နီးအောင်လို့ ကျွန်တော် ကြိုးစားနိုင်ပါတယ် မဝေဝေ။ ကျွန်တော့်ကိုသာ မဝေဝေရဲ့ သဘောထားကို ပြောပြပါလား"

"မပြန်ဘူးလားရှင်"

"ကျွန်တော့်အတွက်တော့ တစ်မိနစ်ဟာ တစ်ကမ္ဘာ ပါ။ တိကျတဲ့ အဖြေမဟုတ်တောင်မှ မျှော်လင့်စရာ စကားလေး တစ်ခွန်း လောက် ကြားရရင်ကိုပဲ ကျေနပ်ပါပြီ မဝေရယ်"

ဝေဝေ က ခေါင်းငုံ့၍ သက်ပြင်းချလိုက်ပြီး -

"သင်္ကြန်ပြီးမှ ပြန်ဆုံရင် ရှင်စိတ်ချမ်းသာစရာ အဖြေမျိုးပေးပါ့မယ်။ ကဲ ကျေနပ်ပြီလား"

"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်တို့ ဘယ်လိုပြန်ဆုံ ရမလဲဟင်။ ကျွန်တော် ဘယ်လာခဲ့ရမလဲ။ ဘယ်နေ့လာရမလဲ"

"အဲဒါတော့ ကျွန်မ မသိဘူး"

"ဟာဗျာ"

"တကယ်ပါ။ သင်္ကြန်ပြီးရင် ကျွန်မဘယ်ရောက် နေမယ် ဆိုတာကို ကျွန်မတကယ်မသိတာပါ။ ကျွန်မရှိမယ့် နေရာကို တိတိ ကျကျ ပြောလို့ မရတဲ့ဘဝမို့ပါ။ ဒါလောက်ဆို ကျေနပ်နားလည်ပေးပါတော့"

ညီညီ၏ ရင်ထဲမှာ လွမ်းသလိုလို၊ ဖိုတိုတို။ ဝေဝေ လည်း တွေဝေးနေမိသည်။ ထိုစဉ် သူတို့နှစ်ယောက်ပေါ်သို့ ရေများ ကျလာပြီး-

"တော်ပြီ . . . တော်ပြီ။ ကျွန်မတို့ သူငယ်ချင်းကို ဒါလောက်ပဲ ပြောခွင့်ပြုနိုင်မယ်နော်။ ဆက်ခွင့်ပြုထားရင် တစ်ခါ တည်းပါသွားမှာ စိုးလို့"

ညီညီမှာ မချင့်မရဲနှင့် ခွာခဲ့ရပါသည်။ ထိုနေ့ညက ညီညီ တစ်ယောက် နှစ်ဦးပျိုရွေ့မှာပင် မိုးစင်စင်လင်း ခဲ့ရ တော့သည်။ ညီညီ၏ အကြည့်မှာသာ အသံပါလျှင် ဝေဝေ၏ နားတွင် ချစ်တယ် ချစ်တယ် ဆိုသော ညီညီ၏ အသံများ ဆူညံနေမည်မှာ သေချာပါ၏။ သည်နေ့ နောက်ဆုံးည။ နက်ဖြန်ဆိုလျှင် နှစ်ဆန်းတစ်ရက် ဖြစ်တော့မည်။ တကယ် ဝေးကြရမည်ကို သိနေသောအခါ ဝေဝေ ၏ရင်ထဲမှာလည်း လွမ်းသလိုလို၊ ဝမ်းနည်းသလိုလို။ မဝေးမီ က ကြိုလွမ်းမိလေ သောကြောင့် ငါ ချစ်မိနေပြီလားဟု သူ့ကိုယ်သူ မေးမိသည်။ ဝေဝေတစ်ယောက် ကိုယ့်အမေးကိုပင် ကိုယ်မဖြေရဲပါ။

××× ××× ×××

နှစ်ဆန်းတစ်ရက်နေ့။

ညီညီ မန်းမြေမှ ခွာရပါတော့မည်။ ဘူတာသို့ မဆင်းမီ နှစ်ဦးပျိုမဏ္ဍပ်ရွေ့မှာ ရပ်ငေးနေမိသည်။ ယခုတော့ ကသူမရှိတော့ သော စင်မြင့်ကြီးက သူ့အား ကြေကွဲမှုတွေ ပေးနေပြီ။ အထီးကျန် မှုတွေ ပေးနေပြီ။

"သွားစို့ ညီညီ။ ရထားချိန်နောက်ကျနေလိမ့်မယ်"

ကိုကို က ညီညီ ၏ ပုခုံးကို ပုတ်လိုက်သည်။

 **ကံရွှန်**

"နက်ဖြန် လုပ်ငန်းခွင်ရောက်တော့ လည်းမေ့သွားမှာပါ"

ဒါက ကိုကို၏အထင်ကိုး။ နှစ်ဦးပျိုကို ကျောခိုင်းလိုက်သည်။

××× ××× ×××

ရုံးပြန်တက်၍ အလုပ်လုပ်နေရသော်လည်း စိတ်က အလုပ်ထဲမှာမရှိ။ ဝေဝေကိုသာ သတိရနေသည်။ သည်တော့လည်း သက်ပြင်းအခါခါချရင်း ကိုယ့်စိတ်ကိုယ် သတိပေးနေရသည်။ စိတ်ကိုအလုပ်ထဲမှာ ဆွဲခေါ်ရသည်။ ဝေဝေကို အတွေးအာရုံထဲမှ မောင်းထုတ်ရသည်။ အရေးတကြီး ဆောင်ရွက်ရန်ဆိုသော ဖိုင်ထဲမှ စာရွက်များကို ယူဖတ်လိုက်သည်။

"ဆရာ"

"ဘာလဲ ကိုအောင်မောင်း"

စာရေးကြီးက သူ့ရှေ့ဝင်လာပြီး -

"ကျွန်တော်တို့ ပုံဆွဲဌာနအတွက် ပူးပေါင်းဆောင်ရွက်ရမယ့်အင်ဂျင်နီယာရောက်လာပြီဆရာ"

"ဟုတ်လား ကျွန်တော့်ဆီ လွှတ်လိုက်ပါ"

ကိုအောင်မောင်းက ပြန်ထွက်သွားသည်။ ညီညီ က ဖိုင် ကိုပြန်ပိတ်လိုက်သည်။ ထိုစဉ် သူ့ရှေ့မှာရပ်နေသော ခြေတစ်စုံကိုတွေ့လိုက်ရသည်။ မိန်းကလေးပါလား၊ လုံချည်

http://www.cherrythitsar.org



အဆင်က နှစ်ဦးပျို အမျိုးသမီးအသင်းမှ လုံချည်အဆင်။ ညီညီ၏ရင်မှာ တဒိတ်ဒိတ်ခုန်သွားသည်။ သူ၏ အကြည့်ကို ခြေဖျားမှစ၍ အထက်သို့ တရွေ့ရွေ့ ရွေ့လိုက်သည်။

"ဟင် မဝေဝေ"

"အို"

နှစ်ယောက်လုံး အံ့အားသင့်သွားသည်။ ညီညီ က ကပျာကယာ ထရပ်ကာ -

"မဝေဝေ ကျွန်တော်တို့ ပြန်ဆုံကြပြီနော်"

ဝေဝေ က ခေါင်းကို ငုံ့လိုက်ပြီး -

" ကျွန်မ ဒီဌာနမှာ အလုပ်ဝင်ဖို့လာတာပါ ဆရာ"

"အို.. ဟုတ်သားပဲ၊ ကျွန်တော်က အကြာင်နဲ်ပြီးမှာ တစ်ခါပြန်ဆုံရရင် ရှင်စိတ်ချမ်းသာစရာ အဖြေမျိုး ပေးပါ့မယ် ဆိုတဲ့ မဝေဝေရဲ့ စကားကို ကြားယောင်နေတုန်း မဝေဝေက ရောက်လာတော့..."

ရင်ထဲမှာ ပီတိသည် တစ်ကိုယ်လုံးကို နွေးထွေးစေပါသည်။ ထိုအချိန်သည် ကမ္ဘာပေါ်တွင် အပျော်ဆုံးလူသား နှစ်ယောက်ကို ပြပါဆိုလျှင် သူတို့ကို ပြရပါမည်။

ကလျာမဂ္ဂဇင်း၊ ဇွန်လ၊၂၀၀၀။

# အချစ် (၃)

ရန်ကုန်မှလာသော အထူးအမြန်ရထားသည် မန္တလေးဘူတာကြီးသို့ အချိန်မှန်မှန်ဆိုက်ရောက်လာခဲ့ပါလေပြီ။ မီးရထားပေါ်မှခရီးသည်များဆင်းလာချိန်မှာလာရောက် ကြိုသူများနှင့်ရောထွေးကာရှုပ်ယှက်ခပ် သွားတော့သည်။ တိုးဝှေ့ကာထွက်သွားကြသူများရှိသလို အေးအေးဆေးဆေး ရှင်းရှင်းလင်းလင်းထွက်လိုသောကြောင့် နောက်ချန်နေသူများ လည်းရှိပါသည်။ ထိုသို့ နောက်ချန် နေသူများထဲမှ အဘိုးကြီး တစ်ဦးနောက်သို့ အဘွားကြီး တစ်ဦးက ပြေးလိုက်လာပြီး ....

"ဒီမယ် ဒီမယ် ... ဒီမယ် အဘိုးကြီး"

အဘိုးကြီးကလျှောက်မြဲ။

"အဘိုးကြီး ခေါ်နေတာမကြားဘူးလား ဒီမယ်"

အဘွားကြီးက ခေါ်လည်းခေါ်၊ ခပ်သုတ်သုတ်လည်းလျှောက် လိုက်လာသောကြောင့် မှီသွားသည်။

"ဒီမယ်"

"ဟေ"

ခုမှ အဘိုးကြီးက ရပ်လိုက်သည်။

"တော့်အိတ်ကိုကြီးထားခဲ့ပြီး ကျုပ်အိတ်ကိုယူ သွားတာဘာသဘာလဲ"

"ဟေ"

http://www.cherrythitsar.org



အဘွားကြီးက သူ့လက်ထဲမှ အိတ်ကိုပြသည်။ အဘိုးကြီးကကြည့်သည်။ ပြီးတော့သူဆွဲထားသောအိတ်ကို ကြည့်ပြန်သည်။ အိတ်နှစ်လုံးမှာ အရောင်ချင်းတူသော်လည်း တစ်လုံးက အလျားလိုက် တစ်လုံးက ထောင်လိုက်။

"အသက်ကဖြင့်ကြီးလှပြီ ကောင်းကောင်းမွန်မွန် ရှာဖွေမစားချင်ဘူး။ဟွန်းမသိရင်ခက်မယ်။ ဒီမယ်ကြည့်ပါ။ အိတ်ချင်းများရအောင် ပုံစံချင်းကတူလို့လား"

အဘိုးကြီးက အိတ်ကိုအောက်ချပြီး အိတ်ချင်း ယှဉ်ကြည့်လိုက်ပြီးမှ

"ဟဲဟဲ . . . ငါက တခြားအိတ်တွေနဲ့ ညှပ်မိပြီး ငါ့အိတ်ကြီးရှည်ထွက်သွားတာမှတ်လို့ ယူလာတာကွ"

"ဟင်း"

"မင်းက ဟင်း ဆိုငါကထမင်းပဲ - မကျေနပ်ရင် ရောနယ်လိုက်ရုံပဲ"

"ဘယ်လိုဟာနဲ့တွေ့နေတယ်မသိဘူး"

"မသိရင်မှတ်ထား၊ ရွှေးစူပါစတား"

အဘွားကြီးက မျက်စောင်းထိုးကြည့်သည်။ ပြီးမှ မှားနေသောအိတ်ကိုလဲယူကာဆွဲထွက်သွားသည်။အဘိုးကြီးသည် ကျောခိုင်းထွက်သွားသော အဘွားကြီးအား ပြုံးပြုံးကြီး ကြည့်၍ကျန်ရစ်လေသည်။ အဘိုကြီးမှာ ဘ ဖြစ်ပြီး အဘွားကြီးမှာ ဖွားစွာဖြစ်ကြောင်းကိုမူ အထူးပြောရန်မလိုပြီ"

"ဘာ"

"ဟော . . ငါ့ဒီမှာ"

"မြင်လို့ခေါ်နေကာမှ ကဲလိုက်တာ"

"ဟာ - မင်းက မြင်ပေမယ့်ငါကမှ မင်းမမြင်သေးတာ"

ဘအားကြိုသော ကိုကိုက ဘနှင့်မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး

"ဘက ဘယ်မြင်မှာလဲ၊ ဟိုထွက်သွားတဲ့ အဘွားကြီးကို ငေးနေတဲ့ဟာ"

"ဟီးဟီး - အဲဒါကြီးနဲ့ငါနဲ့က ခုရထားကအဆင်းမှာ ပြဿနာဖြစ်တာကွ"

ဘကကိုကိုနှင့်အတူ ဘူတာအပြင်သို့လျှောက်ထွက်လာရင်း အဘွားကြီးအိတ်နှင့် မှားဆွဲမိလာမိပုံကို ပြောပြလိုက်သည်။

"မတော်တဆဟုတ်ရဲ့လား ဘရယ်"

"တကယ်ပါကွ၊ မင်းက မြေးအဘိုးချင်းတောင် မယုံတော့ဘူးလား။ အိတ်အရောင်ချင်းကတူနေတော့ မှားတာပေါ့"

"အရောင်ချင်းတူပေမယ့် အိတ်ပုံစံချင်းမတူဘူး ဆို"

"ငါက ငါ့အိတ်ကြီးရှည်သွားတာလို့ တကယ်မှတ်နေတာကွ၊ ဘေးကအိတ်တွေနဲ့ညှပ်မိပြီး"

"အမိပ္ပါယ်မရှိတာ"

××× ××× ×××

http://www.cherrythitsar.org



ထိုအချိန် ဒေါ်တာ မာမာ၏တိုက်တွင်းဝယ် ဖွားစွာ ကလည်း မီးရထားအဆင်းမှာ ဘနှင့်ကြုံရပုံကို ပြောပြလျက် ရှိပါသည်။

"အဘိုးကြီးသာဆိုတယ်၊ ရုပ်ကစပ်ဖြိုးဖြိုးနဲ့"

မာမာက ပြုံး၍နားထောင်နေရာမှ

"ဖွား စန်းပွင့်လာတာပေါ့"

"ကောင်မလေးဟယ် မဟုတ်က ဟုတ်က"

ဖွားစွာက မျက်စောင်းထိုးသည်။ မာမာက ပြုံး၍ ကြည့်နေသည်။

××× ××× ×××

ညှော်ခန်းဝယ် ညီညီ ကိုကိုနှင့် ဘတို့ ထိုင်နေကြ ပါသည်။ ညီညီက ကိုကိုပြောသမျှကို နားထောင်ပြီးသောအခါ သက်ပြင်းချမိသည်။

"ဘ"

"ဘာလဲကွ"

"ကို့ယို့ကားယားနဲ့မဟုတ်တာတွေတော့ လျှောက် မလုပ်နဲ့နော်။ ဘဒီမှာ ခဏနေတုန်း ဟိုလိုက် ရှင်းရ၊ ဒီလိုက် တောင်းပန်းရတော့ မဖြစ်ပါစေနဲ့"

"မင်းကလည်းကွာ လူကိုကလေးကျနေတာပဲ"

"ဘက ကလေးမဟုတ်လို့ပြောနေရတာပေါ့ ဘရဲ့

http://www.cherrythitsar.org



တော်ရုံတန်ရုံဟာက ကလေးဆိုရင်ပြဿနာမဖြစ်ဘူး”

ဘသည် ကိုကိုဘက်လှည့်၍ မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး ထိုင်ရာမှထသည်။

“ဒါက”

“ရေချိုးမယ်လေ၊ပြီးရင် ပတ်ဝန်းကျင် လေ့လာရေးထွက်ရမယ်”

ဘနောက်ဖက်သို့ ဝင်သွားသည်။ ကိုကိုက လက်ဝါးနှစ်ဖက်ဖြန့်ပြရင်း ပခုံးတွန့်သည်။ ညီညီသည် ပိသုကာတစ်ဦးဖြစ်ပါသည်။ ကိုကိုက စာရေးဆရာ ။ ကိုကိုမှာ ပျော်ပျော်နေတတ်ပြီး ဘနှင့် တွဲဖက်ညီလှသည်။ ထိုနေ့က ညနေပိုင်းမှာ -

“တို့လေ့လာရေးထွက်မယ်ဟေ့”

ဘနှင့်ကိုကို လမ်းလျှောက်ထွက်ခဲ့ပါလေပြီ။

“မင်းတို့မြို့သစ်က နေရတာ တော်တော်ပျော်စရာကောင်းမယ့်သဘောရှိတယ်။ငါ့တိုက်ရောင်းပြီး ဒီပြောင်းလာဦးမှ ထင်တယ်”

“ဘာကိုကြည့်ပြီးများ အဲဒီအတွေး ပေါက်ရတာလဲ”

“ဟိုမယ်လေ မမြင်ဘူးလား တစ်လမ်းလုံး ကလေးချည်းပဲ၊ အဲအဲ. . စွန်ပြတ်လို့လိုက်ကြပြီ ဟား . . ဒီဘက်လွင့်လာတာကွ. . ဟေး -ဟေး . . ”

“ဘ . . ဘ ”

http://www.cherrythitsar.org



ကိုကိုလှမ်းဆွဲလိုက်သည်ပင် မမီလိုက်ပါ။ ဘသည် ကလေးများကြားသို့ ရောက်သွားပြီး ပြတ်လာသော စွန်ကြိုးကို ခုန်ဆွဲသည်။

"ငါမိပြီကွ . . မလုကြနဲ့ မလုကြနဲ့"

လုံးထွေး၍ လဲကုန်သည်။ စွန်မှာလည်း ဝိုင်း၍ လုလိုက်သောကြောင့် အပိုင်းပိုင်း အစစဖြစ်သွားသည်။ဘလက်မှ သုံးတောင်ခန့်ကြိုးပြတ်တစ်ခုသာ ရရှိလိုက်ပါ၏။ ဘသည် ကုန်းရုန်းထ,လာပြီး

"အတော်ဆိုးတဲ့ကလေးတွေကွာ စည်းကမ်းမရှိဘူး . . အား . . "

"ဘ . . ဘာဖြစ်သွားတာလဲ"

"လက် . . လက် အတော်နာသွားတယ်"

"ပြစမ်း . . . ဟင်လက်ကောင်ဝတ် ယောင်လာပါ လား"

"ပစ်အလဲမှ လက်ထောက်လိုက်တာကွ"

ကိုကိုက ခေါင်းကုတ်ပြီး

"ဘကတော့ ညှော်ပါပဲ။ ကျွန်တော်ဆွဲလိုက်တာကို မရလိုက်ဘူး၊ ဟိုကောင်ကတော့ ကျွန်တော့်ပဲ ဆူဦးမှာ"

ဘသည် သူ့လက်သူ လှုပ်ကြည့်ရင်း

"အား . . အတော်နာတယ်ကွ"

"ဒါ အစရှိသေးတယ်။ နောက်ခုထက်ပိုနာမှာ"

"မင်းကလည်းကွာ။ ကဲ . . စဉ်းစားစမ်းပါဦး၊ ဘယ်လို

လုပ်ရမလဲ”

“ဆေးခန်းသွားရုံရှိတာပေါ့”

“သွားမယ်လေ”

“ဝေးတယ်။ အိမ်ပြန်ပြီးကားယူသွားမယ်။ ညီညီအားရင် ညီညီလိုက်ပို့လိမ့်မယ်”

“မင်းလိုက်ပို့ပါကွ”

“တော်ပြီ..တော်ပြီ .. ဘကိုကျွန်တော် မနိုင်ဘူး”

သို့ဖြင့် -

ဘနှင့်ကိုကိုတို့ လှည့်ပြန်ခဲ့ကြပြီး ညီညီ့ကို အကျိုးအကြောင်းပြောပြကာ ဘအား ဆေးခန်းပို့ရန် စီစဉ်ရတော့သည်။ ညီညီသည် ဘနှင့်အတူ ထွက်လာရာမှ -

“ဘ”

“ဟေ”

“ဆေးခန်းရောက်ရင် ချော်လဲတာလို့ပြောနော်”

“အေးပါကွ”

ကားလေးသည် ၆၂လမ်း အတိုင်း၊ ပြေးလွှား နေရာမှ မနော်ဟာရီလမ်းရောက်သောအခါ ဘယ်ဘက်သို့ ကွေ့လိုက်သည်။ နောက်တော့ ဆေးခန်းတစ်ခုရှေ့မှာ ရပ်လိုက်၏။ အဝင်မှာ ဆိုင်ဘုတ်ကလေးချိတ်ထားသည်။

“ဒေါက်တာမာမာ”

အမ် ဘီ ဘီ အက်(စ်)

http://www.cherrythitsar.org



ကားရပ်ပြီးဆေးခန်းတွင်းသို့ဝင်သောအခါ စမ်းသပ်ခန်းရှေ့မှာ ထိုင်နေသော ဖွားစွာကိုတွေ့လိုက် ရသည်။ ဘသည် ဖွားစွာအား ပြုံးပြကာ -

"ဂွဒ် မောနင်းဒေါက်တာ "

ဖွားစွာက ဘအားပြူးကြောင်ကြောင်နှင့် ကြည့်လိုက် ပြီး -

"ရှင်ဘာစကားပြောတာလဲ"

"အင်္ဂလိပ်စကား ပြောတာပေါ့ကွ၊ မင်းဆရာဝန် လုပ်နေပြီး ဒါမှနားမလည်ဘူးလား"

"အို . . ကျုပ်ကဆရာဝန်မဟုတ်ဘူး. . ကျုပ်မြေးက ဆရာဝန်"

ညီညီက -

"ဘကလည်းဗျာ. . ပြောလိုက်ရင်အရမ်းချည်းပဲ"

"ဘယ်သိမလဲကွ ဒေါက်တာဆိုင်းဘုတ်အောက်မှာ ထိုင်နေတော့ ဒေါက်တာပဲမှတ်တာပေါ့"

ဖွားစွာက မျက်စောင်းထိုးလိုက်ပြီး-

"ဟဲ့ . . မာမာ လာစမ်း၊ဒီမှာ လူနာရောက် နေလို့"

မာမာက နောက်ခန်းထဲမှ ထွက်လာရင်း-

"ဘယ်သူဘာဖြစ်လို့ပါလိမ့်"

"ကျွန်တော့်အဘိုးပါ။ လက်နာသွားလို့"

"လာ ဘ၊ စမ်းသပ်ကြည့်ရအောင်"

http://www.cherrythitsar.org



ဘနှင့် ညီညီတို့သည် ဆရာမနောက်မှ စမ်းသပ်ခန်းတွင်းသို့ဝင်လိုက်သည်။

"ဒီအပေါ်တက် ဘ - တက်နိုင်ရဲ့လား"

"ကျွမ်းပစ်ပြီးတောင်တက်နိုင်သေးတယ်"

ဘ၏စကားကြောင့် မာမာကပြုံးသည်။ ညီညီက မျက်မှောင်ကုပ်ကြည့်သည်။ မာမာက ဘ၏လက်ကို သေသေချာချာကြည့်ရင်း-

"ဘယ်လိုဖြစ်တာလဲ"

"ချော်လဲတာ"

"ဘယ်မှာလဲတာလဲ"

"လမ်းလယ်ခေါင် ၊ ကလေးတွေနဲ့စွန်ပြတ်လာတာ လိုက်လုရင်းချော်လဲတာ"

ညီညီစိတ်ညစ်သွားသည်။ မာမာကပြုံးရင်း

"ရရဲ့လား"

"ဟီး .. ဟီး .. အပ်ချည်ကြိုးပဲ ရလိုက်တယ်။ ကလေးသုံးယောက်အပေါ်ကခုန်ပြီး ဖမ်းလိုက်တာ။ ဘက လက်တင်နာတာ။ ဘအောက်ပိမိတဲ့ ကလေးတော့ တစ်ကိုယ်လုံးနာမှာပဲ"

"အဲဒီကလေး က အော်သေးလား"

"အွန့်ကနဲ့နေတာပဲ"

ညီညီသည် စိတ်ကိုလျှော့လိုက်ကာ ဘာမှ ဝင်မပြော

http://www.cherrythitsar.org



တော့ မာမာကမူ စကားကို အဆက်မပြတ် ပြောရင်း လက်ကို ဆေးလူး ပတ်တီးစီး လုပ်ပေးလျှက်ရှိပါသည်။ မာမာနှင့် ဘကား အဖွဲ့ ကျသွားပါလေပြီ-

"နောက်ထပ်သုံးရက်ဆက်လာရမယ်"

"အိုကေ"

"လာဖြစ်အောင်တော့လာနော်- ဓါတ်မှန် ရိုက်သင့် မရိုက်သင့်ကို နောက်ရက် လက်အခြေအနေပေါ် ကြည့်ပြီး ဆုံးဖြတ်ရမှာမို့"

"စိတ်ချပါ၊သုံးလဆက်လာဆိုရင်လည်း လာမှာပဲ ငါ့မြေးနဲ့စကားပြောရတာနဲ့ပဲ ရောဂါတစ်ဝက် သက်သာ သွားတယ်။ စကားပြောလို့ အဆင်မပြေတဲ့သူနဲ့ ပြောရရင် အသက်တိုတယ်။ စိတ်မချမ်းသာဘူး ငါ့မြေးရဲ့"

မာမာက ပြုံးနေပြီး သောက်ရန်ဆေးများကို ညီညီ လက်ပေးလိုက်သည်။ မာမာက တံခါးဝထိ လိုက်ပို့ပေးသည်။ ဘက-

"ဆီးယူ တူမောရိုး"

မာမာကို နှုတ်ဆက်ကာထွက်သွားသည်။ ဖွားစွာက မျက်စောင်းထိုး၏။ ဆေးခန်းမှ ထွက်လာကတည်းက ဘသည် ပြုံးပြုံး . . ပြုံးပြုံး နှင့်-

"ညီညီ - ဆရာဝန်မလေးကချောတယ်နော်"

"ဟီးဟီး ငါက သူ့ကို ငါ့မြေးလို့ ခေါ်လိုက်တော့

http://www.cherrythitsar.org



ရှက်သွား သလိုလိုလေး”

ညီညီက ဘဘက်လှည့်လိုက်ပြီး

“အဲဒီတုန်းက အဘွားကြီးမျက်နှာကတော့ လူသတ်တော့မလိုပဲ”

“ဟုတ်လား၊ ငါနဲ့အိတ်ချင်းမှားတာ အဲဒီအဘွားကြီးပေါ့ကွ”

ကားလေးသည် ၆၂လမ်းမှ ဘယ်ဘက်သို့ ကွေ့ဝင်လိုက်သည်။

××× ××× ×××

နောက်ရက်များမှာ ဘနှင့်မာမာတို့သည် ပို၍ ရင်းနှီးသွားလေသည်။ ဘ၏ပျော်ပျော်နေတတ်သော အပြောအဆိုအနေအထိုင်ကြောင့်ဖြစ်ပါသည်။

“ကိုညီညီတို့ကကံကောင်းတာပေါ့၊ ပျော်တတ်တဲ့အဘိုးနဲ့အတူနေရတော့”

“ငါ့မြေးလည်းကံကောင်းချင်ရင်လွယ်ပါတယ်။ ဘတို့နဲ့အတူလာနေလေ”

မာမာကပြုံး၍ခေါင်းငုံ့လိုက်ပြီး-

“ကဲလာ ပတ်တီးဖြေရအောင်”

ဘနှင့်စကားပြောခြင်းကိုရပ်လိုက်သည်။ အပြန်တွင်ညီညီက -

“ဘပြောပုံက မိန်းကလေး မပြောနဲ့၊ ယောက်ျားလေး

တောင် ရှက်သွားတယ်”

“ဟဲဟဲဘမေးမယ်။ ငါ့မြေး အဲဒီဒေါက်တာကို သဘော မကျဘူးလား ဘကတော့ ဒေါက်တာမာမာနဲ့ ငါ့မြေးကို ဖြစ်စေ ချင်တယ်”

ညီညီကငြိမ်နေသည်။ ဘက-

“နောက်သုံးရက်လောက်နေမှ စကားသွားစရဦးမယ်။ အားဆေးထိုးရင်း”

“ဘရာ အေးအေးဆေးဆေးနေစမ်းပါ”

ဘကလက်ဝါးကာပြလိုက်ပြီး -

“ဘာလို့နေရမှာလဲကွ - ဒီတစ်ခါ ငါလာတာကိုက မင်းကို အိမ်ထောင်ပြုပေးဖို့ရည်ရွယ်ချက်နဲ့လာတာ”

“ကိုကို့ကို ပြုပေးလိုက်ပါလား”

“ဖွတ်- အဲဒီကောင်ကြီးပြုပေးရင် သူများ သား သမီးကို ဒုက္ခရောက်အောင်စီမံကိန်းချပြီး၊ နှိပ်စက်သလိုဖြစ်မှာပေါ့ကွ”

သို့နှယ် ဘနှင့်ညီညီတို့၏ဆွေးနွေးမှုမှာ အိမ်ရောက် သည်အထိမပြီးပါ။ ညှော်ခန်းမှာထိုင်မိသည်နှင့်-

“ဒီမယ် ငါ့မြေးမင်းမှာ အခွင့်အရေးတစ်ခုပဲရှိတယ်၊ ကြိုက်တာရွေးလို့ကိုမရဘူး၊ ခေါင်းငြိမ့်ဖို့ပဲ စိတ်ကူးပါ”

“ဘ . . . ရာ”

“ညီညီကနားမလည်နိုင်စွာဖြင့် ဘအားကြည့်ရင်း သက်ပြင်းချသည်။ ကိုကိုက-

http://www.cherrythitsar.org



"ဘာဖြစ်လာကြပြန်ပြီလဲ"

"မင်းနဲ့မဆိုင်ပါဘူး"

"မြေးအဘိုးသုံးယောက် တစ်အိမ်တည်းအတူနေပြီး အဲသလိုခွဲခြား ခွဲခြား မလုပ်ပါနဲ့ဘရဲ့.."

"မင်းညီလေ ကောင်းစေချင်လို့ ဆီဒိုးနားပေါ် တင်ပေးမလို့ဟာအဲဒီကအေးမှာဗျမြင့်လည်း အမြင့်ကြီးပဲ မြို့သစ်မှာပဲ နေမယ်လုပ်နေတယ်"

"သူမနေရင်ကျွန်တော်သွားနေမယ်လေ"

"ဥပမာပြောနေတာကွ - ပြဿနာအစစ်က အဲဒါ မဟုတ်ဘူး"

ကိုကိုက ဘကိုသေချာကြည့်ပြီး-

"ရှုပကအလက်ာတွေမပါပဲ ပြောဗျာ"

"ရတယ် ကာတင်ပြောတာမကြိုက်ရင် ပေါ်တင် ပြောမယ် ညီညီ့ကို ငါက ဒေါက်တာမာမာနဲ့သဘောတူလို့ လက်ထပ်ဖို့ပြောတာ ဒီကောင်က အသာနေစမ်းပါ လုပ်နေ လို့"

ညီညီက ကိုကို့ကို လှမ်းကြည့်သည်။ ကိုကိုက -

"မသိလို့ မေးပါရစေဦး ဘက ဘာလို့ ဒီဒေါက်တာမ နဲ့အတင်းသဘောတူနေရတာလဲ"

"လျှာမရှည်နဲ့၊ မင်းနဲ့ဘာမှမဆိုင်ဘူး၊ ဟိုကောင် ညီညီဘယ်အချိန်မှာ ခေါင်းငြိမ့်ရမလဲဆိုတာ စဉ်းစားထား၊

http://www.cherrythitsar.org



ငါလမ်းထိပ်ခဏသွားဦးမယ်”

“ဘယ်သွားဦးမလို့လဲ”

ဘက သူတို့အားလှည့်မကြည့်ဘဲ-

“ကာရာအိုကေ သွားဆိုမလို့”

ဟုဖြေရင်း ထွက်သွားသည်။ ညီညီက-

“ကိုကို”

“ဘာလဲ”

“ကျွန်တော်နဲ့မာမာအကြောင်းများ ဘကိုပြောပြထားသလား”

“မပြောမိပါဘူးကွာ သူ့ဟာသူ သဘောတူနေတာဖြစ်မယ်”

ထိုအချိန်မှာ ဖွားစွာက-

“သိပ်ါတော် သိပ်ါ . . အပင်မြင် အပွေးသိ အဲလေ . . အပွေးမြင်ရင်အပင်သိတယ်။ အဘိုးကြီးရဲ့ မြေးနဲ့ကြည့်တဲ့မျက်လုံးတွေကိုငါသိတယ်”

“မဟုတ်တာဖွားရယ်”

“ဘာမဟုတ်တာလဲ . . ဟုတ်လိုက်သမှ ဟုတ်ဟုတ်ဟုတ်ဟုတ်နဲ့တောင်နေသေး၊ ဒီမယ်-ကျုပ်တစ်ခါတည်းပြတ်ပြတ်ပြောမယ် အဲဒီကောင်လေး ဘယ်လောက်တော်တော်ကျုပ်သဘောမတူနိုင်ဘူး၊ ဘာလို့လဲဆိုတော့ အဲဒီ အဘိုးကြီးရဲ့မြေး ဖြစ်နေလို့ပဲ၊ ဒါကြောင့် ဘယ်လိုမှ မပတ်သက်ရအောင်

http://www.cherrythitsar.org



နောက်အဲဒီအဘိုးကြီးလာရင် ဆေးကုမပေးနဲ့”

“ဖွားရယ် . . အဲလိုလုပ်လို့ဖြစ်မလား၊ ဆရာဝန်ဆိုတာ လူနာလာရင်ကုပေးရမှာပဲ”

“တော်-တန်-တိတ် တခြားသွားကုလိမ့်မယ်”

“စဉ်စားပါဦးဖွားရယ် မောင်းထုတ်လို့ဖြစ်မလား”

“မဖြစ်ရင်ေ ဆေးခန်းပိတ်လိုက် ၊ ဖြုတ်ဆိုင်းဘုတ်၊ ဘယ်နှယ့်တော် ဆေးခန်းလာတိုင်း၊ လူမမာသာဆိုတယ် ပြောင်စပ်စပ်နဲ့၊အသက်ကဖြင့်ကြီးလှပြီ၊ဟင်း. . ဒီအထဲ လူကို မျက်စိမှိတ်ပြလိုက်လျှာထုတ်ပြလိုက်လုပ်ချင်သေးတယ် - အို ရှုတ်ပါတယ်၊ ဆေးခန်းသာပိတ်လိုက်”

××× ××× ×××

“ဆေးခန်းပါပိတ်ပစ်လိုက်ဆိုခိုင်းနေတာ ဖွားကတအား စိတ်ဆိုးနေတာ”

“ဘာလို့လဲ”

“ဘ ပျော်တတ်တာကို သဘောမကျတာပဲ”

“ခက်တာပဲ၊ ဘပျော်တတ်တာကတော့ ဘယ်လိုမှ ဘရိတ်အုပ်လို့ရမှာမဟုတ်ဘူး၊ ဒီအတိုင်းဆိုရင်တော့ ဆက်ပြီး ခက်ပြီးရင်းခက်တော့မှာပဲ၊ ဘကဖွားကိုသွားတွေ့ပြီး တို့ကိစ္စပြောဆိုမလို့တဲ့”

သို့နှယ် ဧည့်ခန်းမှာ ညီညီနှင့် မာမာတို့ ထိုင်စကား

ပြောနေရာသို့ ဘက ရွှင်မြူးစွာ ဝင်လာရင်း-

"ငါ့မြေးတို့ဘာမှမပူနဲ့ဘဝင်စွက်ဖက်တာနဲ့တော့ ငါ့မြေးတို့ အချစ်ရေး မပျက်စေရဘူး၊ မစွာကို ငါပိုင်ပါတယ်ကွာ"

"တော် - တိတ်"

ဘ၏စကားအဆုံးမှာ ကျယ်လောင်သော အသံနှင့် အတူ တံခါးဝမှာ ပေါ်လာသူက ဖွားစွာ-

"ဟင်-ဖွား "

"ဒါလား ဆေးကုသွားတာ၊ ဘယ်မှာတုန်းလူနာ။ ဟင်းဒီကဖြင့် ဒါတွေနဲ့မပတ်သက်စေချင်လို့ ဆေးခန်းပါ အပိတ်ခိုင်းနေတဲ့ဟာ ပျောက်သွားကတည်းက ဒီရောက်နေလိမ့်မယ် ဆိုတာထင်ပြီးသား ကဲ -ထ"

ဘကဖွားစွာရှေ့မှ ဝင်ရပ်ကာ-

"မထနဲ့"

မာမာကို လက်ကာထားလိုက်သည်။ ပြီးတော့ ဖွားစွာနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး -

"မစွာ မင်းငါ့ကို တကယ်မမှတ်မိဘူးလားဟင်၊ ဒီမျက်ခွက်ကို သေသေချာချာကြည့်ပါဦးကွာ၊ ယူနီဗာစီတ°မှာ ဆုံကြတုန်းက တစ်သက်မမေ့ပါဘူးလို့ ပြောခဲ့တာလေ. . "

"ဟင်"

ဖွားစွာက မျက်လုံးပြူးသွားသည်။

## ၂၄၂ ကံချွန်

"ရှင် . . ရှင် . . ကိုဘဦးလား"

"ဟုတ်ပါတယ် မစွာ ကံမဆုံလို့လွဲခဲ့ရတဲ့ မင်းရဲ့ အချစ်"၁" လေ၊ မင်းကငါ့ကို မမှတ်မိပေမဲ့ ရထားပေါ်မှာ ကတည်းက ငါကမင်းကို မှတ်မိခဲ့တယ်လေ၊ ဒါကြောင့် မင်းများ မှတ်မိလာလေမလားလို့၊ တမင်သက်သက် အိတ်ချင်းမှားယူပြီး စကားပြောဖြစ်အောင်လုပ်ခဲ့တာပေါ့၊ ဒါပေမယ့် မင်းရဲ့ အသိဉာဏ်မှာ ဒေါသက ကြီးစိုးနေတော့ ငါ့ကို မမှတ်မိ ခဲ့ဘူးလေ"

ဖွားစွာက မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်လိုက်ပြီး-

"ရှင်က ဘာလို့ရိုးရိုးဖွင့်မပြောရတာလဲ"

"စချင်, သေးတာကိုးမစွာရဲ့"

ညီညီနှင့်မာမာတို့သည် ဘနှင့်ဖွားစွာအား ငေး၍ ကြည့်နေမိသည်။

"ငါ့သားနဲ့ မင်းသမီးပေးစားဖို့ ငါကမ်းလှမ်းခဲ့ဘူးတယ် လေ။ အဲဒီတုန်းက မင်းရဲ့ အမျိုးသားက ခါးခါးသီးသီးငြင်းလို့ အစီအစဉ်ပျက်ခဲ့ရတာလေ"

ဖွားစွာ၏မျက်ဝန်းထဲမှာ စိတ်မကောင်းသော အရိပ် အငွေ့ များဖြင့် . . . .

"တို့ရဲ့ မျိုးဆက် အချစ် "၂" တွေမဆုံခဲ့ရ ပေမယ့် တို့ရဲ့ သုံးဆက်မြောက် အချစ်"၃" တွေကိုတော့ ပျော်ရွှင်စွာ ပေါင်းဆုံကြပါစေလား မစွာ . . "

http://www.cherrythitsar.org



ဖွားစွာသည် ဘဇော်မျက်နှာကို ငေးကြည်နေမိသည်။
ညီညီကမာမာ့ကို လက်တို့ကာ အသာထထွက်ခဲ့သည်။
“အချစ်“၃”တွေရဲ့ရှေ့ရေးဆွေးနွေးကြပါစေမာမာ”

http://www.cherrythitsar.org



# တောင်ပြုံးပျော်

ကျောက်တစ်လုံးမြို့လေး၏ သာယာသော နံနက်မှာ ဘ ၏ တေးသံကြောင့် စိုပြေလျက်ရှိပါသည်။

ဒီအချိန်ရောက်လာရင်လေ . . ကျွန်တော့စိတ်တွေ ××× ဖေါက်ဖေါက်လာတယ် -- ဟောဒီ ဟောဒီ အချိန်ရောက်လာရင် လေ ××× ဘ ရဲ့စိတ်တွေ ဖေါက်ဖေါက် လာတယ် ×××

ဘ စိတ်လွတ်ကိုယ်လွတ် သီချင်းအော်ဆိုနေရာ ဘေးသို့ ဖွားစွာက ရောက်လာပြီး ခါးထောက်ရပ်ကာ . . .

"ဟင်း ဟင်း --- ကျုပ်သိတယ်နော်"

ဘ က မျက်မှောကမ်ကုပ်၍ လှည့်ကြည့်လိုက်ပြီး

"မင်းက ဘာ သိတာလဲ"

"ဒီအချိန်ရောက်လာရင်လေ ကျွန်တော့်စိတ်တွေ ဖေါက်ဖေါက်လာတယ်လို့ တော်အော်နေတာလေ. . ဒီအချိန် ကို ကျုပ်ကသိနေတော့တော်ဘာစိတ်ဖောက်တယ်ဆိုတာလည်း သိတာပေါ့. . . တောင်ပြုံးပွဲက ရောက်တော့ မယ်လေ။ တော် တောင်ပြုံးပွဲနီးလို့ စိတ်ဖောက်လာတာ မဟုတ်လား။

"မဟုတ်ပါဘူးကွာ. . . စိတ်မကောင်းဖြစ်နေလို့ စိတ်ပြေလက်ပျောက် ပါးစပ်ထဲလာရာ ဆိုနေတာပါ"

"ပြောစမ်းပါဦး. . . ဘာတွေများ စိတ်မကောင်း

http://www.cherrythitsar.org



ဖြစ်စရာ ရှိလို့လဲ”

“ဒီမယ်. . . စာလာတယ်လေ. . . စံပျော့ဆီက။ သူ အတော်နေမကောင်း ဖြစ်လို့တဲ့”

ဖွားစွာက မကျေမနပ်ဖြင့်

“ဟင်း. . . ရောဂါက တောင်ပြုံးနဲ့မှ အချိန်ကိုက် ဖြစ်ရတယ်လို့”

ဘက ခပ်တည်တည်နှင့် ပြန်ကြည့်ကာ

“ရောဂါပဲကွာ သူဖြစ်ချင်တဲ့အချိန် ဖြစ်မှာပေါ့။ အင်း. . . ငယ်သူငယ်ချင်းဆိုတော့ မသွားလို့မကောင်းဘူး ငါမန္တလေးဆင်းမှ ဖြစ်မယ်”

ဖွားစွာက မျက်စောင်းထိုး ကြည့်ပြီး-

“အင်း စံပျော့ကလည်း တောင်ပြုံးနီးမှ နေမကောင်း ရတယ်လို့ . . . ယုံတော့မယုံဘူး ဒါပေမယ့် ဘာတတ်နိုင်မှာ လည်း ယုံရတော့မှာပေါ့ ”

သို့ဖြင့် ဘ သည် မန္တလေးသို့ ထွက်ခွင့်ရခဲ့ပါလေပြီ။

တောင်ပြုံးပွဲတော်ကျင်းပမည့်ရက်သည်ကား မဝေး တော့ပြီ။သည်ရက်ပိုင်းမှာ ဦးစံပျော့တစ်ယောက်အိမ်မှာ ကပ်၍ ငြိမ်ချက်သားကောင်းနေပါသည်။ ထိုသို့ အိမ်မှာကပ်၍ ငြိမ်နေသည် ကိုပင် ဦးစံပျော့၏ဇနီးဒေါ်လှမေက မသက်သာ ဖြစ်နေခြင်းပါ။

“ဒီမယ်”

"ဘာလဲ"

"တော်ဒီရက်ပိုင်း အိမ်မက်ကပ်နေတာ ဘာအကြံရှိလို့လဲ"

"မင်းကလဲကွာ . . ထွက်တော့လည်းထွက်ပြန်ပြီ - ကပ်တော့လည်းကပ်ပြန်ပြီနဲ့ ဘာအကြံမှ မရှိပါဘူးကွ"

ထိုစဉ် တံခါးဝမှာ ဘ၊ ဦးပေတလူ နှင့် ဦးသာ၀ တို့ ပေါ်လာပါသည်။

"ဟေး စံပျော့ရေ"

ဒေါ်လှကမျက်စောင်းထိုးလိုက်ပြီး

"အံမယ် မယ် မယ် ခုမှ အုံ့အားသင့်ဟန်ဆောင် နေသေးတယ်။ လက်စသတ်တော့ အိမ်မက်ပ်နေတာ ဒါကြောင့် ကိုး. . ."

ဘ၊ ဦးပေတလူ၊ ဦးသာ၀ နှင့် ဦးစံပျော့တို့ သူငယ်ချင်း လေးယောက်ကား စုမိသွားကြပါလေပြီ. . သို့နှယ် သူငယ်ချင်း လေးယောက်တို့စုမိသွားသောအခါ ဒေါ်လှ က

"ကဲ ပြော တော်တို့ တောင်ပြုံးသွားဖို့ အချိန်းအချက် လုပ်ထားကြတာမဟုတ်လား"

"ဟုတ်တယ် . . အဲ ဟုတ်ပါဘူး တို့စစ်ကိုင်းသွား ဥပုသ် စောင့်ကြမလို့ပါကွာ"

"အသက်ကြီးစပြုပြီ မဟုတ်လား ဒေါ်လှရဲ့"

ဒေါ်လှ မှာ ဘ တို့အဖွဲ့ကို စူးစူးစိုက်စိုက်ကြည့်ကာ

"အင်း - စိတ်ထဲကတော့ မယုံချင်ဘူး - ဒါပေမယ့်

http://www.cherrythitsar.org



ယုံထား လိုက်ပါ့မယ် ” ဦးစံဗျောက

“ကိုယ့်ငရဲ ကိုယ်မရှာချင်ပါနဲ့ကွာ - မင်းအတွက်ပြောတာပါ။ တို့ နက်ဖြန် စစ်ကိုင်းသွားကြမယ် - ဒါပဲ”

ဒေါ်လှ က မျက်စောင်းထိုး၏။

ဘ တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။

××× ××× ×××

နောက်ရက်မှာ စစ်ကိုင်းသို့ ရောက်ခဲ့ပြီး လေးယောက်သား သရပ်တစ်ပင်ဆိပ်သို့ ရောက်ခဲ့ပြီ။

“ထမင်းစားကြဦးစို့လား”

“ကောင်းသားပဲ”

ဘ တို့ ထမင်းဆိုင်သို့ ဝင်လိုက်၏

“သတ်သတ်လွတ် လေးပွဲစားမယ်ဟေ့”

“သာဓုဗျာ ဘတို့ အသားရှောင်တာကြာပြီလား”

“အင်း - သွားတွေ ကျိုးကုန်ကတည်းက”

“သွားများကောင်းလို့တော့ ဆင်ကောင်လုံးကြော်တောင်စားသေး” သို့ဖြင့် ထမင်းစားပြီးသောအခါ-

“ငါ့တူ လာပါဦး”

“ဗျာ”

“ဒီကနေ တောင်ပြုံးကို ပဲ့ချိတ် (လှေ) ငှားပြီး သွားလို့ရမလား”

http://www.cherrythitsar.org



"ကားနဲ့သွားပါလား ဘရဲ့ အမြန်ရောက်တာပေါ့"

"ကားနဲ့သွားမဖြစ်လို့ပေါ့ကွာ- မန္တလေးမြို့အထွက်မှာ အထူးရှာဖွေရေးဂိတ်ရှိတယ်ကွ။ တို့အိမ်က အဖွားကြီးက စောင့်ရှာမှာ"

"ပွဲချိတ်ငှားရင် သက်သာမှာ မဟုတ်ဘူးဘ"

"မသက်သာချင်နေကွာ အဘွားကြီးနဲ့ လွတ်ရင် ပြီးရော"

ဘ တို့မှာ တောင်ပြုံးပျော်ကြီးများဖြစ်ပါသည်။ ယခုလည်း အဘွားကြီးများကို တစ်ယောက်တစ်မျိုး လိမ်ညာကာ တောင်ပြုံးသို့ ထွက်ခဲ့ပါသည်။ တောင်ပြုံးပွဲတော်ရောက်သည် နှင့် ဘ ၏ အသံကို စ၍ကြားရပါတော့သည်။

"အို ..တောင်ပြုံးခေါ် ပွဲတော်ကြီး နီးလာပြီ ... ယောက်ဖရေ နောက်ကနေခေါ်နေပြီ"

ဘ အသံကြောင့် ပွဲခင်းထဲသွားလာနေသူတို့က လှည့်ကြည့်ကာ ပြုံးကြသည်။ ဘသည် အမျိုးသမီးများကို မြင်သည် နှင့် အဘွားကြီးတို့ကို ကြည့်ကာ -

"အိမ်ကို မြန်မြန်ပြန် - ကလေးတွေ ငိုကုန်ပြီ"

ဘ ၏ စကားအဆုံးမှာ အဘွားကြီးများက မျက်စောင်းထိုးသည်။ အမျိုးသမီးငယ်တို့က ပျော်တတ်သည့် အဘိုးကြီးများကို ကြည့်ကာ ပြုံးကြ၏။ ဦးစံပျော၊ ဦးပေတလူ နှင့် ဦးသာဝ တို့က သံပြိုင်အော်ကြသည်။

http://www.cherrythitsar.org



"အူဝဲ"

"အူဝဲ"

"အူဝဲ" "ဝဲ" "ဟဲ" "ဝဲ"

ဘ တို့ကို ကြည့်၍ ဝန်းကျင်မှ လူငယ်များက ပြုံးကြသည်။ လူငယ်တစ်ယောက်က

"ဗျို့ အဘ"

"ဝေး"

"ဒီအသက်အရွယ်ကြီးရောက်မှ တောင်ပြုံးလာပြီး ဘယ်သူ့ ရှာတာလဲ - ဟင်"

"အင်း- မင်းကမေးတော့လည်းဖြေရမှာပေါ့ကွာ-လိမ်လည်းမပြောချင်ဘူး၊ မင်းအဘွားလိုက်ရှာတာဟေ့"

"အင်"

ဘေးမှလူငယ်များဝိုင်းရယ်ကြသည်။

"ဒါနဲ့ ဘ မှာ မြေးရှိသလား"

"မြေးတော့မရှိဘူး မျှစ်ရှိတယ်။ မင်း ပဲ နဲ့ရောကြော်စားချင်ရင်ယူသွားလေ"

ရယ်သံများက ဆူညံသွားပြန်သည်။ ဘတို့မှာ လူငယ်များ နှင့်အပြိုင်အော်ရင်း စရင်း ပွဲခင်းအတွင်းသို့ ရောက်ခဲ့ပါလေပြီ။

"အာရုံကြောတွေ ခုမှ နိုးကြားလတ်ဆတ်ကုန်တယ်"

"အင်း ကျုပ်တော့ အနိုးကြားလွန်လို့လား မသိဘူး -

http://www.cherrythitsar.org



အာခေါင်တွေခြောက်ပြီး ရေတော်ငတ်လာတယ်။

"ရေငတ်လာရင် အရက်ဝင်သောက်မယ်လေ"

"မူးကုန်မှာပေါ့ဟ - ပျော်ရုံပဲကောင်းပါတယ်။ ငရဲမရှာချင်ပါနဲ့ကွာ"

"ညှံ့ပါ့ကွာ - ဘယ်ကလာငရဲရှာတာဟုတ်ရမှာလဲ- ဒီအရက် တွေက မမူးဘူးဟ - ရေအတိုင်းဘဲတဲ့ - ငါ့မြေးက ပြောဖူးတယ်"

"ကဲ - ဒါဖြင့် သောက်ကြမလား"

" ဟာ - ဟာ နေဦး "

"ဘာလို့လဲ"

ဦးစံပျော ညွှန်ပြရာသို့ ဘ က လှမ်းကြည့်လိုက်သည်။

"ကိုကိုကြီးပါလား"

ကိုကိုကြီးမှာ ဘ ၏ မြေးဖြစ်ပါသည်။ ကိုကိုကြီးကို ကြည့်ရသည်မှာ လူတွေကိုသာ မှတ်မိနေသော်လည်း အရှေ့ အနောက် တောင်မြောက်ကိုတော့ သိပုံမပေါ်တော့ပါ။

"ဘ"

"ဘာလဲ"

"ခု ကျွန်တော် ဘယ်ရောက်နေတာလဲ"

"မင်း တောင်ပြုံးရောက်နေတာလေ"

"သိပါဘူး - အိမ်များ ပြန်ရောက်နေတာလားလို့ အပဟီး . . အမူးကိုပြေသွားတာပဲ- ကျွန်တော် ဘ တို့နဲ့

http://www.cherrythitsar.org



အတူတူလိုက်ခဲ့မယ်”

ကိုကိုကြီး၏ စကားကြောင့် ဘတို့ တစ်ဖွဲ့လုံး မျက်လုံးပြူးသွားကြသည်။ ပြီးတော့ သံပြိုင်အဖြေ ပေးလိုက်သည်။

“ဟာ - မဖြစ်ဘူး - မဖြစ်ဘူး”

စကားအဆုံးမှာ ဘတို့ လေးယောက်သားတိုင်ပင်ထားသည့်နှယ် တပြိုင်တည်း ကိုကိုကြီး နှင့်ဝေးရာသို့ ပြေးထွက်ခဲ့လေတော့သတည်း။ ကိုကိုကြီးကလည်း သည်အရိပ်အခြေကို သိပြီးသားမို့ ဘ တို့ပြေးသည်နှင့်

“ဘ - ဘ ကျွန်တော့်ကို မထားခဲ့ပါနဲ့ဗျ”

အော်ရင်း နောက်မှလိုက်လေသည်။ ဘ တို့အဖွဲ့မှာ ရှေ့ဆုံးကဦးဆောင်ပြေးနေသူက ဦးစံပျော ၊ ဦးသာဝ က

“ရှေ့ကအခန်းထဲဝင်ဗျာ - ဒါမှ မျက်ခြေပြတ်သွားမှာ”

“ဘာအခန်းလဲ”

“ဘာ အခန်းဖြစ်ဖြစ် ဝင်စမ်းပါဗျာ”

ဘ တို့ ဝင်လိုက်သောအခန်းမှာ ဗေဒင်ဆရာ ရှေ့ဖြစ်နောက်ဖြစ် ဆရာအေး၏ ဗေဒင်ဟောခန်းဖြစ်ပါသည်။ ဘ တို့အဖွဲ့ အတွင်းသို့ ရောက်သည်နှင့် ဆရာအေးက

“ဘယ်သူမေးချင်တာလဲ - မေးမယ့်လူ ဒီရှေ့မှာထိုင်ပါ - ရှေ့ဖြစ်လား - နောက်ဖြစ်လား”

ဘ သည် ယောင်ချာချာနှင့် ဆရာအေးရှေ့မှာ ဝင်ထိုင် လိုက်ပြီး

## ၂၇၂ ကံစွန်

"ရှေ့ဖြစ်လဲမဟုတ်ဘူး - နောက်ဖြစ်လည်းမဟုတ်ဘူး - ရှေ့နဲ့နောက်ရဲ့ကြား ခုဖြစ်နေတာလေးမေးချင်လို့"

"အင်း - ခုဖြစ်နေတာကို ဟောရမယ်ဆိုရင် ခင်ဗျားတို့ လူတစ်ယောက်နဲ့ မတွေ့ချင်လို့ ထွက်ပြေးနေကြတယ် မဟုတ်လား"

"မှန်လိုက်လေ ဆရာရယ်"

"မှန်မှာပေါ့ - ကျုပ်ဆိုင်ရှေ့က ရပ်ကြည့်နေတာပဲ ရန်ဖြစ်ပြီး ပြေးလာတာမှတ်လို့ ကျုပ်လည်းဆိုင်ထဲ ဝင်ပြေးလာရတာ - ကဲ - ကျုပ်အခန်းထဲ ဝင်ခိုတဲ့အတွက် တစ်ယောက်ယောက် တော့ မေးဖြစ်အောင်မေးရမယ်"

"ထူးပါဘူး - ငါ့ကိုသာ ဆက်ဟောပါတော့ကွာ - ဘာတွေ ဆက်ဖြစ်မလဲဆိုတာ"

"ဒူးဆစ်ပြပါ"

"ဘာကွ"

"ဒူး - ဒူး ကိုပြပါ"

"မင်းကလက္ခဏာဆရာမဟုတ်ဘူးလား"

"ကျုပ်က နဖူးရေ ဒူးရေ ကြည့်ဟောတဲ့ ရှေ့ဖြစ်နောက်ဖြစ် ဆရာ"

"ဒါဆို နဖူးအရင်ကြည့်ကွာ"

"နဖူး ကြည့်ပြီးပြီ ဒူးသာပြ"

"ကဲ ရော့ ကြည့်ကွာ"

http://www.cherrythitsar.org



ဘ က ဒူးကို ပြလိုက်သည်။

"ရပြီ - ပုဆိုးကို သိပ်ပြီးအထက်ထိမမနဲ့ "ဟိုး ဟိုး"

ဆရာအေးက ဘ ၏ ဒူးကို သေသေချာချာ ကြည့်လိုက်ပြီး

"ခင်ဗျား မိန်းမကြောက်ရတာပဲ"

"ဒါတော့ မင်းပြောမှလားကွာ - အစဉ်အလာ ပဲဟာကို"

"အင်း ပွင့်ပွင့်လင်းလင်း ဆက်ပြောရရင်တော့ နောက် တစ်နာရီအတွင်း ခင်ဗျားတို့ အိတ်ထဲရှိသမျှငွေ အကုန်ပြောင်လိမ့်မယ်"

ဘတို့ အဖွဲ့က ဆရာအေးအား သေသေချာချာကြည့် လိုက်ပြီး

"မင်းကိုယ်တိုင်များရိုက်ယူမလို့လားကွ"

"ကျုပ်ဟောတာကို ယုံစမ်းပါ"

"သေချာရဲ့လား ဆရာလေးရယ်"

"သေချာပါတယ် ၊ ပြီးခဲ့တဲ့နှစ်ကဆို အမှန်ဆုံးဟာ ကျွန်တော်ဆိုပြီး နာမည်ကြီးသွားတာ"

"ဟုတ်လား"

"ဆိုင်ရှေ့မှာ ရန်ဖြစ်တာလေ။ အပြန်အလှန်ထုတဲ့ ခဲတွေ အားလုံး ဒီခေါင်းချည်း ဝင်မှန်တာ။ ပွဲပြီးတော့ ဆေးရုံရက်တစ်ပါတ်လောက် တက်ရတယ်"

ဦးပေတလူ က ဦးသာဝနား ကပ်ကာ

“သိပ်ဟန်ပုံ မပေါ်ဘူး”

ဦးပေတလူ နှင့် ဦးသာဝ တို့စကားကို ဆရာအေး ကြားသွားပြီး

“ဘာလဲ ကျုပ်ကို အထင်သေးကြတာလား”

ဆရာအေး မျက်နှာက ဒေါသသင့်နေသည်။ ဦးစံပျောတို့ အဖွဲ့က အားနာစွာဖြင့်ကြည့်ကြသည်။

ခင်ဗျားတို့ လေးယောက်စလုံးရဲ့ နဖူးရေကိုကြည့်ပြီး ကျုပ်ဟောလိုက်မယ်။ ပွဲပြီးမှ ကိုယ့်အိမ်ကိုယ်ပြန်ရောက်မယ်။

“လွဲပြီ”

“ပြန်ပြင်ချိန်ရတယ်နော်”

“တို့က ညနေပြန်မှာ”

ဆရာအေးက

“ခင်ဗျားတို့ပြန်လို့မရဘူး။ ဒါပဲ။ ကဲ ဟောခပေး။ ထိုစဉ် အခန်းဝမှ ခန်းဆီးဟသွားပြီး ကိုကိုကြီးပေါ်လာသည်။

“ဟာ - ဘ” ဒီအသံမျိုးကြားဖူးပါတယ်လို့အောက်မေ့ နေတာ-

“ဟင်”

“ဟိုက်”

“ဟယ်”

“ဂိုး”

http://www.cherrythitsar.org



ဘတို့အဖွဲ့မှာ တစ်ချိုးတည်းထပြေးရလေတော့သည်။

"ဖွို - မစွံလိုက်တာ - ဒီနှစ် ရောက်ကတည်းက ပြေးချည်း နေရတာ ဘတို့နောက်မှ လိုက်လာသူမှာ ကိုကိုကြီး တစ်ယောက် တည်းမဟုတ်တော့ပါ။ ရှေ့ဖြစ်နောက်ဖြစ် ဆရာအေး ပါ ပါလာသည်။ ဆရာအေးမှာလည်း ဟောခ မရသေးသောကြောင့် လိုက်လာခြင်းဖြစ်ပါသည်။

"မလွတ်စေနဲ့နော်"

ဘတို့အဖွဲ့မှာ ပြေး၍မလွတ်နိုင်တော့မှန်းသိသည့် အတွက် လူအုပ်စုကြားပြေးဝင်ရတော့သည်။

"တောက် ပျောက်သွားပြီ"

"ဒီနားလေးတင်ရှိမှာ"

"ငါတို့ဆက်ရှာရင် တစ်နာရီအတွင်းတွေ့မှာ သေချာ တယ်"

"ဘာလဲ ဂြိုဟ်စီးဂြိုဟ်နင်း နဲ့ ဟိန်းခန်းတွေက အဲသလို ပြနေလို့လား "

"ဟုတ်ပါဘူး - သူတို့က အသက်ကြီးပြီမဟုတ်လား ခုလောက်ပြေးရင်ကိုပဲ အတော်ဟိုက်နေလောက်ပြီ။ ဒါကြောင့် နောက်ထပ်ပြေးနိုင်လှ တစ်နာရီလို့ပြောတာပေါ့ကွာ"

"တော်လိုက်တာ"

ကိုကိုကြီးနှင့်ဆရာအေးမှာ လမ်းလျှောက်လာရာမှ

"နေပါဦး - မင်းက ခု ဘယ်သွားမလို့လဲ"

ကိုကိုကြီးက စဉ်းစားလိုက်ပြီး

"ကျွန်တော်က ဘတို့ မတွေ့မှတော့ ဆရာ့နောက် လိုက်ခဲ့မယ်လေ၊ ငွေက ပြတ်နေပြီ အိပ်ဖို့ စားဖို့ က . . ."

"ဟာ - ဟာ - အဲလိုတော့ မဖြစ်ဘူး"

အကြားအမြင်ဆရာအေးမှာ အမူးသမားကပ်နေမည် စိုးသောကြောင့် ကိုကိုကြီးစကားမဆုံးခင်မှာပင် သုတ်ခြေတင် ပြေးလေတော့သည်။

"အမူးနဲ့အရူးက အတူတူပဲ၊ ဟိုရှေ့က ပန်းဆိုင် နောက် ဝင်ပုန်းမှ"

ရှေ့ဖြစ်နောက်ဖြစ် ဆရာအေးသည် ပန်းဆိုင်နောက် သို့ လှစ်ကနဲ ချိုးကွေ့ဝင်လိုက်သည်။ ထိုအချိန် ပန်းဆိုင် အနောက်မှာ ပုန်းနေသော ဘတို့အဖွဲ့နှင့် မျက်နှာချင်း ဆိုင်မိကာ-

"ဟိုက်"

"ဟင်"

"အမေ့"

ရှေ့ဖြစ်နောက်ဖြစ်ဆရာအေးက ဘ မာဖလာနှင့် ဦးစံပျော ၏ တိုက်ပုံအင်္ကျီအိတ်ထောင်ကို လှမ်းဖမ်းဆွဲထားကာ

"ကဲ မိပြီ ပေးပါ ဟောခ"

"ဘယ်လောက်ပေးရမှာလဲ"

"ငါးရာ"

http://www.cherrythitsar.org



"စဉ်းစားပါဦးဆရာရယ် - ဆရာ့ဟောခက တစ်စတ္တန့် တစ်ရာနှုန်းလောက်ကျနေတယ်"

"ဟောခ ကတော့ တစ်ရာပါ - ခင်ဗျားတို့ နောက်လိုက်ရတဲ့အချိန်က လေးယောက်လောက် ဟောလို့ရတယ်လေ။ အဲဒီ နစ်နာကြေးပါထည့်တောင်းရတာ"

ဦးသာဝက

"ပေးလိုက်ပါဗျာ၊ မပေးမချင်း ဒီတစ်ယောက်အတွက်ပါပိုပြေးနေရမှာ"

ဘ က မကျေမနပ်နှင့်

"ကဲ ရော့"

ရှေ့ဖြစ်နောက်ဖြစ် ဆရာအေးက ဘပေးသော ငါးရာကိုယူကာထွက်သွားသည်။ ဦးသာဝက

"လာဗျာ၊ လျှောက်လည်မယ်။ ရောက်ကတည်းက ပြေးပဲ နေရတာ။ ဒီတစ်ခါကိုကိုကြီးနဲ့ကြုံရင်လည်း ပေးလိုက်ဗျာ။ သူ့ဟာသူ သွားချင်ရာသွား - သောက်ချင်ရာသောက်စားချင်တာစား နေပလေ့စေ။ ဒါမှ ကျုပ်တို့ အေးအေးဆေးဆေးလည်ရမှာ"

"ဟုတ်တယ် သူ့ကို လှည့်ပါတ်ပြေးပုန်းနေရတာနဲ့ အချိန်ကုန်နေရင် တောင်ပြုံးလာရတာ ဘယ်မှာအဓိပ္ပါယ်ရှိတော့မှာလဲ"

"ဟုတ်တယ်ကွာ တို့သွားစရာရှိတာသွားမယ်။

http://www.cherrythitsar.org



သွားရင်းလာရင်း ကိုကိုကြီးနဲ့ဆုံရင် မုန့်ဖိုးပေးလိုက်။ ဘာမှမဟုတ်ဘဲ ဗေဒင်ဆရာ အခန်းဝင်မိတာနဲ့တောင် ငွေကုန်ရသေးတာပဲ၊ကဲ လာ သွားကြမယ်"

ဘ တို့အဖွဲ့သည် ရင်ဆိုင်ရမည့် ပြဿနာကို အဆုံးစွန်ထိ ဖြေရှင်းရန် နည်းလမ်းများကို စဉ်းစားပြီးပြီမို့ ပန်းဆိုင်နောက်ပုန်း ကွယ်နေရာမှ စိတ်အေးလက်အေး ထွက်ခဲ့ကြလေသည်။

ပွဲခင်းထဲမှ ဖြတ်လျှောက်ခဲ့ပြီး စားသောက်ဆိုင်တန်းများ ဘက်သို့ ချိုးအကွေ့မှာ

"ဟာ ဟိုမယ်"

"ကိုကိုကြီး"

"အူးယားဖါးယား ပြေးလာတာ - ဘာများဖြစ်လာလို့ပါလိမ့်"

"အင်း ငွေမပါဘဲ ဘာများစားပြီးထွက်ပြေးလာတယ် မသိဘူး"

"အဲဒီဘက်လျှောက်ကြည့်မယ်လေ။ နည်းနည်းပူညံပူညံ ဖြစ်နေတဲ့ဆိုင်တွေ့ရင် ဝင်ဖြေရှင်းကြတာပေါ့"

ဘ တို့အဖွဲ့စားသောက်ဆိုင်တန်းဘက်သို့ရောက်ပြီး နောက်ဆိုင်များ၏ အခြေအနေကို အကဲခတ်ကြသည်။ ဘာမှ ထွေထွေထူးထူးမတွေ့ရ။

"မထူးခြားဘူးဗျ"

http://www.cherrythitsar.org



"ဒါဖြင့် ကိုကိုကြီး ဘာကိစ္စ ထွက်ပြေးလာရတာလဲ"

"ကျုပ်တို့နောက်လိုက်ရှာနေတာဖြစ်ချင်ဖြစ်မှာပေါ့ - အစောက ကျွန်တော်တို့ကသာ သူ့မြင်လိုက်ရတာ ။ သူက မမြင်လို့ နေမှာ"

ဦးစံပျောက ဗိုက်ကို လက်ဝါးနှင့်ပွတ်လိုက်ပြီး

"ကဲ အရေးပေါ်ပြဿနာတစ်ခုအရင်ဖြေရှင်းကြရအောင်ကွာ - ပွဲခင်းထဲရောက်ကတည်းက ပြေးလွှားနေရတာ ဆာပြီ"

"ဘာ စားမလဲ"

"ကြည့်လေ -ဆိုင်တွေကတော့ တန်းစီနေတာပဲ"

"ဟို ဆိုင် မကောင်းဘူးလား ဆယ်ကျော်သက် မုန့်တီ - မုန့်ဟင်းခါး - ထမင်းချဉ် တဲ့"

"ကောင်းတယ် - ဆယ်ကျော်သက်ကိုအားပေးရမှာပဲ"

ဘ တို့အဖွဲ့သည် ဆယ်ကျော်သက် စားသောက်ဆိုင်ဆီ သို့ ချီတက်သွားကြပါလေပြီ။ ဆိုင်တွင်းသို့ ဦးဆောင်ဝင်သွားသူမှာ ဦးသာဝ။ ဦးသာဝ ခြေလှမ်းက တန့်သွားသည်။ နောက်မှဦးစံပျောက

"ဘာဖြစ်နေတာလဲ - ဝင်ပါဗျ - ရဲရဲ"

ပြောပြောဆိုဆို ဦးသာဝကို ကျော်တက်ကာဝင်ရန် ဟန် ပြင်လိုက်သည်။

"ဟိုက်"

"ဘာဖြစ်တာလဲ"

ဘ နဲ့ ဦးပေတလူ ကပါ ဆိုင်တွင်းသို့လှမ်းကြည့်ရင်း အံ့အားသင့်သွားကြသည်။

"ဟို ကောင်ထွက်ပြေးလာတာဒါကြောင့်ပဲ"

"ဟိုကောင်သာ ထွက်ပြေးလို့ရမယ် - တော်တို့က ထွက်ပြေးလို့မရဘူး - ကဲ လာကြပါ"

ဘ တို့အား ခေါ်လိုက်သူမှာ ဖွားစွာ နှင့် ဦးပေတလူ၊ ဦးစံပျော၊ ဦးသာဝ တို့၏ဇနီးများဖြစ်ပါသည်။

"သိတယ်လေ - တော်တို့ ဒီကိုလာမယ်ဆိုတာ"

ဘတို့မှာ ရေရေလည်လည် စိတ်ညစ်သွားသည်။ ဆယ်ကျော် သက်စားသောက်ဆိုင်မှာ ဖွားစွာတို့စု၍ ဖွင့်ထားခြင်းဖြစ်ပါသည်။

"တော်တို့လည်း အဆင်ပြေအောင် ကျုပ်တို့ ဆိုင်လာဖွင့်ထားရတာ။ တော်တို့လာမယ်မှန်းသိလို့ အလုပ်သမားတောင်မငှားဘူး။ ဟင်း ဟင်း ပွဲပြီးထိပျော်ပျော်ကြီးနေပေရော့"

တောင်ပြုံးပျော်ကြီးတို့မှာ ပွဲခင်းထဲတွင် နေကြရသော်လည်း ပန်းကန်ဆေးရင်း အချိန်ကုန်ကြရလေတော့သတည်း။

http://www.cherrythitsar.org



# တို့များငယ်ငယ်က

လွန်ခဲ့သည့်နှစ်ပေါင်းခြောက်ဆယ်ခန့်က ငယ်သူငယ်ချင်းလေးယောက်ရှိပါသည်။ သူတို့မှာ ဘ၊ ဦးပေတလူ၊ ဦးစံဗျော နှင့် ဦးသာဝ တို့ဖြစ်ကြပါသည်။ အချိန်တန်အရွယ် ရောက်အိမ်ထောင်ကျသူကျ၊ လူပျိုကြီးဖြစ်သူဖြစ်နှင့် ကိုယ့်ဘဝ ကိုယ့်လမ်း ကိုယ်ရွေး၍လျှောက်ခဲ့ကြရာမှ ကွဲကွာသွားခဲ့ကြသည်မှာ နှစ်ပေါင်းပင်လေးဆယ်ကျော်ပါပြီ။ ယခုမူသူတို့သည် ခေါင်းဖြူသွားကြွေပါးရေနားရေပင်တွန့်နေပြီဖြစ်သော အရွယ်သို့ ရောက်နေကြပါပြီ သည်အချိန်မှာ . . . . .

သာယာသော မန္တလေးမြို့သစ်၏ ၆၂လမ်း အတိုင်း ဘသည် လမ်းလျှောက်လာပါသည်။ ထိုအချိန် ဘနှင့် မျက်နှာချင်းဆိုင်ဘက်မှ အဘိုးကြီးတစ်ယောက် ကလည်း လျှောက်လာလျက်ရှိပါ၏။ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ဆုံမိကြသောအခါ --

“ဟင် . . စံဗျော မဟုတ်လား”

“အေး . အေး . . မင်းက ဘ နော်”

“ဟာ ဝမ်းသာသကွာ တွေ့ရတာ. . ခု ဘယ်သွားမလို့လဲ ဘယ်မှာနေလဲ ”

“တစ်မျိုးချင်းမေးကွာ - ဒုတိယမေးခွန်း ကိုစဖြေမယ်။ ဒီမြို့သစ်မှာပဲနေတယ်။ ခု သာဝတို့ ပေတလူတို့ဆီသွားမလို့”

(၂၆၂) ကံချွန်

"သူတို့ရော ဒီရောက်နေသလား"

"ဟုတ်ပါ့ တို့က မနက်တိုင်း လက်ဖက်ရည်ဆိုင်မှာ ဆုံနေကျ "

ဘ သည် ဦးစံပျောနှင့်စကားပြောရင်း ဦးသာဝ၊ ဦးပေတလူတို့နှင့်တွေ့ရန် လက်ဖက်ရည်ဆိုင်သို့ လိုက်ခဲ့ပါလေပြီ။ သို့နှယ် မမျှော်လင့်ဘဲနှင့် ဘ ၊ ဦးပေတလူ၊ ဦးစံပျော၊ ဦးသာဝတို့ လေးယောက်မှာ မြို့သစ်တွင် ဆုံမိကြပါလေပြီ။ ဆုံမိကြသည်နှင့် ထုံစံအတိုင်း သူတို့အသံက လက်ဖက်ရည်ဆိုင် တွင်းမှာ ဆူညံသွားတော့သည်။

"မတွေ့တာကြာပေမယ့် မင်း ရုပ်ကတော့ မပြောင်းဘူးကွ၊ နားရွက်ကတော့ ငယ်ငယ်တုန်းက အတိုင်းပဲ"

"မင်းက နားရွက်တင်မြင်လို့ပါ"

"မညစ်ပတ်နဲ့နော်"

"မညစ်ပတ်ပါဘူးကွ - မင်းကနှာခေါင်းသတိမထားမိလို့ပြောတာပါ။ဒါနဲ့ မင်းအဒေါ်နေကောင်း ရဲ့လား"

ဘ က ဦးသာဝ ကိုမေးလိုက်ခြင်းဖြစ်ပါသည်။ ဦးသာဝက ....။

ကောင်းပါတယ် ဒါနဲ့မင်းအစ်မကြီးရော

"ငါ့အစ်မလား၊ နတ်ပြည်ရောက်ပြီး သိကြားမင်းရဲ့ စက္ကူထေရီနဲ့ ညားနေတယ်လေ"

ဘ စကားကြောင့် ဦးပေတလူက

http://www.cherrythitsar.org



"နတ်ယောကျ်ားပါလား"

"ဒါတောင် မင်္ဂလာဆောင်တုန်းက တို့ မဖိတ်ဘူး"

အဘိုးကြီးများ၏ ပေါက်တတ်ကရ စကားများ ကြောင့်ဘေးနားမှ လက်ဖက်ရည်သောက်နေသူများ ပြုံးစိစိနှင့် လှည့်ကြည့်ကြသည်။

"မင်းကွာ ကိုယ့်လူ အချင်းချင်းတော့ ပေးစားတာ မဟုတ်ဘူး" တိမ်ခြားလေခြား ဒါလောက် အဝေးကြီး - ဒါနဲ့ အဆက်အသွယ်တော့ရှိရဲ့လား"

ရှိပါတယ် - တစ်နှစ်တစ်ခါ သီကြားမင်းလူ့ပြည်ဆင်း တဲ့အခါမှာစရာရှိတာမှာလိုက်တာပဲ "ငါက သူ့ဆေးကိုယ်စား လှယ်လုပ်နေတယ်ကွ - ဟိုမယ် မတွေ့ဘူးလား"

ဘ က ခပ်လှမ်းလှမ်းမှ လမ်းဘေးတွင် ထောင်ထား သော ကြော်ငြာဆိုင်းဘုတ်ကြီးကို ပြလိုက်သည်။ ဆိုင်းဘုတ်ကြီး မှာ "သီကြားမင်းသွေးဆေး" ဆိုသော ကြော်ငြာကြီး ဖြစ်ပါ သည်။

ဩ-လက်စသတ်တော့ သီကြားမင်းသွေးဆေး က မင်းလုပ်နေတာကိုး - တော်တော်အကြံကြီးတဲ့ကောင် ၊ သူများ က နိုင်ငံခြားနဲ့ဆက်တယ်။ မင်းက နတ်ပြည်နဲ့ ဆက်တယ်။

သို့နှယ် သို့နှယ် ပျော်တတ်သော အဘိုးကြီး သူငယ်ချင်းလေးယောက်တို့မှာ မန္တလေးမြို့သစ်တွင် ဆုံမိကြ ပါလေပြီ။ ငယ်ပေါင်းများမို့ ပြောမနာ ဆိုမနာ ရင်းရင်း နှီးနှီး

http://www.cherrythitsar.org



ဆက်ဆံကြခြင်းဖြစ်ပါသည်။ မြို့သစ်၏ လူစည် ကားရာ လက်ဖက်ရည်ဆိုင်လေးမှာ သူတို့လေးယောက်ကြောင့်ပို၍ စိုပြေသွားလေတော့သတည်း”

“ဒါနဲ့ မင်း မစွာ ကိုမှတ်မိရဲ့လား”

“မှတ်မိတာပေါ့ - သူ့ကိုရည်းစားစာပေးပြီးမှ သူ့ညီမဖြူလုံးက သူ့ထက်ပိုလှတယ်ဆိုပြီး ရည်းစားစာ ထပ်ပေး တာလေ။ ဟီးဟီး . . . မစွာက ရန်တွေ့တော့ မတည်မြဲတဲ့ သင်္ခါရလောကကြီးမှာ ကိုကို့အချစ်ကလည်း ပြောင်းသွား ပြန်ပြီလို့ ပြောတာနဲ့လိုက်ရိုက်လို့ ပြေးလိုက်ရတာ၊ အဲ ဒါနဲ့ ဖြူလုံးကို ကျောင်းပြောင်းဖို့ သူ့အိမ်တိုင်လိုက်တာလေ”

“ဟုတ်ပါ့ - အဲဒီမစွာလည်း ခုမြို့သစ်ရောက်နေပြီ။ ငါတို့လမ်းထဲမယ်။ ဖွားစွာအသုပ်စုံဆိုင်ဆိုပြီး ရောင်းနေသဗျ”

ဦးသာဝစကားကြောင့် ဘ၏မျက်လုံးများပြူး ကျယ်သွားသည်။

“ဟုတ်လား - ဖြူလုံးရောပါသေးလား”

“သူ့တစ်ယောက်တည်းပဲ တွေ့တာကွ-ဖြူလုံးတော့ မမြင်ဘူး။ သတ္တိရှိရင်မင်းသွားမေးကြည့်ပါလား”

ဘက ခေါင်းကိုမော့ကာ မျက်လုံးကိုမှေးကြည့် လိုက်ပြီး . . . .

“သတ္တိရှိရင်ဆိုတဲ့စကားက ငါ့ရဲ့အရည်အသွေးကို ပျက်ရယ်ပြုတာပဲ . . . ဘတဲ့ကွ . . . တစ်ဘတည်းရှိတယ်။

http://www.cherrythitsar.org



ငါသွားမေးရဲရင် မင်းတို့ကရောလိုက်ရဲမှာလား”

ဦးသာဝ၊ ဦးစံပျော့နှင့် ဦးပေတလုတို့က

“လိုက်ရဲလားဆိုတာကလည်း ငါတို့ကို စိမ်ခေါ်တာပဲ၊ ဒီမှာ-စိမ်ခေါ်ရင်တိမ်ပေါ်ထိတောင် တက်ခွပ်တဲ့ ကြက်ပေတလုကွ၊ နက်ဖြန်သွားမယ်၊ အကြောင်းပြချက် ရှာဖို့ရာက . . . . ”

“ည ငါ့တိုက်လာခဲ့ကြကွာ၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့”

ဦးသာဝတို့အဖွဲ့အား ဘကြ ဖိတ်ခေါ်ကာ လိပ်စာပေးလိုက်သည်။

“ညစာ မစားဘဲလာခဲ့မှာနော်”

“ယားတယ်၊ ယားတယ်၊ ဒွေးပြောနည်းပြော တာမထင်နဲ့၊ ရှေ့သွားကျိုးနေလို့ လေထွက်သွားတာ”

× × × × × × × × ×

ထိုအချိန် ဘ၏ဆေးဆိုင်တွင်

“ဒီမယ် မင်းတို့က သွေးဆေးတစ်မျိုးတည်း ရောင်းတာဟုတ်ရဲ့လား”

“ဟုတ်ပါတယ်ခင်ဗျ၊ သွေးဆေးတစ်မျိုးတည်းပါ”

“ဝမ်းနှုတ်ဆေးကော မရောင်းဘူးလား”

“မရောင်းပါဘူး၊ လိုချင်ရင် ဝမ်းဘုရင် ငွေကြည်

ဝယ်သောက်ပါ”

“သူ့ဝမ်းနှုတ်ဆေးက ဆားချည်းထုတ်ထားတာ၊ ဆားတော့တို့အိမ်မှာလည်းရှိသားပဲ”

“ရှိရင် ကိုယ့်အိမ်ကဆား ကိုယ့်ဟာကိုယ် သောက် ပါလား၊ ဘာလို့ဝမ်းနှုတ်ဆေးဝယ်ချင်နေရတာလဲ”

“မင်း ဘယ်သူက ဝယ်ချင်တယ်လို့ပြောလို့လဲ”

“ဟောဗျာ ခင်ဗျားပဲ ဝမ်းနှုတ်ဆေးရောင်းသလား လို့မေးပြီးတော့၊ မဝယ်ချင်ဘဲနဲ့ဘာလို့မေးရ တာလဲ”

ဘ၏ သိကြားမင်းသွေးဆေးဆိုင်ကြီးတွင် ဝယ်သူ တစ်ဦးနှင့် ကိုကိုတို့ ပြဿနာတက်နေကြခြင်းဖြစ်ပါသည်။ ကိုကိုသည် သည်းခံ၍ ဖြေနေရင်းမှ စိတ်တိုလာ၏။ သူ့ထက် ပိုစိတ်တိုသွားသူမှာ ဈေးဝယ်ဖြစ်သွားပြီ။

“မင်းတို့များ မှားပေးလိုက်သလားလို့ မေးရ တာ ဟော့၊ရော့ ဒီမယ် မနေ့က မင်းတို့ဆီက သွေးဆေး ဝယ်သွား ပြီးတော့ ညက သောက်လိုက်တာ တစ်ညလုံး အိမ်သာထဲမှာ ငုတ်တုပ်ထိုင်နေရတယ်”

“မဖြစ်နိုင်တာ”

“မယုံရင်သောက်ကြည့်လေ”

ကိုကိုက ဈေးဝယ်သူလက်မှ ပုလင်းကိုယူကာ မော့ချ လိုက်သည်။ ပါးစပ်ထဲရောက်၍ မြို့ချလိုက် မိသည်နှင့်

“ဟင်”

http://www.cherrythitsar.org



သွေးဆေးမဟုတ်မှန်းသိသွားသည်။ ဗိုက်ထဲတွင် ဂလူးဂလူးဂလုံးဂလုံးနှင့် ဘောင်ဘင်ခတ်လိုက်လာသည်။ ကိုကိုမျက်လုံးပြူး၍ ဗိုက်ကိုလက်နှင့် ဖိလိုက်စဉ်မှာပင် ဈေးဝယ်သူက

"ကဲသိပြီလား"

ဟုဆိုကာထွက်သွားသည်။ ဆိုင်တွင်းသို့ဝင်လာသော ဘက

"ဘာဖြစ်တာလဲ"

ကိုကိုက ဈေးဝယ်သူပြန်ပေးသွားသော သွေးဆေး ပုလင်းကို ပြလိုက်ပြီး

"ဝမ်းနုတ်ဆေးတွေဖြစ်နေလို့တဲ့"

"အင်း ဖြစ်နိုင်တယ်။ငါဝယ်ထားတဲ့ ဝမ်းနုတ်ဆေး ထည့်စရာပုလင်းမရှိလို့ အဲဒီသွေးဆေးပုလင်းထဲ ထည့်ထားတာ အဲဒါကို ...."

ကိုကိုမှာ ဘစကားကိုပင်ဆုံးအောင်နားမထောင်နိုင် တော့ပါ။ အိမ်သာရှိရာသို့ သုတ်ခြေတင်ပြေးရပါတော့သည်။

× × × × × × × × ×

ကိုကို အိမ်သာထဲမှပင် ထွက်၍မရတော့ပါ။ ထိုအချိန် ဘ၊ ဦးပေတလူ၊ ဦးစံပျော်နှင့် ဦးသာဝတို့ ၏ဆွေးနွေးပွဲ ကားစတင်နေပါပြီ။

"စဉ်စားရမယ်၊ဒီအရွယ်ကြီးတွေရောက်ကာမှ ကလေး

တွေလိုပြောလို့တော့မဖြစ်ဘူး။ အကြောင်းပြချက် ခိုင်လုံဖို့လိုတယ်”

စကားဝိုင်း၏အဖွင့်စကားကို ဘကစလိုက်သည်။ ဦးစံပျောက . . .“ကျုပ်အစောကပြောသလို လုပ်ရရင်မကောင်းဘူးလား”

“ဟင် ခင်ဗျားဖြင့် အစောက ဘာမှမပြောသေးဘဲနဲ့”

“အဲ . . . ဟုတ်သားပဲ၊ ကျုပ်က အတွေးထဲမှာရှိနေတာတွေကို ပြောလိုက်မိပြီးပြီထင်နေလို့ . . . ဒီလိုလေ ဘရဲ့သွေးဆေးကို တီဗွီမှာ ကြော်ငြာဖို့ ဖြူလုံးနဲ့ရိုက်ချင်လို့ဆိုပြီး စုံစမ်းရင် မကောင်းဘူး လား”

ဘကစဉ်းစားပြီး -

“အဲဒီအကြောင်းပြချက်က ယုတ္တိရှိပါ့မလား”

ဖြူလုံးကလည်း ခုဆို အသက်ငါးဆယ်ကျော်ခြောက်ဆယ်တွင်း ရောက်နေမှာပဲ”

ဘ၏စကားကြောင့် ဦးသာဝက

“ယုတ္တိရှိပါတယ်။ ဘာလို့လဲဆိုတော့ မစ္စာ ပြောဖူးတယ်ကွ၊ ဖြူလုံးက ခုထိ လှတုန်း၊ ဝတုန်းတဲ့ သူ့လို ရုပ်ကျမသွားဘူးတဲ့၊ အမူအကျင့်ကလည်း ငယ်ငယ်ကအတိုင်း ခပ်ပျော်ပျော်ဆိုပဲ”

“တို့လိုပေါ့”

“ဒါဆိုရင်တော့ သွေးဆေးကြော်ငြာအတွက် ဆိုပြီး

http://www.cherrythitsar.org



မေးရရင်သဘာဝကျမယ်၊ ကဲကြော်ငြာစီမံကိန်းကို နက်ဖြန်မှာ အကောင်အထည်ဖေါ်ရအောင်”

သို့ဖြင့် ဘတို့သည် ထိုအကြောင်းပြချက်ဖြင့် ချဉ်းကပ်ရန် အားလုံးသဘောတူကာ ခွဲခွာလိုက်ကြလေသတည်း။

× × × × × × × × ×

နေမင်းသည် အားယူ၍ ရှမ်းရိုးမကို ကျော်လွှားတက်လာသည်။ ထို့ကြောင့် မန္တလေးမြို့ သစ်ပေါ်နေရောင်ကဖြာကျလာသည်။ ဖွားစွာသည် သူ၏ဆိုင်တံခါးကိုဖွင့်လိုက်၏။

“အမေ့”

ဖွားစွာ၏ နှုတ်မှ အသံထွက်သွားခြင်းဖြစ်ပါ သည်။ အကြောင်းမှာ တံခါးဝတွင် တန်းစီရပ်နေသော ဘတို့ကို တွေ့ရ၍ ဖြစ်ပါသည်။

“တော် . . . တော်. . . တို့က ဘာ ကိစ္စ”

“မလန့်ပါနဲ့၊ ကျုပ်တို့က အားပေးမလို့ လာတာပါ”

ဖွားစွာက သေသေချာချာကြည့်သည်။ ဒီ မျက်ခွက်မျိုးတွေမြင်ဖူးသလိုလို . . .

“ဘာအသုပ်တွေရသလဲ”

“အစုံပဲ၊ လိုချင်တာပြော၊ ဗဒိုင်းသီးကအစ စားချင်ရင် သုပ်ကျွေးတယ်”

ဘတို့အဖွဲ့မျက်လုံးပြူးသွားသည်။

http://www.cherrythitsar.org



"လိုက်လာမိတာများပြီထင်တယ်"

"ခုတင်သုံးရာဆန့်ဆေးရုံမှာက အရေးပေါ် အရှုံးလက်ခံပုံမရဘူး"

"အပူကြပါနဲ့ကွာ ပြေးလမ်းတွေ ငါသိပါတယ်"

ဦးစံပျော၊ ဦးပေတလူ နှင့် ဦးသာဝတို့သည် တစ်ယောက် တစ်ခွန်းပြောလိုက်ကြခြင်း ဖြစ်ပါသည်။ ဘက ချောင်းဟန့်လိုက်ပြီး-

"အဟမ်း၊ အဟမ်း၊ မစွာက ကျုပ်ကိုမမှတ်မိဘူးထင်တယ်၊ ကျုပ်က ဘ ငယ်နာမည် ကိုငွေဘပေါ့။ သူက စံပျော၊ ဟိုဘက်က ပေတလူ. . ."

"ကျုပ်က သာဝ၊ မစွာရဲ့အသုပ်ဆိုင် ဒီနေရာမှာရှိတာ ပြောပြလိုက်တာနဲ့ ဘက အသုပ်စုံသွားစားရအောင်ဆိုလို့ လာကြတာပါ"

"ပြောစမ်းပါဦး ဘာအရွက်သုပ်ရမလဲ"

"ခုချိန်အရွက်သုပ်တွေမရသေးဘူး၊ မြင်းခွာရွက်သုပ်စားချင်ရင်တော့ နောက်တစ်နာရီလောက်နေမှရမယ်"

"ကျုပ်တို့က ခုစားချင်တာ"

"ခု စားချင်ရင်တော့ ပဲလျော်ကြော်သုပ်ပဲ ရမယ်"

"တို့သွားတွေနဲ့ ပဲလျော်ကြော်သုပ်ဆိုရင်တော့ တစ်နှစ်လောက်ဝါးရလိမ့်မယ်ထင်တယ်"

"မရလောက်ဘူးနော်၊ နှစ်လတန်သည်၊ သုံးလတန်

http://www.cherrythitsar.org



သည် စွန်းသွားနိုင်တယ်”

ဘတို့အဖွဲ့မှာ စားပွဲမှာဝင်ထိုင်ရင်း ဆွေးနွေးနေကြခြင်းဖြစ်ပါသည်။ ဖွားစွာသည် ဒေါသဖြစ်သွား ပြီး-

“ဒီမယ်၊ တော်တို့ စားမှာလား၊ မစားဘူးလား၊ ဒါပဲပြော”

ဘက လက်ဝါးကာပြကာ ကပျာကယာ တောင်းပန်သည့် လေသံဖြင့်-

“စားမှာပါ၊ စားမှာပါ။ တစ်ပွဲယူမယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့အဲဒီအသုပ်ကိုငရုပ်ဆုံထဲ ထည့်ထောင်းပြီးမှပေးပါ။

ဖွားစွာက မျက်စောင်းထိုးကြည့်လိုက်ပြီး

“အသက်ခုနစ်ဆယ်ကျော်များတွက် အသုပ်ထောင်းရပြီဆိုပြီး ဆိုင်းဘုတ်တင်ရမလိုဖြစ်နေပြီ”

ဖွားစွာ၏စကားကြောင့် ဦးစံပျောက

“ကောင်းတယ်၊ အဲဒါနိုင်ငံတကာ သက်ကြီးစီးပွားရေးဈေးကွက်မှာအောင်မြင်ဖို့ အလားအလာ အများကြီးရှိတယ်”

ဖွားစွာက ဘာမျှ ပြန်မပြောတော့။ ပဲလှော်ကြော်များကိုထောင်းကာ သုပ်ပေးလိုက်သည်။ ပဲလှော်ကြော်သုပ်လာချပေးသောအခါ ဘက မျက်နှာကို အတတ်နိုင်ဆုံး ပြုံးချိုထားပြီး

“ဩော် . . . ဒါနဲ့ စကားမစပ် ဖြူလုံး ကတော့ ခုဘယ်မှာနေသလဲဟင်”

## ၂၇၂ ကံချွန်

ဖွားစွာက မသင်္ကာသောမျက်လုံးဖြင့် ကြည့်လိုက်ရင်း

"ဘာကိစ္စမေးရတာလဲ"

"ဟို တီဗွီမှာ သွေးဆေးကြော်ငြာဖို့ သူနဲ့ ရိုက်ချင်လို့. . ."

"အင်း ကောင်းတာပေါ့ သူကခပ်ဝဝဆိုတော့၊ ဒါနဲ့ ဘယ်ကသွေးဆေးအတွက်လဲ"

"သိကြားမင်းသွေးဆေးလေ၊ အဲဒီသွေးဆေးက ဘထုတ်တာပေါ့"

ဖွားစွာ၏အမေးကို ဦးသာဝက ဝင်ဖြေသည်။

"သူနေတာက ဝေးတယ်တော့၊ မော်လမြိုင်မှာနေတာ"

ဖွားစွာ၏အဖြေကြောင့် ဘမှာအားတက်သွားကာ

"ဟိုလေ . . . ခေါ်လို့ရမယ်ဆိုရင် စရိတ်ခံပါ့မယ်။ မပင်ပန်းရအောင်လေယာဉ်ပျံနဲ့ ခေါ်ပါ့မယ်"

"ဒီမှာနေတုန်း သူစားဖို့ရော"

"အဒီအတွက်လည်းကျုပ်ပဲ တာဝန်ယူပါ့မယ်"

"တကယ်လား"

"စိတ်ချ၊ ဒီကတိမျိုးဆို အလွန်တည်တာ"

ဖွားစွာက စဉ်းစားလိုက်ပြီး -

"ဒါနဲ့ တော်တို့က ဘယ်တော့ခေါ်ချင်တာလဲ၊ ကျုပ်ကရက်တစ်ပတ်လောက် ကြိုစီစဉ်ရမှာ"

http://www.cherrythitsar.org



"ဟုတ်လား၊ ဒါဖြင့် ဒီနေ့ပဲမှာလိုက်ပေါ့။ နောက်ရက် တစ်ပတ်လောက်မှာ ရောက်လာအောင်လို့"

ဖွားစွာက စဉ်းစားပြီး ရက်တွက်ကြည့်သည်။ ပြီးတော့ ပြက္ခဒိန်ကိုသွားကြည့်သည်။

"အင်း နောက်ရက်သတ္တပတ်ဆိုရင် ကျုပ် ဘုရားဖူး ထွက်တဲ့ရက်နဲ့သွားဆုံနေမှာ"

ဖွားစွာ၏စကားအဆုံးမှာ ဦးပေတလူက

"မဖွားစွာ ဘယ်လောက်ကြာကြာထွက်မှာလဲ"

"တစ်လလောက်ကြာမှာ၊ ကျုပ်ကလည်း ကျုပ်ညီမနဲ့ မတွေ့ရတာကြာပြီမို့ တွေ့ချင်သေးတာ ဆိုတော့၊ ကျုပ် ပြန်လာမှ ခေါ်မယ်ဆိုရင်ကော"

ဘတို့အဖွဲ့ ငိုင်သွားကြသည်။ ဦးပေလူက အကြံရ ဟန်ဖြင့်

"ဒီလိုလုပ်ပါလား၊ ခေါ်တာတော့ ခုကတည်း က ခေါ်လိုက်ပေါ့၊ ဒီမှာ ကြော်ငြာရိုက်ရင်း အေးအေး ဆေးဆေး နေလို့ရတာပဲ"

ဖွားစွာက -

"အဲဒီရက်မှာ သူတည်းဖို့စီစဉ်ပေးမှာလား"

ဘက ဝမ်းသာအားရဝင်ပြောလိုက်သည်။

"စိတ်ချ၊ ကျုပ်စီစဉ်ပေးပါ့မယ်"

"အင်း ဒါဆိုရင်တော့ အဆင်ပြေပါတယ်။ သူက

http://www.cherrythitsar.org



လည်း ကျုပ်ဆီလာချင်နေတာ။ ဒီနေ့ပဲမှာလိုက်ပါ့မယ်။ အဲ သူရောက်မလာခင် ကျုပ်ခရီးထွက်ဖြစ် ရင်တော့ လေဆိပ်ကို တော်တို့ပဲ သွားကြိုရမယ်"

"ကြိုပါ့မယ်"

အားလုံးသံပြိုင်ပြောလိုက်ကြခြင်းဖြစ်ပါ သည်။

"အမိက တာဝန်ယူမှာက"

"ကျုပ်"

သည်တစ်ခါတော့ ဘ၏အသံထွက်လာသည်။

× × × × × × × × ×

ထိုသတင်းသည် ဘ၏ ဝန်းကျင်မှာ ပျံ့နှံ့သွားပါပြီ။ ဘမှာမမှုသူ၏အောင်မြင်မှုအတွက် ရှင်မြူးလျက် ....

"ချိန်းဆိုထားတဲ့ နောက်ရက်စနေနေ့ည ချစ်သဲလာရာ မောင်မျှော်မှန်းသည့်... ကြင်နာသူ မောင့်ဖြူလုံး နဲ့ လက်ချင်း တွဲလို့ နွဲပျော်လိုက်မည် ... ဒါတာတာ ... ဒီတီတီ ... တီတီ တီတီ ...."

ဘ၏ရှင်မြူးနေပုံကိုကြည့်၍ ကိုကိုသည်ပင် မျက်စိ နောက်နေပါသည်။

"စနေနေ့ည ကိုးနာရီ ထိုးပါပြီ၊ ထိုးပါပြီ၊ ကိုးနာရီ ..."

ကိုကိုမှာ မနေနိုင်တော့ -

"ဒါက ဘယ်လိုဖြစ်နေတာလဲ။ မျက်စိနောက်တာကို

http://www.cherrythitsar.org



ကျင့်သားရနေတဲ့ မြေးအရင်းခေါက်ခေါက်တောင် ကြည့်ရတာ မူးလာပြီ”

“ဟော မင်းမသိဘူးလား၊ ငါ့ငယ်ချစ်ဖြူလုံးလေးနဲ့ တွေ့ရမှာကြောင့် ပျော်နေတာလေ၊ ပျော်နေတာ”

“ကျွန်တော်တော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ၊ ဘ အတွက် စိတ်ပူတယ်”

“ဘာပူစရာရှိလို့လဲကွ”

“ဖွားစွာရဲ့စကားကို ဘယ်ုံသလား။ ဘယ်တုန်းကများ စေတနာထားဖူးလို့လဲ၊ ဇာတ်လမ်းတိုင်းမှာ ဘကို တွယ်နေတဲ့ ဟာကို”

“တော်တိတ်၊ ငါ့ကိုဆရာမလုပ်နဲ့၊ အဲသလို တွယ်ရတာ တွေများလို့ ခုစေတနာထားလိုက်တာ”

“အင်း စောင့်ကြည့်ရဦးမှာပဲ”

“ကြည့်ပေါ့ကွ၊ ငါ့ကုသိုလ်နဲ့ငါဖြစ်လာတာ၊ စန်းထ လာတာဆိုပါစို့ကွာ”

ဘက စကားအဆုံးမှာ ထိုင်ရာမှ ထလိုက် သည်။

“ဒါကဘယ်လဲ”

“မျက်နှာပေါင်းတင်မလို့ ဟဲ ဟဲ .... ချိန်းဆို ထားတဲ့နောက်စနေနေ့ည .... အဲလေ နောက်စနေနေ့ မနက်၊ ချစ်သဲလာရာ မောင်မျှော်မှန်းသည်”

ကိုကိုသည် ဘကို ငေး၍ ကျန်ရစ်သည်။

http://www.cherrythitsar.org



ဘ စောင့်မျှော်နေသော နေ့ရက်ကား ရောက်လာပါလေပြီ။ ဘ၊ ဦးစံဗျော၊ ဦးပေတလူ၊ ဦးသာဝတို့သည် မန္တလေးလေဆိပ်မှာ လည်ဆန့်ဆန့်နှင့်မျှော်နေကြပါသည်။

"ဟော လာပြီ"

ဘတို့မျှော်နေသော လေယာဉ်ကြီးသည် ဆင်းသက်လာပါပြီ။ လေယာဉ်ရပ်နားလိုက်သည်နှင့်

"ဒါတော့ မဖြစ်နိုင်ဘူး"

"ခုဆင်းလာတာက နှုတ်ခမ်းမွေးကြီးနဲ့ပဲ"

ဆင်းလာသော ခရီးသည်များကို စောင့်ကြည့် အကဲခတ်နေကြသည်။နောက်ဆုံးဆင်းလာသူမှာ ပေါင်လေးရာခန့်ရှိမည့် မိန်းမဝဝကြီး

"ဟိုက် - ဒါကြီးများလားမသိဘူး"

"ငါမှန်းရင်လွဲခဲတယ်။ ရင်လေးဆယ်၊ ခါးရှစ်ဆယ်၊ တင်လေးဆယ်ပဲ"

မိန်းမဝဝကြီးက သူတို့နားရောက်လာသည်။

"ကိုကိုဘတို့လား၊ ကျွန်မဖြူလုံးလေ"

ဘတို့အဖွဲ့မှာ ထွက်မပြေးမိရန် အတော်သတိထားနေရသည်။ ဦးစံဗျော၊ ဦးသာဝ၊ ဦးပေတလူတို့မှာ

"ကဲ တို့တော့ ကားတစ်စီးနဲ့ ပစ္စည်းတွေနဲ့ မင်းတိုက်ကို အရင်သွားနှင့်မယ်ဟေ့၊ မင်းတို့ နှစ်ယောက် ကားတစ်စီးနဲ့ လိုက်ခဲ့တော့ . . . "

http://www.cherrythitsar.org



ဆယ်ရက်ခန့်ကြာသောအခါ ဘမှာ တော် တော့်ကို စိတ်ပျက်နေပါပြီ။ နေ့စဉ် ဆန်တစ်ပြည်ခန့် ချက်ကျွေးနေရသည်။ တစ်နေကုန် မီးဖိုချောင်မှ ထွက် ရသည်ဟူ၍ပင်မရှိပြီ။ ယနေ့လည်း ဘတစ်ယောက် ငရုတ်သီးထောင်းနေရာမှ မီးဖိုချောင်သို့ ဦးသာဝ၊ ဦးပေတလူ နှင့်ဦးစံပျောတို့ ရောက်လာပြီး -

"ဘ"

"ဟေ"

"မင်း စိတ်ခိုင်ခိုင်ထားနော်"

"ဘာလို့လဲ"

"ဖွားစွာဆီက စာလာတယ်။ သူနောက်သုံးလ နေမှ ပြန်လာမယ်တဲ့"

"အား"

ဘသည် ငရုတ်ကျည်ပွေ့နှင့် သူ၏လက်မ အား ချော်ထောင်းမိလိုက်ခြင်းဖြစ်ပါသတည်း။

# ဟန်ဆောင်ကာမူပို

ဘနှင့်ကိုကိုတို့နေသော ပြင်ဦးလွင်မြို့သို့ ညီညီ အလယ်ရောက်နေသည်မှာ တစ်ပတ်ခန့်ပင်ရှိပါပြီ။ ညီညီ နေသည်က မန္တလေးမှာ ဘသည် ညီညီ့ကို သေသေ ချာချာ ကြည့်ရင်း -

"အလုပ်တွေကိုပစ်ထားခဲ့တာလည်းကြာပြီ၊ မင်း ဘယ်တော့ပြန်မှာလဲ"

"နက်ဖြန်ပြန်မယ်"

"ကောင်းတယ်၊ ကိုယ့်အလုပ်ဆိုတာကိုယ်တိုင် ဂရုစိုက် လုပ်မှ၊ ဒါကြောင့် မင်းကိုသတိပေးရတာ"

"ဒါပင်မယ့် မပြန်ချင်ဘူးဖြစ်နေတယ်"

"ဟေ"

"မပြန်ချင်ဘူးဖြစ်နေတယ်လို့ပြောတာ"

"ပြောစမ်းပါဦး၊ မပြန်ချင်ရတဲ့ကိစ္စ၊ မန္တလေးမှာ ပူတယ်ဆိုတာတော့မပြောနဲ့နော်၊ မင်းရုံးခန်းမှာ အဲယားကွန်း တွေနဲ့၊ မင်းကားထဲမှာ အဲယားကွန်းနဲ့၊ မင်းတိုက်မှာ အဲယား ကွန်းနဲ့"

ညီညီက ကိုကို့ ကိုလှမ်းကြည့်သည်။ ကိုကိုက

"ဘ ဒီကောင်မနက်က ဈေးလေးကိုသွားရင်း ဖွားစွာ ရဲ့မြေးကိုတွေ့သွားတယ်လေ"

"ဗုဒ္ဓေါ"

ဘမှာ ထမခုန်မိရုံလန့်သွားသည်။ ပြူးကျယ်သွားသောမျက်လုံးဖြင့် ညီညီကို စိုက်ကြည့်၏။ ကိုကို က ....

"အဲဒါ ဘကို သွားတောင်းခိုင်းမလို့"

ဘသည် ညီညီ့ကိုသေသေချာချာကြည့်ပြီး

"မင်း မြေးအဘိုးချင်း မရက်စက်ချင်ပါနဲ့ကွာ၊ မင်းတို့သက်တမ်းတစ်လျှောက်လုံးလိုချင်တာမှန်သမျှရအောင်ငါရှာဖွေပေးခဲ့တာချည်းပဲ။ ဖွားစွာနဲ့ ပတ်သက်ရမယ့်ကိစ္စတော့ ချမ်းသာပေးပါလား ငါ့မြေး ရယ်"

"ဘမှာ ဝတ္တရားရှိတာပဲဟာ"

"အံမာ မာ ... မာ ... ကိုယ့်ဟာကိုယ် အစွမ်းအစမရှိတိုင်း"

"ကျွန်တော်က တစ်မြို့တည်းအတူနေရတာမှ မဟုတ်ဘဲ ဘရဲ့၊ ကဲ မန္တလေးက ဘရဲ့ ကုမ္ပဏီလုပ်ငန်းတွေကို ဘဟာဘ ပြန်လုပ်လေ။ ကျွန်တော်က ဒီမှာနေပြီး ကျွန်တော်ဟာကျွန်တော်ရအောင်ကြိုးစားမယ်"

ဘက ညီညီမျက်နှာကို စူးစိုက်ကြည့်နေရာမှ-

"ဒီကောင်တကယ်ပြောနေတာပါလား"

"ဒီကိစ္စမျိုး အလကားစပါ့မလား ဘရဲ့"

"အင်း-တော်တော်တော့ခက်နေပေါ့"

"ဒါပဲ၊ ဘ သွားပြီးတောင်းပေးမယ်ဆိုကတိပေးမှ

http://www.cherrythitsar.org



မန္တလေးပြန်ဆင်းမှာ”

“တူလိုက်တာကွာ၊ ငါငယ်ငယ်က အတိုင်းပဲ၊ ကဲကဲ မင်းစိတ်ဖြောင့်လက်ဖြောင့် အလုပ်လုပ်။ ဘ ငါ့မြေးအတွက် ဒီမှာ စီစဉ်ထားလိုက်မယ် ကျေနပ်ပြီလား”

သို့ဖြင့် နောက်ရက်မှာတော့ ညီညီသည် မန္တလေးသို့ ဆင်းခဲ့ပါလေပြီ။ လူကသာဆင်းခဲ့သော်လည်း စိတ်က ပြင်ဦးလွင်မှာ ကျန်ခဲ့ပါလေပြီ။ ပို၍ တိတိကျကျဆိုရပါမူ ဖွားစွာ၏မြေးမေကျော့ဆီမှာ ကျန်ခဲ့ခြင်းဖြစ်ပါသည်။ သူကသာ မြင်မြင်ချင်းပဲ ချစ်မိတယ်ဖြစ်ခဲ့ရသော်လည်း မေကျော့ကမူ သူ့ကို လုံးဝမသိပါ။

မန္တလေးရောက်ပြီးနောက်

တစ်ရက် . . . . .

နှစ်ရက် . . . . .

သုံးရက် . . . . .

နေ့ရက်တွေသာပြောင်းသော်လည်း ညီညီ၏ ခံစားချက်များကမူ လုံးဝပြောင်းတော့မည် မဟုတ်ပါ။ တစ်ရက်မှာ နှစ်ဆယ့်လေးနာရီသာရှိသောကြောင့် မေကျော့ကို သတိရနေရသည့် အချိန်ကိုပင် နည်းနေသည်ဟု ထင်ပါသည်။ သူက မေကျော့ကို တစ်ရက်မှာ နှစ်ဆယ့် ရှစ်နာရီ လောက် သတိရနေချင်သည်။ မနက်အိပ်ယာကထသည်နှင့် မေကျော့ကို သတိရသည်။ ညအိပ်ယာဝင်တော့ အိပ်မက် ထဲမှာ မေကျော့။

http://www.cherrythitsar.org



ဘ၏ခြံတွင်းသို့ လိုင်းကားတစ်စီးက မောင်းဝင်လာသည်။

"ဧည့်သည်များလား"

"ကားပေါ်တော့ခရီးသည်မပါပါဘူး"

ကားမောင်းသူက ဘတို့ရှေ့အရောက်မှာ ရပ်လိုက်ပြီး

"စာခင်ဗျ"

"ဘက စာကိုလှမ်းယူရင်း"

"မင်းတို့ ဆက်သွယ်ရေးက ခုကားနဲ့စာဝေတာပေါ့"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ကားဂိတ်ကနေလာပေးစရာခိုင်းလို့ပါ"

"အော်၊ အေးအေး၊ ကျေးဇူးပဲ၊ ညီညီဆီက စာကွ"

ကားဆရာက

" ဘ၊ စာအိတ်ပေါ်မှာရေးထားသေးတယ်။ကျွန်တော့်ကိုတစ်ရာပေးလိုက်ဖို့ နောက်ကျောဘက်မှာ"

ဟုတ်သားပဲ၊ ကိုကို အိမ်ထဲက တစ်ရာဝင်ယူပေးလိုက်စမ်း"

ကိုကိုက ငွေတစ်ရာယူကာ ကားဆရာကို ပေးလိုက်သည်။

"ကျေးဇူးပဲ"

ကားဆရာကပိုက်ဆံကိုအိပ်ထဲထည့်ကာထွက်သွား၏။

"ဘာတဲ့လဲ ဘ"

http://www.cherrythitsar.org

## (၂၈၂) ကံရှုန်

“စေ့စပ်ဖို့ စီစဉ်ပြီးပြီလား၊ သွားမေးပြီးပြီလား၊ ဘာတွေ ထူးသလဲဆိုတာ မေးထားတာပါကွာ”

“ဘ ဘယ်လိုသဘောရသလဲ”

“ခဏ အခြေအနေစောင့်ကြည့်ကြသေးတာပေါ့ကွာ၊ ဒီကအကြောင်းမပြန်ရင် ဒီကောင် သွေးအေးချင် အေးသွားမှာပါ”

သို့ဖြင့် နှစ်ရက်ခန့်ကြာသောအခါ ဘ၏ ခြံဝင်း အတွင်းသို့ အငှါးကားလေးက မောင်းဝင်လာပြီး ဘတို့ အနီးမှာရပ်ကာ

“စာ ခင်ဗျ”

“ဟော”

“ဟဲဟဲ၊ အရင်လိုပဲ”

“ကိုကို၊ တစ်ရာယူပေးလိုက်စမ်း”

“ဟုတ်”

ဘက စာကို ဖေါက်ဖတ်လိုက်သည်။ ဖွားစွာ၏ မြေး အားစေ့စပ်ပေးရန်ကိစ္စဆောင်ရွက်ပြီးမပြီး မေးထားသည့် ညီညီ၏ စာပင်ဖြစ်ပါသည်။

နောက်တစ်ရက်ခြားပြီးနောက် အငှါးကားလေး တစ်စီးမောင်းဝင်လာပြန်ပြီ၊ ကားဆရာကကားကို ရပ်လိုက်ပြီး

“စာခင်ဗျ”

“ဟော”

သို့ဖြင့် ဆယ်ရက်ခန့်အတွင်းမှာ စာဆယ်နှစ်စောင် ခန့်ရောက်လာသည်။ တစ်ချို့ရက်တွေမှာ မနက် တစ်စောင်၊ ညနေတစ်စောင် ဘမှာမနေသာတော့ပါ။

"ဖွို၊ ရှာဖွေရသမျှ စာပို့ခပေးနေရတာနဲ့ ကုန် တော့မှာပဲ"

ကိုကိုက ဘ၏ စိတ်ပျက်နေပုံကိုကြည့်ကာ

"နောက်ဆိုရင် ကြေးနန်းရော၊ ဖုန်းရော၊ အမြန် ချောပို့ရော၊ လိုင်းကားနဲ့ပို့တာရောဖြစ်လာလိမ့်မယ် ဘ။ ရတာ မရတာက သူ့ကံ။ တောင်းပေးဖို့ က ကိုယ့်ဝတ္တရား သွားပြောဆို ကြည့်ပေါ့။ ဘယ်လိုမှ မေ့မေ့ပျောက်ပျောက်ဖြစ်မယ့်ပုံတော့ မပေါ်ဘူး"

"အင်း မင်းပြောသလိုလုပ်ရတော့မှာပဲ။ သွား စေ့စပ ်ကြည့်ရမှာပေါ့။ လာ သွားဆိုခုသွားရအောင်"

"ဟာ ၊ကျွန်တော်တော့ မလိုက်ရဲဘူး၊ ဘသူငယ်ချင်း တွေ ခေါ်သွားပေါ့။ ဦးစံပျော်တို့၊ ဦးသာဝတို့၊ ဦးပေတလူတို့ ဒိုက်စွမျိုးဆိုတာ လူကြီးတွေသွားမှ တင့်တယ်တာ"

သို့ဖြင့် ဘသည် ဦးစံပျော်ဆီသို့ ရောက်သွားပြီး -

"စံပျော"

"ဟေ"

"ငါ မဖွားစွာဆီသွားပြီး စေ့စပ်ချင်လို့ မင်း အဖော် လိုက်ခဲ့စမ်းပါ"

"ဟိုက် ရှလဘတ်ရေ၊ ဟိုက်ရေခဲရေ၊ ဟိုက် မလိုင်ကူလ်ဖီး မင်းတို့နှစ်ယောက်လုံး အသက်ရှစ်ဆယ်ကျော်ပါပြီကွာ၊ ဒါကြောင့် ငါမင်းကို ပြောတာ တီဗွီထဲက ကြော်ငြာတိုင်း ဟိုဆေးတွေ၊ ဒီဆေးတွေ ဝယ်ဝယ် မသောက်ပါနဲ့လို့"

"စံပျောရာ၊ သူ့မြေးနဲ့ ငါ့မြေးစေ့စပ်မယ့်ကိစ္စပါကွ"

"အဲဒါဆို ပေတလူခေါ်သွား၊ ပေတလူက ငယ်ငယ်လေးကတည်းက အပြေးဝါသနာ ပါတယ်။ ငါကပြေးတာလွှားတာ ဝါသနာမပါဘူးဆရာ။ ဒူးကလည်း နာနေလို့ မနက်ကကို ထက်ထက်မိုးဦးလိမ်းတဲ့ဆေး လိမ်းထားရသေးတယ်။ ဟဲဟဲ"

ဘက စိတ်မရှည်ဟန်ဖြင့် ဦးစံပျောအနီးမှ ခွာခဲ့ပြီး ဦးပေတလူထံ ထွက်ခဲ့သည်။ ဘက ဦးပေတလူနှင့် တွေ့သောအခါ အကျိုးအကြောင်း ပြောပြလိုက်ရာ -

"မလိုက်ပါရစေနဲ့ ဘရာ၊ ငါပြေးနိုင်တဲ့နှုန်းက သူလှမ်းပစ်လိုက်မယ့်လက်ရိုက်တုတ်ရဲ့ အရှိန်လောက် မမြန်နိုင်ဘူးကွ။မင်းကအကြောင်းမသိလို့နော်၊ သူငယ်ငယ်က သံလုံးပစ်ချန်ပီယံကွ။ ပြီးတော့ ပြောရင်ပြောတဲ့အတိုင်းလုပ်တာ။ ငါ့မြေးထိဖို့ မကြိုးစား နဲ့ မီးပွင့်သွားမယ်ဆိုကြိမ်းထားတာ။ တစ်ယောက် တည်းပဲသွားပါကွာ။ အဲ အဖေါ်ခေါ်ချင်ရင်တော့ လမ်းကြုံနေတာပဲ။ သာဝဝင်ခေါ်သွားပေါ့။

ဘမှာ ဦးစံပျောနှင့်ဦးပေတလူတို့ စကားကြောင့်

http://www.cherrythitsar.org



ရှိစုမဲ့စုလက်ကျန် သတ္တိလေးပင်ခမ်းခြောက် သွားရပါလေပြီ။ ဖွားစွာကိုလန့်သည့်စိတ်ကလည်း နှစ်ဆတိုးသွားသည်။

"မဖြစ်ဘူး။ သာဝတော့ရအောင် ဝင်ခေါ်ရမယ်"

ဦးသာဝထံဝင်၍ အကျိုးအကြောင်းပြောပြလိုက်သည်နှင့် -

"မလိုက်ပါရစေနဲ့ကွာ၊ မနေ့ညက အိပ်မက်ကလည်း နမိတ်မကောင်းလို့ပါ။ နယူးယောက်မြို့ထဲဝင်တဲ့ ဂေါ်ဇီလာ ငါ့နောက်လိုက်လို့ ပြေးလိုက်ရတာ ဖတ်ဖတ်ကိုမောနေတာပဲ။ ခုထိကို ရင်ခုန်နေတုန်း၊ စမ်းကြည့်စမ်းဒီမယ်"

ဘ မှာ ဘာမျှမပြောတော့။ အားငယ်စိတ်ပျက်စွာနှင့်ပင် အရဲစွန့်၍ ဖွားစွာ၏တိုက်ထဲသို့ ဝင်ခဲ့ရတော့သည်။ ညှော့ခန်းမှာ ထိုင်နေသော ဖွားစွာနှင့် အဆင်သင့်တွေ့ကာ . .

"ဘာကိစ္စပါလိမ့်"

"စိတ်တော့မရှိပါနဲ့ခင်ဗျာ။ ကြိုတောင်းပန်ပါတယ်။ မဖြစ်နိုင်ဘူးဆိုရင်လည်း လှည့်ပြန်မှာပါ။ ကျွန်တော့်မြေးက ပူဆာနေလွန်းလွန်းလို့အရဲစွန့်ပြီး လာပြောရတာပါ"

"ရှင်က ဘယ်သူလဲ"

"ဘ ပါ"

"အို မန္တလေးကပြောင်းလာတဲ့ ဘ ပေါ့"

"ဟုတ်ပါတယ်"

"ထိုင်ပါဦးရှင်၊ မသိလို့ မဖိတ်ခေါ်မိတာပါ"

"ဗျာ"

"ထိုင်ပါဦးလို့"

ဘမှာ သူ့နားသူပင်မယုံချင်။ ခုထိမဝံ့မရဲနှင့်၊ ဘထိုင်မိသည်နှင့် -

"ကိစ္စပြောပါဦး"

"ဒီလိုပါ။ မန္တလေးမှာ ကျွန်တော့်ကုမ္ပဏီကို အုပ်ချုပ်နေတဲ့ ကျွန်တော့်မြေးက ကျွန်တော့်ဆီ အလည်လာရင်း ဖွားစွာရဲ့မြေးကို မြင်သွားပါတယ်။ အဲ မြင်ပြီးကတည်းက ပြောဆိုတောင်းရမ်း စေ့စပ်ပေးဖို့ အတင်းပူဆာနေလို့၊ အဲဒါ"

× × ×　× × ×　× × ×

ညီညီသည် ကပျာကယာ ဘထံမှလာသော စာကို ဖွင့်ဖတ်လိုက်သည်။

"မြေးချစ်ညီညီ . . . .

မင်းနဲ့မေကျော့ပဲ ဖူးစာဆုံမလား။ ငါ့ခေါင်း နဲ့ လက်ရိုက်တုတ်ပဲ ဖူးစာဆုံမလားလို့ ရင်တထိတ်ထိတ် နဲ့ အရဲစွန့်ပြီး ငါသွားစေ့စပ်ပါတယ်။ ငါကံကောင်းလို့ ခေါင်းမကွဲ ဘဲ အိမ်ကိုချောချောမောမော ပြန်လာနိုင်လို့ စာရေးလိုက်တာပါ။

မင်းကံကောင်းမကောင်းတော့ စောင့်ကြည့်ရမှာပါပဲ။ ဖွားစွာကလည်း သူ့မြေးအတွက်တော့ သူ စိတ်အေးချင်ပုံ ရပါတယ်။ သူ့မြေးရဲ့သဘောထားကို သူမေးမြန်း ကြည့်ပါဦး မယ်တဲ့။ ဒါဆိုတော့ သူ့အနေနဲ့ ကတော့ ကန့်ကွက်စရာ

http://www.cherrythitsar.org



မရှိဘူး။ သဘောတူပါတယ်ဆို တဲ့ မဓိပ္ပါယ်ပဲ ငါ့မြေး သူ့မြေးကို သူနားချလို့ ရရင် တော့ ငါ့မြေးဖူးစာဆုံမှာပါ"

ညီညီသည် စာကို ဆုံးသွားသည်နှင့် အစက ပြန်ဖတ်ပြန်သည်။ အကြိမ်ကြိမ်ဖတ်နေမိသည်။ ခေါက်ရေပင် မမှတ်မိတော့ပါ။

ထိုအချိန် . . . ဖွားစွာမှာ သူ၏မြေး မေကျော့ကို

"စိတ်ကူးမလွဲနဲ့နော်၊ ငါ့မြေးအတွက်သင့်လျော် လို့ပြောတာ။ ဖွား ငါ့မြေးအတွက် စိတ်အေးချင်ပြီ။ သူတို့ ဘယ်လောက်ချမ်းသာတယ်။ အကျင့်စာရိတ္တ ဘယ်လိုရှိတယ်၊ ရိုးသားတယ်၊ ကြိုးစားတယ်၊ မတရား မလုပ်ဘူး၊ သမာအာဇီဝနဲ့ ချမ်းသာလာတာ၊ အို အားလုံး ဖွား စုံစမ်းပြီးသား"

"အို ဖွားကလည်း ကျော့မမြင်ဘူးတဲ့လူကို စိတ် မဝင်စားနိုင်ပါဘူး။ ကိုယ့်ချစ်သူလည်း မဟုတ်ပဲနဲ့ လက်ထပ်ဖို့ လက်ခံရမယ်လို့ကျော့ကိုငွေမက်လို့ ယူတယ်အပြောခံရမှာပေါ့"

ဖွားစွာငိုင်သွားသည်။ သူ့မြေးပြောသည်ကလည်း ဟုတ်သလိုလို။ ဖွားစွာက -

"ငါ့မြေးရယ်၊ သူကတော့ ချစ်ရှာပါတယ်၊ ချစ်လို့လည်း သူ့အဖိုးကို လွှတ်ပြီး ပြောဆိုစရာခိုင်းတာပေါ့"

"ဖွားရယ် ကျော့နေရာကလည်း စဉ်းစားကြည့်ပါဦး။ သူ့မှာ ဘာပြစ်ချက်မှ မရှိဘူးဘဲထား။ ဥစ္စာပေါ၊ ရုပ်ချော၊ သဘောကောင်း၊ မနောဖြူ အရာရာ ပြီးပြည့်စုံနေဦးတော့

http://www.cherrythitsar.org



ကိုယ်မမြင်ဘူးတဲ့လူကို လက်ခံတယ်ဆိုရင် ကျော့တစ်သက်လုံး ရှက်နေရမှာ”

“တဲ ဒီလိုလုပ် ငါ့မြေးသူ့ကို ကြည့်ပြီးမှ ဆုံးဖြတ်။ ဖွား သူ့အဖိုးကို မှာလိုက်မယ် ခေါ်ခဲ့ဖို့။ ဟုတ်ပြီလား”

မေကျော့မှာ ဘယ်လိုပြန်ပြောရမည်မသိဖြစ်သွားသည်။

“ဖွား စကားတွေတော့ ကျွံအောင်မပြောနဲ့နော်။ အတင်းစီစဉ်ရင်တော့ ကျော့မကြိုက်ဘူး”

“ဒီမယ် မချွေကျော့ နည်းနည်းလေး အလျှော့ပေးတာနဲ့ကမ်းတက်မယ်တော့ စိတ်မကူးနဲ့နော်။ ကောင်လေးကို ခေါ်ပြတာက ညည်းရဲ့သိက္ခာအတွက် ညည်းဆုံးဖြတ်ရမှာက လက်ခံဒါပဲ”

ဖွားစွာ၏စကားကြောင့် မေကျော့က နှုတ်ခမ်း စူသည်။ ဖွား က

“ဒီမှာ မချွေကျော့ချော့ပြောလို့ရရင်ရ မရရင် မီးစွာအကြောင်းသိတယ်မဟုတ်လား။ ကျုပ်မျက်နှာ အိုးမဲသုတ်ရင်တော့်မျက်နှာကတ္တရာစေးသုတ်ပစ်မယ်။ ဒါပဲ။ နောက်သုံးရက်နေရင် ကောင်းလေးကို ဒီခေါ်လာခဲ့ဖို့ ကျုပ်မှာလိုက်မယ်။ စိတ်ချ တော့်အတွက်သိက္ခာရှိအောင် ကျုပ်စီစဉ်ပေးမယ်။ ငြင်းသာ မငြင်းနဲ့။ ဒါပဲ။ ခု ကျုပ်သွားပြောမယ်”

× × × × × × × × ×

ဖွားစွာ ဘ၏ခြံသို့ရောက်လာပြီး ဘနှင့် ဆယ်မိနစ်ခန့်စကားပြောကြပါသည်။ ပြီးတော့ နှုတ်ဆက်ကာ ပြန်သွားသည်။ ဖွားစွာပြန်သွားသည် နှင့် ကိုကိုက ဘအနီးကပ်လာကာ

"ဘာတဲ့လဲ ဘ"

"အင်း လိုရင်းကတော့ လူငယ်ချင်းမြင်ဖူး တွေ့ဖူးမှ ရင်းနှီးမယ်။ ရင်းနှီးမှ စီစဉ်ရတာလွယ်ကူမယ်။ လူကြီးချင်း သဘောကျနေရုံနဲ့မပြီးဘူး။ ဒါကြောင့် လူငယ်ချင်း ဆုံပေးရအောင် ညီညီ့ကို ခေါ်ခဲ့ပါတဲ့။ အဲဒါ လာပြောတာ"

"ဟုတ်လား၊ ဒါဆိုဟန်ကျတာပေါ့၊ ကျွန်တော် စာရေးခေါ်လိုက်မယ်"

သို့ဖြင့် နောက်ရက်မှာ ....

"ငါက မင်းကို လာမှလာပါ့မလားလို့ စိုးရိမ် နေတာ"

နံနက်စောစော ခြံတွင်းသို့ လျှောက်ဝင်လာသော ညီညီကို ဘက ဆီးကြိုနှုတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

"ဟာဗျာ၊ ဘ ကလဲ"

"ဒါနဲ့ ကားက"

"ရေဆေးစရာအပ်ထားခဲ့တယ်၊ လာပို့လိမ့် မယ်"

"ကဲပြီ"

ညီညီက ပြုံးလိုက်သည်၊ ခဏအကြာမှာ ညီညီ ၏ ကားရောက်လာသည်။ ကားမှာ သန့်ပြီး တောက်ပြောင်နေသည်။

http://www.cherrythitsar.org



"ကဲ သွားမယ်"

ညီညီက ကားလာပို့သူကို ပြန်ပို့ပေးလိုက်ပြီး ဘနှင့်အတူ ဖွားစွာ၏အိမ်သို့ ထွက်ခဲ့သည်။ ခြံဝမှ ကံကောင်း ပါစေဟူ၍ အော်လိုက်သော ကိုကို၏အသံ က ကားလေး၏ နောက်သို့ ပြေးလိုက်လာသည်။ ညီညီ မှာ တမ်းတမ်းတတ စွဲစွဲလန်းလန်း ဖြစ်နေသော်လည်း တွေ့တွေ့ ဆိုင်ဆိုင် မျက်နှာချင်းဆိုင်ဆုံကြရမည်ဆိုသောအခါ ကြောက်သလိုလို ရင်ဖိုမိသည်တော့အမှန်။

"ဟိုရှေ့ကခြံထဲဝင်၊ တိုက်ရှေ့မှာရပ်"

ညီညီက ဘညွှန်ကြားသည့်အတိုင်း တိုက်ရှေ့ မှာရပ်လိုက်သည်။

"ကဲ လာ"

ဘသည်ကားပေါ်မှဆင်းကာ တိုက်တွင်းသို့ ဦးဆောင် ၍ဝင်သွားသည်။ ညီညီက ဘ၏နောက်မှ လိုက်ဝင်သွားသည်။

"ဟင်" ဧည့်ခန်းမှာ တရှုံ့ရှုံ့ငိုနေသောဖွားစွာကို တွေ့လိုက်ရ၍ အံ့အားသင့်သွားခြင်းဖြစ်ပါသည်။ ဘ တို့ကို မြင်ကာမှ ဖွားစွာ၏ ငိုသံက ပို၍ကျယ်သွားကာ"အီး ဟီး . . . ဟိုကောင်မ ကျုပ်မျက်နှာ အိုးမည်းသုတ်သွားပြီတော့၊ ဒီမယ် ကြည့်ပါဦး၊ ယောကျ်ားမယူချင်လို့ အိမ်ကထွက်သွားတာ ခွင့်လွှတ် ပါတဲ့ . . . ."

ဖွားစွာက လက်ထဲမှ စာတစ်စောင်ကို လှမ်း

http://www.cherrythitsar.org



ပေးလိုက်သည်။

× × × × × × × × ×

ထိုအချိန်မေကျော့မှာ သူ့သူငယ်ချင်း ဆွေဆွေအိမ်သို့ ရောက်နေပါလေပြီ။

"အဲဒါပဲ သူငယ်ချင်း ငါကလည်း ကိုယ်မမြင် ဖူးတဲ့ လူတစ်ယောက်ကိုယူရမှာစိုးလို့ ထွက်လာခဲ့တာ။ သူ့ဟာသူ ဘယ်လောက်ကြီးပြည့်စုံနေနေ မမြင်ဖူးဘဲနဲ့စေ့စပ်တာကို လက်ခံတယ်ဆိုကတည်း ငါ့ကို ဘယ်လိုလုပ် အထင်ကြီး ပါတော့မလဲ။ ငါ့အချစ် ငါ့မေတ္တာကို အလေးထားပါဦးမလား"

"ကဲ စိတ်အေးလက်အေး ဒီမှာနေပါဦးလေ၊ ဖွား စိတ်မပူဖို့တော့ ငါအကြောင်းကြားထားလိုက်မယ်"

"လာခေါ်နေပါဦးမယ်ဟယ်"

"ငါ့ကိုသာသိနေတာ၊ ငါ့လိပ်စာမှမသိဘဲ၊ လာ မခေါ်ပါဘူး၊ ငါ့ဆီရောက်ကြောင်းပဲ ရေးလိုက်မှာပါ"

နှစ်ယောက်သားအတွေးကိုယ်စီဖြင့် ငြိမ်သွားကြပြန် သည်။ အတော်လေးကြာမှ ဆွေဆွေက . . .

"ဒုက္ခပဲနော် နင့်အဖြစ်က ဒီပြဿနာက ဒီလိုနည်းနဲ့မှ ရှောင်လို့ ခဏပဲရမှာ။ တစ်ခါပဲရမှာ။ နောက်တစ်ကြိမ်ဆို ဖွားက အတင်း စီစဉ်မှာသေချာတယ်"

"ငါလည်းအဲသလိုတော့တွေးမိပါတယ် ဆွေဆွေရယ်"

"နင့်အတွက်စဉ်းစားစရာ ငါတစ်ခုပြောမယ်"

http://www.cherrythitsar.org

၂၉၂ ကံရွှန်

"ဘာလဲ"

"ကိုယ်မမြင်ဘူးတဲ့လူကိုမယူချင်ရင် ကိုယ်မြင်ဘူးတဲ့လူ၊ ကိုယ်လည်းလက်ခံနိုင်မယ့်လူ၊ ဖွားလည်း လက်ခံနိုင်မည့်လူ၊ သဘောကျမယ့်လူ ရှာ ယူလိုက်ပါလား။ အဲဒါဆို သူလည်း စိတ်ချရောပေါ့"

"တော်စမ်းပါ"

မေကျော့က မျက်စောင်းထိုးလိုက်သည်။

မေကျော့မန္တလေးရောက်ပြီးနောက် သုံးရက်ခန့်အကြာတွင်

"ကဲပြော မေကျော့ ဘယ်သွားချင်သလဲ ဒီနေ့ ငါ အလုပ်နားတယ်"

"ဘယ်မှ မသွားချင်ပါဘူး"

"အို အိမ်ထဲမှာချည်းအောင်းနေလို့ ဖြစ်မလား။ ကဲပါ၊ လာပါ၊ စိတ်ပြေလက်ပျောက် တို့ တောင်သမန်သွားမယ်၊ လုပ် လုပ် အဝတ်အစားလဲ"

မေကျော့သည် စိတ်မပါသော်လည်း စိတ်ပြေလက်ပျောက် ဟု သဘောထားကာ အဝတ်အစားလဲ၍ ဆွေဆွေနှင့် အတူလိုက်ခဲ့သည်။ သူတို့ကားဂိတ်ဆီသို့ ဦးတည်လျှောက်သွားနေစဉ် လမ်း၏တစ်ဖက်မှ သူတို့ကို တွေ့မြင်လိုက်သူက ညီညီ -

"ဟင် မေကျော့ပါလား"

http://www.cherrythitsar.org



ညီညီသည် မေကျော့ကိုတွေ့လိုက်ရ၍ အံ့အား သင့်ကာ ငေးကြည့်နေမိသောကြောင့် မေကျော့ဘေးမှ ဆွေဆွေကိုပင် သတိမထားမိဘဲ ဖြစ်သွားသည်။ မေကျော့ နှင့် ဆွေဆွေသည် လမ်းတစ်ဖက် မှ လျှောက်နေရာမှ ညီညီ ရှိနေသည့်ဘက်သို့ ဖြတ်ကူးလာကြပါပြီ။

"ဟုတ်ပါတယ်၊ မေကျော့ပါပဲ"

ညီညီမှာ ငေးနေဆဲ၊ သူနှင့် နီးသည်ထက် နီးလာပါပြီ။

"အဟမ်း - အဟမ်း"

ဆွေဆွေက ချောင်းဟန့်လိုက်သည်၊ သည်အခါမှပင် ညီညီက ဆွေဆွေကို သတိထားမိသွားသည်။

"ဩော် . . . ဆွေဆွေ"

"ကိုညီက ဘယ်သွားမလို့လဲ"

"ဘယ်ရယ်လို့ မဟုတ်ပါဘူး။ ပျင်းနေလို့ ထွက်လာ တာ။ ဘယ်သွားရမှန်းကို မသိသေးဘူး"

"ခင်ဗျားမှာကားပါသလား"

"ပါတယ် ပြော ဘယ်ပို့ပေးရမလဲ

"တောင်သမန်သွားမလို့ လိုင်းကားတွေက လူကျပ်လို့ တက္ကစီငှားမလို့ထွက်လာတာ၊ ကိုညီနဲ့တွေ့တော့ အဆင်ပြေ တာပေါ့"

"ဒီကစောင့်လေ- ကျွန်တော်ဟိုဘက်နားမှာ ရပ်ထား ခဲ့လို့ - သွားယူလိုက်ဦးမယ်"

http://www.cherrythitsar.org



ညီညီ ကထွက်သွားသည်။ မေကျော့က ဆွေဆွေကို လှမ်းကြည့်သည်။

"ကိုယ်နဲ့စေ့စပ်ထားတဲ့ကိုသန်းဝင်းရဲ့ သူငယ်ချင်းလေ ဘော့စ် - နော် . အရမ်းချမ်းသာတယ်။ ရှိုးလည်းရှိုး . . . "

"ကဲ တော်ပါတော့ ဟိုမယ်လာနေပြီ"

သို့ဖြင့် ထိုနေ့က မေကျော့နှင့်ဆွေဆွေတို့သည် ညီညီ၏ ကားလေးဖြင့် တောင်သမန်သာမက စစ်ကိုင်း ၊ ကောင်းမှုတော်၊ အင်းဝ စသည့်နေရာများ ပါရောက်ခဲ့ကြပါသည်။ ထမင်းစားချိန်ရောက်တော့ ညီညီကပင် ဟိုတယ်မှာ ဒကာခံသည်။ ဆွေဆွေမှာ ဘာမျှမထူးခြားသော်လည်း မေကျော့က အားနာ နေသည်။

"ဟာ အားနာစရာကောင်းနေပြီ"

နှုတ်ကပင် လွှတ်ကနဲထွက်သွားသည်။ ညီညီက

"မလိုပါဘူးဗျာ - ကံဆိုလို့ကြုံရပြီး ခုလို ကူညီပြုစုခွင့်ရတာပါ။ နောက်ရက်တွေမှာလည်း သွားချင်တဲ့နေရာ ရှိရင်ပြောပါ"

ဆွေဆွေက ပြုံးလိုက်ပြီး

"ကိုညီ လောကွတ်ချော်မနေနဲ့နော် - ကျွန်မ သူငယ်ချင်းက ဘယ်မှရောက်ဖူးတာမဟုတ်ဘူး။ တကယ် လိုက်ပို့ နေရတော့မှ စိတ်ညစ်သွားမယ်"

"ဆွေဆွေ ကလည်းဟယ်"

http://www.cherrythitsar.org



မေကျော့မှာ မနေတတ်မထိုင်တတ်ဖြစ်လာကာ သူ့သူငယ်ချင်းကိုလှမ်းထားသည်။ ညီညီ က

"ကျွန်တော်စိတ်မညစ်တတ်ပါဘူး။ ဩော် ဒါနဲ့လာမယ့် စနေမှာ မုံရွာသွားစရာရှိသေးတယ်။ မရောက်ဖူးရင် လိုက်ခဲ့ကြ ပါလား။ ဆွေဆွေတို့လိုက် မယ်ဆိုရင် ကိုသန်းဝင်းပါ ခေါ်ခဲ့မယ်လေ"

"အဲသလိုဆိုဟန်ကျတာပေါ့ - ဖိုးဝင်းတောင် သွားမယ်။ ဗောဓိတစ်ထောင်ဝင်မယ်"

ထိုစဉ်မှာပင် မှာထားသော စားစရာများက ရောက်လာသည်။

"များလှချည်လား"

"ကုန်သလောက်စားပေါ့ဆွေဆွေတို့ဘာကြိုက်မယ် မှန်းမသိလို့ အစုံမှာလိုက်တာ"

"တော်ပါ ကိုညီရယ် ဆွေဆွေဘာကြိုက်တယ်ဆိုတာ ကိုညီသိပြီးသားပါ။ကိုသန်းဝင်းနဲ့အတူ ခဏခဏ စားနေကျဟာကို။ မေကျော့အတွက်မှာရင် မှာတယ်ပေါ့။ ဟောပြောရင်း သတိရသွားတယ်။ကိုညီ နဲ့မိတ်ဆက်ပေးဖို့လေ။ သူ့နာမည်က မေကျော့တဲ့။ ဒါက ကိုညီ။ ပြီးတော့. . . . . ."

"အဲဒီနေရာမှာပဲ ရပ်ထားပါဗျာ"

"ဟင်း-ဒီသူဌေးတစ်ယောက်ပဲသူ့ဂုဏ်ပုဒ်တွေပြောမှာ ရှက်တာတွေ့ဖူးတယ်"

"ကဲ - ကဲ စားကြရအောင်။ ပူတုန်းလေး"

××× ××× ×××

စားသောက်ပြီး၍ဆွေဆွေတို့အား အိမ်ပြန်ပို့ ပေးပြီးနောက် ညီညီပြန်သွားသောအခါ ဆွေဆွေ က

"ကြိုက်မရှက်ဆိုတာ ဒါမျိုးပဲဟေ့ - လူပျိုကြီး ဟန်ကို မဆောင်နိုင်ဘူး - ကဲ မမကျော့ရေ - ဟိုဘက်ကတော့ အရှုံး အမှူးဖြစ်နေပြီ - ဘယ်လိုလဲ - စိတ်ကူး မလွဲနဲ့နော်။ နင့်အဘွား လိုချင်တဲ့ ကောင်းခြင်းတွေ အကုန်ပြည့်စုံတယ်။ ရည်စား မထားဖူးဘူး။ ရိုးသားတယ်။ ကြိုးစားတယ်"

မေကျော့က ထ ထွက်သွားရန်ဟန်ပြင်လိုက်သည်။ ဆွေဆွေက လက်ကို လှမ်းဆွဲထားလိုက်ပြီး

"ဘယ်လိုလဲ - တစ်ခါတည်းလိုက်သွားတော့ မလို့လား"

"မေကျော့ကလက်ကိုရုန်းလိုက်ပြီး

"ဟုတ်တယ်၊အထုပ်အပိုးတွေပြင်ပြီး လိုက်သွားမလို့"

ဆွေဆွေ က ရယ်လိုက်သည်။

××× ××× ×××

"ရှုံးများနေပြီလား မပြောတတ်ဘူး"

ဘ သည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေရာမှ ပြောလိုက်ခြင်းဖြစ်ပါသည်။ ကိုကိုသည် ထိုင်နေရာမှ

http://www.cherrythitsar.org



ဘ၏ အမူအယာကိုကြည့်ရင်း

"ဘယ်သူလဲ ဘ"

"မင်းညီလေ - ကောင်မလေးက သူ့မကြိုက်လို့ ထွက်ပြေးပြီဆိုကတည်းက ရှက်ပြီးဆင်းသွားလိုက်တာ--အင်း ဒီကောင်တော့ဒုက္ခပဲ။ ငါတောင် တစိမ့်စိမ့်တွေးပြီး သူ့အစား ရှက်နေတယ်"

ကိုကို က ဘ ကိုသေသေချာချာကြည့်လိုက်ပြီး

"ဟောဗျာအရေးထဲဖီလင်အငှားတက်နေသေးတယ်"

ဘ က ကိုကို ကိုကြည့်လိုက်ပြီး

"ဖီလင်ဖြစ်ရတာပေါ့ကွ-ချစ်တော့စိုးရိမ်ရတာပေါ့- ဒီနေ့ထိ ဘာမှမဆက်သွယ်ဘူး။ ဆယ်ရက်ရှိပြီ"

"ဆက်သွယ်စရာမှမရှိတော့တာ ဘရ - ကျွန်တော် စိတ်ညစ်နေပါတယ်ဆိုပြီး ဘ ဆီ တစ်နေ့ စာတစ်စောင် ရေး နေရမှာလား"

ဘ က ကိုကို့ကို မကျေမနပ်ကြည့် ကြည့်လိုက်သည်။ ထိုအချိန်ညီညီမှာ မေကျော့ နှင့် ဗောဓိတစ်ထောင် သို့ ရောက်နေပါပြီ။ ဆွေဆွေ နှင့် ကိုသန်းဝင်းက သူတို့ နှစ်ယောက်ကို ကားပေါ်ထားခဲ့ ကာဘယ်ရောက်နေပြီမသိ

"သူတို့ကလည်း ကြာလိုက်တာ"

မေကျော့က ခပ်တိုးတိုးပြောသည်။ ညီညီ က

"ညောင်းနေရင် အောက်ဆင်းရပ်ပါလား"

http://www.cherrythitsar.org



မေကျော့က အောက်ဆင်းရပ်လိုက်သည်။ ဟိုဟိုဒီဒီ ကြည့်သည်။ နီးနားဝန်းကျင်မှာ ဘယ်သူမှ မရှိ။ အဝေးဆီမှာ ရပ်ထားသော ဘုရားဖူးကားအချို့ကို တွေ့ရသည်။ကိုသန်းဝင်း နှင့် ဆွေဆွေသည် သူတို့ နှစ်ယောက်တည်းချန်ပေးထားခဲ့မှန်း သူတို့သိပါသည်။ဤအခွင့်အရေးကို ညီညီကလက်လွှတ်မခံပါ။

"မေကျော့"

"ရှင်"

"မေကျော့ကို ကျွန်တော်ချစ်တဲ့အကြောင်း ပြောရင် စိတ်ဆိုးမှာလားဟင်။ စိတ်ဆိုးမယ်ဆိုရင်တော့ မပြောတော့ ပါဘူး။ ကိုယ်ချစ်နေတဲ့သူရဲ့ အမုန်း မခံနိုင်လို့ပေါ့"

မေကျော့က မျက်စောင်းထိုးကြည့်ပြီး

"ခင်ဗျားက သိပ်လည်တာပဲ"

"ဘာလို့"

"အဖြေအရင်တောင်းပြီးမှ မေးခွန်းမေးမယ့် သဘော။ ဘယ်လိုဖြေရမယ်ဆိုတာလည်းလမ်းကြောင်း ပေးထားလိုက် သေးတယ်"

"အားငယ်တတ်တယ် - ကြောက်တတ် - စိုးရိမ်တတ် လို့ပါ မေကျော့ရယ်"

မေကျော့က ခေါင်းငုံ့၍ပြုံးရင်း

"သနားရမလိုတောင် ဖြစ်လာပြီ"

"အဲဒါမျိုးကျတော့ မစဉ်းစားရဘူး မေကျော့ရဲ့

http://www.cherrythitsar.org



မတွေ့ဝေဘဲ အမြန်သနားလိုက်ရတယ်”

မေကျော့က ကားကို လှည့်၍ လျှောက်သွားကာ သစ်ပင်ရိပ်မှာ ရပ်လိုက်သည်။ ညီညီ က နောက်မှ လိုက်သွား ပြီး

“စိတ်ဆိုးသွားပြီလားဟင်”

“စိတ်တော့မဆိုးပါဘူး ရှက်တာပေါ့”

“ဘယ်သူမှ မမြင်ပါဘူးဟယ် မရှက်ပါနဲ့”

ပြောရင်းဆိုရင်း သူတို့ အနားသို့ရောက်လာ သူက ဆွေဆွေ

“ကြည့်စမ်း နင်တို့သိပ်ဆိုးတာပဲ”

“ကျေးဇူးတင်တယ်ပေါ့”

ဆွေဆွေကမေကျော့ကိုဖက်လိုက်သည်။ မေကျော့က ဆွေဆွေကို ဆွဲဆိတ်လိုက်၏။

× × ×   × × ×   × × ×

“စာခင်ဗျ - စာ”

ကားဆရာ၏ အသံကြားသည်နှင့် ဘ က အိမ်ရှေ့သို့ ထွက်လိုက်ရင်း

“ရော့ တစ်ရာ ။ မင်းအသံကြားကတည်းက ငါယူ လာတာ”

“နှစ်ရာခင်ဗျ”

“ဟေ - ဘာလို့လဲ”

http://www.cherrythitsar.org



"သေသေချာချာ အမြန်ရောက်အောင် ပို့ပါ ဆိုပြီး နှစ်ရာပေးလိုက်ဖို့ အဲဒီမှာ စာရေးထားပါတယ်"

ဘက နောက်ထပ် တစ်ရာ ထုတ်ပေးလိုက်သည်။ ကိုကိုက အနားသို့ ရောက်လာ၏။ ဘ က ကိုကို လက်သို့ စာကိုပေးလိုက်ပြီး

"ရော့ ဖတ်စမ်းကွာ"

"သူ့မှာ ချစ်သူရှိနေပြီတဲ့ - ပွဲခင်းဖို့ကိစ္စ ပြောရအောင် နက်ဖြန်လာခဲ့ပါတဲ့။ သူတို့ချစ်ခြင်းကို ခွဲမှာစိုးလို့ ဒီနေ့ရုံးမှာ လက်မှတ်ထိုးလိုက်ပါပြီတဲ့"

"ဗုဒ္ဓေါ ခုလိုက်မှပဲ"

ထိုအချိန် ဖွားစွာမှာလည်း မေကျော့ထံမှ စာကို ဖတ်နေရပါပြီ

"ဟင် မိကျော့ မိကျော့ သူထင်ရာသူလုပ်လို့ ရမယ်တဲ့လား - ဟင်း ဟင်း - နက်ဖြန်ထိစောင့်နေလို့ မဖြစ်ဘူး။ ခုလိုက်မှပဲ ။ မဖြစ်ဘူး။ အချိန်မလွန်ခင် လိုက်ရမယ်"

× × × × × × × × ×

ဖွားစွာမန္တလေးသို့ရောက်သောအချိန်မှာ ငါးနာရီခန့်ရှိပါပြီ။ ဘ မန္တလေးသို့ရောက်ချိန်နှင့် မတိမ်းမယိမ်းပင်။ ဖွားစွာသည် ဆွေဆွေတို့အိမ်မှ ပြောပြချက်အရ မင်္ဂလာ ညစာ ထမင်းစားကြမည့် နိုဗိုတယ် ဟိုတယ်သို့ စိတ်စောစွာဖြင့် ဆက်လိုက်ခဲ့သည်။ ဖွားစွာ နိုဗိုတယ်ဟိုတယ် အဝင်ဝမှာ

http://www.cherrythitsar.org



ဆုံလိုက်ရသည်က ဘ

ထိုစဉ် ဘ နှင့် ဖွားစွာတို့အား ထွက်၍ကြိုသော ညီညီ နှင့် မေကျော့တို့က

"ဘ"

"ဘွား"

"မရွှေကျော့"

"ညီညီ"

ခေါ်သံများက ပြိုင်တူလိုထွက်လာသည်။ ဘ သည် ဖွားစွာဘက်လှည့်ကာ

"မစွာ - ဒါ ကျုပ်ရဲ့မြေးလေ"

"ဟုတ်လား"

ဖွားစွာက မေကျော့နားကပ်သွားပြီး-

"နေပါဦး ညည်းက ဘယ်လို သဘောလဲ ဟင် လူကြီးတွေ ပေးစားပါမယ်ဆိုတုန်းကတော့ မယူချင်ဘူးဆိုပြီး ဟွန်း - ဟန်ဆောင်ကာမူပိုခဲ့တာ"

ညီညီ က ပြုံးနေသည်။ မေကျော့ က ညီညီ အား မျက်စောင်းထိုးကြည့်ကာ နှုတ်ခမ်းစူလိုက်သည်။

ကံချွန်

၃၀၂ ကံရှုန်

# ထီးလေး တစ်ချောင်းတည်းနဲ့...

အသက်ကလေးရယ်တဲ့ ရှည်စေလို့..မြန္မာရေညို သမ်းတဲ့ မန်းတောင်ရိပ်ခို...တဲ့။ ယခုမူ ရွှေမန်းတောင်ရိပ် ခိုနိုင်ရေးထက် ထီးတစ်လက်လက်အရိပ်ခိုနိုင်ရေးက ပို၍အရေး ကြီးနေပါပြီ။ မထင်မှတ်ဘဲ မိုးတွေကမည်းတက်လာ၏။

"ဒုက္ခပဲ ... မိုးရွာရင်တော့"

မဝါ မှာ မည်းတက်လာသော မိုးများကိုမော်ကြည့် ရင်းစိုးရိမ်နေမိသည်။ စိုးရိမ်စိတ်ကြောင့် ခြေလှမ်းကိုခပ်သွက် သွက်လျှောက်လိုက်သည်။ ထိုစဉ်မှာပင် မန္တလေးမိုးက ဝုန်းဝုန်း ဒိုင်းဒိုင်းနှင့်ရွာချလိုက်သည်။

"ကလစ်"

"ဖျောက်"

"အို"

ကလစ်ဆိုသောအသံနှင့်အတူ ဖျောက်ကနဲထီးကပွင့် ထွက်သွားပြီး မဝါကို မိုးစက်များအောက်ရောက်မည့်အရေးက ကာကွယ်ပေးလိုက်သည်။မဝါလှည့်ကြည့်လိုက်တော့ အဘိုးကြီး တစ်ယောက်။

"ငါ့မြေး ထီးမပါရင် ဒီထီးဆောင်း - ဘ မှာ ထီးအပို ပါသေးတယ်"

"ဟုတ် - ဟုတ် - ကျေးဇူးပဲ"

http://www.cherrythitsar.org



မဝါ မှာ ထီးကို ကပျာကယာလှမ်းယူလိုက်သည်။

"ဘက မြို့သစ်ထဲမှာနေတယ်ကွယ့် - မြန်မာသမား တော်ကြီး ဘဆိုရင် ခြောက်ဆယ့်နှစ်လမ်း တလျှောက် ဘယ်သူ့ မေးမေး ရပါတယ်။ လူတိုင်းသိကြပါတယ်။ ဒါ နဲ့ ငါ့မြေး က

"မဝါတဲ့ - ချမ်းမြသာစည်မှာနေပါတယ်။ လေယာဉ် ကွင်းနဲ့မျက်နှာချင်းဆိုင် - ခြံအမှတ် တစ်ဆယ်မှာ "

"ဪ နီးသားပဲ ။ ငါ့မြေးမှာ ထီးမပါရင် ယူသွားပါ။ ဘ လမ်းကြုံတော့ ဝင်ယူလိုက်မယ်။ အဲဒီထီးက ခုမှ ဝယ်လာ တာ။ အသစ်ပါ"

"အားနာစရာကြီး"

"အားမနာပါနဲ့ ကြုံတုန်း ကူညီခွင့်ရတုန်း ကူညီရတာ ရပါတယ်။ ယူသွားပါ"

မဝါ မှာ ယူရအခက် မယူရအခက် မိုးကလည်းရွာ ကောင်းတုန်း။ ယခုမှ မြင်ဖူးသည့်အဘိုးကြီးဆီမှ ထီးကိုယူသွား ရမည်ကိုလည်း မဝံ့မရဲ ဖြစ်နေ၏။

"ယူသွားပါ ငါ့မြေးရဲ့ မိုးက တော်တော်နဲ့ တိတ်မယ့် ပုံ မပေါ်ဘူး"

တဖျောင်းဖျောင်းရွာနေသော မိုးကြောင့် မဝါသည် ထီးကို ယူသွားရန်ဆုံးဖြတ်လိုက်ပြီး

"ကျေးဇူးပဲဘ . . . သမီးလာပို့ပေးပါမယ့်နော်"

http://www.cherrythitsar.org



"ရပါတယ် . . . ငါ့မြေးစိတ်ချမ်းသာသလိုလုပ်"

မဝါက ဘကို ပြုံး၍ နှုတ်ဆက်လိုက်ပြီးထီးနှင့်အတူ မိုးပေါက်များကြားမှာ တိုးဝင်ပျောက်ကွယ်သွားတော့သည်။ ဘသည် ခဏတာမျှ ရပ်ငေးကြည့်နေလိုက်သည်။ မဝါမှာ ထီး လိုအပ်နေနိုင်မည်ဟု ယူဆ၍ ပေးငှားလိုက်ခြင်းပါ။ ဘသည် သမားတော်ကြီးမဟုတ်ပါလား။

မိုးသည်ရွာ၍ကောင်းနေဆဲ မန္တလေးမိုးမှာ မရွာသေး လျှင်နေရော့ ရွာပြီဆိုလျှင်လည်း သည်းကြီးမည်းကြီး ဘ သူ့တိုက်သို့ ပြန်ရောက်သည်ထိ မိုးကား မတိတ်သေး။ ဘ တိုက်ထဲသို့ ဝင်မိသည်နှင့်

"ဟင် ဘ - ထီးဝယ်မလို့ဆိုသွားပြီး မဝယ်ခဲ့ဘူးလား"

ကိုကိုက ဆီး၍မေးခြင်းဖြစ်ပါသည်။ ဘ က သူ၏ ထီးဟောင်း ကို တံခါးဝချိတ်မှာ ချိတ်ထားလိုက်ပြီး ထိုင်ခုံမှာ ဝင်ထိုင် လိုက်သည်။

"ဝယ်ခဲ့ပါတယ်ကွ"

"ဘယ်မှာလဲ"

"ကောင်မလေးတစ်ယောက်မိုးမိနေတာနဲ့ ငှားလွှတ် လိုက်တယ်"

"အသိလား"

"မသိပါဘူး"

ကိုကိုက သူ့နဖူး သူ လက်ဝါးနှင့် ရိုက်လိုက်ရင်း

http://www.cherrythitsar.org



"ဆုံးပါပြီ"

"မဆုံးပါဘူးကွ ။ ရမှာပါ။ လာပို့ပါလိမ့်မယ်"

ကိုကို နှင့် ညီညီမှာ ဘကိုကြည့်၍ တော်တော်စိတ်ပျက်သွား၏။

"ဘ ရယ် လူလိမ်ဆိုတာ ယောကျ်ားတွေချည်းမဟုတ်ဘူး၊ မိန်းမ လူလိမ်တွေလည်းရှိတာပဲ"

ဘ က အေးအေးဆေးဆေးထိုင်နေရာမှ

"လာပို့မှာပါကွ - ငါ အူတူတူ အတတ မဟုတ်ပါဘူး မှန်းဆတတ်ပါတယ်"

"လာမပို့ရင် ဘယ်လိုလုပ်မလဲ - ကဲ -"

"လိုက်တောင်းမှာပေါ့ကွ - ငါအိမ်လိပ်စာမေးခဲ့ပါတယ်"

"မထင်ပါပဲ။ လူလိမ်က အလကား လိပ်စာအမှန်ပြောပါ့ မလား။ ရေထဲပစ်လိုက်တာကမှ "ပလုံ" ဆိုမြည်လိမ့်ဦးမယ်။ဒါက လေထဲပစ်လိုက်တာ။ပလုံတောင်ကြားရမှာ မဟုတ်ဘူး"

"စောင့်ကြည့်ပါဦးကွာ - မင်းတို့က လူကို အပြစ်တင်ဖို့ပဲတတ်တယ်"

သို့ဖြင့်-

ရက်ပြောင်း၍ နောက်တစ်နေ့ပင်ကုန်ခဲ့ပါလေပြီ။ မဝါကားမပေါ်လာ

http://www.cherrythitsar.org



"ဘယ်မှာလဲ ထီး"

"စောင့်ကြည့်ပါဦးကွာ။ ကောင်မလေးကြည့်ရတာ ရိုးရိုးလေးပါ"

ကိုကို က မကျေမနပ်နှင့်

"ဘယ်လောက်ကြာကြာ စောင့်ရမှာလဲ - ငါးနှစ်လား ဆယ်နှစ်လား"

"ကွာ - မင်းတို့ကလည်း ထီးလေးတစ်ချောင်းတည်း နဲ့သောကများနေလိုက်ကြတာ၊နက်ဖြန်မှလာမပို့ရင်နောက်နေ့ ငါလိုက်တောင်းပါ့မယ်ကွာ"

"ဒါပဲ - ကျွန်တော်တို့သာ ခုလိုဖြစ်လာရင် ဘ ပြောလို့ ပြီးမှာမဟုတ်ဘူး"

သည်လိုနှင့်ပင် နေ့ရက်တို့က ကုန်ခဲ့ပြန်ပါပြီ။

နောက်တစ်နေ့ ပြီးတော့ နောက်တစ်နေ့

နောက်တစ်နေ့ နံနက်စောစောမှာတော့ ဘသည် လေဆိပ်သို့ လမ်းလျှောက်ရင်းထွက်ခဲ့သည်။

"ကိုယ့်ပစ္စည်း ကိုယ်ပြန်တောင်းရပေမယ့် အားနာ စရာကြီး "

ဘသည် လမ်းဘေးခြံအမှတ်များကို ကြည့်လာသည်၊

"ခြံအမှတ်တစ်ဆယ်လို့ပြောတာပဲဟော ခွန် ဟုတ်ပြီ။ ဟိုဘက်မှာ ရှစ် - ကိုး - တစ်ဆယ်"

ဘ က ခြံ အမှတ်တစ်ဆယ်ကိုတွေ့တော့ ရပ်လိုက်

http://www.cherrythitsar.org



ပြီး ခြံအတွင်းသို့ လှမ်းကြည့်သည်။ တံခါးဖွင့်ထားသော်လည်း လူရိပ်မမြင်။ ဘ ဝင်ခဲ့သည်။ ခြံလယ်ရောက်မှ ပန်းပင်ရေလောင်းနေသော ဖွားစွာနှင့်တွေ့ကာ

"ဘာ ကိစ္စရှိလို့ပါလိမ့်"

"လမ်းကြုံတာနဲ့ ဝင်လာတာ၊ အလည်ဆိုပါတော့"

ဖွားစွာက မသင်္ကာသည့်မျက်လုံးနှင့်ကြည့်လိုက်ပြီး

"ဘာ တော်နဲ့ ကျုပ်နဲ့က သိလို့လား"

"မသိဘူးလေ"

"မသိဘဲနဲ့ ဘာလာပြီး အူကြောင်ကြောင် လုပ်ရတာလဲ"

"ဒီလိုပါ - ကျုပ်က မဝါရဲ့ မိတ်ဆွေဆိုပါတော့"

"အံမယ်မယ်လေး ဒီအသက်အရွယ်ကြီးက ကျုပ်မြေးရဲ့မိတ်ဆွေတဲ့ "သူငယ်ချင်းတဲ့" တော်တိတ် - အဓိပ္ပါယ်မရှိတာ၊ အရူးစကားတွေမပြောနဲ့ - ခုပြန်ပါ - ဒါပဲ - မဝါလည်း မရှိဘူး"

"အွန်"

ထိုအချိန် . . .

" ဒါ သမားတော်ကြီး ဘ တို့ တိုက်ပါလားရှင် "

ကိုကို နှင့် ညီညီ သည် အသံကြားရာ ခြံတံခါးဝသို့ ကြည့်မိပြီးနောက် ပြန်ဖြေရန်ပင် မေ့သွားကြသည်။ နှစ်ယောက်သား မဝါကို ငေးကြည့်နေမိသည်။

http://www.cherrythitsar.org



"ဟို - ဟို ကျွန်မ ဘ နဲ့ တွေ့ချင်လို့ပါ"

ဒုတိယအကြိမ် ပြောလာကာမှ ကိုကို နှင့် ညီညီမှာ ရုတ်တရက်အသက်ဝင်သတိရလာသလို -

"ဘ လမ်းလျှောက်ထွက်သွားပါတယ်ခင်ဗျ - ခု ပြန်လာတော့မှာပါ။ ဝင်ပါ - ထိုင်ပါဦး "ခုလာတော့မှာပါ"

မဝါသည် ဝင်ထိုင်ရကောင်းနိုးနိုး - ရပ်စောင့်နေရ မလိုလို - စဉ်းစားနေစဉ်

"ဘ ထီးငှားလိုက်တဲ့ မ . . အဲ ထင်တယ်။ ဘ က တောင်ပြောနေတာ ခဏ ခဏ ပဲ သတိရနေတာ"

"ရှင် - ဘယ်လိုပြောနေတာလဲ"

မဝါ က စိုးရိမ်စွာမေးသည်။

"ထီးလာပို့ရင်တော့ တွေ့ရဦးမှာပေါ့လေလို့ပြောနေ တာပါ။ နေမှကောင်းရဲ့လားဆိုပြီး စိုးရိမ်နေတာ။ အတော်လေး တွေ့ချင်နေတာပါ။ လာပါ။ ခဏ ဝင်ထိုင်စောင့်ပါဦး။ ဘ လာတော့မှာပါ"

ကိုကို၏ စကားကြောင့် မဝါမှာ အားနာလာသည်။ ပြီးတော့ ဘကိုလည်းတွေ့၍ ကျေးဇူးတင်စကားပြောချင်သည်။ ထို့ကြောင့် ဧည့်ခန်းမှာ ဝင်ထိုင်ဖြစ်ရပါတော့သည်။

"ဘ လမ်းလျှောက်တာ သိပ်မကြာတတ်ပါဘူး"

ညီညီ က ဧည့်ခံစကားပြောနေစဉ်မှာ ကိုကို က အတွင်းခန်းသို့ ဝင်သွားကာ ကြက်ဥပေါင်မုန့်ကြော် ကော်ဖီနှင့်

http://www.cherrythitsar.org



အခြားစားစရာများယူလာကာ ချပေးသည်။

"စားပါဦး"

"အားနာစရာကြီးရှင်"

"ညီညီ ဧည့်ခံစကားပြောနှင့်ကွာ - ငါရေမွေးသွားလုပ်လိုက်ဦးမယ်"

ကိုကိုက ပြန်လှည့်ဝင်သွားသည်။ ညီညီ က မုန့်များကိုမဝါရှေ့သို့ တိုးပေးရင်း

"ဘ ရဲ့ ဧည့်သည်ဆိုတော့ ကျွန်တော်တို့ဧည့်သည်ပါပဲဗျာ"

"ဧည့်သည်ဆိုပေမယ့် ကိုယ်နဲ့မသိတဲ့လူတွေ လာပြီးဒုက္ခပေးသလိုဖြစ်နေပြီ"

"အို ဒုက္ခလို့ မထင်ပါဘူး - ခုလို ဆုံရ ကြုံရ သိရကျွမ်းရတာကိုပဲ ဝမ်းသာလှပါပြီ။ ကျွန်တော့်နာမည်က ညီညီပါ"

"ဟုတ်ကဲ့ မှတ်ထားပါ။ ကျွန်မနာမည်က မဝါတဲ့"

တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးပြလိုက်ကြသည်။ မဝါမှာ သည်မျှ အချိန်တိုလေးအတွင်းမှာ ဘာလို့ရင်းရင်းနှီးနှီး အမူအယာတွေပြမိပါလိမ့်ဟု တွေးမိကာ ခေါင်းငုံလိုက်၏။ ရှေ့ခန်းသို့ ထွက်လာအံ့ဆဲဆဲ ကိုကိုသည် ညီညီတို့၏ အရိပ်အခြေကို ကြည့်ကာ မထွက်လာတော့ပဲ အသာပြန်ဝင်သွားသည်။ ညီညီ က . . .

http://www.cherrythitsar.org



"စားပါဦး - ဘာလဲ။ ကျွန်တော် မဝါတို့ဆီ အလည်လာရင် ပြန်ပြီး ညှော်ခံရမှာကြောင့် မစားတာလား"

မဝါက မျက်စောင်းထိုးကြည့်လိုက်ပြီး -

"ကိုညီညီ့ကို ဘယ်သူက ဖိတ်လို့လာမှာလဲ"

"ကျွန်တော်က မဖိတ်လည်းလာတတ်ပါတယ်"

"ဒီ ညှော်သည်က တစ်မျိုးပါလား"

ညီညီ က ပြုံးလိုက်ရင်း

"ကြုံဖူးပြီပေါ့"

မဝါ က မျက်လုံးထောင့်ကပ်ကြည့်ကာ

"မခေါ်ဘဲနဲ့လာတဲ့ညှော်သည်များ မနှင်ဘဲနဲ့ ပြန်သွားတတ်တယ်လို့ ကြားဖူးတာပဲ"

"ကျွန်တော်ကတော့ မနှင်ဘဲနဲ့ မပြန်တတ်ပါဘူး။ ပြော - မဝါတို့ဆီ ဘယ်တော့ လာရမလဲ။

"အိုး - အဲလိုဆိုတော့ ခေါ်တဲ့ ညှော်သည်ဖြစ်သွားမှာပေါ့"

"ဒါမှ နှင်လည်းမပြန်ဘဲ နေလို့ရမယ်လေ"

သူတို့နှစ်ယောက် အကြည့်ချင်းဆုံမိကြပြန်သည်။ သူတို့သည် စကားမရှိ စကားရှာပြော သူ့အကြောင်း ကိုယ့်အကြောင်း ၊ သူ့ကိစ္စ၊ ကိုယ့်ကိစ္စ၊ ညီညီမှာ - မဝါ၏အလှမှာ ငေးနေမိသလို၊ မဝါကလည်း ညီညီ၏ တည်ကြည်သော ရုပ်ရည်နှင့်ရည်မွန်သောအပြောအဆို ပြည့်စုံသောဘဝတို့ကို

http://www.cherrythitsar.org



သဘောကျနေမိပါပြီ။ မဝါသည် သူအလုပ်လုပ်ရသည့် ကုမ္ပဏီ အကြောင်း၊ ယောကျ်ားလေး မိတ်ဆွေအပေါင်းအသင်း လုပ်ခွင့် မရှိကြောင်း ။ ယောကျ်ားလေးသူငယ်ချင်းထားသည်ကိုပင် မကြိုက်ကြောင်း။ ဖွားစွာ စိတ်တိုတတ်ပုံတို့ကို ပြောပြနေ မိသည်။ ထိုစဉ် . .

“ဟိတ်”

“ဟင် - ဘ”

“ဘ”

ညီညီ နှင့် မဝါတို့က ပြိုင်တူလို နှုတ်ဆက်လိုက်သည်။ ဘသည်သူတို့ဘေးမှာ ဝင်ထိုင်လိုက်ရင်း

“ငါ့မြေးက ဒီရောက်နေတာကိုး။ ဘ က ငါ့မြေးတို့ တိုက်ရောက်ခဲ့သေးတယ်။ ထီးတောင်းချင်လို့မဟုတ်ဘူးနော်။ မိုးမိလိုက်တော့ နေမှ ကောင်းရဲ့လားလို့ စိုးရိမ်လို့။ ဟီး ဟီး။ အဘွားကြီးတစ်ယောက်နဲ့ တွေ့ပြီး ဟောက်လွှတ်တာနဲ့ ထွက်ပြေး လာရတာ”

“ဖွားကိုယ်စား မဝါ တောင်းပန်ပါတယ် ဘရယ်။ မိုးနည်းနည်းမိလိုက်ပြီးနေမကောင်းဖြစ်သွားတာနဲ့ မဝါလည်း ထီးလာမပို့ဖြစ်တာ”

ထိုစဉ် ကိုကိုလည်း အသီးအနှံများကို ယူ၍ ထွက်လာ သည်။ ဘ က-

“ ကဲ ဘယ်လိုလဲ မင်းတို့ ငါ့ကို ထီးငှားရကောင်းလား

လို့ အပြစ်တင်ကြဦးမှာလား”

မဝါက ကိုကိုနှင့်ညီညီကိုလှမ်းကြည့်သည်။ ညီညီ က

“ဘကို အပြစ်တင်တဲ့အထဲ ကျွန်တော်မပါဘူးနော် ကိုကို”

မဝါက ပြုံးနေသည်။ ဘ နှင့် ခဏ ကြာမျှစကားပြော ပြီးမှ ထပြန်သွားသည်။ ဘသည် မဝါကို ခြံဝထိလိုက်ပို့ရင်း

“နောက်လည်း အလည်လာနိုင်ပါတယ်နော်ငါ့မြေး”

“ဟုတ်ကဲ့ လာခဲ့ပါ့မယ်”

“ကဲ ကဲ . . . သွားတော့”

မဝါထွက်သွားသည်ကို မျက်စေ့တဆုံးကြည့်နေပြီးမှ ပြန်ဝင်ခဲ့သည်။ ဘ သည် တိုက်ထဲသို့ ပြန်ဝင်လာပြီး -

“ခွေးကောင်တွေ - ငါ့ရိက္ခာတွေထုတ်ပြီး မျက်နှာလုပ် လိုက်ကြတာပေါ့လေ - ဟုတ်လား”

ကိုကို နှင့် ညီညီ တို့က ပြုံးနေကြသည်။ ကိုကို က

“ဘ”

“ဘာလဲ”

“ကျွန်တော့်ဖို့ပါ တစ်ယောက်လောက်ရှာပေးရင် ပိုပြီး အဆင်ပြေမယ်”

“မင်းဖို့ကတော့ အချိန်ယူရှာရမယ်ကွ - လောလော ဆယ်ငါ့ဖို့တော့ တွေ့ခဲ့ပြီ။ သူ့အဘွားလေ - ဟေးဟေး -”

http://www.cherrythitsar.org



နေ့ရက်တို့သည် ကုန်လွန်ခဲ့ပါပြီ။ ညီညီမှာ မဝါ ၏ အလုပ်သွားအလုပ်ပြန် အလုပ်နားချိန်တိုင်းအတွက် သက်တော်စောင့်ဖြစ်နေပါပြီ။သွားအတူ လာအတူ စားအတူ တစ်ယောက်ကိုတစ်ယောက် ချစ်ကြောင်းမပြောဘဲနှင့် သိနေသော စုံတွဲဖြစ်ပါသည်။ တစ်ယောက်ကိုတစ်ယောက် ကြင်နာပြသည်။ စေတနာထားကြသည်။ အလိုလိုက်ကြသည်။ တစ်ယောက်မကြိုက်တာကိုတစ်ယောက်ကမလုပ်။ တစ်ရက် မှာတော့ ညီညီက . .

"မဝါ"

"ရှင်"

"ကျွန်တော်ဘယ်တော့စားမေးပွဲဖြေရမှာလဲ"

"ဘာစာမေးပွဲလဲ"

"အချစ်စာမေးပွဲလေ ကျွန်တော်အချစ်ကိုစေတနာထားတဲ့ ဘာသာရပ်၊ အလိုလိုက်တဲ့ ဘာသာရပ်၊ အချစ်စကားနားထောင်တဲ့ ဘာသာရပ်တွေဆို ဂုဏ်ထူးတောင်ထွက်မယ်ထင်တာပဲ"

မဝါက ညီညီ့ကို စူးစူးစိုက်စိုက်ကြည့်သည်။

"မဝါကတော့ ကိုညီ့ကို စိတ်ရှည်မှု ဘာသာရပ်မှာပါ ဂုဏ်ထူးထွက်စေချင်တယ်လေ။ ဒီတော့ ခဏ စောင့်ပါဦးလား"

စကားအဆုံးမှာ မဝါက ပြုံးလိုက်သည်။ ညီညီက မဝါကို ဦးညွတ်အလေးပြုလိုက်ပြီး

## ၃၁၄ ကံချွန်

“လေးစားပါတယ်”

နှစ်ယောက်ပြိုင်တူပြုံးမိပြန်သည်။ မဝါ က

“ဒါနဲ့ ဒီနေ့ လာတဲ့ကိစ္စပြောပါဦး။ ခါတိုင်းလို ထမင်းအတူစားဖို့ပဲလား”

“အပိုပြောစရာစကားလည်းပါတယ်”

“ဘာပါလိမ့်”

“ဘ ကားအသစ် တစ်စီးဝယ်လာလို့ နက်ဖြန်ကားစမ်းရင်း ပြင်ဦးလွင်တက်ရအောင် - မဝါကိုလာခေါ်မယ်လေ”

“အပိုင်ကြီးပါလား”

“မဝါ က မလိုက်ဘူးပေါ့”

“ဘယ်သူက မလိုက်ဘူးပြောလို့လဲ”

“ဒါဖြင့်ပြော - ဘယ်ကိုလာခေါ်ရမလဲ”

“အလုပ်ပိတ်ရက်ကြီး”

“ဒါကြောင့်ခေါ်တာပေါ့ - ဖွားကိုအချိန်ပိုဆင်းရမှာဆိုပြောခဲ့”

“လိမ်နည်း သူသင်ပေးတာနော်”

မဝါက မျက်စောင်းထိုးကြည့်ရင်းပြေးသည်။ ညီညီ ၏ ရင်မှာကြည်နူးမှုအပြည့်နှင့်

နောက်တစ်နေ့နံနက်မှာတော့

“ဟိုက် - ငါ့ကားရော”

http://www.cherrythitsar.org



ဘ မှာ အိပ်ယာထမျက်နှာသစ်ပြီး၍ တိုက်ရှေ့သို့ ထွက်လိုက်သည်နှင့် သူဝယ်လာသောကားကို မတွေ့ရ၍ ပြောလိုက်ခြင်းဖြစ်ပါသည်။

"ကိုကို"

"ခင်ဗျာ"

"ခင်ဗျာ ထားခဲ့ - လူလာခဲ့"

ကိုကို က ပြေးထွက်လာသည်၊

"ငါ့ ကားရော"

"ညီညီ ယူသွားတယ် ဘ"

"ဟာ- ကား က ဘာမှမလုပ်ရသေးဘူး၊ ကာပရိုက်တာ လဲရမယ်။ အင်္ဂျင်ပိုင်းတွေစစ်ရဦးမယ် - ဒုက္ခပဲ - ဘယ်နား ထိုးရပ်နေမယ် မသိဘူး"

"သူတက်မောင်းသွားတော့ "ဒေါက်-ဝှီး" ပဲ၊ သော့ ဖွင့်လိုက်တာနဲ့ စက်နိုးသွားတာ။ ဘ သွားစရာရှိရင် သူ့ကား နဲ့သွားတဲ့။ သူ့ကားထားခဲ့တယ်"

"ထားခဲ့ရမှာပေါ့ကွ - နှစ်စီးပြိုင်တစ်ယောက်တည်း မောင်းယူလို့မှမရတဲ့ဟာကို အင်း - ဟိုနား ဒီနားဆိုရင် တော့ ကိစ္စမရှိဘူး။ မြို့ပြင် ထွက်သွားလို့ကတော့ မင်းကောင် ကားရွက်ပြီး ပြန်လာရလိမ့်မယ်"

ဘ က တိုက်ထဲ ပြန်လှည့်ဝင်သွားသည်၊ ကိုကို က နောက် မှ ကပ်ပါသွား၏။

ထိုအချိန် ညီညီ နှင့် မဝါ တို့မှာ ပြင်ဦးလွင်သို့ ရောက်နေပါပြီ။

"ဘ တော့ ခုချိန်ဆို သူ့ကားပျောက်သွားလို့ စိတ်တို နေရော့မယ်"

"ကိုညီ က ပြောပြီးယူခဲ့တာ မဟုတ်ဘူးလား"

"ပြောယူလို့ရမှာ မဟုတ်တာနဲ့ မပြောဘဲ ယူခဲ့တာ" ဘ ကလည်း အသစ်ဆို ဘာဖြစ်ဖြစ် သူအရင်သုံးလိုက်ရမှ

ညီညီတို့မှာ ရေတံခွန်လည်းရောက်ခဲ့ပြီ။ ဘုံကျောင်း လည်းရောက်ခဲ့ပြီ။ ရုက္ခဗေဒလည်းရောက်ခဲ့ပြီ။ ရုက္ခဗေဒ ဥယျာဉ်မှ ပြန်အထွက်တွင်မူ

"ဖွတ် ...ဖွတ်...ဖွတ်... ဒုန်း ... ဒုတ်"

ကား က အသံမျိုးစုံမြည်ပြီးနောက်ထိုးရပ်သွားသည်။

"ဘာဖြစ်ပါလိမ့်"

ညီညီ က ကားပေါ်မှ ဆင်းကာ စက်ဖုံးကိုဖွင့်ကြည့် သည်။ ကြည့်သာကြည့်နေသော်လည်း သူလည်းဘာမှု မသိပါ။

× × × × × × × × ×

မကြာမီနေဝင်တော့မည်

"ကိုကို"

"ဘာ"

"ကားရော လူရော ပြန်မရောက်ပါလား။ ငါထင်တဲ့ အတိုင်း ကားက လူပြန်စီးနေပြီထင်တယ်"

http://www.cherrythitsar.org



ထိုအချိန်မှာပင်

"သမားတော်ကြီး ဘ ဆိုတာ"

အသံကြား၍ ဘ က လှမ်းကြည့်လိုက်သည်၊ တိုက်တံခါးဝမှာ ဖွားစွာကို တွေ့လိုက်ရ၏။

"ဟုတ်တယ် - အီစကိုပဲ"

"ဩော် တော်ကိုး" တော့်မှာ မြေး ညီညီ ဆိုတာ ရှိသလား

"ညီညီ နဲ့ မင်းနဲ့က သူငယ်ချင်းလား"

"ဒီမယ် - ကျုပ်မေးတာဖြေပါ"

"မရှိဘူး - တွေ့ချင်ရင် မနက်မှ တစ်ခါလာပါ"

ဖွားစွာသည် စဉ်းစားလိုက်ပြီး

"ဒါဖြင့်ရင်တော့ သေချာပြီ - ဟုတ်ပြီ - သူ့သူငယ်ချင်းတွေကလည်းပြောတယ်။ ညီညီနဲ့တွဲနေတာတဲ့။ ဒီနေ့မနက်ကလည်းညီညီနဲ့အတူကားအနီလေးနဲ့ တွေ့လိုက်သတဲ့"

ဘ သည်မျှ မအပါ ။ အရိပ်ပြလိုက်တော့ အကောင်မြင်ပါပြီ။

"ဒီမယ် အဘိုးကြီး"

"ဗျာ"

"ကျုပ်မြေးကို တော့်မြေး ခိုးသွားတာပဲဖြစ်ရမယ်၊ ညမကူးခင် လာအပ်ပါ။ မအပ်ရင် နက်ဖြန်မနက်မှာ သက်ဆိုင်ရာကိုတိုင်မယ်။ တော့်ကိုပါ ကြံရာပါဆိုပြီး တရားစွဲမယ်-ဒါပဲ"

http://www.cherrythitsar.org



"ဗုဒ္ဓေါ"

ဘ နှင့် ကိုကိုမှာ ဖွားစွာပြန်သွားသည်နှင့် တိုက်တံခါးကိုသော့ခတ်ပြီး ညီညီသွားမည်ထင်သည့်နေရာများကို လိုက်ရှာသည်။ ဘယ်သူငယ်ချင်းအိမ်မှာမှမတွေ့။ အမှောင်ထုသည် ပင်မန္တလေးမြို့ကို လွှမ်းမိုးသွားလေပြီတကား

နောက်တစ်နေ့နံနက်မှာ. . .

" ဘ . . ဘ "

"ဘာလဲကွ - ပျာယာပျာယာ နဲ့"

"ဒီမယ်ညီညီဆီက စာရောက်လာတယ်။ ကားပျက်ပြီး အချိန်လွန်သွားလို့ ပြန်မရတော့လို့ သူ မဝါ ကို ခိုးပြေးပါပြီတဲ့။ ကိစ္စ အားလုံးပြေလည်အောင် လုပ်ပေးပါတော့ တဲ့"

"ဟေ"

"ဟေ မနေနဲ့ ခုမှတော့ ဘာမှ မတတ်နိုင်တော့ဘူး သူ့အဖွားကိုသာ သွားပြောပေတော့"

"အိမ်း ပြောဆို ခုသွားပြောမှပဲ။ တော်နေကြာ လူပျောက်မှု ဖွင့်လိုက်ရင် မရှုပ်သင့်ဘဲ ရှုပ်ကုန်မှာ"

ကိုကို က ဘကို မကျေမနပ် ကြည့်ကြည့်လိုက်ပြီး-

"ထီးအငှားကောင်းလိုက်တာလေ"

"မင်းကလည်းကွာ - အရေးထဲ"

ဖွားစွာမှာ မကျေမနပ်နှင့် ညှော်ခန်းတွင်းဝယ် ထိုင်နေရာမှ ဝုန်းကနဲ ထရပ်လိုက်ပြီး

http://www.cherrythitsar.org



"ဘယ့်နှယ်တော် ယောက်ျားလေးရှင်ပဲဆိုပြီး ငါတို့က အသာစီးရတယ်ဆိုပြီး ပမာမခန့် လုပ်တာ။ မနေ့ကတည်းက ပြေပြေလည်လည်ဖြစ်ဖို့တောင်းပန်စကားဆိုရမယ့်ဟာကို ဘာမှမသိသလိုလုပ်နေတာ။ ဒီနေ့မနက်လည်း လာမယ်ဆို ပြီး ခုထိ ဘာမှလာမပြောဘူး။ ငါတို့ဘက်က အရှုံးမရှိဘူးဆိုပြီး ပစ်ထားတာ"

ဖွားစွာကတိုက်တံခါးကိုသော့ခတ်ကာ ထွက်ခဲ့သည်။ ခြံဝရောက်တော့ ခြံတံခါးကိုပါသော့ခတ်လိုက်သည်။

"ခု သွားတိုင်မယ်"

ဖွားစွာဒေါသနှင့်လျှောက်ထွက်လာခဲ့သည်။

"ဟင်"

ထိုစဉ် မိုးပေါက်များက စကျလာသည်။

"မိုးတွေ မည်းတက်လာပါလား"

ဒေါသကြောင့် သတိမထားမိသော ရာသီဥတုကို မိုးစရွာကာမှပင် သတိထားမိတော့သည်။ ရွေ့လျားလာသော တိမ်ထုကြီးနှင့်အတူ မိုးပေါက်များပါ ပါလာသည်။

"ဒုက္ခပဲ - ဘယ်ဝင်ခိုရပါ့"

"ဘယ်မှ ဝင်ခိုဖို့ မလိုပါဘူးကွာ"

"ကလောက်"

"ဖျောင်း"

ဘ ၏ အသံနှင့်အတူ ထီးကပွင့်သွားကာ ဖွားစွာ

http://www.cherrythitsar.org



အပေါ်ဆောင်းပေးပြီး ဖြစ်သွားသည်။

"ဘယ်သွားမလို့လဲ မဖွားစွာ"

"ကျုပ်ဟာကျုပ် ဘယ်သွားသွား"

"မိုးရွာနေတယ်လေ။ ကျုပ်က လိုက်ပို့ပေးမလို့ မေးတာပါ။ မင်းတကယ်သွားသင့်တဲ့နေရာကတော့ မင်းရဲ့ တိုက်ပဲ မဖွားစွာ။ တို့များ ကလေးတွေရဲ့ ကိစ္စကို အေးအေး ဆေးဆေး ဆွေးနွေးရအောင်လား မဖွားစွာ - လာပါ။ မိုး ပိုများလာရင် နှစ်ယောက်လုံးစိုကုန်မှာ"

ဖွားစွာ သက်ပြင်းချကာ ပြန်လှည့်လိုက်သည်။

"ထီးလေးတစ်ချောင်းတည်းနဲ့ဆိုတော့ မင်းက ဒီဘက်နည်းနည်းတိုး - မိုးပက်မယ်"

ဖွားစွာက ဘ လက်မှ ထီးကိုယူလိုက်ပြီး

"ပေး - မိုးမပက်အောင် ကျုပ်ဟာကျုပ် ဆောင်းသွား မယ်။ တော်လိုက်ခဲ့တော့"

ဖွားစွာက ရှေ့မှ လျှောက်သွားသည်။ ဘ သည် မိုးရေထဲမှာ ရပ်ကျန်ရင်း ကျေကျေနပ်နပ်ပြုံးလိုက်၏။

ကံချွန်

http://www.cherrythitsar.org



**ရှင်းပြပါရစေ -**

ကျွန်တော်သည် ၁၉၉၉ခုနှစ်ဇွန်လထုတ်ကလျာမဂ္ဂဇင်းမှ စတင်၍ လစဉ်နီးပါး ဟာသဝတ္ထုတိုလေးများရေးခဲ့ပါသည်။

ထိုစဉ်ကတည်းက ကျွန်တော်၏ ဝတ္ထုတိုလေးများ စုမိသည့်အခါ စာအုပ်ထုတ်ရန်ရည်ရွယ်ခဲ့သည်။

ဝတ္ထုစာအုပ်အမည်ကို -

"*ပေါ့ပေါ့ပါးပါး ဟာသဝတ္ထုတိုများ*"

ဟု အမည်ပေးရန်ရည်ရွယ်ခဲ့၍ ကျွန်တော်၏ ဝတ္ထုတိုကဏ္ဍအမည်ကိုပင် ကလျာမဂ္ဂဇင်း မာတိကာမှာ "ပေါ့ပေါ့ပါးပါး" ဟုပေးခဲ့ပါသည်။

ကျွန်တော်ရှင်းပြချင်သည်မှာ ဒါပဲဖြစ်ပါသည်။ ၁၉၉၉ခု၊ ဇွန်လမှာ ကတည်းက မဂ္ဂဇင်း စာမျက်နှာပေါ်မှာ ကျွန်တော်၏ဝတ္ထုများအတွက် "ပေါ့ပေါ့ပါးပါး" ကို သုံးစွဲခဲ့ခြင်း ဖြစ်ကြောင်းပါခင်ဗျား .....

ရိုးသားစွာဖြင့် -

ဏာ်ချွန်

၂၁. ၇. ၂၀၀၀

**စိန်စိန်ဦး စာအုပ်တိုက်**

http://www.cherrythitsar.org

